
www.burmeseclassic.com

# မြပုလဲခင်


အောင်မြင့်
စာပေ

## လိပ်ပြာမနော ပန်းမနော



www.burmeseclassic.com

www.burmeseclassic.com




ပုံနှိပ်မှတ်တမ်း

၈၉၅.၈၃

မြပုလဲခင်
လိပ်ပြာမနောပန်းမနော/မြပုလဲခင်။ - ရန်ကုန်။
အောင်မြင်စာပေ၊ ၂၀၁၃။
၃၀၀-စာ၊ ၁၂.၅ x ၁၈.၂ စင်တီ။
(၁) မြပုလဲခင်

ဖြန့်ချိရေး--အောင်မြင်စာပေ၊ အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်--အောင်မြင်ပုံနှိပ်တို
ထုတ်ဝေသူ--ဦးအောင်မြင့်၊ ပထမအကြိမ်၊ နိုဝင်ဘာလ၊ ၂၀၁၃၊ တန်ဖိုး(၁၅




# မြပုလဲခင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com







နေရောင်ခြည်သည် ပစ္စုန်မိုးနတ်သားအား အရှုံးပေးကာ မဟူရာရောင်ကောင်းကင် ပဝါထူနောက်၌ ပျောက်ကွယ်သွားလေပြီ။

လောကရှစ်ခွင်လုံး မဲမှောင်နေသည့်ကြားက ထင်းရှူးပင် ၊ ဝက်သစ်ချပင်၊ ယူကလစ်ပင်ကြီးများက အုံ့အုံ့ဆိုင်းဆိုင်း၊ ညို့ညို့မှိုင်းမှိုင်းနှင့်၊ အလိုမကျ သုန်သုန်မှုန်မှုန်နှင့် လမ်းဘေးဝဲယာ တစ်ဘက်တစ်ချက်၌ စီတန်းကာရပ်လျက်။

အအေးဒဏ်ကို ကြံ့ကြံ့ခိုင်ခိုင်ရန် ဂျာကင်ဇစ်ကို လည်ပင်းအထိ ဆွဲစေ့လိုက်သည်။ သို့သော် ရိုးတွင်းချဉ်ဆီထိတိုင် စိမ့်ဝင်လာသော အအေးဒဏ်ကို ဂျာကင်အကျီကလည်း မတွေးနိုင်။

ပြင်ဦးလွင်မိုးက သဲသဲမဲမဲ ဝုန်းဒိုင်းရွာပြီး ပျောက်ကွယ်



www.burmeseclassic.com

www.burmeseclassic.com



သွားတတ်သည့် မိုးမျိုးမဟုတ်ဘူး ထင်ပါသည်။ ဖွဲ့နပဲကြီးစွာဖြင့် မစဲဘဲ ရွာသွန်းနေလေသည်ဖြစ်ရာ ကားကို ဂရုစိုက်မောင်းလိုက်သည်။

မြေနီလမ်းကလေးပင်လျှင် မိုးသားအောက်၌ မှုန်ဝါးဝါး ပျောက်ကွယ်နေချင်သည်။

လန်းဆန်း နှုတ်ခမ်းကို တင်းနေအောင် စေ့ထားလိုက်သည်။ စိတ်တွင်းမကျေနပ်မှုက မျက်နှာပြင်တစ်ခုလုံးကို တင်းမာစေသည်။

အမတ်ကြီး အနန္တသူရိယ၏ မဲဇာတောင်ခြေနှင့် ဤနေရာသည် တူညီသည်လား၊ ပို၍များ ခေါင်နေလေမည်လားဟုပင် ထင်မှတ်မှားလောက်သည်။ သို့သော်. . . အမတ်ကြီးနှင့်တော့ ရောက်ပုံရောက်နည်းခြင်း တူညီသည်။

အမျက်တော်ရှ၍ နယ်နှင်ဒဏ် ပြစ်ဒဏ်ခံခြင်း။

မိမိ၏ သက်တမ်းတစ်လျှောက်. . တစ်ခါမှ မကြုံခဲ့ဘူးသော ဖေဖေ၏ မျက်မာန်ရှမှုနှင့်အတူ ချမှတ်လိုက်သော ပြစ်ဒဏ်က ထူးကဲလွန်းလှသည်။ အိမ်မှ နှင်ချလိုက်သည်။

ပြီးတော့လည်း An eye for an eye a tooth for a tooth တဲ့ ။ လန်းဆန်း မဲ့ပြုံး,ပြုံးလိုက်သည်။

ဖေဖေက သူ့အား စကားလုံး လက်နက်ပေါင်းများစွာဖြင့် ထိုးနှက်ခဲ့သည်။ သို့သော်. . သူအရေးမလုပ်ခဲ့။ နောက်ဆုံး စကားလုံးလက်နက်က သူ့နှလုံးသားကို ထိမှန်ခဲ့သည်။

"မင်းဘဝမှာ ဘာတွေများ အကောင်းဆုံး လုပ်ဆောင်နိုင်ခဲ့ပြီးပြီလဲ "





သူ၏ ပေါ့ပေါ့ဆဆစိတ်နှင့် အတွေးကို ထိုမေးခွန်းက တောင်ချုပ်ကိုင်ခဲ့လေသည်။

ထိုမေးခွန်းအတွက် သူ့မှာ ဖြေစရာအဖြေ မရှိပါချေ။ တွေဝေကာ စဉ်းစားနေစဉ်. . .

"ကောင်းပြီ ဒါဖြင့် ဖေဖေ မေးမယ်"

တရားသူကြီးပီပီ လူအရိပ်အကဲကိုလည်း ကောင်းစွာ အကဲခတ်တတ်သော ဖေဖေက သူ့အားနည်းချက်အပေါ် ဆက်တိုက်,ဆက်တိုက် အနိုင်ယူသွားခဲ့လေသည်။

"မင်း. . လူတစ်ယောက်၊ အထူးသဖြင့် အားနည်းနေသော လူတစ်ယောက် ဆိုပါတော့ကွာ အဘိုးအို၊ အဘွားအို၊ ဒါမှမဟုတ် လူမမယ် ကလေးတစ်ယောက်ကို ဝင်တိုက်မိလိုက်တယ်၊ သူလဲကျသွားတယ်ဆိုပါတော့ အဲဒီလူကို မင်းထူမပေးဘဲ ဒီအတိုင်း ထားပစ်ခဲ့မှာလား"

"ထူပေးမှာပေါ့"

"အေး. . ဟုတ်ပြီ သား၊ မင်းမှာ လူဆန်တဲ့စိတ်ထားရှိတယ်၊ လဲနေသူကို ထူပေးပါ၊ အထူးသဖြင့် ကိုယ့်ကြောင့်လဲနေသူကို ပိုပြီး ထူပေးသင့်တယ်၊ အနာတရ ဖြစ်သွားခဲ့ရင် ကုသပေးပြီး အိမ်တိုင်ရာရောက်ကို ပို့ပေးသင့်တယ်၊ ဒါဟာ. . လူသားတွေရားပဲ "

လန်းဆန်းအတွက် ထိုစကားသည် နှလုံးသားကို ထိမှန်ခဲ့ဆုံးသော စကားဖြစ်သည်။

ဖေဖေပေးသော ပြစ်ဒဏ်ကို သားခံယူပါ့မယ် ဟူသော ကတိနှင့်အတူ ပြင်ဦးလွင်သို့ သူရောက်ရှိခဲ့သည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ထပ်မှာဦးမယ် သား၊ အဲဒါ ဘာလဲဆိုတော့ သားဟာ အမှားတစ်ခုကို ကျူးလွန်မိသွားပြီ၊ ဒီအမှားကို သင်ပုန်းချေနိုင်ဖို့အတွက် Do your best အကောင်းဆုံး လုပ်ဆောင်ခဲ့ပါ သား"

လန်းဆန်းသည် နှုတ်ခမ်းကို တွန့်ရုံသာ ပြုံးလိုက်မိသည်။ သို့သော် တဒင်္ဂအတွင်း အပြုံးက ရပ်ဆိုင်းသွားသည်။ တောင်ကုန်းစောင်းလေးပေါ်၌ အိမ်သေးသေးလေးကို ကိုင်းညွတ်နေသော မက်မန်းပင်များအကြားဝယ် ရိုးတိုးရိပ်တိတ် လှမ်းတွေ့လိုက်ရသောကြောင့် ဖြစ်သည်။

တစ်ချိန်ထဲဆိုသလို ရင်ထဲ၌ အမည်မဖော်နိုင်သော ဝေဒနာတစ်ရပ်က ကြီးစိုးလာသည်။ စိုးရိမ်ကြောင့်ကြသော ဝေဒနာရပ်ပေလား၊ မည်သို့သော ဝေဒနာအရင်းခံကြောင့် ဖြစ်ပါစေ၊ ပတ်ဝန်းကျင် အသစ်၊ နေရာသစ်၊ အတွေ့အကြုံအသစ်တွက်တော့ စိတ်လှုပ်ရှားခြင်းနှင့်အတူ ယှဉ်တွဲပေါ်လာသော ရင်ခုန်ခြင်းကတော့ သူ့ကို စိုးမိုးနေလေပြီ။

အုတ်နီခဲနှင့်အတူ အင်္ဂတေ အနီရောင်များဖြင့် အကြမ်းထည်အဖြစ် တည်ဆောက်ထားသော တစ်ထပ်တိုက်ပု သေးသေးလေး၏ရှေ့တွင် သဘာဝ၏ ရိုက်ခတ်မှုဒဏ်ကြောင့် စောင်းကျပြီး ပြုတ်လုပြုတ်ခင် ဖြစ်နေသော ဆိုင်းဘုတ်ကလေးကို တွေ့လိုက်ရသည်။

"မေတ္တာရိပ်မြုံ" ဟု . . .။

☺ အောင်မြင်စာပေ ☺



# အပိုင်း(၁)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

"ဒေါက်. . ဒေါက်. . ဒေါက်"

မိုးပေါက်သံကြားမှ တံခါးခေါက်သံကြောင့် ပန်းခရေဦး ထိုးလက်စဆွယ်တာကို ချလိုက်သည်။

အမေ့ကို လှမ်းကြည့်လိုက်သည်။ အမေက မိုးအေးအေးတွင် ကွေးရင်း သားနှင့်အတူ အိပ်ပျော်သွားဟန် တူသည်။ မြေးအဘွားနှစ်ယောက် ဂွမ်းစောင်ပုံ အောက်ဝယ် တုတ်တုတ်မှ





မလှုပ်ချေ။

"ဒေါက်. . ဒေါက်. ."

ပန်းခရေဦး ဝိုးချဲဘီးကို လက်များဖြင့် ပွတ်သပ်ကာ အိမ်ရှေ့တံခါးဆီသို့ ဦးတည်လိုက်သည်။

တံခါးနားအရောက်တော့ သက်ပြင်းချ လိုက်မိသည်။ ညီမလေး ထွက်သွားတုန်းက အမေတံခါး ပိတ်သည်ဆိုတော့ အပေါ်ဂလန့် ထိုးထားသည်။ ထိုင်လျက်နှင့်မမီ၊ ထို့ကြောင့်. . ဘီးကိုပြန်လှိမ့်ကာ ကိုက်တံကို သွားယူရသည်။ ပြီးတော့မှ. . ကိုက်တံနှင့် အပေါ်ဂလန့်ကို လှမ်းဖွင့်လိုက်သည်။

"ဂျလောက်. ."

တံခါးနှစ်ချပ်ကို အသာတွန်းလိုက်သည်။ တံစက်မြိတ်အောက်တွင် ရပ်နေသော လူစိမ်းတစ်ယောက်နှင့် မလှမ်းမကမ်း၌ ရပ်ထားသော ကားတစ်စီး ။

ပန်းခရေဦး ရုတ်တရက် အံ့အားသင့်သွားသည်။

ထို့အတူ လန်းဆန်းသည်လည်း လက်တွန်းလှည်းကလေးပေါ်၌ ကိုက်တံကိုကိုင်ကာ၊ မိမိအား ပြူးတူးကြောင်တောင်ကလေး ငေးကြည့်နေသော မိန်းမလှတစ်ဦးကြောင့် အံ့အားသင့်သွားရသည်။ သို့သော် ချက်ချင်းပင် သတိရကာ. . .

"ကျွန်တော် ကိုဝဏ္ဏနဲ့ တွေ့ချင်လို့ပါ"

"ရှင်"

ပန်းခရေဦး ရင်ထဲထိရှသွားသည်။ မေ့ပျောက်ထားသော အမည်တစ်ရပ်ကြောင့် ရင်ဝယ်နာကျင်ခြင်းက အစပျိုးလာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ကိုဝဏ္ဏရဲ့ မိတ်ဆွေပါ"

လန်းဆန်းသည် ဖေဖေစီစဉ်ပေးလိုက်သော ဇာတ်ကွက်အတိုင်း နင်း၍ ကလိုက်သည်။

"အိမ်ထဲဝင်ပါဦးရှင်"

မိုးသဲသဲမဲမဲအောက်ဝယ် ရောက်လာသော ဧည့်သည်ကို စာနာမှုဖြင့် ပန်းခရေဦး အိမ်ထဲသို့ ဖိတ်ခေါ်လိုက်သည်။

လန်းဆန်းက အိမ်ထဲသို့ လိုက်ဝင်လိုက်သည်။ လက်တွန်း ကုလားထိုင်ဘီးကို သူ့ဘာသာ အားပြုသွားလာပြီး သူ့အား သစ်သား ဆက်တီကုလားထိုင်တွင် နေရာပေးလိုက်သည်။

"ရှင် မသိသေးဘူးထင်တယ်"

ပန်းခရေဦးက ဧည့်သည်၏ လာရင်းကိစ္စကို မမေးတော့ဘဲ မိမိတို့၏ လက်ရှိအခြေအနေကိုသာ ပြောလိုက်တာ အကောင်းဆုံးပဲဟု ယူဆလိုက်သည်။

လန်းဆန်းက. . .

"ဘာကို ပြောတာလဲ"

"ကိုဝဏ္ဏ ဆုံးသွားတာ ခြောက်လရှိပါပြီ"

"ဗျာ"

လန်းဆန်းသိထားပြီးသားပါ။ သို့သော်. . သဏ္ဍာန်လုပ်သရုပ်တူစေရန် 'ဗျာ'လိုက်ရသည်။ အံ့အားသင့်ဟန် ပြလိုက်ရသည်။ အမှန်တကယ်လည်း အံ့အားသင့်ရသည်။ ခုလို နေရာဒေသမျိုး၌ ပြစ်မျိုးမှဲ့မထင်အောင် ချောမောလှပသော မိန်းမတစ်ယောက်ကို တွေ့လိုက်ရသဖြင့် အံ့အားသင့်နေသည်ကလည်း တစ်ကြောင်း. . .





"ကျွန်မက ကိုဝဏ္ဏရဲ့ဇနီး ပန်းခရေဦးပါ။ ဟိုမှာ အိပ်နေတာ ကျွန်မတို့သားလေး အာကာဦးပါ။ ဒီဘက်က ကိုဝဏ္ဏရဲ့ အမေ ကျွန်မရဲ့ယောက္ခမပါ"

"ဟုတ်ကဲ့၊ ကိုဝဏ္ဏဆုံးသွားတာ ကျွန်တော် မသိပါဘူး၊ ဘာဘာရောဂါနဲ့များ. . ."

ပန်းခရေဦး၏ရင်ထဲ အဟောင်းတို့သည် အသစ်ဖြစ်လာသည်။

"အက်ဆီဒင့်ကြောင့်ပါ၊ ဒါတွေထားပါတော့လေ၊ ရှင်ပြင်ဦးလွင်ကို အလည်သက်သက် လာတာလား"

လန်းဆန်းက သက်ပြင်းချလိုက်သည်။ ပန်းခရေဦးက သူ့အား အကဲခတ်နေမှန်း သူသိသည်။

"ကျွန်တော်တို့အိမ်မှာ ကိုဝဏ္ဏက မာလီ လုပ်ဖူးတယ်၊ အဲဒါ အကြောင်းကိစ္စရှိရင် သူ့ဆီလာခဲ့ဖို့ ဖိတ်ခေါ်ဖူးတာနဲ့"

"ရှင်က အကြောင်းကိစ္စ ရှိနေလို့လား"

"ဟုတ်ကဲ့၊ ကိုဝဏ္ဏဆီ အကူအညီတောင်းမလို့ လာခဲ့တာပါ၊ ခု သူမရှိတော့"

ပန်းခရေဦး၏ ပင်ကိုယ်ဗီဇ နူးညံ့သူပီပီ. . .

"ဘာအကူအညီလဲ"

"ကျွန်တော့်ကို အိမ်က နှင်ချလိုက်တယ်၊ ကျွန်တော့်မှာ နေစရာမရှိဘူး၊ အဲဒါ ကိုဝဏ္ဏဆီမှ ခဏနေပြီး အလုပ်လုပ်မလို့"

ပန်းခရေဦး စဉ်းစားရပြီ၊ ဒီကိစ္စကတော့ မိမိတစ်ဦးတည်းသဘောထဲတော့ မဖြစ်နိုင်။ ဧည့်သည်အား အကဲခတ်လိုက်သည်။ ဧည့်သည်က မိမိအား အသနားခံသော မျက်လုံးလေးဖြင့် လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေသည်။ ရိုးသားဖြောင့်မတ်ပုံရသောညွှဲသည်. . . ယောက်ျားတန်မဲ့ ချောလွန်းနေသည်။ နုဖတ်သော ရုပ်သွင်နှင့် ဤလူချောကလေးသည် မိဘများ စိတ်ဆိုးလောက်အောင် မည်ကဲ့သို့သော ပြစ်မှုမျိုးကို ကျူးလွန်ခဲ့သဖြင့် အိမ်မှနှင်ချခံရသည် အထိ ဖြစ်ရပါလိမ့်. . .။

"ရှင့် အခု ပြင်ဦးလွင်မှာ တည်းစရာ မရှိဘူးလား"

"ဟိုတယ်တွေ၊ တည်းခိုခန်းတွေရှိမှန်းတော့ သိပါတယ်၊ ဒါပေမယ့်. . ကျွန်တော့်မှာကျန်တာ ငွေက သုံးလေးသောင်းလောက်ပဲဆိုတော့ အလုပ်တစ်ခုခုကို အမြန်ဆုံးရမှဖြစ်မှာ. .၊ လောလောဆယ်အိပ်ဖို့ ကျောတစ်နေရာစာရရင် တော်ပါပြီ"

ပန်းခရေဦး သဘောနှင့်သာဆိုလျှင် လက်ခံလိုက်ပြီ။

"ကဲပါလေ၊ ရှင်လည်း ပင်ပန်းလာရောပေါ့၊ ခဏနားပါ၊ အမေနိုးလာရင် ရှင့်အတွက် အဖြေတစ်ခုတော့ ရမှာပါ၊ ခု လောလောဆယ် ရှင် ထမင်းမစားရသေးဘူး မဟုတ်လား"

"စားခဲ့ပါတယ်၊ နှစ်ဆယ့်တစ်မိုင် စခန်းမှာ"

"ဪ ရှင့်ကြည့်ရတာ ချမ်းနေပုံပဲ၊ ကျွန်မ ကော်ဖီတစ်ခွက် ဖျော်လိုက်ဦးမယ်နော်"

လန်းဆန်း မတားမိချေ၊ အမှန်တကယ်လည်း ကော်ဖီပူပူလေး တစ်ခွက်လောက်ကို သူသောက်ချင်နေပြီ။ ကားကို ရန်ကုန်-မန္တလေး-ပြင်ဦးလွင် တောက်လျှောက် မောင်းခဲ့ရသဖြင့် ကျောတောင့်နေပြီဖြစ်ရာ ထန်းသား ပက်လက်ကုလားထိုင်သို့ ရွှေ့ပြောင်းထိုင်လိုက်သည်။

ခေါင်းတိုင်ဘက် မီးလင်းဖိုနားသို့ ဘီးတပ်ကုလားထိုင်





ကို တရွေ့ရွေ့တွန်းသွားပြီး၊ ထင်းမီးသွေး၏ အကြွင်းအကျန်ပေါ် တွင်တင်ထားသော ရေနွေးကရားကို လှမ်းယူနေသည်ကို တွေ့ရသဖြင့် လန်းဆန်း ကမန်းကတန်းထကာ. .

"ကျွန်တော် ယူပေးမယ်"

ပန်းခရေဦး လက်ထဲမှ ရေနွေးကရားအိုးကြီးကို လှမ်းယူကာ ထမင်းစားခန်းအဖြစ် သတ်မှတ်ထားပုံရသော ကိုယ်တိုင်လုပ် သစ်သားစင်လေးပေါ်ရှိ ကော်ဖီပုလင်း၊ သကြားပုလင်း စသည့်တို့ တင်ထားသည့်နေရာသို့ ယူကာတင်လိုက်ပြီး. . .

"ရပါတယ်. .၊ ကျွန်တော့်ဘာသာ ကျွန်တော်ပဲ ဖျော်သောက်လိုက်ပါ့မယ်၊ ကျွန်တော့်အတွက် မပန်း၊ အဲ. . ဒီက နာမည်ဘယ်သူ"

"ပန်းခရေဦးပါ"

"အင်း. . မပန်းခရေဦးတို့ မိသားစုဟာ ကျွန်တော့်ကြောင့် တာဝန်မပိစေရပါဘူး၊ ရှင်းရှင်းဝန်ခံရရင် ကိုဝဏ္ဏရဲ့ ကျေးဇူးတွေဟာ ကျွန်တော့်အပေါ်မှာ အများကြီး ရှိပါတယ်၊ ဒါကြောင့် ကိုဝဏ္ဏမရှိတော့တဲ့တိုင် ကိုဝဏ္ဏမိသားစုကို တတ်နိုင်သမျှ ကူညီပေးပြီး ကျေးဇူးဆပ်သွားချင်တဲ့ဆန္ဒ ကျွန်တော့်မှာ ရှိလာပါပြီ"

လန်းဆန်းက မတ်ခွက်သေး တစ်လုံးယူကာ ကော်ဖီဖျော်ရင်း ပြောလိုက်သည်။

ပန်းခရေဦး ရင်ထဲ၌တော့ လက်ခံနေပြီးသားပါ။ မြင်းနှစ်ကောင်၊ နွားမကြီး တစ်ကောင်နှင့် နွားပေါက် တစ်ကောင်၊ ပြီးတော့ နှစ်ဧကခန့် ကျယ်ဝန်းသော ခြံဝန်းနှင့်၊ မက်မန်းပင်များ၊



www.burmeseclassic.com

www.burmeseclassic.com



မက်မန်းဆားရည်စိမ်လုပ်ငန်း၊ အိမ်စားစရိတ်အတွက် ကာမိအောင် ရာသီအလိုက် စိုက်ပျိုးရသည့် စိုက်ခင်းများ၊ ဒါတွေကိုလုပ်ဖို့အတွက် လူငှားရန် ခေါင်းချင်းဆိုင်ရသည့် ပြဿနာ၊ ဒါတွေကို ဤလူစိမ်းငယ်သည်က ကူညီနိုင်ပါ့မလား။

"ရှင့်နာမည် ကျွန်မ မသိရသေးဘူး"

"လန်းဆန်းပါ"

"လန်းဆန်း"

ပန်းခရေဦးက နာမည်လေးကို သဘောကျသဖြင့် သံယောင်ပြုလိုက်သည်။

"ဟုတ်ပါတယ်၊ ကျွန်တော့်မမ နာမည်က မိုးဆန်းဖြစ်တော့ ကျွန်တော် ဗုဒ္ဓဟူးသားလည်း အလိုအလျောက် လန်းဆန်း ဖြစ်သွားရတာပဲ၊ ကျွန်တော်တို့က မောင်နှမ နှစ်ယောက်ထဲရှိတာ"

"ဪ"

"မမက ကျောင်းဆရာမ၊ မမအမျိုးသားက ဝန်ထမ်းတစ်ဦးပဲ၊ စစ်တွေမှာ တာဝန်ကျနေတယ်၊ မေမေက မမ မီးဖွားလို့ လိုက်သွားတယ်၊ အဲဒီမှာ ဖေဖေနဲ့ကျွန်တော် ပြဿနာဖြစ်ပြီး ဖေဖေက နှင်ချလိုက်တာပဲ"

"ဖေဖေက နှင်ချရင် မေမေ့ဆီ လိုက်သွားပေါ့"

"မေမေ့ဆီ လိုက်လို့မရဘူး၊ မေမေက ဖေဖေ့ရဲ့စကားကို တစ်သဝေမတိမ်း နားထောင်တယ်၊ ဖေဖေက ရေဆို ခပ်ပြီးသား၊ ငါးခြောက်ဆို ဖုတ်ပြီးသားထဲက၊ ဒါကြောင့် မထူးဘူးလေ၊ ကျွန်တော်မရှိမှ ကျွန်တော့်တန်ဖိုး မိဘတွေ သိသွားလိမ့်မယ်





ဆိုပြီး၊ ကျွန်တော်လည်း တမင်ထွက်ခဲ့တာပဲ"

ပန်းခရေဦးက ကလေးဆန်သောစကားကြောင့် ရယ်ချင်သွားသည်။ လန်းဆန်းဆိုသောပုဂ္ဂိုလ်မှာ သူ၏ မြင့်မားထွားကျိုင်းမှုရှိသော ခန္ဓာကိုယ်နှင့် လိုက်ဖက်မညီစွာ ကလေးဆန်သောစကား၊ ရင့်ကျက်မှုမရှိသော စကားများကို ပြောတတ်ပါသေးသည်။

"ဘာပြုံးတာလဲ"

"ရှင်ပြောတာ သဘောကျလို့ပါ၊ ဒါထက် ရှင့်အသက် ဘယ်လောက် ရှိပြီလဲ"

"နှစ်ဆယ့်လေးနှစ်၊ နိုင်ငံသား စီစစ်ရေးကတ်လည်း ပါပါတယ်၊ ကြည့်ဦးမလား"

"ရပါတယ်၊ အိမ်မှာနေဖို့ ဆုံးဖြတ်ပြီးရင်တော့ ရှင့်ကတ်ကို တောင်းပြီး ငြိမ့်စာရင်းတိုင်ထားရဦးမှာပဲပေါ့"

ပန်းခရေဦးက မိမိထက် တစ်နှစ်သာငယ်သော ဤပုဂ္ဂိုလ်လေးကို ကြည့်လိုက်သည်။

မိမိက လူကြီးဆန်နေပြီး၊ သူက ကလေးဆန်နေသည်။ သဘောကခံကို ရင်ဆိုင်ရပုံချင်းမှ မတူညီဘဲ။

အတွေ့အကြုံများသောသူသည် ရင့်ကျက်လာတတ်သည်ထင်ပါသည်။

"ရှင် အိမ်ထောင်ရှိလား"

"ဗျာ. . . ကြုံကြုံဖန်ဖန်"

တစ်ခါမှ မတွေးဘူးသော ကိစ္စပင်။ ဟုတ်သားပဲ မိမိအရွယ်တွေ အိမ်ထောင်ရှင်တွေ ဖြစ်နေကြသည်မှာ တစ်ပုံတစ်



www.burmeseclassic.com

www.burmeseclassic.com



ပင်ကြီး။

ရှက်သွားပုံရသည်။ ယောကျာ်းတန်မဲ့ ဖြူကာ အသား အရည် လှလွန်းသော ယောကျာ်းတစ်ဦး၏ ရှက်သွေးနီမြန်း သွားမှုကို ပန်းခရေဦး အံ့အားသင့်စွာ တွေ့မြင်လိုက်ရသည်။ ကိုဝဏ္ဏကတော့ အမည်နှင့်မလိုက်စွာ အသားညိုမှောင်၍ နေ သည်။ နေလောင်မှုကြောင့် နီစပ်စပ် ရှိသည်။ သို့သော်. . ပြုံး လိုက်သောအခါ၌ ကျက်သရေရှိသော သွားစွယ်တန်းများက ညီညာဖြူဖွေးစွာ ပေါ်လာတတ်သည်။

"ကျွန်တော် ခဏလှဲချင်တယ်"

"ရပါတယ်၊ အမေတို့ ဘေးနားမှာ သွားလှဲလေ၊ အဲဒီ နားက မှန်ဗီရိုထဲမှာ ခေါင်းအုံးနဲ့စောင်ယူပြီး နားလိုက်ပါ"

"သိုင့်ခ်ကျူး"

လန်းဆန်း အမှန်တကယ်ပင် အိပ်ချင်နေပြီ။ မိမိဘဝ မှာ တစ်ခါမှ ဤမျှပင်ပန်းသော အလုပ်မျိုး မလုပ်ခဲ့ရ၊ ခါးလည်း အတော်ညောင်းနေလေပြီ။ ပန်းခရေဦး ပြောသည့်အတိုင်း ဆယ်ပေပတ်လည်ရှိသော ဧည့်ခန်းတွင် ခေါင်းရင်းဘက် ငါးပေ ခန့်ကို တစ်ပေသာသာ အမြင့်ဖြင့် ကွပ်ပျစ်အပြည့် ရိုက်ထား သည်။ ထိုကွပ်ပျစ်ပေါ်တွင် ခေါင်းအုံးနှင့် ဂွမ်းကပ်၊ ခြင်ထောင် များထည့်ထားသော မှန်ဗီရိုတစ်လုံးနှင့် စာအုပ်ဗီရို ခပ်သေး သေး တစ်လုံးကို ယှဉ်လျက် အိပ်ခန်းနံရံ၌ ကပ်ထားသည်။

ဘုရားစင်ကတော့ အိမ်နံရံကို ဖောက်ထွင်းကာ ထုတ် ထားသည်။ ကြေးအမြောက်ဆန်အိုးကြီး သုံးလုံး၌ ရှုံးပန်းရောင်စုံ တို့မှာ ကျက်သရေရှိစွာ လန်းဆန်းလျက်ရှိသည်။ ဘုရားစင်၏





မျက်နှာကြက်ပေါ်တွင် ချိတ်ကလေးများတွင် ချိတ်ဆွဲထားသော ခပယ်ပန်းကုံးများရနံ့က တစ်ခန်းလုံး သင်းပျံ့မွှေးကြိုင်လျက် ရှိသည်။

လန်းဆန်းသည် ခေါင်းအုံးတစ်လုံး ဂွမ်းကပ်တစ်ခုနှင့် စောင်တစ်ထည် ဆွဲထုတ်သည်။ ပြီးသည်နှင့် ဘုရားစင် တည့် တည့်၌ ခင်းကျင်းပြီး အိပ်လိုက်သည်။

ခေါင်းနှင့် ခေါင်းအုံးထိတွေ့သည်နှင့် အိပ်ပျော်ခြင်းကို အလိုအလျောက် ဖိတ်ခေါ်ပြီးသား ဖြစ်သွားလေသည်။

ပန်းခရေဦးသည် ပူပင်ကြောင့်ကျမှုကင်းစွာဖြင့် အိပ် ပျော်သွားသော လန်းဆန်း၏ အပြစ်ကင်းစင်သော မျက်နှာလေး ကို ငေးကြည့်လိုက်မိသည်။

ဘာကြောင့်ရယ်မသိ၊ ဤလူစိမ်းသည် လူဆိုး၊ လူယုတ်၊ လူညစ်၊ လူရိုင်းတစ်ယောက် မဟုတ်နိုင်မှန်း သူ့စိတ်က အလို အလျောက် သိနေသည်။

ပြီးတော့ မျက်နှာမြင် ချစ်ခင်ပါစေဟူသော ဆုတောင်း နှင့်လည်း ပြည့်စုံနေသည့် လူသားထင်ပါသည်။ ပန်းခရေဦး ဤလူစိမ်းကို ခင်တွယ်သွားမိလေပြီ ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

အပြင်မှ ပြန်လာသော ချယ်ရီသည် အိမ်ဘေးအရိပ်၌ ထိုးရပ်ထားသော ကားကိုကြည့်ကာ မျက်မှောင်ချီလိုက်မိသည်။ ဘယ်ကဧည့်သည် ရောက်နေပါလိမ့်။

စက်ဘီးကို ဒေါက်ထောက်လိုက်စဉ်. . .

"လေးလေး. . လေးလေး ပြန်လာပြီလား"

အာကာဦး အိမ်တွင်းမှ ပြေးထွက်ကာ ကြိုလေသည်။ ချယ်ရီက အာကာဦးအား ပွေ့ချီကာ ပါးစုံကြီးနှစ်ဖက်





ကို နမ်းရှိုက်လိုက်သည်။

"လေးလေး သားဖို့ ဘာပါသလဲ"

"ပါတာပေါ့ သားကြိုက်တဲ့ ငှက်သိုက်မုန့်ပါတယ်"

"ဒါကြောင့် လေးလေးကိုချစ်တာ"

အာကာဦး ချယ်ရီ၏ ပါးမို့နီနီနှစ်ဖက်ကို ပြန်လည်မွှေးကြူလိုက်သည်။ ချယ်ရီက 'လူလည်လေး' ဟု ရေရွတ်ရင်း အာကာဦးကို ပွေ့ချီလျက် အိမ်ထဲသို့ ဝင်ခဲ့လေသည်။

"လာ. . သမီး ထိုင်ဦး၊ ဒီနေ့ အိမ်မှာ အိမ်သားသစ်တစ်ယောက် တိုးလာတယ်၊ သမီးကို ပြောပြရဦးမယ်"

အမေ့ဘေးတွင် ဝင်ထိုင်ရင်း အိမ်ရှေ့က ကွပ်ပျစ်ကျယ်တွင် အကျအန အိပ်ပျော်နေသော အိမ်သားသစ်ကို တအံ့တသြ ကြည့်မိသည်။

"သမီး ကိုကိုကြီးရဲ့ မိတ်ဆွေလေးကွဲ့၊ သူက ဒီမှာ အလုပ်လာလုပ်မလို့တဲ့"

"မြတ်စွာဘုရား မင်းသားပုံနဲ့ လူက"

"လူပုံနဲ့တိုင်းလည်း ပျော့ညံ့တယ် မထင်ပါနဲ့ သမီးရယ်၊ စိတ်ဓါတ်က အဓိကပါ"

"ပဲပုပ်ထောင်းတောင် မစားရသေးဘူး၊ ခေါင်းပြားအောင် အိပ်နေတဲ့လူက ဘယ်လိုလုပ်ပြီး ကိုကိုကြီး အလုပ်တွေ လုပ်နိုင်မှာလဲ "

အမေက ချယ်ရီကိုကြည့်ကာ ခေါင်းခါယမ်းလိုက်ပြီး. .

"အပေါ်ယံအမြင်၊ တခဏအမြင်နဲ့ မဆုံးဖြတ်နဲ့ဦးလေ သမီး သူရဲ့ လုပ်ရည်ကိုင်ရည် အပေါ်မှာကြည့်ပြီး ဆုံးဖြတ်မှ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့”

“ကားက သူ့ကားလား”

“မသိသေးဘူး၊ ဘာမှ သေသေချာချာ မမေးရသေးဘူး၊ ခရီးပမ်းလာလို့ ခဏအိပ်ပါရစေဆိုပြီး အိပ်သွားတာပဲ”

“အမေတို့ကြောင့် ခက်တာပဲ၊ ကိုယ့်အိမ်မှာ မိန်းမသား ချည်းပဲ. . ဘယ်ကလာ၊ ဘယ်ဇာတိကမှန်း မသိတဲ့ လူတစ်ယောက်ကို လွယ်လင့်တကူ လက်သင့်ခံလို့ရမလား ၊ လူဆိုးလား မသိ၊ လူကောင်းလားမသိ”

“ဥပတိရုပ်ကတော့ လူကောင်းရုပ်ပါ သမီးရယ်”

လန်းဆန်းသည် ‘လေးလေးပြန်လာပြီ’ ဟု ကလေးတစ်ဦး၏ အော်သံကြောင့် နိုးသွားခဲ့သည်။ သို့သော် အိပ်မက်လိုလို ဘာလိုလိုဖြစ်ကာ ငြိမ်သက်နေပြီး၊ အခြေအနေ အရပ်ရပ်ကို ပြန်စဉ်းစားနေစဉ် မိမိအကြောင်း ပြောဆိုနေသဖြင့် ငြိမ်သက်နေခြင်း ဖြစ်သည်။

ပန်းခရေဦးကတော့ သားအမိအကြား ဘာမှဝင်မပြောဘဲ ကိုက်လံရွက်များကို သင်နေလိုက်သည်။ မိမိဘဝက သူတို့သားအမိ၏ ကြည်ဖြူမှုကို ခံယူနေရသည့် ဘဝဖြစ်သည်။ မိမိလို ဒုက္ခိတတစ်ဦးကို ယောက္ခမနှင့် ယောင်းမက မကြည်ဖြူလျှင် မိမိဘဝ အသက်ဆက်လက် ရှင်သန်နေဖို့ မကောင်းတော့ပေ။ ခုတော့ တော်သေးသည်။ ယောက္ခမကော ယောင်းမက မိမိ အပေါ် မငြိုငြင်၍ အသက်ရှုချောင်စွာ နေထိုင်နိုင်ခြင်းဖြစ်သည်။

“ရော့. . မမ၊ လခ တစ်သောင်း”

“ဩော် ညီမလေး ကျောင်းစရိတ်အတွက် ဖယ်ထားတဲ့





အိတ်ထဲပဲ ထည့်ထားလိုက်ပါ”

ချယ်ရီက ဘာမှမပြောတော့ဘဲ အာကာဦးကို ငှက်သိုက်မုန့်ဘူးလေး ထုတ်ပေးပြီး အိပ်ခန်းထဲ ဝင်သွားလေသည်။

အမေက ပန်းခရေဦးကို လှမ်းကြည့်လိုက်သည်။ ဘယ့်နဲ့လဲဟူသော သဘော၊ အာကာဦးက. . .

“ဦးဦးက သားတို့နဲ့ အတူနေမှာလား”

“အေး. . အဲဒါ သားဦးလေး ၊ သားမေမေရဲ့ မောင်ဝမ်းကွဲ တော်တယ်”

ပတ်ဝန်းကျင်အတွက်ပါ တစ်ပြိုက်နက် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပြီး၊ အမေက ပြောလိုက်ခြင်းဖြစ်သည်ဟု ပန်းခရေဦး သဘောပေါက်လိုက်သည်။

လန်းဆန်းက တွေးမိလိုက်သည်။ ဤမိသားစုတွင် ချယ်ရီဆိုသော ချာတိတ်မလေးကို ဂရုစိုက်ရမည်ဟု၊ ဤကောင်မလေးသည် မာကျောကျော၊ ကြွတ်ဆတ်ဆတ်နိုင်ပုံ ရလေသည်။ ဆယ်ကျော်သက် အရွယ်တွေဆိုတော့ ဘယ်ပြည့်ဝနိုင်ဦးမလဲ။

လန်းဆန်းက လူးလွန့်ကာ ယခုမှ အိပ်ရာမှ နိုးထလာသည့်ပမာ ထလိုက်သည်။

“ဟင်. . ငါးနာရီတောင် ထိုးပြီ၊ ကျွန်တော် တစ်နာရီခွဲလောက်ကတည်းက အိပ်ပျော်သွားတာ ”

ကိုဝဏ္ဏ၏အမေက သူ့အား ပြုံးကြည့်နေသည်ကို သူက ပြန်လည်ပြုံးပြလိုက်ပြီး ကွပ်ပျစ်ပေါ်က ဆင်းလိုက်စဉ်. . .

“ဟင်. . ဦးဦးက အိပ်ရာကနိုးလာတာ အိပ်ရေးလည်းဝသိမ်းဘဲ ဒီအတိုင်းပစ်ထားတယ် ”



www.burmeseclassic.com

www.burmeseclassic.com



ကလေးစကားကြောင့် သူရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။

"ဘယ်ကမှန်းမသိ စည်းပျက်ကမ်းပျက် ကလေကဝနဲ့ ဟဲ့. . . သွားစမ်း၊ ရှူး. . ရှူး. . ဒီကျိုးကန်းဟာ"

ချယ်ရီ့အသံဟု သိလိုက်ရသည်။ မိမိအား စောင်းချိတ်ပြောမှန်း ရိပ်မိလိုက်တော့ ရင်ထဲအောင့်သီးအောင့်သက် ဖြစ်သွားရလေသည်။ သို့သော်. . ဒါဟာ အသေးအမွှားလေးပါဟု တွေးလိုက်ပြီး စောင်ကိုခေါက်ကာ ခေါင်းအုံးပေါ် ပြန်တင်ပြီးမှ. . .

"ဘယ်မှာထားရမလဲ သား"

"ပေး. . သားသား ထားပေးမယ်"

ကလေးက သူ့ခေါင်းအုံးနှင့် စောင်ကိုယူကာ ခေါင်းရင်းနားကပ်ထားသော သူတို့မြေအဘွား အိပ်ရာအသုံးအဆောင် စောင်ခေါက်ပေါ်သို့ တင်ထားလိုက်သည်။

ကလေးထံမှ အကြည့်ကို ရုပ်သိမ်းပြီး ၊ ပန်းခရေဦးကို လှမ်းကြည့်လိုက်သည်။ ပန်းခရေဦးက. . .

" ကိုလန်းဆန်းအကြောင်း အမေ့ကို ပြောပြပြီးပါပြီ"

လန်းဆန်း အမေ့ကို လှမ်းကြည့်လိုက်သည်။ မိမိဘဝမှာ အောက်ကျို့စွာ အသနားခံ နေထိုင်ရသော အခါရှိလိမ့်မည်ဟု မိမိတစ်ခါမှ မတွေးဘူးပါချေ။ ယခုတော့. . .

"လူလေးအကြောင်း သမီးခရေပြောပြလို့ အမေ သိပြီးပါပြီ၊ သားကြီးဝဏ္ဏရဲ့ မိတ်ဆွေဟာ အမေတို့ မိတ်ဆွေပါပဲ. . . သား နေနိုင်သလောက် နေနိုင်ပါတယ်၊ မိသားစုလိုပဲ သဘော





ထားပြီး ကိုယ့်အမေ၊ အစ်မ၊ ညီမနဲ့ တူသားကို စောင့်ရှောက်သလို စောင့်ရှောက်ပြီး နေသွားနိုင်ပါတယ်သား"

အမေ့စကားက ပညာသားပါသားပဲဟု လန်းဆန်းသဘောပေါက်ကာ လက်ခံလိုက်သည်။

"ဟုတ်ကဲ့ပါ အမေ ၊ ကျေးဇူးတင်ပါတယ်"

"ကဲ. . မြေးလေး အာကာ၊ ဦးဦးကို ရေချိုးခန်းတို့ အိမ်သာတို့ လိုက်ပြလိုက်ပါဦး၊ မိုးတိတ်ရင် ခြံထဲလိုက်ပြလိုက်"

"ဟုတ်ကဲ့ ဘွားဘွား၊ လာ ဦးဦး "

အာကာဦးက လန်းဆန်းလက်ကိုဆွဲကာ မီးဖိုဘက်သို့ ခေါ်သွားလေသည်။ အိပ်ခန်းနှစ်ခန်းအဆုံး၌ ရေချိုးခန်း၊ အိမ်သာရှိလေသည်။ ရေလောင်းအိမ်သာဖြစ်သဖြင့် လန်းဆန်းသက်ပြင်းချလိုက်သည်။ ကျင်းအိမ်သာဆိုပါက လန်းဆန်းအတွက် ခက်ပေမည်။ မွေးလာကတည်းက မရှိ၊ မသိဆိုသောအရာမရှိရအောင် ပြည့်စုံလွန်းသော လန်းဆန်းအတွက် ယခုလို အပြောင်းအလဲ၌ စိတ်လှုပ်ရှားမှုနှင့်အတူ အရာရာသည် အသစ်အဆန်း ဖြစ်နေသည်။

"မင်းတို့ အိမ်က မဆိုးဘူး၊ ခေတ်မီသားပဲ"

"အဲဒါ ကျွန်တော့်ဖေဖေကိုယ်တိုင် ကြီးကြပ်ပြီး ဆောက်သွားခဲ့တာ ဦးဦးရဲ့၊ ဒါပေမယ့် အကြမ်းပဲ ရှိသေးတာတဲ့"

လန်းဆန်း ရင်ထဲ နင့်ခနဲ ဖြစ်သွားရသည်။ သူသည် မိသားစု အသိုက်အမြုံ တစ်ခုကို ဖျက်ဆီးခဲ့ပြီ။ စိတ်မကောင်းခြင်းနှင့်အတူ ကလေးအား ပွေ့ချီကာ. . .

"ဒီလိုဆို ဦးဦးက အချောကိုင်ပေးမှာပေါ့သားရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးဦးက အင်ဂျင်နီယာလား"

"ဒါပေါ့"

"ဟာ အတော်ပဲ၊ သားကြီးလာရင်လည်း အင်ဂျင်နီယာ လုပ်မှာ"

"ဟုတ်လား . . သိပ်ကောင်းတာပေါ့၊ ကိုင်း . . လာ . . ဦးဦးကို ခြံထဲလိုက်ပြပေးပြီးရင် ရေချိုးမယ်"

"ခြံထဲက နောက်မှကြည့်ပါ ဦးဦးရာ၊ သားက ကားစီး ချင်တာ"

"ဒါဖြင့် ခြံထဲ ကားနဲ့ကြည့်မယ်"

"ဟင့်အင်း အဝေးကြီးသွားချင်တာ"

"ကောင်းပြီ၊ ဒီလိုဆိုရင် ခဏနေ၊ ဘွားဘွားကို ခွင့်ပန် လိုက်ဦးမယ်"

လန်းဆန်း သွားစရာ မလိုချေ။ ဒေါ်အေးညိုက ရောက် လာပြီး . . .

"အဝေးကြီး မသွားနဲ့ မှောင်လာရင် ဦးဦးက ဧည့်သည် ဆိုတော့ လမ်းပျောက်သွားမှာ စိုးရတယ်"

"ကလေးကျေနပ်အောင် ဟိုနားဒီနားမောင်းပြီး ပြန်ခဲ့ ပါ့မယ် အမေ"

လန်းဆန်း၏ ပါးကို ရွှတ်ခနဲ မွှေးမွှေးပေးကာ . . .

"ဒါမှ သားဦးဦးကွ"

လန်းဆန်းရင်ထဲ ထူးဆန်းသွားသည်။ ရင်ထဲ၌ နွေးခနဲ ဖြစ်သွားသည်။ မိသားစုအလယ်၌ အားလုံး၏ချစ်ခြင်း၊ ယုယ ခြင်း၊ အလိုလိုက်ခြင်းကိုသာ ခံစားခဲ့ရသော အငယ်ဆုံး သူ့အ





တွက် သူ့အလိုလိုက် အကြိုက်ဆောင် ပေးရမည့် ကလေးတစ် ယောက် သူ့ဘဝသို့ ရောက်ရှိလာခြင်းကပင်လျှင် အထူးအဆန်း သဖွယ်ဖြစ်နေသည်။

လန်းဆန်းတို့ ကားသံပျောက်ကွယ်သွားသည်နှင့် ချယ် ရီ တစ်စခန်း ထလေသည်။

"အမေတို့က လုပ်လိုက်ရင် ဒီအတိုင်းချည်းပဲ၊ ဘယ်က လာပြီး၊ ဘယ်လိုစရိုက်မှန်းမသိတဲ့ လူစိမ်းယောကျာ်းတစ်ဦးကို မိန်းမသားချည်းရှိတဲ့အိမ်မှာ လက်ခံရသလား"

အမေဒေါ်အေးညို ချယ်ရီ့အားကြည့်ကာ ခပ်တင်း တင်းပင် . . .

"အေး . . မိန်းမသားချည်းပဲရှိလို့ လက်ခံတာ၊ ဥပဓိရုပ် ကြည့်ရင် လူဆိုးလား၊ လူကောင်းလားဆိုတာ ငါအကဲခတ်တတ် ပါတယ် ချယ်ရီ၊ ခြံအလုပ်ဆိုတာ မိန်းမသားချည်း ဦးဆောင် လုပ်သွားလို့ရတဲ့ အလုပ်မဟုတ်ဘူး၊ ငါကလည်း အိုပြီ၊ အိုရင် ခွေးတောင် မခန့်ဘူး"

"ကျွန်တော်ရှိသားပဲ၊ ကျွန်တော် ကျောင်းဆက်မတက် ဘဲ လုပ်ပေးမှာပေါ့"

"ဘာ . . ငါ မသေသေးဘူး ချယ်ရီ၊ ငါ မသေသေးဘဲ ငါ့သမီး ကျောင်းထွက်ရမယ့် အဖြစ်မျိုး . . ငါ့အဖြစ် မခံနိုင်ဘူး၊ ညည်း . . အဟွတ်ဟွတ် . . ဘာစကားမှ . . ဟွတ် . . ထပ်မပြောနဲ့၊ ငါအမေ . . ငါစီစဉ်မယ်"

"သမီးပျိုရှိတဲ့အိမ်မှာ ယောကျာ်းပျိုကို လက်ခံရဲတဲ့ အမေ့ကိုပဲ အံ့သြတယ်"



www.burmeseclassic.com

www.burmeseclassic.com



“ချယ်ရီ အမေ့ကို ဆေးတိုက်လိုက်ပါဦး ညီမရယ်”

ပန်းခရေဦးက သားအမိကြား အခြေအနေကို ဝင်ထိန်းလိုက်သည်။ ရေအိုးစင်သို့ ဘီးတွန်းကာ ရေသွားခပ်ပြီး ချယ်ရီ့အား လှမ်းပြောလိုက်သည်။ ချယ်ရီက အဆုတ်ပုံ ပန်းနာရင်ကျပ်ပျောက်ဆေးကိုယူကာ ချောင်းဆိုးနေသော ဒေါ်အေးညိုဘေးကပ်ထိုင်ကာ ဖောက်ပေးရင်း . . .

“ကျွန်တော်က အစ်ကိုမရှိတော့တဲ့နောက်ပိုင်း ကျွန်တော်ပဲ လုပ်ကျွေးတော့မယ်လို့ ဆုံးဖြတ်ထားတာ အမေရာ၊ ဘယ်သူ့အကူအညီမှ မလိုချင်ပါဘူး၊ ခု အမေ့ဧည့်သည်က လူပေါ်ကြော့၊ ကျွန်တော်တို့ယာခင်းမှာ သူလုပ်နိုင်ပါ့မလား”

“ဘာပဲဖြစ်ဖြစ် သူအုပ်ချုပ်နိုင်ရင် ပြီးရော့ပေါ့ . . .၊ ယောက်ျားသားဆိုတာ မိန်းမသားထက်တော့ အဟန့်ကောင်းတာပေါ့၊ အဟွတ် . . ဟွတ်”

“မိုးအေးလို့ထင်တယ် ချောင်းပိုဆိုးတယ်နော်၊ ဆေးခန်းသွားဦးမလား အမေ”

ချယ်ရီက မိခင်၏ အနေအထားကို ကြည့်ကာ သူ့ဘက်က လျှော့ချပေးလိုက်လေသည်။

ဒေါ်အေးညိုကလည်း သမီးအတွက်ကော၊ သွားလေသူသား ဝဏ္ဏအတွက်ကော၊ ဒုက္ခိတဘဝကို ရောက်ရှိသွားသူ ချွေးမအတွက်၊ မြေးအတွက် စုပြုံပြီး စိတ်ထိခိုက်မှု ဝေဒနာက အသစ်ဖြစ်ပေါ်နေကာ မျက်ရည်စများ ရစ်ဝဲလာသည်။ သို့သော် မိမိတို့ သားအမိအပေါ် အားကိုးနေရရှာသည့် ချွေးမမြင့်မှာ စိုးရိမ်သဖြင့် . . .





“ဧည့်သည်အတွက် ထမင်းထပ်ချက်ထားသေးလား”

စကားလမ်းကြောင်းကို ပြောင်းလိုက်သည်။

“ချက်ထားပါတယ် အမေ”

“အေးအေး စေတနာ မေတ္တာထားလိုက်ပါ၊ ကံတရားက ကိုယ့်အပေါ် ဖေးမသွားမှာပါ၊ စေတနာ၊ မေတ္တာဆိုတာ ရောင်ပြန်ဟပ်တတ်ပါတယ်”

ချယ်ရီသည် ဘာမှမပြောတော့ဘဲ သက်ပြင်းချလိုက်ပြီး ပန်းခရေဦး မလုပ်နိုင်သည့် မီးဖိုဘက်တွင် အလုပ်များကို သိမ်းကျုံး လုပ်လိုက်လေသည်။

ပန်းခရေဦးသည် ကိုက်လံရှက်များကို ဆေးကြောပေးပြီး တတ်နိုင်သမျှကို ဘီးရွှေ့ကာ အကူအညီပေးရင်း ရင်ထဲမှ သောကကို ဖျောက်ဖျက်၍ ထားလိုက်သည်။

သို့သော် သူမ၏ရင်ထဲ၌ နင့်နင့်သီးသီး နာကျင်လျက်ရှိသည်။ တစ်ခုခုကို ဆုံးဖြတ်သင့်ပြီဟုလည်း . . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

"ဘယ်နဲ့လဲ၊ အမေရဲ့ အားကိုးအားထားကြီးက နေဖင်ထိုးတာတောင် မထသေးပါလား "

လန်းဆန်း ရုတ်တရက် နိုးသွားသည်။ ဘယ်ရေစက်ကြောင့် မသိ၊ ချယ်ရီ၏ ငှက်ဆိုးထိုးသံကဲ့သို့ မလိုတမာသံကို ကြားလိုက်ရသည်နှင့် သူသည် အလိုအလျောက် နိုးသွားရသည်။ သူ့တစ်သက်နှင့်တစ်ကိုယ် သူတစ်ပါး၏ ငြိုငြင်မှုကို မခံစားခဲ့ရဖူးသဖြင့် သူ့အတွက် အထူးအဆန်း ဖြစ်နေသည်။





"ဟဲ့. . . တိုးတိုးပြောပါ၊ နိုးသွားပါဦးမယ်"

"အမေတို့ သဘောကောင်း လိုက်ပုံကတော့၊ နွားစာသွားစဉ်းတော့မယ် အမေရာ၊ မမကြီး ရပြီနော်၊ ကျွန်တော် ဘာလုပ်ပေးရဦးမလဲ"

"ရပါပြီ ချယ်ရီ၊ သွားလေ"

ချယ်ရီ ထွက်သွားမှ လန်းဆန်း အိပ်ရာမှ ထရဲလေသည်။

"သား နိုးပြီလား၊ ချယ်ရီ့ကို ဗွေမယူနဲ့နော်၊ ဒီကောင်မလေးက ဒီလိုပဲ၊ စိတ်ထဲမထားတတ်ဘူး၊ ဖိုးဖိုးဖတ်ဖတ် ပြောတတ်တယ်၊ စိတ်ရင်းတော့ ကောင်းပါတယ်"

အမေ ဒေါ်အေးညိုက မျက်နှာပူစွာဖြင့် ဖာဖာထေးထေးလေး ပြောလိုက်ရှာသည်။

လန်းဆန်းက အိပ်ရာခေါက်သိမ်းရင်း. . .

"ကိစ္စမရှိပါဘူး အမေ၊ ကျွန်တော်ကလည်း နေမြင့်အောင် အိပ်မိတာကို၊ သားကော နိုးပြီလား မသိဘူး"

"နိုးပြီ၊ ခြံထဲတောင် ဆင်းဆော့နေပြီ"

"ဟုတ်လား နောက်ဆိုရင် အမေနိုးတာနဲ့ ကျွန်တော့်ကိုနှိုးပါ အမေ၊ အားမနာပါနဲ့"

"ကဲပါ သားရယ်၊ နေတတ်သလို နေစမ်းပါ၊ ချယ်ရီ အာပြောပြော ဂရုမစိုက်ပါနဲ့"

အမေ ဒေါ်အေးညိုက သဘောကောင်းလွန်းလှသူ့အမှားအတွက် နောင်တရမိလေလေ ဖြစ်သည်။ ကိုယ်လက်ဆန့်ခြင်းကို လျင်မြန်စွာလုပ်ပြီး ခြံထဲဆင်းဟန် ပြင်စဉ်. . .



www.burmeseclassic.com

www.burmeseclassic.com



"လူလေး . . လာ ကောက်ညှင်းပေါင်းနဲ့ လက်ဖက်ရည် သောက်စားဦးကွယ်"

သူ စားလေ့စားထမရှိသော အစားအစာများ ဖြစ်သည်။ သို့သော် ရောမမြို့ရောက်လျှင် ရောမသားကဲ့သို့ ကျင့်ရမည်ဟူသော ဆိုရိုးအရ . . သူ 'ဟုတ်ကဲ့ အမေ'ဟု ဆိုကာ . . အငွေ့တစ်ထောင်းထောင်း ထနေသော ကောက်ညှင်းပေါင်းနှင့် ပဲပြုတ်ဆီဆမ်းကို စားလိုက်သည်။ လက်ဖက်ရည်ပူပူလေးကို သောက်လိုက်သည်။ မဆိုးပါဘူး . . စား၍ ခံတွင်းတွေ့သွားသည်။

"စားတတ်ရဲ့လား လူလေး"

" စားတတ်ပါတယ် အမေ၊ ကျွန်တော် အစားမရွေးပါဘူး၊ ခု ကျွန်တော် ဘာလုပ်ပေးရမလဲ အမေ"

"ပန်းခင်းမှာ ပန်းလည်း ဖောက်သည်လာယူသွားပြီ၊ နွားစာစဉ်းဖို့နဲ့ ပန်းခင်းသစ်ပြင်ဖို့ မြောင်းထပ်ပြင်တယ်၊ အဲဒါအတွက် အလုပ်သမား နှစ်ဦး နေ့စားနဲ့ခေါ်ထားတယ်၊ လူလေး လေ့လာလေ"

ဒေါ်အေးညိုနှင့်အတူ ခြံထဲဆင်းခဲ့လေသည်။ ချယ်ရီက နွားစာစဉ်းနေသည်။ မြန်ဆန်လွန်းလှသည်။

"ကျွန်တော် ကူလုပ်ပေးမယ်လေ ချယ်ရီ"

သူက မျက်နှာချို သွေးကာ မျက်နှာလုပ်လိုက်သည်။

သို့သော် ချယ်ရီက ရှုတင်းတင်းနှင့်ပင် . . .

"တော်ပါ၊ ဓါးတောင်မကိုင်တတ်ပဲနဲ့၊ တော်ကြာ အကူအညီမရဘဲ ဆေးဖိုးပါကုန်နေဦးမယ်၊ အေးအေးသာနေပါ"

ချယ်ရီ၏ အငေါ်အတူးစကားကြောင့် လန်းဆန်း





ကြောင်အန်းအန်း ဖြစ်သွားသည်။

"သူလုပ်နေကြအလုပ် သူလုပ်ပါစေ၊ လာ . . လူလေး"

ကျယ်ဝန်းသောခြံအတွင်း နေရောင်ရပြီး အရိပ်ဖြင့်လွှတ်ကင်းသော နေရာ၌ ရှိုးပန်းဟုခေါ်သော ဟော်လန်သစ္စာပန်းခင်းကြီးကို တွေ့ရလေသည်။ ယောက်ျားဖြစ်သော်ငြားလည်း ပန်း၏အလှတရားကို သူသဘောကျသွားသည်။

အခြားတစ်ကွက်၌ ကော်ဖီစိုက်ခင်းနှင့် ကျန်တစ်ကွက်၌ မြေကပ်ပင်သေးအခင်းကို တွေ့ရသည်။

"အမေ ဘာပင်တွေလဲ"

"စတော်ဘယ်ရီခင်းလေ၊ လက်ကျန်သီးလေးတွေ ရှိသေးတယ်၊ အမေ ဆွတ်လိုက်ဦးမယ် "

"ကျွန်တော် ဝိုင်းလုပ်ပေးမယ်"

"ဟာ . . ဦးဦး နိုးလာပြီလား၊ သားနဲ့ စက်ဘီးလျှောက်စီးရအောင်"

အာကာဦးက ကလေးစီး စက်ဘီးကလေးနှင့် ရောက်လာပြီး ဝမ်းသာအားရ ခေါ်လိုက်သည်။

"နေပါဦးသား ၊ ဦးဦး ဝိုင်းလုပ်ပေးလိုက်ဦးမယ် "

"နေပါစေသား၊ ဒါ ယောက်ျားလေး အလုပ်မဟုတ်ပါဘူးကွယ်၊ အမေလုပ်နိုင်ပါတယ်"

"ဒါဖြင့် . . . နောက်နေ့ကို အမေ အလုပ်သမား တစ်ယောက် လျှော့ခိုင်းလိုက်၊ ကျွန်တော် မြောင်းပေါက်နိုင်ပါတယ်"

စိုက်ခင်းတစ်ကွက် အလုပ်သမားနှစ်ဦး မြောင်းဖောက်နေသည်ကို တွေ့ရသဖြင့် သူက လှမ်းပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးညိုက လန်းဆန်းကို ကရုဏာသက်စွာ ကြည့်လိုက်သည်။ နုနယ်သောသူ၏ မျက်နှာလေးနှင့် ဖွေးဥသန့်စင်နေသော သူ့လက်ကလေးများသည် အလုပ်ကြမ်းလုပ်ဖူးပုံမပေါ်ချေ။

မိမိတို့အရိပ်ကို ခေတ္တခိုဝင်လာသူ ဧည့်သည်အပေါ် မတရားခိုင်းရမည်လား။

"နေပါစေ လူလေးရယ်၊ မင်းသူတို့ လုပ်တာကိုပဲ ကြီးကြပ်ပေးပါ"

"ဘယ်ဟုတ်မလဲ အမေရယ်၊ ကျွန်တော်ယောကျ်ားပဲ၊ သူတို့လုပ်နိုင်ရင် ကျွန်တော်လည်း လုပ်နိုင်ရမှာပေါ့"

လန်းဆန်း ပြောပြောဆိုဆို စိုက်ခင်းအတွက် မြောင်းဘောင်ဖော်ရာဘက်သို့ ထွက်ခဲ့လေသည်။

ဒေါ်အေးညိုလည်း ဘာမှမပြောတော့ဘဲ စတော်ဘယ်ရီ စိုက်ခင်းတွင် သစ်တုံးကလေး ခုထိုင်ပြီး မှည့်ဝင်းနေသော အသီးလေးများကို တရွေ့ရွေ့ ဆွတ်ခူးနေလိုက်သည်။

လန်းဆန်းက အလုပ်သမားနှစ်ဦးနှင့်အတူ ဝိုင်းဝန်းလုပ်ကိုင်ပေးရင်း စိုက်ပျိုးရေးပညာကို သင်ယူနေလေသည်။

ပန်းခရေဦးသည် နောက်ဖေးပြတင်းပေါက်မှ တဆင့် အိမ်နောက်ဘက်စိုက်ခင်းကို ဆီးကြည့်လိုက်လေသည်။

အိမ်က ကုန်းမြင့်ပေါ်တွင် တည်ရှိသဖြင့် စိုက်ခင်းအတွင်း လှုပ်ရှားမှုများကို အားလုံးမြင်တွေ့ရလေသည်။

လန်းဆန်းသည် ပေါက်တူးပေါက်နေသည်။ သူပေါက်ပုံကို ကြည့်လိုက်ကတည်းက မကျွမ်းကျင်မှန်း သိသာသည်။





ဤလူသည် ဘာကြောင့်များ မိဘတွေအိမ်ကို ပြန်ဝင်ဖို့ မစဉ်းစားဘဲ ပင်ပင်ပန်းပန်း ဝိုင်းလုပ်နေရပါလိမ့်။ အင်းလေ. . နေနိုင်လည်း တစ်ရက် နှစ်ရက်ပါပဲ။ ကြမ်းတမ်းမှု ဒုက္ခနှင့်တွေ့လျှင် သူပြန်သွားမှာပါ ဟုတွေးလိုက်မိသည်။ တစ်ဆက်တည်း စိတ်သွားတိုင်း ကိုယ်မပါနိုင်သည့် အဖြစ်ကြောင့် မိမိကိုယ်မိမိ မကျေနပ်နိုင်အောင် ဖြစ်မိပြီး သိုးမွှေးတစ်ထည်ကို မဲထိုးနေလိုက်သည်။

"မမကြီး"

"ဟဲ့. . အရှည်ကြီး၊ ပြန်လာပြီလား"

"ဟုတ်ကဲ့ရှင့်"

"အေးအေး. . နားလိုက်ဦး၊ ဘာမှမစားရသေးရင် ကောက်ညှင်းပေါင်းနဲ့ လက်ဖက်ရည်ရှိတယ် စားလိုက် "

အရှည်ကြီးဟုခေါ်သော မသန်းငွေသည် ဒေါ်အေးညို၏ တူမဝမ်းကွဲတော်သည်။ နောင်ချိုဘက်မှဖြစ်ပြီး ပန်းခရေဦး ဒုက္ခိတဖြစ်သွားချိန်တွင် ဒေါ်အေးညိုက ခေါ်ယူထားခြင်း ဖြစ်သည်။ မနေ့က နောင်ချိုရှိ သူ၏မိဘများထံ သူမစုဆောင်းထားငွေများကို သွားရောက်ကန်တော့ပြီး ဒီနေ့ ပြန်လာခြင်းဖြစ်သည်။

"မမကြီး၊ မနေ့က ရေချိုးဖြစ်ရဲ့လား"

"ဘယ်ချိုးဖြစ်မလဲ မိုးအေးတာကို၊ ချယ်ရီလည်း မြို့ထဲသွားတယ် "

"ဒီနေ့ ချိုးမလား"

"နေတော့ ပွင့်တယ်၊ ချိုးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ပန်းခရေဦး၏ ဝေယျာဝစ္စကိစ္စကို အရှည်ကြီးက အစိက တာဝန်ယူထားရသည်။ ပန်းခရေဦး၏ ကိုယ်ခန္ဓာကလည်း ပုပုသေးသေးမဟုတ်။ ငါးပေခြောက်လက်မခန့်ရှိပြီး၊ အလုံးအထည်ကလည်း တောင့်တင်းသော အမျိုးသမီး ဖြစ်သည်။ သူမ၏ခန္ဓာကိုယ်ကို ကျွဲပေါက်ကြီးလို သန်စွမ်းသော အရှည်ကြီးကမှ နိုင်နင်းသည်။ အောက်ပိုင်းမသန်းစွမ်းသော မိမိအတွက် လူတစ်ယောက် အပိုကုန်ခြင်းကို ပန်းခရေဦး ဘဝင်မကျပါ။

ထို့ကြောင့် အိပ်ရာဝင်ချိန်၊ ဆီး၊ ဝမ်းသွားချိန်၊ ရေချိုးချိန်ကလွဲ၍ မည်သူ့အကူအညီမှမယူဘဲ မိမိဘာသာ ဘီးတပ်ကုလားထိုင်နှင့် သွားလာနိုင်အောင် ဆွဲကြိုးရောင်းချကာ ဝယ်လိုက်ခြင်း ဖြစ်သည်။

"အိမ်ရှေ့က ကားက ဘယ်သူ့ကားလဲ မမကြီး"

"ဧည့်သည်ကားပါ"

"ဘယ်က ဧည့်သည်လဲ"

"ရန်ကုန်က ကိုဝဏ္ဏရဲ့ မိတ်ဆွေတဲ့"

ကိုဝဏ္ဏဟူသော အမည်ကို ရွတ်မိလေတိုင်း သူမရင်ထဲ ထိခိုက်နာကျင် သွားလေသည်။ မိမိအပေါ် ကောင်းလွန်းသော မိမိအား အလွန်ချစ်မြတ်နိုးသော ယောကျ်ားသည် ယခုတော့ မိမိအား စိတ်ချလက်ချ ထားသွားလေသည်။

"လာလည်တာလား"

"ဆိုပါတော့၊ ဘယ်လောက်အထိ နေနိုင်မယ်ဆိုတာတော့ ဘယ်သူမှ အတတ်မပြောနိုင်ဘူး၊ ကဲ. . နားပြီးရင် ချယ်ရီကို သွားဝိုင်းကူလိုက်ဦး"





"ဟုတ်ကဲ့ရှင့်"

အရှည်ကြီး ထွက်သွားသည်။ ပန်းခရေဦး ဘီးတပ်ကုလားထိုင်ကို တွန်းကာ အိမ်ရှေ့ဘက်သို့ ရွှေ့ခဲ့သည်။

အိမ်ရှေ့ရှိရှိသမျှ မြေကွက်လပ် ဟူသမျှတွင် အလှေ့ကျပေါက်နေသော မိုးနှင်းပန်းတို့က ပန်းရောင်ကော်ဇော ခင်းထားသကဲ့သို့ လှပစွာပွင့်လန်းနေကြသည်။ အိမ်ရှေ့ မျက်နှာစာတွင် ကိုဝဏ္ဏကိုယ်တိုင် ပုံဖော်ခဲ့သော စိုက်ခင်းမှ ပန်းမျိုးစုံတို့ကတော့ ကျိုးတိုးကျဲတဲ ဖြစ်နေသည်။ ဥယျာဉ်မှူးကြီး သူချစ်သော မေတ္တာရိပ်မြုံလေးကို ခွဲခွာသွားခဲ့သည်မှာ ခြောက်လတောင် ကျော်လာပြီပဲ။ သို့သော်. . မနေ့က တစ်နေ့ကလို ခံစားရဆဲ ဖြစ်ရာ၊ ရင်မှာနာကျင်လာပြီး အတားအဆီးမဲ့စွာ ကြေကွဲပွင့်တို့ တွေလွင့်လာသည်။

"မေမေ ဦးဦးကို ဘုရားကြီး ပို့ပေးရဦးမယ်နော်"

အာကာဦးသံကြောင့် မျက်ရည်ကို သုတ်လိုက်ပြီး အပြုံးဖြင့် ကြွယ်ဝှက်ကာ. . .

"အေး ဟုတ်တာပေါ့၊ ဦးဦးအားသွားရင် သားပဲ လိုက်ပို့လိုက်ပေါ့. . ဟုတ်လား "

"ဟုတ်တယ်. . သားပို့ပေးလိုက်မယ်"

ကလေးဆိုတော့ မေ့ပျောက်သွားနိုင်ပြီ ထင်ပါသည်။ အမေကို သိပ်မမေးတော့။ ဒါကလည်း ပန်းခရေဦး၏ ရင်ကို အထိအရှ သက်သာစေခဲ့သည်။ သားလေး နောင်ရေးအတွက် မိမိ တစ်ခုခုလုပ်သင့်သည်။ တစ်ချောင်းထိုးအပ်ဖြင့် သိုးမွှေးသည် ပဝါလေးများကို မြန်သည်ထက်မြန်အောင် အမြန်ရသရွေ့



www.burmeseclassic.com

www.burmeseclassic.com



ထိုးနေလိုက်သည်။

အာကာဦးက ရေသောက်ပြီး စက်ဘီးပြန်စီး ထွက်သွားသောအခါ ပန်းခရေဦးသည် သား၏နောက်ကျောကို ကြည့်ပြီး မျက်ရည်ကျရ ပြန်သည်။

သားအတွက် ရည်မှန်းချက်တွေ အများကြီးထားကာ အလုပ်ကြိုးစားခဲ့သော ကိုဝဏ္ဏကို သူမအနေနဲ့ ဘယ်လိုမှ မမေ့နိုင်။ သေသောသူ ကြာလျှင်မေ့ဟူသော စကားသည် မိမိအတွက်တော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါချေ။

ဘီးတပ်ကုလားထိုင်ကို နောက်သို့ပြန်လှည့်လိုက်ပြီး ဧည့်ခန်းနံရံပေါ်တွင် ရှိနေသည့် ကိုဝဏ္ဏက သားကိုချီလျက် မိမိကိုလည်း ပခုံးဖက်ထားသော ဓါတ်ပုံကို မော့ကြည့်ကာ မျက်ရည်များ သွင်သွင်စီးကျလာသည်။

မိမိတို့အား စိတ်ချလက်ချ ထားသွားခဲ့သော သူတော်ကောင်း ခင်ပွန်းသည်အား မိမိမည်ကဲ့သို့ မေ့ပျောက်နိုင်မည်နည်း။







# အခန်း(၄)

ဆိုင်ကယ်သုံးစီး တောင်ကုန်းပေါ်မှ အရှိန်ဖြင့် ဆင်းလာသည်။ ဆိုင်ကယ်က အကြောင်အကျား သစ်ခက်သစ်ရွက်တို့တလည်း ငြိလျက်ပါလာသေးသည်။ ဆိုင်ကယ်ဆောင်း ဦးထုပ်ကလည်း ဒီဇိုင်းမျိုးစုံ အရောင်မျိုးစုံနှင့်. . .

မြင်းလှည်းတစ်စီး ကားလမ်းပေါ်မှ ပုံမှန်မောင်းနှင်လာသည်။ မြင်းလှည်းမိုးပေါ်၌ စုံတွဲတစ်တွဲ ပါလာသေး. . .

ဆိုင်ကယ်က မြင်းလှည်းရှိရာသို့ အရှိန်ဖြင့်လာ. .



www.burmeseclassic.com

www.burmeseclassic.com



"ဝူး. . "

ဆိုင်ကယ်သံကြောင့် မြင်းလန့်သွားသည်။

"ဟီး"

မြင်းဟီသံနှင့် မြင်းသည် ဘေးသို့ ဆွဲချသွားသည်။ ဘေး၌ ချောက်ကြီး. .

"ဝုန်း"

"အား. . . အား. . . "

အသံနက်ကြီးကြောင့် ပန်းခရေဦး နိုးသွားသည်။

သူမဘေး အိပ်နေသော အရှည်ကြီးက မနိုး။

အိမ်ရှေ့ခန်း မီးဖွင့်ထားပြီး စကားသံများ ကြားလိုက်ရသဖြင့် ပန်းခရေဦး နားစွင့်လိုက်သည်။

"လူလေး ၊ လူလေး ဘာဖြစ်လို့လဲ"

"အိပ်မက်. . အိပ်မက်ဆိုး မက်လို့ပါ အမေ"

"ရေသောက်လိုက်လေသား"

လန်းဆန်းက ဇောချွေးများကို သုတ်လိုက်ပြီး ကွပ်ပျစ်ပေါ် မှဆင်းကာ ရေအိုးစင်သို့ လျှောက်သွားပြီး ရေသောက်လိုက်သည်။ အာခေါင်များပူခြစ်ကာ. . ကိုယ်လက်များ နာကျင်နေသည်။

"ညည်းသံလည်း ကြားရတယ်၊ နေကောင်းရဲ့လား လူလေး"

"ကောင်းပါတယ် အမေ"

လန်းဆန်း လိမ်ညာလိုက်သည်။ မိမိကြောင့် အမေတို့ မိသားစု၌ တာဝန်ပိုမှာ သူမလိုလားချေ။ မိမိက ဦးဆောင်ဦးရွက်





ပြုပေးရမည့် မိသားစုအပေါ် မိမိကြောင့် ဒုက္ခပိုသလိုများ ဖြစ်နေပြီလား။ မိမိ ကိုယ်လက်တို့သည် မခံမရပ်နိုင်အောင် နာကျင်ခိုက်ခဲနေပြီး ဖျားနေပြီဟု သိလိုက်ရသဖြင့်. . .

"အမေ အိပ်တော့လေ၊ ကျွန်တော် ကော်ဖီတစ်ခွက် ဖျော်သောက်ချင်တယ်"

"အမေ ဖျော်ပေးမယ်၊ လူလေး ကြည့်ရတာ ဖျားနေပြီထင်တယ်. . . မှန်း"

ဒေါ်အေးညိုက လန်းဆန်း၏နဖူးကို ခြေဖျားထောက်ရပ်ပြီး လက်ဖမိုးနှင့် အသာကပ် စမ်းသပ်လိုက်သည်။

"ဟုတ်ပါရဲ့၊ ကိုယ်တွေ ခြစ်ခြစ်တောက်နေပါလား. . မှန်းစမ်း "

လန်းဆန်း၏ ညာလက်ကို အသာဆွဲလိုက်ရာ. .

"အား"

ဒေါ်အေးညို၏ လက်နှင့်ထိတွေ့မှုကြောင့် လန်းဆန်းညာလက်ဖဝါး နာကျင်သွားသည်ဖြစ်ရာ ရုတ်တရက် အော်လိုက်မိသည်။

"ဟင်"

ဒေါ်အေးညိုက လန်းဆန်းလက်ကို ဆွဲဖြန့်ကြည့်လိုက်သည်။

"အို. . . ဖြစ်ရလေ လူလေးရယ်"

ပေါက်တူးမကိုင်ဖူးဘဲ ကိုင်ခဲ့သော လက်ဖဝါးနုနုလေး ပေါက်ပြဲနေလေပြီ။ ဒေါ်အေးညို စိတ်မကောင်း ဖြစ်သွားပြီး သိမ်းဆေးပုလင်း သွားယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်မလုပ်နိုင်တဲ့ အလုပ်ကို မလုပ်ပါနဲ့ လူလေးရယ်၊ ခုလိုတွေ့ရတာ ကိုယ့်အသားနာသလိုပဲ အမေတို့ နာကျင်ရတယ်"

ဒေါ်အေးညိုက ဦးစိုင်းလိမ်းဆေးဖြင့် သူ၏လက်ဖဝါးမှ အပေါက်အပြဲများကို လိမ်းပေးလိုက်သည်။

လန်းဆန်း ရင်ထဲ၌ ဒေါ်အေးညိုကို လေးစားသွားသည်။ စိတ်ရင်းကောင်းလွန်းသော အမျိုးသမီးကြီးပေတကား။

ဒေါ်အေးညိုနှင့် ချယ်ရီ အိပ်သော အိပ်ခန်းလိုက်ကာ လှုပ်ရှားသွားပြီး ချယ်ရီ ထွက်လာသည်။

"အဲဒါကြောင့်ပြောတာ၊ အမေတို့များ ကိုယ်ဒုက္ခကိုယ်ရှာတယ်၊ အမေတို့ ရှေးလူကြီးတွေပဲ ပြောခဲ့တယ် မဟုတ်လား၊ ခြေနှစ်ချောင်းလည်း မကယ်နဲ့ဆိုတာ၊ ခုတော့ သူလုပ်ပေးတဲ့ လုပ်အားနဲ့ မကာမိအောင် အမေပဲ ပြုစုရတော့မယ် မဟုတ်လား "

လန်းဆန်း ရင်ထဲနင့်သွားသည်။ ချယ်ရီသည် ဘယ်ဘဝက အငြိုးနဲ့ သူ့အပေါ် အမုန်းမိုးတွေ ရွာသွန်းနေရသည်ကို သူ မတွေးဆတတ်အောင်ဖြစ်သွားသည်။

သို့သော် . . .

"အမေ့ကို ငဲ့ညှာရတော့ ကျွန်တော်တို့ပါ အဆစ်ပါရသေးတယ် ကိုညို့သည်၊ နောက်ကို ရှင်ဘာမှ မလုပ်ဘဲနေတာ အကောင်းဆုံး ကူညီခြင်းပဲ"

"လုပ်စမရှိလို့ပါဗျာ၊ နောက်ဆိုရင် အကျင့်ရသွားမှာပါ"

ချယ်ရီသည် အပြောဆိုးသော်လည်း သူ့အတွက် နွားနို့





အိုး နွေးပေးကာ နွားနို့များနှင့် ကော်ဖီတစ်ခွက် ဖျော်ပေးသည်။

ရေနွေးကြမ်း တစ်ခွက်လည်းနှပ်ပေးပြီး စားပွဲပေါ် တင်ထားခဲ့ကာ ပြန်ဝင်သွားလေသည်။ နောက် . . ဆေးပုလင်းများ ထည့်ထားသော လေးထောင့် ပလတ်စတစ်ဆန်ခါလေးယူကာ စားပွဲပေါ် တင်ပေးလိုက်သည်။

"ခင်ဗျားလည်း ပညာတတ်ပဲ၊ သင့်တော်တဲ့ ဆေးသာ ယူသောက်ပေတော့၊ အမေလည်း အိပ်တော့၊ အေးတယ်"

"ဟုတ်သားပဲ အမေအိပ်ပါ၊ ကျွန်တော့်အတွက် မပူပါနဲ့၊ ဆေးသောက်ပြီး ကျွန်တော် အိပ်လိုက်မယ်၊ သက်သာသွားမှာပါ၊ အမေတို့ မိသားစုအပေါ် အကူအညီမပေးနိုင်တဲ့အပြင် ဒုက္ခပေးသလို ဖြစ်သွားတာ ကျွန်တော် စိတ်မကောင်းပါဘူး "

ဒေါ်အေးညိုက လန်းဆန်းကို ကရုဏာသက်စွာ ကြည့်ပြီး . . .

"ဘာမှ စိတ်မကောင်းမဖြစ်နဲ့၊ စောင်ကော လုံလောက်ရဲ့လား၊ ထပ်ယူဦးမလား"

"လုံလောက်ပါတယ် အမေ၊ ဂွမ်းစောင်က အထူကြီးပါ"

"အေး. . အေး. . ဒါဖြင့် အမေအိပ်တော့မယ်နော်၊ နောက်ဖြန် ဥပုသ်နေ့ဆိုတော့ အမေစောစောထ ဆွမ်းချက်ပြီး ဥပုသ်စောင့် သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့ အမေ၊ အိပ်ပါ"

ဒေါ်အေးညို အိပ်ခန်းထဲ ဝင်သွားသည်။ လန်းဆန်း အကိုက်အခဲ ပျောက်ဆေးနှင့် အဖျားပျောက်ဆေးကို ရွေးချယ်ပြီး ကော်ဖီပူပူလေး မှုတ်သောက်ရင်း နံရံပေါ်မှ ဓါတ်ပုံဆီသို့



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးရောက်သွားသည်။ ကိုဝဏ္ဏ၏ မျက်လုံးများက သူ့အား စူးစူးစိုက်စိုက် ကြည့်နေသည်ဟု သူ့စိတ်ထဲ ချောက်ချားစွာ ထင်မိလေသည်။

အကြည့်ကို လွှဲဖယ်ပစ်လိုက်သော်လည်း . . စိတ်က မတည်ငြိမ်စွာ ပြန်ရောက်သွားလေသည်။

"အမေ အိပ်ပြီလား"

"ဘာလဲ လူလေး၊ ဘာလိုချင်လို့လဲ"

"ဝါးရုံတော နောက်ဘက်မှ စမ်းချောင်းလေးလဲ တွေ့တယ်၊ သစ်သားအိမ်လေးလည်း တွေ့တယ်၊ အဲဒါ အမေတို့ပိုင်သလား"

"ဟုတ်တယ် လူလေး၊ အမေတို့ခြံက စမ်းချောင်းဟိုဘက် ပေရှစ်ဆယ်လောက်ကို ရှိသေးတာ၊ မက်မန်းတွေပဲ ချထားတယ်. . ဘာဖြစ်လို့လဲ"

"ကျွန်တော့်ကို အဲဒီအိမ်လေး ပြောင်းနေခွင့် ပေးပါလား"

"ဟာ. . မဟုတ်တာ၊ အေးပါတယ်သားရယ် ဒီမှာပဲနေ"

" ကောင်းသားပဲ၊ နေချင်နေပါစေ အမေရာ၊ ကျွန်တော်တို့ လွတ်လပ်တာပေါ့"

ချယ်ရီ့ အသံကြောင့် လန်းဆန်း ပြုံးလိုက်မိပြီး. . .

"ဟုတ်ပါတယ် ကျွန်တော်လည်း ဒီမှာ ကျဉ်းကျပ်ပါတယ်"

"ဒီလိုဆို မြန်မြန်သာကွ"





"ချယ်ရီ"

"ဟုတ်တာပြောတာပဲ အမေရာ၊ အမေက ကျွန်တော့်ကိုဆို သိပ်အပြစ်မြင်တာပဲ၊ တော်ပြီ အိပ်တော့မယ်"

"အိပ်တော့ အမေ၊ ကျွန်တော့်ကြောင့် ဘာမှ အနှောင့်အယှက်မဖြစ်ပါနဲ့"

လန်းဆန်းက ကော်ဖီသောက်၊ ဆေးသောက်ပြီး ပန်းတန်ဆေး၊ မီးပိတ်ပြီး အိပ်ယာထဲသို့ ပြန်ဝင်လိုက်သည်။

တိတ်ဆိတ်မှုက ကြီးစိုးသွားလေသည်။

ပန်းခရေဦးသည် စိုစွတ်နေသော မိမိမျက်ဝန်းကို အသာအယာ သုတ်လိုက်သည်။

ထိုသစ်သား အိမ်ကလေးကို ကိုဝဏ္ဏက တောင်ကျစမ်းချောင်း နံဘေးကပ်ကာ တမင်အပျော်သက်သက် သူကိုယ်တိုင်ဆောက်လုပ်ထားခြင်းဖြစ်သည်။ ထိုအိမ်ကလေး၌ ညနေခင်း အလုပ်သိမ်းချိန်တွင် သူတို့နှစ်ဦး သွားထိုင်ကာ ကိုဝဏ္ဏပေါင်ပေါ်တွင် ခေါင်းအုံးကာ မှိန်း၍ နားထောင်နေကြဖြစ်သည်။

သားမွေးပြီးကတည်းက ထိုအိမ်ကလေးနှင့် အဆက်အသွယ် ပြတ်သွားသည်။ သားအတွက် ကိုဝဏ္ဏက အချိန်ပြည့်အလုပ်လုပ်သည်။ မိမိကလည်း သား၏ ဝေယျာဝစ္စနှင့် အပိုအလုပ်အဖြစ် သိုးမွေးတက်တင်း ထိုးကာ အပိုဝင်ငွေရှာကာ ချောင်းခဲ့သည်။

ထိုသစ်သား အိမ်ကလေးကိုပင် မေ့လျော့နေခဲ့သည်။

ကိုဝဏ္ဏ ဆုံးပါးသွားပြီးနောက် အောက်ပိုင်း အကြောသေသွားခဲ့သော မိမိအား မည်သူက ထိုအိမ်လေးသို့ ပို့ပေးနိုင်

www.burmeseclassic.com



မည်နည်း။

ခု ဧည့်သည်က ထိုအိမ်ကလေးကို စိတ်ဝင်စားပြီး သွားနေချင်သည်ဆိုတော့၊ အဟောင်းတို့သည် အသစ်တဖန် ဖြစ်ပေါ်လာပြီး ကိုဝဏ္ဏအား တမ်းတသည့်စိတ်၊ လွမ်းဆွတ်သည့် စိတ်တို့ ဖြစ်ပေါ်လာသည်။

ထိုစိတ်က မျက်ရည်များကို အဖော်ခေါ်လိုက်သဖြင့် ခေါင်းအုံးကလေး ရွှဲနစ်သွားစေသည်။

လန်းဆန်း မိဘနှင့်အစ်မကို သတိရမိလေသည်။ မိမိ နေမကောင်းဖြစ်လျှင် သူတို့ပြာနေကြသည်။ မိမိ၏ နှစ်ယောက် အိပ်ခုတင်ကျယ်ကြီး၌ မေမေလာအိပ်ပေးတတ်သည်။ ဒါကို ဖေဖေက စိတ်မချနိုင်သေးပဲ တရေးနိုးတိုင်း သူ့အားထ,ထကြည့် တတ်သည်။

ယခုတော့ မိမိအား ပြုစုမည့်သူနှင့် . . .

ဘယ်သူမပြု မိမိပြုခဲ့တဲ့ ပြစ်မှုကြွေးအတွက် မိမိ၌မှု တော့ဒုက္ခခံရမည်ပေါ့ ။

အများလုပ်ခဲ့ပြီးသူအတွက် အမှန်သာ လုပ်ဖို့ရှိတော့ သည်။

ဖေဖေ ဆုံးမလိုက်သကဲ့သို့ သူ အကောင်းဆုံးကို လုပ် ဆောင်သွားတော့မည်။

အဖျားရှိန်နှင့် သူမှိန်းနေလိုက်သည်။







## အခန်း(၅)

လန်းဆန်း နိုးလာတော့ တော်တော်ပင် နေမြင့်နေလေ ပြီ။ နာရီကိုကြည့်လိုက်တော့ နံနက်ကိုးနာရီပင် ထိုးနေပြီ။

အိမ်ထဲဝယ် ပန်းခရေဦး တစ်ယောက်တည်းကိုသာ တွေ့ရသည်။

ပန်းခရေဦးက သီးမွှေးကိုသာ သဲကြီးမဲကြီး ထိုးနေ သည်။ သူမ တတ်အားသရွေ့ ဝင်ငွေရှာနေသည်ကို သနားစ ဖွယ် သူ တွေ့မြင်နေရသည်။ သူ၏ လှုပ်ရှားသံကြောင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"နိုးပြီလား၊ ကိုလန်းဆန်း နေကောကောင်းသွားပြီလား"

"ဟုတ်ကဲ့ ကောင်းသွားပါပြီ"

"ဟုတ်ရဲ့လား၊ ကိုလန်းဆန်း မျက်နှာကြည့်ရတာ . . မလန်းဆန်းသေးဘူး၊ ဒီနေ့ ဘာမှကူမလုပ်နဲ့နော်၊ နားနားနေနေနေလိုက်ပါ"

"ကျေးဇူးပြုပြီး ကျွန်တော့်ကို ကိုတပ်မခေါ်ပါနဲ့၊ လန်းဆန်းလို့ပဲ ခေါ်ပါ၊ ကျွန်တော်မခရေထက်တော့ တစ်နှစ်လောက်ငယ်မယ်ထင်တယ်"

"ကောင်းပြီလေ၊ လန်းဆန်း မျက်နှာသစ် လိုက်တော့၊ ကျွန်မ ကြက်သားစွပ်ပြုတ်ကလေး လုပ်ထားတယ်၊ နွေးထားလိုက်မယ်"

"ကျေးဇူးတင်ပါတယ်ဗျာ၊ မခရေတို့ မိသားစုကို ဒုက္ခလာပေးသလိုဖြစ်နေပြီ"

"ဒီလိုသဘောမထားပါဘူး၊ လန်းဆန်း နေကောင်းအောင်သာနေပါ"

"ကျွန်တော် နေကောင်းပါပြီ၊ ပင်ပန်းဖျား ဖျားသွားတာပါ"

"ရှင်နဲ့ အလုပ်ကြမ်းနဲ့ မလိုက်ဖက်ပါဘူး၊ ရှင့်ကြည့်ရတာ လုပ်ဖူးပုံလည်း မရဘူး၊ စလုပ်လုပ်ခြင်း သိမ်းကျုံးပြီး မလုပ်ပါနဲ့၊ နားနားနေနေပဲလုပ်ပါ၊ အမေပြောသလိုပဲ ကျွန်မတို့အိမ်မှာ ယောက်ျားသားတစ်ဦး မားမားမတ်မတ် ရှိနေရင် တော်ပါပြီ၊ ပတ်ဝန်းကျင်ကိုလည်း အဟန့်ထားနိုင်တာပေါ့"

"ရပါတယ် ယောက်ျားတစ်ယောက် ရှိနေရက်နဲ့ ဘာ





အကူအညီမှ မပေးနိုင်ရင် ဒီယောက်ျားဟာ လူဖျင်း၊ လူညံ့ အသုံးမကျတဲ့ ယောက်ျားတစ်ယောက် ဖြစ်သွားမှာပေါ့၊ ကျွန်တော် အဲဒီလိုအဖြစ်မခံနိုင်ဘူး၊ ကျွန်တော် ဒီမှာ နေနေသရွေ့ မခရေတို့ မိသားစုကို တတ်နိုင်သမျှ အကူအညီပေးသွားဖို့ ဆုံးဖြတ်ပြီးသားပါ"

ပန်းခရေဦး ဘာမှထပ်မပြောနိုင် လန်းဆန်း အိပ်ရာသိမ်းဆည်းပြီးသွားပြီး၊ ရေချိုးခန်း အိမ်သာဘက်သို့ ဝင်ရောက်သွားသဖြင့် စကားစပြတ်သွားသည်။

ပန်းခရေဦးက ကြက်စွပ်ပြုတ် ကလေးနွေးထားပြီး လန်းဆန်း အဆင်သင့် သောက်နိုင်စေရန် စားပွဲပေါ်၌ ပြင်ဆင်ပေးထားလိုက်သည်။ ကြက်ဥပူတင်းလေးနှင့် ကော်ဖီတစ်ခွက်ပါပါသည်။ ဆေးပုလင်းများ ထည့်ထားသော ဆန်ခါလေးလည်း တင်ထားပေးလိုက်သည်။ ပြီးသည်နှင့် အိမ်ရှေ့ဘက်သို့ ဘီးလှိမ့်သွားပြီး ပန်းပင်များအနီး၌ရပ်ကာ သိုးမွှေးကို ဆက်ထိုးနေလိုက်သည် ။

လန်းဆန်းက ကိုယ်လက်သန့်စင်ခြင်းမှုပြုပြီး ထမင်းစားခန်းသို့ ပြန်ရောက်စဉ် ပန်းခရေဦး အိမ်ပြင်ဘက်၌ ထိုင်နေသည်ကို တွေ့ရသဖြင့် သူ စမ်းချောင်းနံဘေး သစ်လုံးအိမ်လေးသို့ ပြောင်းရွှေ့နေထိုင်ရန် ဆုံးဖြတ်ချက်သည် အတည်ဖြစ်သွားသည်။

ဟုတ်သည်။ ဤအိမ်၌ အိမ်ထောင်မရှိသော အရွယ်ရောက်မိန်းမနှစ်ဦး ရှိနေသည်။ တစ်ယောက်က မုဆိုးမ၊ တစ်ယောက်ကဆယ်ကျော်သက် အပျိုစင်၊ မိမိက သူစိမ်း ယောက်ျားတစ်ဦး၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နည်းနှင့်မှ မသင့်တော်၊ ဒါတွေကို ဖေဖေက ကြိုတင်မမြင်လိုက်ဘူး ထင်ပါသည်။

မိမိအတွက် ပြင်ဆင်ပေးထားသည်တို့ကို စားသောက်လိုက်ပြီး ဆေးကြောနေစဉ် ချယ်ရီ ရောက်လာသည်။

သူ့အား စကားတစ်ခွန်းမှမပြောဘဲ ဝယ်ခြမ်းလာသော ဈေးခြင်းတောင်းကို ချကာ. . .

"မမကြီးရေ၊ မက်မန်းအိုး ငါးအိုး လာဝယ်လိမ့်မယ်"

လန်းဆန်း စိတ်ဝင်စားသွားသည်။

မက်မန်းအိုး။

ညွတ်ကိုင်းနေအောင် သီးနေသော မက်မန်းသီးများ စိတ်ဝင်စားစရာကောင်းနေသည်။

မက်မန်းဝိုင် ရှိသည်။ မက်မန်းသီးထုပ်များရှိသည်။ ဒါကို ကိုယ်ပိုင်တံဆိပ်နှင့် သူတို့ဘာဖြစ်၍ မလုပ်ကြသနည်း။

"ဟော. . ဦးဦးနိုးပြီလား၊ သားသား ဦးဝီလီတို့ ခြံသွားလည်တာ၊ ဦးဝီလီက ပြောတယ်၊ ဦးဦးကား အငှားလိုက်လို့ ရတာပဲတဲ့"

"ဒီကောင်လူလည်၊ လူကြီးတွေ စကားထဲလည်း လိုက်ပါတာပဲ၊ လူလေး နေကောင်းသွားပြီလား. . မှန်း"

အမေက လန်းဆန်းနဖူးလေးကို စမ်းကြည့်လိုက်သည်။

"ကိုယ်က နွေးနေသေးတယ်၊ အိမ်ပြင်မထွက်နဲ့ဦး"

"ကျွန်တော် အိမ်ထဲမှာ မနေတတ်ဘူး အမေ၊ ကလေးနဲ့အတူ ကျွန်တော် ဘုရားဖူးသွားချင်တယ်"

"မဟာအံ့ထူးကံသာ ဘုရားကြီးလား"





"ဟုတ်ကဲ့၊ ပြည်တော်ချစ် ဘုရားလို့လဲ အများသိကြတဲ့ ဘုရားလေ"

"အေး ကောင်းသားပဲ၊ လူလေး မောင်းနိုင်လို့လား"

"မောင်းနိုင်ပါတယ်"

"ဟေး. . ဒါမှ သားဦးဦးကွ၊ လေးလေး သားကို အကျီ ဆဲပေး"

"လာခဲ့ လမ်းဗိုလ်၊ အားရင် အိမ်ကို ဘယ်တော့မှ မကပ်နဲ့၊ လမ်းတကာလမ်း၊ ခြံတကာ့ခြံ လျှောက်သာလည်နေ ကြားသား"

"ဟုတ်ကဲ့ပါ၊ လေးလေးအမိန့်အတိုင်း သားသား လိုက်နာပါ့မယ်"

အာကာဦးက ပြောင်ချော်ချော် မျက်နှာပေးနှင့် သူ့အား အလေးပြုကာ ပြောလိုက်ပြီး ချယ်ရီ ဆွဲခေါ်ရာနောက်သို့ ပါသွားလေသည်။

ကလေး၏ အပြုအမူကြောင့် တဒင်္ဂအတွင်း လန်းဆန်း စိတ်ထဲ ကြည်နူးသွားလေသည်။ အာကာဦးသည် မိခင်၏ ဖြူဝင်းသော အသားအရည်နှင့် ချောမောသော ရုပ်ရည်ကို အမွေရသားရုံမက ဝဝဖြိုးဖြိုးနှင့် ကျန်းမာသော ကလေးဖြစ်ခြင်းကြောင့် မြင်ရသူတိုင်း၏ ချစ်ခင်နှစ်သက်မှုကို ရယူနိုင်ရုံမက၊ ချစ်စဖွယ် စကားများကို ဆိုတတ်ခြင်းကြောင့် လန်းဆန်းသည် အာကာဦးလေးကို အထူးချစ်ခင်သွားလေပြီ။

ကလေး၏ တောင်းသောအလိုဆန္ဒ ဟူသမျှတို့ကို လိုက်လျောပေးရန် ဆုံးဖြတ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



လန်းဆန်း အဝတ်အစား လဲပြီးချိန်တွင်. . .

အာကာဦးတို့ မြေးအဘွားလည်း ပြီးစီးသွားလေပြီ။

"ဟာ. . ဦးဦးဂျာကင်က မိုက်တယ်၊ သားသားမှာ အဲဒါမျိုး မရှိသေးဘူး"

"မရှိသေးရင် ရှိအောင် ဦးဦး လုပ်ပေးမယ်၊ ဒါပေမယ့် သားက ဦးဦးကို ကတိတစ်ခု ပေးရမယ်"

"ဘာကတိလဲ ဦးဦး"

" လူကြီးမိဘရဲ့ စကားဟူသမျှတို့ကို နားထောင်ပါမယ် ဆိုတဲ့ ကတိပဲ"

"ဒီကတိက သားအတွက် မခဲယဉ်းပါဘူး ဦးဦးရဲ့၊ ဘွားဘွား၊ မေမေ၊ လေးလေး၊ ဒေါ်လေး အရှည်ကြီး၊ ဟော. . အခု ဦးဦးရောက်လာတော့ ဦးဦးစကားလည်း သားနားထောင်မှာပဲနော် ဘွားဘွား၊ သားက လိမ္မာတယ်နော် "

ဒေါ်အေးညိုက ပြုံးပြုံးကြီး ခေါင်းညိတ်လိုက်သည်။

"လာ. . သွားစို့သား"

"သွားရအောင် အမေ"

အာကာဦး ကလေးကိုကောက်ချီကာ ကားရှိရာသို့ ဦးဆောင်ခေါ်သွားသည်။

သူတို့ကားလေး ပျောက်ကွယ်သွားသည်အထိ ပန်းခရေဦး သတိလက်လွတ်ငေး နေမိသည်ဖြစ်ရာ ချယ်ရီ့အသံကြောင့် သတိဝင်ကာ ချယ်ရီ့အား လှမ်းကြည့်လိုက်သည်။

"ဒီအတိုင်းသာဆိုရင် မလွယ်ဘူးထင်တယ် မမကြီး"

"ဘာဖြစ်လို့လဲ ချယ်ရီ"





"ကလေးကို ဂုဏ် ၊ ဒြပ်၊ အဆောင်အယောင်တွေနဲ့ မြူဆွယ်ပြီး ကလေးက အဲဒီအပေါ်သာယာမယ်၊ အဲဒါတွေဟာ ခဏပဲ၊ ဒါတွေပျောက်ကွယ်သွားရင် ကလေးဟာ အဲဒါတွေကို တမ်းတပြီး တစ်စုံတစ်ခု ဖြစ်မသွားနိုင်ဘူးလို့ မမကြီး အတတ်ပြောနိုင်ပါ့မလား"

"ဟုတ်တယ်နော် ချယ်ရီ၊ မမကြီး ဒါကို ရုတ်တရက် မတွေးမိဘူး၊ ဒါပေမယ့် သူ ရုတ်တရက်တော့ ပြန်သွားမှာ မဟုတ်ဘူးလို့ မမကြီး ထင်တယ်"

"ဘာဖြစ်လို့လဲ"

"မျက်လုံးဆိုတာ စိတ်တံခါးပေါက်ပဲ၊ သူ့မျက်လုံးတွေဟာ တစ်စုံတစ်ခုကို ဖုံးကွယ်ထားတယ်ဆိုတာ မမကြီး သိနေတယ်၊ နောက်ပြီး. . သူဟာ ဟန်ဆောင်မှုကင်းမဲ့တဲ့ လူတစ်ယောက်ပဲ၊ သူစရောက်လာကတည်းက သူဟာ တစ်စုံတစ်ခုသော အကြောင်းရင်းကြောင့် မမကြီးတို့အိမ်ကို ရောက်လာတယ်ဆိုတာ မမကြီး သိနေတယ်"

ချယ်ရီက သူ၏ ယောင်းမချောအား ငေးကြည့်လိုက်သည်။ သူမ၏ ယောင်းမသည် အစ်ကိုဝဏ္ဏကဲ့သို့ပင် မိမိအပေါ်တွင် ကောင်းခဲ့သူတစ်ယောက် ဖြစ်သည်။ အစ်မကြီး တစ်ယောက်ကဲ့သို့ မိမိအပေါ်တွင် အစစအရာရာ အနစ်နာခံရှာသူလည်း ဖြစ်သည်။

"မမကြီး ဘယ်လိုလုပ်သိသလဲ"

"ကိုဝဏ္ဏဆုံးသွားပြီ ပြောတော့၊ ထူးခြားတဲ့ ဝမ်းနည်းမှု မတွေ့ရဘူး၊ နောက်ပြီး ကိုဝဏ္ဏက သူတို့အိမ်မှာ မာလီလုပ်



www.burmeseclassic.com

www.burmeseclassic.com



ဖူးတယ်တဲ့၊ ဒါဟာ မဖြစ်နိုင်တဲ့ ကိစ္စဘဲ၊ ကိုဝဏ္ဏ ဘယ်အိမ်မှာမှ မာလီမလုပ်ဖူးဘူးဆိုတာ ချယ်ရီသိသလို မမကြီးလည်း သိပါတယ်၊ ဒါပေမယ့် သူ့မှာ ကိုဝဏ္ဏနဲ့ တစ်စုံတစ်ရာ ပတ်သက်ခဲ့ဖူးရမယ်လို့ မမကြီး ယုံကြည်တယ်၊ ဒါကြောင့် အခြေအနေအရ လက်ခံထားဖို့ကို ဆုံးဖြတ်လိုက်တာ၊ ဒါပေမယ့် သားက သူ့အပေါ်မှာ သံယောဇဉ်သိပ်ဖြစ်သွားမှာ စိုးရတယ်၊ အဲဒါကြောင့် ညီမလေးကပဲ သားအပေါ်ကို အရင်ကထက် လိုက်လျောပြီး ညီမလေးနားပဲ ကပ်နေအောင် လုပ်ထားလိုက်ပါ"

"အင်း. . မမကြီး ပြောသလိုဆို စဉ်းစားစရာပဲ၊ ကြည့်လေ၊ သူ့ပုံစံက ရွှေမှုန်စားပြီး မွေးဖွားလာတဲ့ ပုံသဏ္ဍာန်မျိုး၊ ဘာပဲဖြစ်ဖြစ် ညီမက အပြင်သွားလာနေတဲ့လူ၊ မမကြီးအတွက်သာ ညီမက စိုးရိမ်တာ"

" မစိုးရိမ်ပါနဲ့၊ ကျွတ်ထိုယသိုက်တူးသမားဖြစ်ရအောင်ကလည်း မမကြီးတို့မှာ ဘာအတွင်းပစ္စည်းရှိလို့လဲ၊ မမကြီးတို့ မြေပိုင်ဆိုင်မှုနဲ့ ရှိစုမဲ့စု ရွှေအားလုံးပေါင်းရင်တောင် သူ့ကားတန်ဖိုးနဲ့ သူ့လက်က စိန်လက်စွပ်ဖိုးရဲ့ အဖျားအနားတောင် မရှိပါဘူး၊ သူရောက်လာတဲ့ဟာ အင်မတန် လျှို့ဝှက်နက်နဲတဲ့ အကြောင်းအရာတစ်ခု ရှိလိမ့်မယ်၊ ဒုက္ခပေးဖို့တော့ မဖြစ်ပါစေနဲ့လို့ ဆုတောင်းရမှာပဲ"

"မမကြီးက မမကြီးရဲ့အဖေက လွှတ်လိုက်တဲ့လူလို့များ ထင်လို့လား"

ချယ်ရီက ဘွင်းဘွင်းသမား ဖြစ်သဖြင့် ပွင့်လင်းစွာပင် မေးလိုက်သည်။





ပန်းခရေဦး ရင်ထဲ၌ ဆစ်ခနဲ ဖြစ်သွားသည်။ နာကျင်ခြင်းက တစ်ကိုယ်လုံးရှိ သွေးကြောများသို့ ပျံ့နှံ့သွားလေသည်။

ဖခင်ကို သတိရလိုက်မိသည်။ နေမှကောင်းပါလေစ။ ကောင်းမှာပါလေ။ သူ၏ ဇနီးက အပြုအစု၊ အယုအယ ၊ အချွဲအနွဲ့ ကောင်းပြီးသားပဲ။

ပန်းခရေဦး၏ တိတ်တခိုး မျှော်လင့်ချက်ကို ချယ်ရီက ရိပ်မိသိရှိကာ မေးလိုက်ခြင်း ဖြစ်သည်။ အနာပေါ် တုတ်ကျသည့်အလား ခံစားလိုက်ရသည်။

ပန်းခရေဦး ခေါင်းညိတ်လိုက်သည်။ သောကမျက်ရည်စတို့က သူ၏ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာလေသည်။

ချယ်ရီက မကြည့်ရက်သဖြင့် မျက်နှာလွှဲကာ. .

"ကျွန်တော် ခြံထဲသွားတော့မယ်၊ ဟင်းချက်ဖို့ အရှည်ကြီးကို လွှတ်လိုက်မယ်"

"မလွှတ်နဲ့ မမ လုပ်နိုင်တယ်၊ သစ်လုံးအိမ်လေးကိုသာ အရှည်ကြီးကို ရှင်းခိုင်းထားလိုက်"

"ဧည့်သည်ကို အဲဒီမှာ သွားနေခိုင်းမလို့လား"

"အင်း. . အဲဒါ အကောင်းဆုံးပဲ "

"ဟုတ်ပါတယ်၊ ကျွန်တော်တို့လည်း အနေကျဉ်းကျပ်တယ်"

ချယ်ရီ အိမ်ထဲမှ ထွက်သွားရန် ပြင်လိုက်သည်။

"သြော်. . ညီမ၊ ညနေရောက်ရင် ပုလဲဖြူကို ဒီပဝါ ဆီးသည် သွားပို့လိုက်ဦးနော်"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



ပန်းခရေဦးသည် မျက်ရည်သုတ်ပြီး၊ မီးဖိုဘက်သို့ ဘီး ရွှေ့လိုက်သည်။ ချယ်ရီ ဝယ်လာသော ဈေးခြင်းထဲမှ ဟင်းချက် စရာများကို ထုတ်လိုက်သည်။ မီးဖိုက မတ်တတ်ချက်နိုင်အောင် လုပ်ထားသည်။ ဘေဇင်နှင့် . ခေတ်မီခြင်းကို ကိုဝဏ္ဏက အမြဲ ကြံဆ ဖန်တီးပေးတတ်သည်။ ယခုတော့ သူလုပ်ဆောင်ပေး သွားမှုသည် ဒုက္ခိတသူ့အတွက် အများကြီးအကျိုးရှိသွားလေ သည်။

ကြိုတင်များသိရှိကာ တမင်ဖန်တီး သွားလေသလား ကိုဝဏ္ဏရယ်ဟု ပန်းခရေဦးရင်တွင်း တမ်းတမ်းတတ ရေရွတ် လိုက်မိလေတော့သည်။







# အခန်း(၆)

ပွဲကောက်ရေတံခွန်သို့သွားရာ လမ်းခွဲ၏အလွန် ပြင်ဦး လွင် လားရှိုး အဝေးပြေးလမ်းမကြီးနံဘေး၌ ခေတ္တယာယီ ပူဇော်ထားတော်မူသော ပြည်တော်ချစ် ဘုရားကြီး၊ မဟာအံ့ထူး ကံသာဘုရား ဆင်းတုတော်အား ပူဇော်ကန်တော့စဉ် . . .

"ဆုတောင်းနော် ဦးဦး၊ ဆုတောင်းပြည့်တဲ့ သိလား"

အာကာဦးက သူ့အား လှမ်းသတိ ပေးလိုက်သည်။ သူသည် ဘုရားကိုသဒ္ဓါစိတ်နှင့် ကြည်ညိုတတ်သည်မှအပ



www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းခြင်းအမှုကို ဘယ်သောအခါမှ သူမပြုခဲ့။ ယခု အာကာဦးက သတိပေးသောအခါမှ သူ့မှာ ဆုတောင်းစရာ ရှိလာသည်ကို သူ သတိရလိုက်မိသည်။

"တစ်ခုခုကို ဓိဋ္ဌာန်ပြီးမှ ဆုတောင်းရတာ သားရဲ့"

"ဓိဋ္ဌာန်တယ်ဆိုတာ ဘာလဲ"

"ဩော် သားက မေမေ့ကို ချစ်သလား မချစ်ဘူးလား"

"ချစ်တာပေါ့ ဘွားဘွားရဲ့"

"ချစ်ရင် ချစ်တယ်ဆိုတဲ့ မှန်ကန်သောစကားကို ဓိဋ္ဌာန် ဆိုပြီး လိုချင်တဲ့ဆုကိုတောင်း"

"ဟုတ်ကဲ့ ဘွားဘွား. . သားသိပြီ"

ဉာဏ်ကောင်းသော ကလေးက ချက်ချင်းပင် ဆိုလိုရင်း နားလည်သွားသည်။

ထို့နောက် ဘုရားရှိခိုးခြင်းကို ငြိမ်သက်စွာ ပြုကြလေသည်။

ဘုရားရှိခိုးပြီး အာကာဦးကို ရှိသမျှအကြွေ (ကျပ်တန်၊ ငါးကျပ်တန်၊ ဆယ်တန်၊ ဆယ့်ငါးကျပ်တန်၊ နှစ်ဆယ်တန်)တို့ကို သူနှင့် ဘွားအေထံမှတောင်းယူကာ အလှူခံပုံးများထဲသို့ ပျော်ရွှင်စွာ လိုက်ထည့်လေသည်။

ပြီးတော့ ကားရပ်ထားရာသို့ ပြန်လာစဉ် ထီသည်များ ဝိုင်းအုံကာ 'ကားနံပါတ် အတိုင်းရှိတဲ့ နံပါတ်လေး ထိုးသွားပါဦး' ဟု ပြောဆိုကာ ရောင်းလေသည်။ လန်းဆန်းက ခေါင်းခါလိုက်သည်။

"ပိတ်ချင်းမြောင် သွားဦးမလား ဦးဦး"





"မိုးတွေညို့လာပြီ ၊ ရေများပြီး မီးပျက်ရင် ဂူထဲဝင်လို့ မကောင်းဘူး၊ နေသာတဲ့နေ့မှ သွားတော့ မြေးရယ်"

"ဟုတ်တယ်၊ ဦးဦးက ရှိနေဦးမှာပဲ၊ သားကို ဦးဦး လိုက်ပို့ပေးမှာပါ။ ကဲ. . ပြန်ကြရအောင် ၊ သားအတွက် ဦးလို သားရေကျောက်ကင် ဝယ်ပေးရဦးမယ်"

"တကယ်နော် ဦးဦး"

"တကယ်ပေါ့"

လန်းဆန်း ကားကို ငြင်သာစွာ မောင်းထွက်ခဲ့သည်။

"ဒါထက် သားဘာဆုတောင်း ခဲ့သလဲ"

"မေမေ့ ခြေထောက်. . အမြန်ဆုံး ကောင်းပါစေ၊ ပြီးတော့ ဦးဦးလည်း သားတို့နဲ့ အမြဲနေပါစေလို့ ဆုတောင်းခဲ့တာပေါ့. . ဦးဦးကော"

လန်းဆန်းက အာကာဦး စကားကြောင့် စိတ်မကောင်း ဖြစ်သွားသည်။

မိမိသည်လည်း 'ပန်းခရေဦး ဝေဒနာအမြန်ဆုံး ပျောက်ကင်းပါစေ' ဟူသောဆုကို တောင်းခဲ့မိသည်။ ဒီအဖြစ်ကို ကလေးအား ပြောလိုက်လျှင် ကလေးစကားကို ပိတ်ကောင်းသည်မဟုတ်၊

"ဩော်. . ဦးဦးက စာမေးပွဲအောင်ပါစေလို့ ဆုတောင်းခဲ့တယ်ကွ"

"ဟင်. . ဦးဦး စာမေးပွဲ ဖြေထားတယ်"

"ဟုတ်တယ် အင်ဂျင်နီယာ စာမေးပွဲပေါ့"

"သားသားလည်း အင်ဂျင်နီယာကြီး လုပ်မှာနော်"



www.burmeseclassic.com

www.burmeseclassic.com



"စာကြိုးစားရင် ဖြစ်မှာပေါ့ သားရဲ့"

"ဒီလိုဆို သားစာကြိုးစားတော့မယ်"

"သားက သိပ်လိမ္မာတာပဲ"

ဒေါ်အေးညိုသည် လန်းဆန်းနှင့် အာကာဦးစကားကို နားထောင်ရင်း ကွယ်လွန်သွားရှာသည့် သားဖြစ်သူကို သတိရကာ မျက်ရည်များဆို့လာသည်။

မြေးဖြစ်ချင်သော ရည်မှန်းချက်ကိုဖြစ်အောင် အကောင်အထည် ဖော်ပေးမည်ဟု ဆုံးဖြတ်လိုက်လေသည်။

လန်းဆန်း ဆင်းသက်လာသော မျိုးရိုးသည် ပေါ့သေးသေး မဟုတ်သကဲ့သို့ လန်းဆန်းသည် ခပ်ပေါ့ပေါ့ လူတန်းစား မဟုတ်ကြောင်းကိုတော့ ရိပ်မိလာသည်။

"အမေ၊ ဈေးထဲ ခဏဝင်မယ်နော်"

"ဝင်လေ သား"

ကားရပ်၍ရသောနေရာတွင် ကားထိုးရပ်လိုက်သည်နှင့် ရှေ့ကားမှ လူတစ်ယောက်က သူ့အား ဝမ်းသာအားရ လာနှုတ်ဆက်သည်။

"ဟေ့ကောင် လန်းဆန်း"

"ဟာ မျိုးကြီး၊ ခင်ဗျား ဒီရောက်နေတယ်၊ ဟန်းနီးမွန်းလား"

"အေးကွ၊ မင်းကော"

"ဒီက အမျိုးအိမ်မှာ ခဏလာနေတာ စင်သီတာကော"

"မနက်ဖြန် ပြန်မှာဆိုတော့ မိန်းမသားတွေ့ရဲ့ ထုံးစံအတိုင်း ဝယ်လို့ခြမ်းလို့ကို မပြီးနိုင်ဘူး မင်းကော "





"ဈေးလာဝယ်တာ၊ ဒါ ငါ့တူဝမ်းကွဲလေ၊ ဒါက ငါ့. . ကြီးတော် တော်တယ်"

"မင်း မပြန်သေးဘူးလား၊ ဘိုးတော်ကို ဘာမှာဦးမလဲ"

"တွေ့ရင်သာ ငါနေကောင်းကြောင်းနဲ့ ပြင်ဦးလွင်မှာ အဆင်ပြေကြောင်းသာ ပြောလိုက်ပါ၊ ကိုင်း. . ဈေးသွားဝယ် လိုက်ဦးမယ်၊ လာ. . သား"

"သားတို့ သွားနှင့် အမေက ဟိုဘက်တန်းမှာ အိမ်အတွက် လိုအပ်တာလေးတွေ သွားဝယ်လိုက်ဦးမယ်"

ဒေါ်အေးညိုက အကြံနှင့် ခွဲထုတ်လိုက်သည်။ အမှန်တော့ သူ့အနေနှင့် လန်းဆန်း၏ မျိုးရိုးဇာတိကို သိချင်သည်။ လန်းဆန်းတို့ ဈေးအတွင်း ပျောက်ကွယ်သွားသည်နှင့် နာနတ်သီး ဝယ်ရန်ဟန်ပြင်ပြီးမှ ပြန်လှည့်လာကာ စောစောက လန်းဆန်း သူငယ်ချင်းအား. . .

"သားက လန်းဆန်းရဲ့ သူငယ်ချင်းလား"

"ဟုတ်ပါတယ်၊ ဝိုင်အိုင်တီ စတတ်ကတည်းက ဘာသာရပ်တူနဲ့ နောက်ဆုံးနှစ် စာမေးပွဲ ပြီးတဲ့အထိ တူတူပဲ"

"ဟုတ်လား ၊ ဒါဖြင့် လန်းဆန်း မိဘများနဲ့ ရင်းနှီးမှာပေါ့"

"ဟာ သိပ်ရင်းနှီးတာပေါ့ အန်တီ၊ ဘာဖြစ်လို့ မေးတာလဲ"

"အန်တီက မေ့တတ်လို့သားရဲ့၊ လန်းဆန်းက အန်တီ့ဆီမှာ နှင်းသည်ဘက်ကတော်တဲ့ အမျိုးထင်တယ်၊ သူ့မိဘတွေ ကောင် မေ့နေတယ် "



www.burmeseclassic.com

www.burmeseclassic.com



"သြော်. . ဖြစ်ရမယ် အန်တီရယ် "

လန်းဆန်း သူငယ်ချင်း မျိုးကြီးက သဘောကျစွာ ရယ်မောလျက်. . .

"အန်တီလည်း ကမ္ဘာ့မေ့တတ်သူ စာရင်းဝင် ထင်တယ်၊ လန်းဆန်း အဖေက စက်ရှင်တိုင်းတရားသူကြီး ဦးဆန်းအောင်တဲ့၊ အမေက သားဖွားနဲ့ မီးယပ်ပါရဂူ ဒေါက်တာနှင်းရီတဲ့၊ အဲ. . လန်းဆန်းမှာ အစ်မတစ်ယောက် ရှိသေးတယ် မိုးဆန်းတဲ့၊ သူကလည်း ဆရာဝန်ပဲ"

"သြော်. . အင်း ကလေးတွေ ငယ်ငယ်က အိမ်လာဖူးကြတဲ့ မိသားစုထင်တယ်၊ မှတ်မိပြီ. . မှတ်မိပြီ၊ အန်တို့အမျိုးသားက အစောကြီးဆုံးသွားခဲ့တော့ ယောကျ်ားဘက်က အမျိုးတွေကို မေ့တေ့တေ့ ဖြစ်နေတာ၊ ခု သားပြောတော့မှ ရေးတေးတေး မှတ်မိတော့တယ်၊ ဒါထက် သူတို့ ဘယ်မှာနေကြသလဲ"

"ဟိုကောင်ကြီး လန်းဆန်းက မပြောဘူးလား"

"သူ့ကိုမေးရင် စိမ်းကားသွားတယ် ထင်မှာစိုးလို့"

"အင်းယားမြိုင်ထဲမှာ"

"သြော်. . အေးအေး ကျေးဇူးပါပဲ၊ ဒါထက် သားတို့ မပြန်သေးရင် အန်တီတို့ခြံ လာလည်ပါလား၊ အနီးစခန်းမှာ. . "

"ကျေးဇူးပါပဲ အန်တီ၊ ဟော ကျွန်တော့် အမျိုးသမီးလာပြီ၊ အခုပဲ ဆင်းတော့မှာ လန်းဆန်းကို နှုတ်ဆက်သွားကြောင်း ပြောလိုက်ပါ"

"အေးအေး အန်တီလည်း ဈေးသွားဝယ် လိုက်ဦးမယ်"

ဒေါ်အေးညိုသည် လန်းဆန်းသူငယ်ချင်းအား နှုတ်ဆက်ကာ ဈေးထဲသို့ ပြန်ဝင်ခဲ့လိုက်လေသည်။





လန်းဆန်းသည် သူ့ဘဝ အမှန်အားလုံးကို မပြောဘဲ ဘာကြောင့် ဖုံးကွယ်ထားရသနည်း။ ပညာတတ်၊ ချမ်းသာကြွယ်ဝသောမျိုးရိုးမှ ဆင်းသက်လာသူ တစ်ယောက်က မိမိတို့ထံမှာ ဘာကြောင့်များ ဆင်းရဲဒုက္ခခံ၍ လာနေရသနည်း။

ဒေါ်အေးညို ခေါင်းထဲ သံသယအတွေး စတင်ဝင်ရောက်လာခဲ့လေသည်။

ပညာတတ် လူငယ်တစ်ယောက်က မိဘများအိမ်မှနှင်ချလောက်အောင် မိုက်မဲသော အပြုအမူမျိုးကို ကျူးလွန်ခဲ့သည်ဆိုသည့် စကားသည် ယုတ္တိမတန်ဘူးဟု ဒေါ်အေးညိုတွက်ဆမိသည်။

ပန်းခရေဦးနှင့်များ ပတ်သက်နေမလား။

ပန်းခရေဦးကဲ့သို့ပင် ဖြူဖြူနွဲ့နွဲ့ ချောချောနှင့်. . .

ချွေးမကို သနားစိတ်က ဖိစီးလာသည်။

နာနတ်သီးကြိုက်သော ချွေးမအတွက်. . နာနတ်သီးသည်းရှိရာသို့ ပြန်လျှောက်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)

"ကျွန်တော် စမ်းချောင်းဘေးက အိမ်လေးကို ပြောင်း နေချင်ပါတယ်၊ ခွင့်ပြုပါ အမေ"

ဒေါ်အေးညိုက လန်းဆန်း၏ မျက်နှာကို ကရုဏာ သက်စွာ ကြည့်လိုက်သည်။ အာကာဦးက. . .

"ဦးဦးသွားနေရင် သားလည်း လိုက်နေမယ်"

အာကာဦးက လန်းဆန်းကို ခင်တွယ်နေလေပြီ ဖြစ်ရာ ဇွတ်ပင် တောင်းဆိုနေလေသည်။





"ဟိုမှာ အေးတယ်၊ ခြင်လည်း ကိုက်တယ်၊ သားနေလို့ မဖြစ်ဘူး"

"ဦးဦးကျတော့ နေလို့ဖြစ်သလား"

"ဦးဦးက လူကြီး၊ သားက ကလေး၊ ကလေးဆိုတာ ခြင်ကိုက်ရင် သွေးလွန်တုပ်ကွေး ဖြစ်တတ်တယ်"

"ဟင်. . ဦးဦးကလည်း ဒီမှာလည်း ခြင်ကိုက်တာပဲ၊ ဦးဦးဝယ်လာတဲ့ ခြင်ဆေးခွေတွေ ထွန်းလိုက်မှာပေါ့၊ ပြီးတော့ ခြင်ထောင်နဲ့ အိပ်တာပဲ၊ ဦးဦးက သားကို မချစ်လို့ မခေါ်ချင်တာလား"

"မဟုတ်ပါဘူး ၊ သားဒုက္ခရောက်မှာ စိုးလို့ပါ"

"ဦးဦးကော ဒုက္ခမရောက်ဘူးလား"

ဒေါ်အေးညိုသည် သက်ပြင်းချကာ စိတ်မကောင်းစွာ ဖြင့်. . .

"ဟုတ်သားပဲ သားရယ်၊ မင်းအိပ်ရနေရတာ ဒုက္ခ ရောက်ပါတယ် မသွားပါနဲ့တော့၊ ဒီမှာပဲ နေတတ်အောင် နေပါ"

" ကိစ္စမရှိပါဘူး အမေ၊ ကျွန်တော် ဒုက္ခခံနိုင်ပါတယ်၊ ကျွန်တော် လွတ်လွတ်လပ်လပ် နေချင်လို့ပါ"

ပန်းခရေဦးကို ဒေါ်အေးညိုက လှမ်းကြည့်လိုက်သည်။ 'တားပါဦး' ဆိုသည့် သဘောထားသည် အကြည့်တွင် ပါဝင်နေကြောင်း ပန်းခရေဦး သိလိုက်သည်။

ပန်းခရေဦးက. . .

"လန်းဆန်းနေနိုင်ရင် နေပါစေ အမေ၊ သူလည်း လွတ်လွတ်လပ်လပ် နားလို့ရတာပေါ့၊ ဒီမှာက အမေ့ညှော်သည်တွေနဲ့

www.burmeseclassic.com



အလုပ်သမားတွေ ဝင်လိုက်ထွက်လိုက်နဲ့၊ သူမျက်စိရှုပ်မှာပေါ့"

"ဒါကြောင့် မဟုတ်ပါဘူး မခရေ၊ ကျွန်တော့်ကြောင့် မခရေတို့ ချယ်ရီတို့ အနေကျဉ်းကျပ်မှာစိုးလို့ပါ"

ချယ်ရီက ဆတ်ဆတ်ထိမခံပဲ. . .

"ဒီမှာကိုဧည့်သည် ကိုယ့်ဘာသာကိုယ် နေချင်တယ်ပြော၊ ပိန္နဲပင် ဆွဲမထည့်နဲ့"

"ကဲပါလေ၊ အမေပဲ ဆုံးဖြတ်ပေးမယ်၊ လိုက်နာမလားသား"

ဒေါ်အေးညိုက လူကြီးပီပီ ဆုံးဖြတ်ချက်ပေးလိုက်သည်။

"လိုက်နာပါ့မယ် အမေ"

"ကိုင်း. . သားလွတ်လွတ်လပ်လပ်နေချင်ရင် အမေက အိမ်ရှေ့ထွက် အိပ်ပေးမယ်၊ ချယ်ရီက သူ့မမကြီး အခန်းပြောင်းအိပ်"

"ဟာ. . မဟုတ်ဘူး အမေ၊ ကျွန်တော့်ကြောင့် အမေတို့ နေရာဖယ်ပေးရတာ မလုပ်ပါနဲ့ ၊ ကျွန်တော်မပြောင်းတော့ဘူး၊ ဒီမှာပဲ အိပ်မယ်၊ ဒါပေမယ့် ကျွန်တော်က ညဘက်ကို စောစော မအိပ်တတ်ဘူး အမေ၊ ဂီတာတီးချင် တီးတယ်၊ သီချင်းနားထောင်ချင် နားထောင်နေတတ်တယ်၊ ဒါကြောင့် အဲဒီအိမ်လေးကိုတော့ အချိန်မရွေး သွားခွင့်ပြုပါနော်"

"မင်းဟာ ဝဏ္ဏအတိုင်း ပါပဲလား၊ ဂီတအနုပညာကို သိပ်ခံစားတတ်တယ်"

ဒေါ်အေးညိုက သွားလေသူသားကို သတိရသွားကာ





ချက်ရည်လည်သွားသည်။

ပိုဆိုးသွားသည်က ပန်းခရေဦး ဘီးကိုချာခနဲ ဆွဲလှည့်ဘာ သူမ၏ အိပ်ခန်းလေးထဲသို့ တွန်းဝင်သွားလေသည်။

လန်းဆန်းက စိတ်မကောင်းစွာဖြင့်. . .

"ကျွန်တော့်ကြောင့် စိတ်မကောင်းစရာတွေ ဖြစ်သွားရတာ ခွင့်လွှတ်ပါ အမေ၊ ကျွန်တော် ခြံထဲဆင်းလိုက်ဦးမယ်နော်၊ ကျွန်တော် ဘယ်မှမပြောင်းတော့ပါဘူး"

"သားလည်း လိုက်မယ်နော် ဦးဦး"

လန်းဆန်း၏ လက်ကိုဆွဲကာ အာကာဦးပါ လိုက်ပါသွားလေသည်။ ချယ်ရီက မျက်မှောင်ချိုကာ. . .

"အမေတို့ကြောင့် ခက်နေပြီ၊ အမေ့မြေး ဒုက္ခရောက်သွားမယ်နော် အမေ"

"ဘာဖြစ်လို့လဲ"

"အမေ့လူက ဝိုင်အိုင်တီ နောက်ဆုံးနှစ် ဖြေထားတဲ့လူ၊ သူ့အတွက်က မြို့မှာ အလုပ်ရှိတာ၊ နောက်ပြီး သူဌေးသားဆိုင်ကြော့ကြော့လေးနဲ့ အလုပ်ကြမ်း လုံးဝလုပ်ဖူးပုံ မရဘူး၊ အခု ကျွန်တော်တို့ ဆီနေလည်း ခဏပဲ၊ သူပြန်သွားရင် အမေ့မြေးလေး ရင်ကွဲပက်လက်ဖြစ်ကျန်ခဲ့မှာ အမေ မစိုးရိမ်ဘူးလား"

"အင်း ဒါလည်း ဟုတ်တာပဲ၊ ကိုင်း. . ဒါဖြင့် ငါလိုက်သွားဦးမယ်၊ ဒင်းတို့ကို သိပ်တွဲထားလို့ မဖြစ်ဘူး"

ဒေါ်အေးညိုက ပြောပြောဆိုဆိုနှင့် အိမ်ထဲမှ ထွက်သွားသည်။ လန်းဆန်းက အာကာဦးကို ပခုံးပေါ်တင်ကာ မက်မန်း သီးပင်မှ ဝင်းမှည့်နေသော အသီးကို လှမ်းခူးဆွတ်စေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မယုံရင် ဦးဦး စားကြည့်၊ ဒီအသီးတွေက သိပ်ချိုတာ ပဲ"

"ဦးဦးနဲ့ တည့်ပုံမလား၊ ဦးဦးက ဖျားပြီးခါစလေသား"

"တည့်ပါတယ် ဘာမှမဖြစ်ဘူး၊ သားလည်း ဒီလိုပဲ စား နေကျ၊ ဖျားလည်း စက်ဘီးတစ်ပါတ်လောက် လျှောက်စီးလိုက် ရင် ပျောက်သွားတာပဲ"

လန်းဆန်းက. . .

"ဦးဦးထင်တာ မက်မန်းသီးတွေကို ဆေးဆိုးထားတယ် လို့ ထင်နေတာ၊ ခုတော့ ကြည့်စမ်း နီရဲလို့. . ပင်ကိုယ်အနီပဲ အဝါပင်က နည်းတယ်နော်"

"အဝါပင်က စိမ်းစားသီး ဦးဦးရဲ့၊ အနီသီးကသာ ဝိုင်တို့ ဆားစိမ်တို့ လုပ်လို့ကောင်းတာ"

"ငါ့မြေးက တော်တော် ဗဟုသုတ စုံပါလား၊ မြေးတို့ ဘယ်သူပြော ပြထားတာလဲ"

ဒေါ်အေးညိုက သူတို့အနားရောက်လာပြီး ဝင်ရောက် ပြောဆိုလိုက်သည်။

"ဖေဖေနဲ့ မေမေလေ၊ ပြီးတော့ သားလည်း တွေ့နေ ရတာပဲ၊ သိတာပေါ့"

"တော်ပါပေတယ် လူကြီးမင်းရယ်၊ ဟုတ်တယ် သား မြေးပြောတာ မှန်တယ်"

"အမေတို့ ဒီလောက်များတဲ့ မက်မန်းသီးတွေကို ဘာ လုပ်သလဲ"





"အစိမ်းလိုက်ကို ပြည်ချိန်နဲ့လည်း ရောင်းတယ်၊ အိုး တွေနဲ့ ဆားစိမ်ပြီးတော့လည်း ရောင်းတယ်"

"ဘယ်ဟာ ပိုရောင်းရလဲ အမေ"

"ဆားစိမ်က နှစ်ဆပိုရောင်းရတယ်၊ နောက်အပတ် သောက်ဆိုရင် ရောင်းလို့ရပြီ"

"ဝိုင်မလုပ်ဘူးလား အမေ"

"မလုပ်ဘူး သား၊ ဝိုင်ကလည်း အပျော့စား အရက်တစ် မျိုးပဲ မဟုတ်လား၊ တို့မြတ်စွာဘုရားရဲ့ ဟောကြားတော်မူတဲ့ ရောင်းကောင်းတဲ့ ကုန်စည်ငါးမျိုးထဲမှာ ပါတယ်"

လန်းဆန်း စိတ်ဝင်စားသွားသည်။ မိမိသည် မကြာခင် လုပ်ငန်းတစ်ခုကို ဦးစီးလုပ်ကာ စီးပွားရေးလုပ်ငန်းရှင် တစ်ဦး အနေဖြင့် ကြီးပွားရာ ကြီးပွားကြောင်းကို ကြံစည်လုပ်ကိုင်တော့ မည့်သူဖြစ်ရာ၊ ယခုကဲ့သို့ ဗုဒ္ဓဘာသာဝင် တစ်ဦးအနေနှင့် သိသင့်သိထိုက်သော အချက်ကို သိရှိလိုက်ရပါက များစွာအကျိုး ရှိမည်ဟု ယုံကြည့်သဖြင့် စိတ်ဝင်တစား မေးလိုက်သည်။

"အဲ့ဒီ ငါးမျိုးက ဘာလဲ အမေ"

"အများကို သေစေတဲ့ လေးမြား၊ သေနတ်စတဲ့ လက် နက်မျိုးစုံ ရောင်းခြင်း၊ ဆင်၊ မြင်း၊ လူစတဲ့ အစေခံ သတ္တဝါ အပေါင်းကို ရောင်းခြင်း၊ ဝက်၊ သမင်စတဲ့ အသားစားသော သတ္တဝါအပေါင်းကို ရောင်းခြင်း ၊ သေရည်သေရက် အမျိုးမျိုးကို ရောင်းခြင်း ၊ အများကို သေစေတတ်သော အဆိပ်အမျိုးမျိုးကို ရောင်းခြင်းတဲ့ ၊ မရောင်းရဘူး တားမြစ်ထားမှတော့ ရောင်းဖို့ အတွက် မွေးမြူတယ်၊ ထုတ်လုပ်တယ် အတူတူပေါ့သား"



www.burmeseclassic.com

www.burmeseclassic.com



လန်းဆန်းသည် ဒေါ်အေးညိုကို ကြည်ညိုလေးစားစွာ ကြည့်လိုက်သည်။ ယခုလို အနီးစခန်းလို တောတောင်ရိပ်ကြား၌ အသိဉာဏ်ကြွယ်ဝသော အမျိုးကောင်း သမီးကြီးကို တွေ့ရလိမ့်မည်ဟု သူမထင်ထား၊ အသားညိုညို၊ အရပ်ခပ်ပုပု၊ သာမာန်ရုပ်ရည်နှင့် ဝတ်စားပုံမှာ ချည်လုံချည်၊ ချည်အင်္ကျီကို အဘွားကြီးပုံလို ချုပ်ထားသည်။ ပကာသန လုံးဝမရှိသော ဥယျာဉ် တောင်ယာဖြင့် အသက်မွေးသူ အမျိုးသမီးကြီးထံမှ သူကဲ့သို့သော ဗုဒ္ဓဘာသာဝင် အမျိုးကောင်းတို့ လိုက်နာသင့်သော စကားကို ကြားသိလိုက်ရသည့်အတွက် အတိုင်းအဆမရှိသော ပီတိကို ရရှိခံစားလိုက်ရသည်။

"ကျေးဇူးတင်လိုက်တာ အမေရယ်၊ ကျွန်တော့် တစ်သက် မှတ်ထားပါ့မယ်"

"အေးကွယ်. . သားစု. . သားစု. . သားစု၊ မသိတာရှိရင် မေးသာမေး သား၊ အမေ တတ်သိသရွေ့က ရှင်းပြပေးပါ့မယ်၊ မြေးကောမှတ်ထားနော်"

"ဟုတ်ကဲ့ သားမှတ်မိပါတယ်၊ ဖေဖေနဲ့ မေမေလည်း သားကို ပြောပြတာပဲ၊ ဘွားဘွားလည်းပြောတော့ သား မှတ်မိပါတယ် ဘွားဘွား"

"မြေးက သိပ်လိမ္မာတယ်"

"ဒီလိုဆို အမေတို့ မက်မန်းသီးကို သရေစာအနေနဲ့ ကိုယ်ပိုင်တံဆိပ်နဲ့ တစ်ခါတည်း ထုတ်လုပ်ရောင်းချဖို့ကိုကော စိတ်ကူးမရှိဘူးလား"

"ရှိခဲ့ပါသကော သားရယ်၊ သားကြီး ဝဏ္ဏာဟာ အမျော်အမြင်ရှိတဲ့လူတစ်ယောက်ပါ။ လှေလှော်ရင်း တက်ကျိုး၊ အရွယ်ကောင်းနဲ့ ရေတိမ်နစ် ရရှာတယ်၊ အင်းလေ သူ့ရဲ့ လူ့ဘဝ သက်တမ်းက ဒီလောက်ပဲ ပါရှာတာကို"





လန်းဆန်း၏ နှလုံးသား ဆတ်ဆတ်ခါအောင် နာကျင်သွားသည်။ ဖြစ်နိုင်လျှင် နားနှစ်ဖက်ကို ပိတ်ကာ ဒေါ်အေးညိုတို့ အသိုက်အမြုံနှင့် အဝေးဆုံးသို့ ထွက်ပြေးကာ ခေတ္တပုန်းအောင်း နေချင်ပါသည်။ သို့သော်. . ဖခင်ကြီး၏. .

"မင်းမှာ လူဆန်တဲ့စိတ်ထား ရှိတယ်၊ လဲနေသူကို ထူပေးပါသား၊ အထူးသဖြင့် ကိုယ့်ကြောင့်လဲနေသူကို ပိုပြီး ထူပေးသင့်တယ်" ဟူသော စကားက မိမိအတွက် ခပ်ပေါ့ပေါ့ကလေး မှာမပေးထားတာ၊ တကယ်တော့ မိမိလုပ်ခဲ့သော အလုပ်သည် မိမိတစ်သက်တာ ခွင့်မလွှတ်နိုင်သော အမှားအယွင်းကြီး အမဲစက်ကြီးဖြစ်သည်။

လန်းဆန်း ဇောချွေးများ ပြန်လာသည်။ အသားများ တဆတ်ဆတ် တုန်လာသည်။ အစက ခပ်ပေါ့ပေါ့တွေးခဲ့သည်။ ယခုမှ တမြေ့မြေ့နှင့် မိမိ၏လုပ်ရပ် အမှားအတွက် နောင်တရ၍ မဆုံး။

"သားဝဏ္ဏာဟာ မင်းထက်ကြီးလှ နှစ်နှစ်ပဲ၊ သူ ဆယ့်သုံးနှစ်သားမှာပဲ သူ့အဖေဆုံးသွားခဲ့တယ်၊ ဟင်. . သား ချွေးတွေ တအားပြန်နေပါလား၊ သုတ်လိုက်ဦး၊ အအေးပြန်ပတ် သွားဦးမယ်"

မက်မန်းပင်အောက်၌ရှိနေသော သစ်သားခြမ်း ခုံတန်းရှည်လေးပေါ်၌ သူတို့ထိုင်ချလိုက်သည်။ ချွေးသုတ်ရင်း. .



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ အမေ၊ အမေတို့ မိသားစုအကြောင်း ကိုဝဏ္ဏ အကြောင်းကို ကျွန်တော် သိပ်စိတ်ဝင်စားပါတယ်၊ အစကနေ အဆုံး. . ."

အဆုံး. . . ထိုစကားလုံးအရောက် လန်းဆန်း၏အသံသည် တုန်ခါသွားသည်။ မတုန်ခါပဲ မခံနိုင်ပါ။ သူ့နှလုံးသားသည် စူးနစ်စွာ နာကျင်နေလေပြီ။

"ဦးဦးမော်ရင် မက်မန်းသီးမှည့်လေး စားလိုက်လေ"

"ဩော်. . . အေး"


အဝါရောင်မှသည့် မှည့်ဝင်းသည့်အခါ အနီရောင်သို့ ကူးပြောင်းပြီး ချိုမွှေးသော အရသာရှိသည့် မက်မန်းသီးလေးကို သူလက်နှင့် အသာပွတ်ပြီး စားလိုက်သည်။ အရသာသည် အခွံနေရာလေးတွင်သာ အချဉ်နှင့် အဖန်ဓါတ်အနည်းငယ် ရှိပြီး အသားက ချိုမွှေးသော အရသာရှိသည်။

"ကောင်းတယ်၊ ဟုတ်တယ်နော် မွှေးပြီး အမောတောင်ပြေသွားတယ်၊ ကျေးဇူးပဲသား၊ ပြောပါဦး အမေ"

လန်းဆန်းက သဲကန္တာရအလယ် ရေငတ်သူ၏ ရေတောင်းပုံမျိုး အငမ်းမရ တောင်းဆိုလိုက်သည်။

မိမိဘဝသို့ ပြောင်းလဲလိုက်သော ဖန်တီးရှင် ကိုဝဏ္ဏ၏ အကြောင်းကို သူသိပ်သိချင်နေပြီ။

"ဒီလို သားရဲ့၊ ဝဏ္ဏဟာ ငယ်ငယ်ကတည်းက ကံဆိုးရှာသူလို့ ပြောရမလားပဲ"



www.burmeseclassic.com





# အခန်း(၈)

ဝဏ္ဏက ခပ်လေးလေးပင် ပြောလိုက်သည်။

"ကျွန်တော် အဝေးသင်ပဲ ယူတော့မယ် အမေ"

ဒေါ်အေးညိုရင်ထဲ အောင့်တက်သွားသည်။

"ဟင် . . . သားကြီးရယ် ဂုဏ်ထူးသုံးခုတောင် ပါတာ ဆေးတက္ကသိုလ်အမှတ်လည်းမီ၊ သားတက်ချင်တဲ့ စက်မှုအမှတ်လည်း မီသားနဲ့၊ အမေ ရှာဖွေနိုင်ပါတယ် သား၊ အမေ့ကို မယုံလို့လား"





"မဟုတ်ဘူး အမေ၊ လူ့ဘဝသက်တမ်းဆိုတာ ပြောနိုင်တာ မဟုတ်ဘူး၊ အခုကြည့်ပါလား . . အဖေဟာ မမျှော်လင့်ဘဲ ကျွန်တော်ရှစ်တန်းနှစ်မှာ ဆုံးသွားခဲ့တယ်၊ အဖေက ကျွန်တော့်ကို အင်ဂျင်နီယာကြီး ဖြစ်စေချင်လို့ ကြိုးပမ်းခဲ့တယ်၊ သူ့ရောဂါကို သူမေ့လျော့ခဲ့တယ်၊ ခုမေမေ့မှာ ပန်းနာရင်ကျပ် ရှိတယ်၊ ဒါကို ကျွန်တော်မေ့လို့ မဖြစ်ဘူး၊ အဖေ့ကျေးဇူးကို ကျွန်တော် မဆပ်လိုက်ရဘူး၊ အမေ့ကျေးဇူးကို ကျွန်တော် ဆပ်ချင်တယ်၊ အမေရဲ့စွမ်းအားကို ဖျစ်ညှစ်ပြီး ကျွန်တော့်အတွက် အမေ အပင်ပန်းခံလိုက်ရင် အမေ အသက်ရှည်မှာမဟုတ်ဘူး၊ အမေ့အသက်နဲ့ပေးပြီးမှ အင်ဂျင်နီယာဖြစ်ရမယ်ဆိုရင် ကျွန်တော် ဘာလုပ်ရမှာလဲ အမေ၊ အမေ ကျွန်တော့်ကို ဘာမှ မတိုက်တွန်းပါနဲ့၊ ကျွန်တော် မြင်းလှည်း မောင်းမယ်၊ ခြံစိုက်မယ်၊ အဝေးသင်နဲ့ စီးပွားရေး အမိကပဲယူမယ်၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ လုပ်ငန်းအခုခုကို တည်ထောင်နိုင်တဲ့ လုပ်ငန်းရှင်တစ်ယောက် ဖြစ်အောင်ပဲ ကြိုးစားတော့မယ် အမေ"

ဒေါ်အေးညိုမှာ မျက်ရည်သွင်သွင် စီးကျသည်မှအပ သားဖြစ်သူအား တုံ့ပြန်စကား မပြောနိုင်ရှာတော့၊ ရင်ဝယ် အပူလုံးငြိုကာ ဆို့တက်လာရာမှ ချောင်းတဟွတ်ဟွတ် ဆိုးလေသည်။

သွားလေသူ ခင်ပွန်းဖြစ်သူအား သတိရမိသည်။ အသက်ရောဂါဖြင့် ကွယ်လွန်သွားရှာသူ ခင်ပွန်းသည် မယားနှင့် သားသမီးအတွက် နေပူမရှောင် မိုးရွာမရှောင် မြင်းလှည်းမောင်းကာ ရှာကျွေးသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခြံမြေကိုလည်း စုဆောင်းငွေများဖြင့် ပေတရာ ပတ်လည်မှ တိုးချဲ့ပြီး ဝယ်နိုင်အောင် အမြဲကြိုးစားခဲ့ရှာသည်။

ထိုအမွေအနှစ်ကို သားက ဆက်ခံတော့မည်လား။ ဝမ်းဆွဲဆရာမ တစ်ဦးဖြစ်သော ဒေါ်အေးညိုမှာ ခင်ပွန်းဖြစ်သူ၏ တီဘီခေါ် အဆုတ်ရောဂါ မိမိ၌ ကူးစက်လာသောအခါ၌ ထိုအလုပ်ကို ရပ်ဆိုင်းပစ်လိုက်ပြီး ခြံစိုက်ကာ လင်မယားနှစ်ယောက် ရောဂါကို ဆရာဝန်အား မှန်မှန်ပြသခြင်းဖြင့် ကုသခဲ့လေသည်။

ခင်ပွန်းသည်က ကုသဆဲမှာပင် နေပူမရှောင် မိုးရွာမရှောင် ရောဂါကို လျစ်လျူရှုထားသဖြင့် ရုတ်တရက် ကွယ်လွန်သွားရှာသည်။

ဒါကို သား ဝဏ္ဏက နမူနာယူကာ မိခင်ကို အနားပေးရန် ဆုံးဖြတ်လိုက်သည်။

“ဥစ္စာကံစောင့်၊ အသက်ဉာဏ် စောင့်ပါတယ် အမေ၊ အမေ့ ရောဂါမျိုးက သူဌေးရောဂါ၊ လေးဘက်နာကလည်း ရှိသေးတယ်၊ ကျွန်တော် အင်ဂျင်နီယာဘွဲ့ မလိုချင်ဘူး၊ အမေ့ကိုပဲ အသက်ရှည်တာ လိုချင်တယ်၊ ကျွန်တော့်ကို ဘာမှထပ်မပြောပါနဲ့တော့ အမေ၊ ကျွန်တော် အနစ်နာခံလိုက်ရင် ညီမလေးအတွက်ပါ ကောင်းသွားမယ်၊ ညီမလေးကိုသာ ဆရာဝန်ဖြစ်အောင် ကြိုးစားခိုင်းပါ”

ဝဏ္ဏက ပြောပြောဆိုဆိုနှင့် ခြံထဲဆင်းသွားလေသည်။ နှစ်ရှည်စားပင်အဖြစ် သူ့အဖေစိုက်ပျိုးခဲ့သော မက်မန်းပင်များမှ အသီးများကို ဆွတ်ခူးရန် သူတို့မောင်နှမ ခြံထဲဆင်းသွားလေ





သည်။

ဒေါ်အေးညိုမှာ မျက်ရည်အရွဲသား ကျန်ရစ်ခဲ့ရာမှ မျက်ရည်ကို ပြောင်စင်အောင် သုတ်လိုက်သည်။ ငိုနေလို့ အကျိုးမထူးပါဘူး၊ သားရိုက်ချပေးလိုက်သော မက်မန်းသီးများကို ကူကောက်ပေးတာ အကောင်းဆုံးပါဘဲဟု ဆုံးဖြတ်လိုက်ပြီး ခြံထဲသို့ ဆင်းခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၉)

ဝဏ္ဏာ စက်ဘီးကို ရပ်လိုက်သည်။ ရေနီမြောင်းဘေး၌ စက်ဘီးကို ရပ်ထားပြီး ပြုံပြင်နေသော မိန်းကလေးတစ်ဦးကို တွေ့လိုက်ရသည်။ မိန်းကလေး၏ အလှတရားက သူ့ကို ဆွဲဆောင်နေသည်။ သူမြင်ဖူးသမျှ မိန်းကလေးထဲတွင် အလှဆုံး ဖြစ်သည်။

" ဘာဖြစ်လို့လဲ၊ ကျွန်တော် ဘာအကူအညီပေးရမလဲ"





"ချိန်းကြိုးပြတ်သွားလို့"

ပန်းခရေဦးက ထရပ်ကာ ဝဏ္ဏာအား ကြည့်ပြီး ပြောလိုက်သည်။

ဝဏ္ဏာက သူ့စက်ဘီးရှေ့ ခြင်းတောင်းထဲတွင် ထည့်ထားသော လွယ်အိတ်အတွင်းမှ ကွန်ပါဘူးကို နှိုက်လိုက်သည်။ ကွန်ပါဘူးအတွင်းတွင် ကြေးနန်းကြိုး ရှိနေသည်။

"တော်သေးတယ် ၊ ဖိနပ်ပြတ်ရင်ဖြစ်ဖြစ် ဘာဖြစ်ဖြစ် သုံးဖို့ဆိုပြီး လိုရမယ်ရယူလာတဲ့ နန်းကြိုးရှိနေလို့"

ပန်းခရေဦးက နားမလည်. . .

"နန်းကြိုးက ဘာလုပ်လို့ရမှာလဲ"

"ချိန်းကြိုးကို ဆက်ပေးလိုက်မယ်လေ၊ ခင်ဗျား ဆိုင်သွားလောက်တဲ့ အထိတော့ ခိုင်ပါတယ်"

"ကျွန်မက အနီးကပ်လာတက်တာ"

"ဟုတ်လား ကျွန်တော်လည်း ခင်ဗျားလိုပါပဲ"

"ဒါဖြင့် ရှင့်ဟာက ကျွန်မ ကျောင်းပြန်တဲ့အထိ ခံပါ့မလား"

"ခံမယ်ထင်တာပဲ"

"ထပ်ပြတ်သွားရင် ဒုက္ခပဲနော်၊ ကလပ်စ်ကလည်း အချိန်နီးနေပြီ"

"ခင်ဗျား ဘာမေဂျာလဲ"

"အီကို"

"ကျွန်တော်လဲ အီကိုပဲ၊ ကျွန်တော့်ဘီးကလည်း. . ဆောက်ျားစီးဘီး ဖြစ်နေတော့ ခင်ဗျားစီးရဲမှာ မဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလုပ်ပါ။ ခင်ဗျားနဲ့ ကျွန်တော်အတူ သွားမယ်၊ ပြတ်သွားရင် ခင်ဗျား ကျွန်တော်နဲ့လိုက်စီး၊ ခင်ဗျားဘီးကို တွန်းယူသွားတာပေါ့"

ဝဏ္ဏာက နှုတ်မှလည်းပြော၊ လက်မှလည်း မနားမနေ လှုပ်ရှားပြီး သူ့မစက်ဘီးချိန်းကြိုးကို နန်းကြိုးနှင့် ဆက်ပေးလိုက်သည်။

"ရပြီ"

"ရော့ ရှင့် လက်တွေပေကုန်ပြီ ၊ သုတ်လိုက်ဦး"

တစ်သျှူးပေပါ ထုတ်ကလေးမှ စက္ကူခေါက်လေး တစ်ခေါက် ထုတ်ကာ သူ့အားကမ်းပေးသည်။

ဝဏ္ဏာက အားမနာပဲ ယူသုတ်လိုက်သည်။ စက်ဆီချေးများ ပေကျံနေသော လက်သည် ထိုစက္ကူပါး တစ်ခုလောက်နှင့် ပြောင်စင်မသွား၊

မိန်းကလေးကလည်း နောက်တစ်ခုပြီးတစ်ခု ထုတ်ပေးသည်။ သူကလည်း အားမနာနိုင်ပဲ ပြောင်စင်သွားသည်အထိ ယူသုတ်လိုက်သည်။ တစ်ထုပ်ကုန်သွားမှ ပြောင်စင်သွားသည်။

နှစ်ယောက်သား မတိုင်ပင်ပဲ ပြုံးလိုက်မိသည်။

ပန်းခရေဦး၏ အပြုံးသည် ဝဏ္ဏာ၏ နှလုံးသားကို ဆွဲယူဖမ်းစားသွားလေသည်။

"ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲ ၊ အီကိုဖတ်(စ်)ရီးယားကလား"

"ပန်းခရေဦး၊ ဟုတ်တယ် ဖတ်(စ်)ရီးယားကပဲ၊ ရှင်ကော"





"ဝဏ္ဏာ၊ ခင်ဗျားနဲ့ အတူတူပဲ၊ လာ. . သွားကြရအောင်၊ ဒီနေ့စတက်မှာဆိုတော့ ဘယ်အခန်းတက်ရမယ်မှန်း မသိသေးလို့ တမင်စောစော ထွက်လာခဲ့တာ၊ လာသွားကြရအောင်၊ ခင်ဗျားရှေ့က နင်းသွားနှင့်၊ ကျွန်တော် နောက်ကလိုက်ခဲ့မယ်"

"ဟင့်အင်း အတူတူယှဉ် နင်းသွားရအောင်"

ပန်းခရေဦးက မိမိနောက်မှ လူတစ်ယောက် ကပ်ပါလာမှာကို နောက်ကျောမလုံ သကဲ့သို့ ရှိသဖြင့် ပြောလိုက်ခြင်းဖြစ်သည်။

ဝဏ္ဏာရင်ထဲ ပျော်ရွှင်သွားသည်။

"ကောင်းပြီလေ"

နှစ်ယောက်သား ယှဉ်တွဲကာ စက်ဘီးစီးခဲ့ကြသည်။

"ခင်ဗျားက ဘယ်ဇာတိလဲ"

"ဘာဖြစ်လို့ မေးတာလဲ"

"ကျွန်တော်. . ကျွန်တော်နဲ့မပြောတော့ မန္တလေးဇာတိ ဖျောက်နိုင်ဘူး၊ အခြားကပဲ ဖြစ်မယ်"

" ရှင်မဆိုးဘူး၊ ဟုတ်တယ် ကျွန်မက ရန်ကုန်ဇာတိ၊ အဖေက ဒီကို တာဝန်နဲ့ပြောင်းလာလို့ ဒီမှာပဲ တက်လိုက်ရတဲ့ သဘောဆိုပါတော့ ရှင်ကော"

"ကျွန်တော်က ပြင်ဦးလွင်သား စစ်စစ်ဗျ"

"ပြင်ဦးလွင် ကျွန်မ သိပ်ရောက်ဘူးချင်တာပဲ၊ ပန်းတွေ အများကြီး ပွင့်တယ်ဆို"

"ဟုတ်တယ် ပန်းမြို့တော်လို့လည်း တင်စားကြတယ်"

"ရှင်တို့ အိမ်မှာကော ပန်းရှိသလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှိတာပေါ့ စိုက်စရာမလိုပဲနဲ့တောင် အလေ့ကျပေါက်တဲ့မြို့ပဲ၊ ခင်ဗျား လာလည်မယ်ဆိုရင် ဖိတ်ခေါ်ပါတယ်"

ပန်းခရေဦး မျက်နှာညှိုးနွမ်းသွားသည်ကို ဝဏ္ဏသတိပြုလိုက်မိသည်။

"ကျွန်တော်တို့မြို့က ပင်စင်စားတွေနဲ့ ဥယျာဉ်ခြံတောင်ယာခြံ လုပ်စားသူတွေနဲ့၊ တပ်သင်တန်းကျောင်းတွေလောက်ပဲရှိတာဆိုတော့ လူနေကတော့ ကျဲပါတယ်၊ နွေရာသီရောက်ရင်သာ အပူရှောင်ကြတဲ့ လူကုံထံတွေ အတော်များများအနားလာယူလေ့ရှိကြတယ်၊ ဧည့်သည်လာမယ်ဆိုရင် သိပ်ကိုပျော်ကြပါတယ်"

"ရှင်တို့ အိမ်ကော ပြင်ဦးလွင် မြို့ပေါ်မှာလား"

"ဟင့်အင်း ပြင်ဦးလွင်မြို့အဝင် အနီးစခန်းရဲ့ အဆုံးမှာပိုပြီး ဆိတ်ငြိမ်တယ်"

"ကျွန်မ ရောက်ဖူးချင်ပါတယ်၊ ဒယ်ဒီ့ကို ပြောလို့ရရင်လာလည်မယ်"

ဟန်ဆောင်မှု ကင်းမဲ့စွာဖြင့် ပန်းခရေဦးက ပြောလိုက်သည်။ အမှန်စင်စစ် ပန်းခရေဦးသည် အဖေ မဲ့ အထီးကျန်ဘဝမှနေ၍ ယခုလို အဖေ တစ်ယောက် ရရှိလိုက်သောအခါ ဝမ်းသာသွားခြင်းဖြစ်သည်။

ကံကောင်းခြင်းလား ၊ ကံဆိုးခြင်းလားတော့ မသိ သူတို့နှစ်ဦးသည်၊ ခုံနံပါတ်ခြင်း ကပ်ရက်ဖြစ်ခြင်းကြောင့် စားသောက်ခန်းလည်း တူညီသွားလေသည်။

" တော်ပါသေးရဲ့ ကိုဝဏ္ဏရယ်၊ ကျွန်မ အခြားသူငယ်





ချင်းအသစ် ရှာစရာမလိုတော့ဘူးပေါ့"

"ဟင် ခင်ဗျားမှာ သူငယ်ချင်း မရှိဘူးလား"

"မရှိဘူး ကျွန်မက ရန်ကုန်မှာ အောင်ခဲ့တာ၊ ဒယ်ဒီက ဒီကို ပြောင်းတော့ အဝေးသင်ကိုလည်း ဒီကိုလွှောက်လိုက်ရတာ"

"ဩော် ဒေးမတက်ဘူးလား"

ပန်းခရေဦး မျက်နှာသည် ဟန်မဆောင်နိုင်လောက်အောင် ကြေကွဲရိပ် ဆင်သွားသည်။

မျက်ရည်များပင် ရစ်ဝဲလာရာ. . .

"ဆောရီး. . ဆောရီး. . ကျွန်တော့် မေးခွန်းကြောင့် ခင်ဗျား စိတ်ထိခိုက်သွားမယ်ဆိုရင်. . ကျွန်တော်ရုပ်သိမ်းပါတယ်"

ပန်းခရေဦးက မျက်ရည်စများကို မျက်တောင်ခတ်ကာ သိမ်းဆည်းလိုက်သည်။ ဝဏ္ဏရင်ထဲ စိတ်ဝင်စားရာမှ ကရုဏာမိုးလေးပင် တစိမ့်စိမ့် ရွာသွန်းလာသည်။

ထိုအကြောင်းအရာများသည် သူတို့နှစ်ဦးအား သံယောဇဉ် နှောင်ဖွဲ့ရန် အခြေခံအကြောင်းတရားများ ဖြစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

ဌာနဆိုင်ရာ အရာရှိတစ်ယောက်ဖြစ်သော ဦးဘ အဆင့်အတန်းသည် သမီးဖြစ်သူ ပန်းခရေဦးကို တက္ကသိုလ် တက်ခိုင်းနိုင်ပါသည်။ သို့သော် သူ၏နောက်အိမ်ထောင် (ပန်း ခရေဦး၏မိထွေး)၏ စွဲဆောင်မှုတွင် နားယောင်ကာ အဆော သင်သို့သာ တက်စေသည်။

"ကျွန်မက ဂုဏ်ထူးသုံးခုနဲ့ အောင်ခဲ့တာ ကိုဝဏ္ဏ. . ဝိုင်အိုင်တီ အမှတ်မီတယ်၊ ဒယ်ဒီကို မိန်းကလေး ဝိုင်အိုင်





တက်တာ မကောင်းဘူး ဘာညာနဲ့ နားသွင်းပုံရတယ်၊ ကျွန်မ စကားမအောင်မြင်ဘဲ သူ့စကား အောင်မြင်သွားတယ်လေ"

"ခင်ဗျားက ကံဆိုးတာပဲ၊ ကျွန်တော် ကျတော့. . ."

ဝဏ္ဏသူတို့၏ မိသားစုအကြောင်းပြော ပြလေသည်။

"ကျွန်တော်က မိသားစုအတွက် အနစ်နာခံခွင့်ရတော့ ဖြစ်လာတဲ့ဘဝအပေါ် ကျွန်တော် ကျေနပ်တယ်၊ ဒီတော့ ခင်ဗျား လည်း ခင်ဗျားအဖေ စိတ်ချမ်းသာမှုရအောင် ပျော်ပျော်သာ နေလိုက်ပါဗျာ"

"အင်း. . ရှင့်စကားကို ကျွန်မ နားထောင်ချင်ပါတယ်၊ ဒါပေမဲ့ ကျွန်မပျော်လို့မရတာ အမှန်ပဲ"

"သူနဲ့ကော သားသမီးတွေ ရှိသလား"

"ရှိပါတယ် သားတစ်ယောက် သမီးတစ်ယောက်တောင် ရှိတယ်၊ စာမတော်ကြဘူးလေ၊ သူတစ်ပါးရဲ့ ပညာရေးကို အ ဟန့်အတားဖြစ်အောင် လုပ်မှတော့ သူ့သားသမီးတွေမှာလည်း ဘယ်ထူးချွန်မလဲ၊ ဘယ်လောက်ပဲ ကျူရှင်တွေ ကောင်းအောင် ထားထား၊ စာမေးပွဲ ကျလိုက်တာ တစ်တန်းကို တစ်ကြိမ်နှုန်းနဲ့ အရွေ့ရွေ့ပဲ. ."

"ကံဆိုတာ ကိုယ်လုပ်ခဲ့တဲ့အလုပ်ပေါ် မှီတာပဲလေ၊ ဘယ်သူ တရားပျက်ပျက် ကိုယ်မပျက်စေနဲ့ပေါ့၊ ကိုယ့်မောင် ညီမတွေပဲ စာပိုင်းပြပေးလိုက်ပါလား"

"အောင်မယ်လေး ရပါလိမ့်မယ်၊ ကျွန်မက စေတနာနဲ့ စာပြပေးချင်တာတောင် သူတို့က လက်မခံပါဘူး၊ ဆယ်တန်း အောင်တာနဲ့ ဘဝင်စွတ်မြင့်ပြီး ကိုယ့်ကိုယ်ကိုယ် ပညာ



www.burmeseclassic.com

www.burmeseclassic.com



တတ်ကြီး မထင်ပါနဲ့၊ လာမပြနဲ့၊ ဘာညာပြောလိုက်ဟာ၊ ကိုယ်က အကြီးဆိုတော့ အပြောမခံပဲ ခပ်ကင်းကင်းပဲ နေလိုက်တာ၊ တစ်ယောက်ထဲ နေတတ်တဲ့အကျင့်ကို ရသွားတော့တာပဲ"

ဝဏ္ဏသည် ပန်းခရေဦး၏ လှပချောမွတ်စင်နေသော မျက်နှာဝင်းဝင်းကလေးကို ငေးကြည့်နေမိသည်။

'လှသလောက် ကံဆိုးရှာသော မိန်းကလေးပါလား'

ဟု ကရုဏာမိုးလည်း စွေနေမိသည်။

ပန်းခရေဦးသည် ဝဏ္ဏအကြည့်ကြောင့် ရှက်ကိုးရှက်ကန်း ဖြစ်သွားပြီး မျက်လွှာချလိုက်သည်။ ရင်ထဲလည်း တုန်ယင်သွားသည်။

လူညီချော ဝဏ္ဏ၏ အကြည့်ကို မိမိဘာကြောင့် ရင်ခုန်သွားရသနည်း။

"သွားရအောင် ကိုဝဏ္ဏ"

"နေပါဦး"

ဝဏ္ဏကလည်း ပန်းခရေဦးနား၌ နေရလျှင် တစ်သက်လုံးနေချင်သည်။

"အိမ်ပြန်နောက် ကျရင် မိထွေးက ဆူပူစောင်းမြောင်းဦးမှာ"

ဝဏ္ဏသည် သက်ပြင်းချကာ အုတ်ခုံလေးပေါ်မှ ထလိုက်သည်။

"နောက်နေ့ စောစောလာနော်၊ ပြန်ချိန်ကိုလည်း. . တမင်နောက်ကျပြီး ပြောထားပါလား"

"ဘာလုပ်မလို့လဲ"





"တစ်နေရာရာ သွားလည်ရအောင်လေ"

ပန်းခရေသည် ဝဏ္ဏအား လှမ်းကြည့်လိုက်သည်။ ဝဏ္ဏသည် မိမိအပေါ်၌ အညှာလွှယ်သော မိန်းကလေးတစ်ယောက်ဟု အထင်သေးကာ ပြောဆိုနေခြင်းလား။

"ခရေ စိတ်တွေပူလောင်ခဲ့တာတွေ အေးချမ်းစေချင်လို့ပါ ထွက်ပေါက်ပေးတဲ့အနေနဲ့ လျှောက်လည်ရအောင်၊ ခင်ဗျားသွားချင်တဲ့နေရာတွေ ကျွန်တော်ပို့ပေးမယ်"

"ကျွန်မက ပြင်ဦးလွင်ကိုပဲ သွားချင်နေတာ"

"သွားချင်ရင်တော့ ပို့ပေးပါ့မယ်၊ ဒါပေမဲ့ ခရီးကဝေးတယ်လေ"

"နေ့ချင်းပြန် ရတယ်မဟုတ်လား"

"ရပါတယ်၊ စာမေးပွဲပြီးရင် ကျွန်တော် ပို့ပေးမယ်"

"ဟင် စာမေးပွဲပြီးရင်၊ ကျွန်မက အိမ်ထဲက အိမ်ပြင်ထွက်ရတာမှ မဟုတ်တာ"

"ဒီလောက်တောင်ပဲလားဗျာ"

ဝဏ္ဏ ပန်းခရေကို အသနား ပိုသွားရပြန်သည်။

"ခရေ့အမေက ဘယ်အချိန်ထဲက ကွယ်လွန်သွားတာလဲ"

"ကျွန်မ ငါးနှစ်သမီးက အမေဆုံးပြီး နောက်နှစ်ပဲ ဒယ်ဒီက နောက်အိမ်ထောင်ပြုတယ်၊ အဲဒီအချိန်ကစပြီး ကျွန်မဘဝ အကျဉ်းစံပဲ၊ ဒါပေမဲ့ ဘွားဘွားက ရှိနေခဲ့သေးတော့ မိထွေးက ကျွန်မကို အနိုင်ကျင့်လို့ မရခဲ့ဘူးပေါ့၊ ကျွန်မ ဆယ်တန်းနှစ်မှာပဲ ဘွားဘွား ဆုံးသွားခဲ့တယ်၊ ဘွားဘွား ရှိသေးရင် ကျွန်မ အခုလို



www.burmeseclassic.com

www.burmeseclassic.com



နေရမှာ မဟုတ်တာတော့ ကျိန်းသေတယ်”

လူတိုင်းမှာ သောကကိုယ်စီ၊ ပြဿနာကိုယ်စီ ရှိတတ်ကြပါလားဟု ဝဏ္ဏတွေးတောမိကာ. . .

“ခု ဘွားဘွားမရှိတော့ပေမယ့် ကျွန်တော် ရှိလာပါပြီ ခရေရဲ့ မိတ်ဆွေကောင်း၊ သူငယ်ချင်းကောင်းအနေနဲ့ ကျွန်တော် ကူညီသွားမှာပါ လိုအပ်တဲ့အခက်အခဲရှိရင် ကျွန်တော်ကို ပြောပါ”

“ကျေးဇူးတင်ပါတယ် ကိုဝဏ္ဏ”

“ကျေးဇူးတင်စကား မပြောနဲ့ဗျာ သူစိမ်းဆန်တယ်”

“နို့. . ကိုဝဏ္ဏနဲ့ ကျွန်မက သူစိမ်းတွေ မဟုတ်ကြဘူးလား”

“အင်း. . ဟုတ်တယ်၊ ကျွန်တော် ခင်ဗျားနဲ့ သူစိမ်းမဖြစ်ချင်ပါတယ်”

“ဘာစကားလဲ”

“မသိဘူးလေဗျာ”

နှစ်ဦးသား ပြုံးရယ်ကာ စက်ဘီးကိုယ်စီ နင်းလျက် ဝဏ္ဏသည် ပန်းခရေဦး၏ အိမ်နှင့် အနီးဆုံးနေရာထိ ပို့ပေးပြီး သူ၏ တည်းခိုရာဘုန်းကြီးကျောင်းဘက်သို့ ပြန်သွားခဲ့လေသည်။

သို့နှင့် အဝေးသင် ပထမနှစ် ကုန်ဆုံးသွားခဲ့သည်။







## အခန်း(၁၁)

ဝဏ္ဏ စတော်ဗယ်ရီခင်းလေးထဲ ပေါင်းသင်၊ မြေဆွ၊ နွားချေး မြေဩဇာကျွေးနေစဉ် တစ်ဖက်ခြံမှ ဝီလီရောက်ရှိလာသည်။

“ဝဏ္ဏရေ ဝဏ္ဏ မင်းဧည့်သည်လာတယ်”

“ဘယ်က ဧည့်သည်လဲကွ”

ဝီလီက ရွှတ်ရွှတ်နောက်နောက်လည်း ပြောတတ်သည်။ စကားလည်း အင်မတန်များသဖြင့် ဝဏ္ဏက သူ့အား သည်ဟုပင် ထင်မှတ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုးပေါ်ကကျလာတဲ့ ဧည့်သည်လေကွာ ရွှေရောင်အဆင်းနဲ့ နတ်သမီးတစ်ပါးလေလား ထင်မှတ်မှားရတဲ့သူလေကွာ၊ မင်းမှာဘယ်သူရှိသလဲ စဉ်းစားကြည့်ပေါ့"

ဝဏ္ဏက. . .

"ဝီလီ ခင်ဗျားလာနောက် မနေစမ်းနဲ့ဗျာ အလုပ်ပျက်တယ်"

"ဟကောင်ရာ ငါတကယ်ပြောတာ မင်းမယုံရင်နေ အမေက ခေါ်ခိုင်းလို့ ငါလာခေါ်တာ၊ မင်းဧည့်သည် ရောက်နေတယ်၊ ငါမြင်းလှည်းနဲ့ လာပို့တာ ငါပြန်တော့မယ်၊ ဟေ့ကောင် ငါနောက်နေတာ မဟုတ်ဘူးနော်၊ အတည်ပြောတာ မင်းလှည်းမထွက်ဘူးလား "

"ဒီနေ့ နားတယ် ခြံထဲအလုပ်ရှိလို့"

"ငါသွားပြီနော် မင်းမယုံလည်းနေတော့ "

ဝီလီက တကယ်ပင် ပြန်သွားလေသည်။

ဝဏ္ဏက ပျော်တတ် ပြောင်တတ်သော ဝီလီ၏ စကားကို မယုံပဲ အလုပ်ဆက်လုပ်နေစဉ်. . .

"ကိုဝဏ္ဏ. . ရှင်. . ရှင်. . "

ဝဏ္ဏခေါင်းနားပန်း ကြီးသွားသည်။ သူနှင့်မလှမ်းမကမ်းတွင် ခြေဆင်းထိုင်ကာ ငိုချလိုက်သော ပန်းခရေဦးကြောင့် ဝဏ္ဏမှာ မြေဆွခက်ရင်းကို ပစ်ချပြီး ပြာပြာသလဲ ပြေးရလေသည်။

"ဟင်. . ခရေ. . ခရေ လာတယ်"

"ရှင်. . ရှင်က. . မရှိဘူး ပြောလိုက်လို့ ကိုဝီလီကို ပြောလိုက်တယ်ဆို"





ပန်းခရေဦးက ငိုရင်းရန်တွေ့သည်။

"ဟာ. . မဟုတ်ရပါဘူး ဝီလီနောက်တယ် ထင်လို့ပါ၊ ဘိတ်ပါ ခရေ ဘယ်သူ့နဲ့ လာတာလဲ. . တစ်ယောက်ထဲလား၊ နေ့ချင်းပြန်လား" ဝဏ္ဏက မေးခွန်းတွေ တရစပ်မေးလိုက်သည်။ အမှန်တကယ်လည်း ခေါင်းနားပန်းကြီးသွားသည်။

"ကဲထ မြေပြင်ပေါ် မထိုင်ပါနဲ့ခရေ ခုံတန်းလေးမှာ ထိုင်နော်၊ မျက်ရည်တွေလည်း သုတ်ပါဦး၊ ကျွန်တော် လက်ဆေးလိုက်ဦးမယ်"

ဝဏ္ဏက ဘုံဘိုင်တွင် လက်သွား ဆေးလိုက်သည်။

ပန်းခရေဦးက ဝဏ္ဏစကားအတိုင်း မျက်ရည်ကို သုတ်ကာ မက်မန်းပင် အောက်က သစ်သားခုံတန်းလေးဘွင် ထိုင်လိုက်သည်။ ဒေါ်အေးညိုက အိမ်ထဲမှ လှမ်းအကဲခတ်လိုက်ပြီး ကိုယ်ရောင်ဖျောက်နေလိုက်သည်။ လူငယ်တွေ လွတ်လွတ်လပ်လပ် နေပါစေ ဟူသည့်သဘော။

"ကိုင်း. . ပြောပါဦး ခရေ လာလည်တာလား"

"မဟုတ်ဘူး အိမ်က ထွက်ပြေးလာတာ"

"မြတ်စွာဘုရား"

"ဘာလဲ ကိုဝဏ္ဏက ကျွန်မကို လက်မခံနိုင်ဘူးလား"

ပန်းခရေ၏မျက်နှာ တင်းမာသွားသည်။

ဝဏ္ဏက ပြာပြာသလဲ. . .

"ဟာ. . ဘာလို့လက်မခံ နိုင်ရမလဲ ၊ ခရေ နေနိုင်ရင် တစ်သက်လုံး နေလို့ရတယ် "

"အင်း. . တစ်သက်လုံးနေမှာ"



www.burmeseclassic.com

www.burmeseclassic.com



သူ၏ စကားအတိုင်းအတာသည် ဘယ်အထိရောက်သွားလိမ့်မည်ကို ပန်းခရေဦး မတွက်ဆပေ။ သူ့အား မိထွေးက သူဌေးတစ်ယောက်နှင့် ပေးစားရန် စီစဉ်နေကြောင်း၊ သူ၏ ဖခင်ကို နားသွင်းကြောင်း၊ ဖခင်က လက်ခံလိုက်သဖြင့် သဘက်ခါ စေ့စပ်တော့မည်ဖြစ်ကြောင်း ပြောပြသည်။

"ဒီလိုဆို ဘယ်လိုလုပ်ကြမလဲ ခရေ၊ ခင်ဗျားတို့ဘက်က လိုက်လာရင် ခင်ဗျားကို ပြန်ခေါ်သွားတော့မှာ ကျွန်တော်တို့ကိုလည်း သွေးဆောင်ဖျားယောင်းမှုနဲ့ အရေးမယူဘူးလို့ မပြောနိုင်ဘူး"

"ဒီလိုဆို ကျွန်မ ဘယ်လိုလုပ်ရမလဲ ကိုဝဏ္ဏ"

ဝဏ္ဏသည် ပန်းခရေဦး၏မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။ ဤမိန်းကလေးကို သူ ချစ်မြတ်နိုးပါသည်။ လက်လွှတ်အဆုံးအရှုံး မခံနိုင်၊ စိုင်ကော်လို့ ချုံပေါ်ရောက်သည်ပဲ ပြောပြော ကံကြမ္မာ၏ မျက်နှာပေးမှုကို လက်လွှတ်အဆုံးရှုံး မခံနိုင်သဖြင့်

"ခရေ. ."

"ရှင်. ."

ဝဏ္ဏ အကြည့်စိမ်းကို မခံနိုင်သည့်အလား ပန်းခရေဦး မျက်လွှာချလိုက်သည်။

"ခင်ဗျားအဖေကို ခင်ဗျား ဖြတ်နိုင်သလား"

ပန်းခရေဦး ခေါင်းညိတ်လိုက်သည်။ မိထွေးစကားကို အမြဲခေါင်းညိတ်တတ်သော ဖခင်ကို ပန်းခရေဦး စိတ်နာနေပြီ။

"ဆင်းရဲဒုက္ခကော ခံနိုင်မလား"

"အင်း. ."





"ဒါဖြင့် ကျုပ် ထောင်ကျခံတော့မယ်"

"ဟင်. ."

"ဟုတ်တယ်လေ၊ ကျုပ် အိမ်ထောင်အကျခံတော့မယ်၊ ခင်ဗျားနဲ့ကျုပ် အခုပဲ တရားရုံးမှာ သွားလက်ထပ်မယ်၊ ဒါမှ ပြဿနာအားလုံး ရှင်းသွားမှာ ခင်ဗျား ကျုပ်ကို လက်ထပ်နိုင်မလား"

ပန်းခရေဦး မိမိဘဝကိုမိမိ အားငယ်သွားမိသည်။ အချစ်ဟူသော အရာကိုမှ မမွေးဖွားရသေးခင် အိမ်ထောင်သည်ဘဝကို လုံးလုံးရောက်ရှိရတော့မည်လား၊ မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာသည်။ ဝဏ္ဏ နားလည်လိုက်ပြီ။ မိမိသည် ပွဲလန့်တိုးဖျာခင်းသော အခွင့်အရေးသမား ဖြစ်သွားပြီလား။

"မဟုတ်ဘူး ခရေ၊ ကျုပ်နဲ့မင်း တရားဝင် လက်ထပ်ထားမှ ခင်ဗျားမိဘတွေ လိုက်လာတဲ့အခါ ခင်ဗျား ပြန်လိုက်စရာ မလိုတော့ဘူး၊ နောက်ပြီး ခင်ဗျား မချစ်မနှစ်သက်သောသူနဲ့လည်း လက်ထပ်စရာ မလိုတော့ဘူး၊ ခင်ဗျားအတွက်လည်း ကျုပ်ပတ်ဝန်းကျင်မှာ မျက်နှာငယ်စရာ မလိုတော့ဘူးပေါ့. . .၊ ဘာပဲဖြစ်ဖြစ် သူစိမ်းယောကျ်ားလေးတစ်ယောက်အိမ်ကို ခင်ဗျား လိုက်လာတယ် ဆိုကတည်းက ခင်ဗျားကို အထင်သေးကြမှာပဲ၊ ချစ်သူနောက်လိုက်လာပြီး လက်ထပ်နေထိုင်ကြတယ် ဆိုတာက သဘာဝတရားတစ်ခုပဲ၊ အထင်သေးစရာ မရှိဘူး ဒါကြောင့်ပါ၊ ဘဲ. . ခင်ဗျား ဆုံးဖြတ်၊ တော်ကြာ အမေ ရိပ်မိသွားမယ်"

ပန်းခရေဦး အားရအောင် ငိုကြွေးလိုက်သည်။

ဝဏ္ဏက စိတ်မချမ်းသာစွာ ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းခရေဦး မော့၍ အငိုရပ်လိုက်သည်။ မိမိအား စိတ်မချမ်းသာစွာ ငေးကြည့်နေသော ဝဏ္ဏအား. . .

"ကိုဝဏ္ဏ"

"ဗျာ"

"ကျွန်မတို့ လက်ထပ်ရအောင်"

"ဆုံးဖြတ်ပြီးပြီလား"

"ဟုတ်ကဲ့"

"ဒါဖြင့် လာ"

ဝဏ္ဏက ပန်းခရေဦး၏ လက်ကို ဆွဲထူလိုက်သည်။

"အို"

"သဏ္ဌာန်လုပ် သရုပ်တူစေဖို့ပါ"

ပန်းခရေဦး တစ်ယောက်တည်း ရင်ခုန်သွားရသည်မဟုတ်။ ဝဏ္ဏရင်ထဲလည်း ဒိန်းတလိန်း နတ်ဖမ်းနေလေပြီ။

"အမှန်တကယ်တော့ ခင်ဗျားကို ကျွန်တော် တကယ်ပဲ လက်ထပ်ချင်တာပါ"

"ဘာဖြစ်လို့လဲဟင်"

ဝဏ္ဏက ရပ်လိုက်သည်။ ပန်းခရေဦး၏ မျက်နှာကို စူးစမ်းသော အကြည့်ဖြင့် ကြည့်လိုက်သည်။ မိန်းမသားတစ်ယောက်၏ အတွင်းသဘောကို သူနားမလည်သေးပေ။

သို့သော် သူ့စိတ်ကိုတော့ သူနားလည်နေပြီဖြစ်ရာ. .

"ခရေကို ကျုပ်ချစ်လို့ပေါ့ဗျာ"

ပန်းခရေဦး ခေါင်းငုံ့လိုက်သည်။ မျက်ရေပွင့်လေးများ ကြွေကျလာသည်။သို့သော် သူမ၏ နှုတ်ခမ်း၌ အပြုံးရိပ်တွဲခို





နေသည်။

"ဘာဖြစ်လို့ ငိုတာလဲ ခရေ၊ စိတ်ဆိုးသွားလို့လား"

"ဟင့်အင်း ဝမ်းသာလို့"

"ဗျာ"

"ကျွန်မမှာ ဖခင်ရဲ့ ချစ်ချင်းကိုတောင် အပြည့်အဝ မရရှိခဲ့ရတော့ ခုလို ကိုဝဏ္ဏဆီက အချစ်ကိုရတာ ဝမ်းသာသွားလို့ပါ"

"ရယူရုံပဲလား၊ မပေးဆပ်တော့ဘူးလား"

"ဟာ ကျွန်မ မပြောတတ်သေးဘူး ကိုဝဏ္ဏရယ်၊ အမေကြည့်နေတယ်"

"အမေ့ကို ကျွန်တော့် ချစ်သူလို့ ပြောလိုက်တော့မယ်နော်"

"ဟုတ်ကဲ့"

ဝဏ္ဏသည် ပန်းခရေဦး၏ လက်ကိုမြဲမြံစွာ ဆုပ်ကိုင်ပြီး မိခင်အား ရင်ဆိုင်ရန် သွက်လက်သော ခြေလှမ်းများဖြင့် ဦးဆောင်ခေါ်ငင်လိုက်လေသည်။

ဒေါ်အေးညို လူငယ်နှစ်ဦး အားနားလည်စွာဖြင့် အပြုံးနှင့် ဆီးကြိုလိုက်လေသည်။

ပန်းခရေဦး၏ ရင်ထဲ၌ နွေးထွေးသွားလေသည်။ မိမိ ရွေးချယ်ခဲ့သောလမ်း မမှားဘူးဟု ထင်ပါသည်။ ရင်ထဲမှာတော့ ဆာသိမ့်သိမ့်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၂)

ပန်းခရေဦးကို မျက်နှာတစ်ချက်မှ အညိုးမခံပဲ ဝဏ္ဏသည် အရိပ်တကြည့်ကြည့်နှင့် ဂရုစိုက်ချစ်ခဲ့သည်။

ထို့အတူ ဒေါ်အေးညိုကလည်း ချွေးမဟူ၍ သဘောမထားပဲ သမီးရင်းချယ်ရီနှင့်မခြား ချစ်မေတ္တာ ထားခဲ့သည်ဖြစ်ရာ ပန်းခရေဦး ပျော်ရွှင်ခဲ့သည်။

ပန်းခရေဦး ရောက်သည့်နေ့မှ စ၍ ယနေ့တိုင်အောင် ဖခင်ဘက်မှ အဆက်အသွယ် လုံးဝမလုပ်ခဲ့ပါချေ။





သို့နှင့် ဝဏ္ဏသည် စုဆောင်းသမျှ ငွေလေးနှင့် ဘေးကပ်ခြံကိုပါ ဝယ်ယူပြီး စိုက်ပျိုးရေးကို တတ်နိုင်သမျှ တိုးချဲ့သည်။ အားလပ်သောအချိန်တွင် မြင်းလှည်းအငှားမောင်းလိုက်သေးသည်။ နှစ်နှစ်အကြာတွင် သားဦးလေး အာကာဦးကို မွေးဖွားခဲ့သည်။ သူတို့၏ ခြံလေးကိုလည်း မေတ္တာရိပ်မြုံ ဟုတတ်ခဲ့သည်။ ပညာရေး၌လည်း သူတို့နှစ်ဦးသည် အဝေးသင်ဖြင့် ဘွဲ့ရသည်အထိ ဖြေဆိုခဲ့သည်။

အိမ်ထောင်သက်တမ်း ငါးနှစ်ကျော် ခြောက်နှစ်နီးပါးအထိ တစ်ယောက်နှင့်တစ်ယောက် လေသံမာမာနှင့်ပင် မပြောဘူးကြချေ။ သူတို့သည် ရသမျှစုဆောင်းကာ စတော်ဗယ်ရီယိုနှင့် ကော်မန်းသီးများကို ကိုယ်တိုင်ထုတ်နိုင်စေရန် စီစဉ်ထားသည်။

ထိုလုပ်ငန်းအတွက် လေ့လာပြီးနှင့် လိုအပ်သော . . ဓာတ်စက်တစ်ဆိုက်မျိုးစုံကို ပန်းခရေဦးက မန္တလေးဆင်း ဝယ်ရန်ပြင်သည်။

"အစ်ကို ဆင်းဝယ်ပါ့မယ် ခရေရာ"

"ကျွန်မပဲ ဆင်းဝယ်ပါ့မယ် ကိုဝဏ္ဏရာ၊ အမေမှာတဲ့ဆေးနဲ့ ခေါက်ဆွဲထုပ်တို့ဘာတို့က ကိုဝဏ္ဏနေရာ သိတာလဲမဟုတ်ဘူး၊ ဒီမှာလည်း ဒီနေ့ပန်းမျိုးချ ရမယ်နေ့လေ၊ ဧည့်သည် ဖောက်သည်ကလည်း မှာထားတယ် မဟုတ်လား"

"ဒါဖြင့် ချယ်ရီ့ပါ ခေါ်သွားလေ"

ဝဏ္ဏသည် သူ့မိန်းမချောကို မျက်စိအောက်က အပျောက်ခံချင်သူ မဟုတ်ပေ။ ပန်းခရေဦးက ခင်ပွန်းသည်၏ ချစ်သည်းမှုကို နားလည်ကာ ရယ်မောလျက် မျက်စောင်း



www.burmeseclassic.com

www.burmeseclassic.com



ထိုးကာ. . .

"ဒီလိုဆို အစ်ကိုပဲ သွားတော့၊ အကို့ ကိုယ်စား ကျွန်မပဲ ရထားလုံး မောင်းမယ်၊ ပန်းစိုက်လိုက်တော့မယ်"

"အေးပါ မိန်းမရာ သွားပါ၊ ခင်ဗျားပဲ သွားပါ၊ အစ်ကို ဂိတ်ကို လိုက်ပို့ပေးမယ်"

ဒေါ်အေးညိုက ကိန္နရီ၊ ကိန္နရာမောင်နှံသဖွယ် တစ်နေ့ တာ နေ့ခင်းလေးခွဲဖို့အရေး အလွမ်းသည်နေသူတို့ကို. . .

"ကိုင်း သားရေ မင်းသည်းသည်း လှုပ်တာနဲ့ပဲ သမီး ခင်မျာ နေမြင့်သွားဦးမယ်၊ ကဲ. . ကဲ. . လိုက်ပို့လိုက်တော့ ငါ့မြေးမနိုးခင်၊ နိုးလာရင် လိုက်ချင်အုံးမယ်"

"ဟုတ်ကဲ့ အမေ"

နှစ်ဦးသားသည် ထုံးစံအတိုင်း ဘုရားရှိခိုး၊ မိခင် ကန်တော့ပြီး ရထားလုံးနှင့် အပြင်ထွက်ဟန် ပြင်လိုက်သည်

မြင်းကပေကပ်ကပ် လုပ်နေသဖြင့်. . .

"ဖွေ့သားကြီး ဒီနေ့ တစ်ခေါက်ထဲပါကွ ၊ ပြန်လာ မြက်နုနုလေးတွေ ကျွေးမှာပါကွာ၊ ဩော်. . အမေ သားနိုးလာ ရင်လေ ကျွန်တော် စောစောပြန်လာမယ်၊ သားကြိုက်တတ် ငှက်သိုက်မုန့်လည်း ဝယ်လာမယ်လို့ ပြောပေးပါ အမေ"

"ေအးပါကွယ် သွားသွား၊ ဘာမှ နောက်ဆံမတင်း ငါ့မြေး ငါနိုင်တယ်"

ဝဏ္ဏာနှင့် ပန်းခရေဦးသည် ရထားလုံး အမိုးပေါ်တ ကာ ယှဉ်တွဲထိုင်ပြီး လိုက်ပါသွားလေသည်။

"ခရေ"





"ကိုဝဏ္ဏာ ရှင် ဒီနေ့ဘာဖြစ်နေတာလဲ၊ မြူးနေတာပဲ"

"ဩော် အစ်ကိုတို့ စီးပွားရေးတခုခုကို လုပ်ဖို့ဆုံးဖြတ် လိုက်ကြပြီနော်"

"ဟုတ်တယ်လေ"

"ရေရှည် စီမံကိန်းအနေနဲ့ ကော်ဖီခြံ စိုက်ထားချင် သေးတယ်၊ အဲဒါအတွက် ရောင်းမယ့်မြေကွက်တွေရှိရင် ကြည့် ထားလိုက်နော် ခရေ"

"အစ်ကို ဘာဖြစ်လို့ ဒီလောက် အလောတကြီး ဖြစ်နေ ရတာလဲ"

"ဩော် အစ်ကိုတို့က သားတစ်ယောက်ထဲ ယူမှာမှ ဟုတ်တာ၊ ဒီလုပ်ငန်းလေး အစပျိုးပြီး အခြေခိုင်သွားတာနဲ့ သားသမီးနှစ်ယောက်လောက် လိုချင်တယ်၊ ခရေဆန္ဒကော"

ပန်းခရေဦးက ဝဏ္ဏာလက်မောင်းကို မှီတွဲကာ ပါးနှင့် ပွတ်လိုက်ပြီး. . .

"အစ်ကိုရယ်၊ အစ်ကို ဖြစ်စေချင်တာအားလုံး ဖြစ်စေရ မယ်၊ ကျွန်မလည်း အစ်ကိုဆန္ဒနဲ့ ထပ်တူထပ်မျှပါပဲ၊ ကျွန်မ ကြုံခဲ့ပြီး မဖြစ်ခဲ့ရတဲ့ အဖြစ်မျိုး သားသမီးတွေမှာ မဖြစ်စေ ချင်ဘူး"

"ဟုတ်တယ်၊ အစ်ကို ဒုက္ခရောက်ခဲ့သလို၊ အစ်ကို့ သား သမီးတွေမှာ မဖြစ်စေရဘူး၊ အဘက်ဘက်က ပြည့်စုံနေအောင် အစ်ကိုတို့ ဖန်တီးပေးကြရအောင်နော်"

"စိတ်ချပါ အစ်ကိုဝဏ္ဏာ၊ အစ်ကို ရှေ့သို့တည်တည့် လျှောက်ရင် ကျွန်မကလည်း နောက်ကဖဝါး ခြေရာထပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မှာပါ..ဟင် ”

ထိုစဉ် ရုတ်တရက် တောင်စောင်းပေါ်မှ ဆိုင်ကယ်တစ်စီး အရှိန်နှင့် ဆင်းလာသည်။ တိုက်မိမလို ဖြစ်သွားသည်။

ရုတ်တရက် မြင်းက ပတတ်ရပ်ကာ ဟီလိုက်ပြီး လမ်းဘေးသို့ ဆွဲပြေးသွားရာ..

“ဟဲ့..ဟဲ့..ဝုန်း..”

“...............”

ဝဏ္ဏ မထိန်းနိုင်တော့ဘဲ ချောက်ထဲသို့ ကျသွားလေသည်။ ချောက်က မနက်ရှိုင်း။ သို့သော် ကျောက်တုံးကျောက်ဆောင်များ ရှိနေသည်။

ကျခါနီး သတိရသဖြင့် ဇနီးဖြစ်သူကို အကာအကွယ်ပေးလိုက်သည် ထင်ပါသည်။ ပန်းခရေဦးကို ဖက်လျက်သား ဝဏ္ဏသည် ကျောက်စွန်းနှင့် ဦးခေါင်းဦးဆက် ထိသော ဒဏ်ရာဖြင့် ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။

ပန်းခရေဦးမှာလည်း ပိသောဒဏ်နှင့် ခင်ပွန်း သေဆုံးသည်ကို မြင်လိုက်ရသဖြင့် သွေးပျက်လုမတတ် စိတ်နှလုံး ထိခိုက်သွားသော ဒဏ်တို့ပေါင်းစပ်ကာ ခန္ဓာကိုယ်အောက်ပိုင်းလုံးဝလှုပ်ရှားမရပဲ အောက်ပိုင်းသေသွားခဲ့လေသည်။

ထိုနေ့မှစ၍ မေတ္တာရိပ်မြုံလေးမှာ ခြောက်သွေ့သွားခဲ့ပြီး ကျန်ရစ်သူတို့၏ နှလုံးသားမှာ တမြေ့မြေ့နှင့် သောကကြိမ်မီးအုံးသလို လောင်မြိုက်ခံလျက်ရှိသည်။





www.burmeseclassic.com





# အခန်း(၁၃)

လန်းဆန်း ရင်ထဲ ပေါက်ကွဲလုမတတ် နာကျင်လာသည်။ ခုံတန်းလျားလေးကို လက်နှစ်ဖက်ဖြင့် အားပြု တင်းတင်းဆုပ်ကိုင်ထားရင်း အကြောစိမ်းများ ထောင်ထလျက်ရှိသည်။

မျက်နှာမှာ နီစပ်စပ်ဖြစ်ကာ ထူပူလာသည်။ မျက်ရည်များပင် ရစ်ဝဲလာသည်။

"အမေရင်နာလွန်းလို့ တမင် မေ့မေ့ပျောက်ပျောက်ထားခဲ့တာ၊ ဒါပေမယ့် အချိန်တိုင်းပဲ အမေ့သားကြီးကို သတိရ





နေတယ်၊ သူလုပ်ချင်ခဲ့တဲ့ အိမ်တွင်းစီးပွါးဖြစ် လုပ်ငန်းလေးကို လုပ်ဖို့ကြံစည်တိုင်းပဲ ဝမ်းနည်းကြေကွဲပြီး သူ့ကို သတိရကြလွန်းလို့ မစဖြစ်ကြသေးဘူး"

"စိတ်မကောင်းပါဘူးအမေ၊ ကျွန်.. ကျွန်တော်.. ကိုဝဏ္ဏကိုယ်စား ဝိုင်းလုပ်ပေးပါ့မယ်၊ ကျွန်တော် ဂိတ်မှာစုံစမ်းခဲ့ပြီး အမေ ကျွန်တော့် ကားအငှား လိုက်မယ်၊ အဲ.. မနက်ပိုင်း အငှားထိုက်ပြီး ညနေပိုင်း အမေတို့ခြံမှာ ဝိုင်းကူပေးမယ်"

"ပင်ပန်းပါတယ် သားရယ်၊ အမေတို့ ကြီးပွါးချမ်းသာဖို့ ထိုချင်တော့ပါဘူး၊ မြေးလေး နောင်ရေးအတွက်နဲ့ ချယ်ရီ ကျောင်းစရိတ်အတွက်လည်း မက်မန်းပင်နှင့် သမီးကြီး လက်ထိုး ငွေတွေစုဆောင်းထားတယ်၊ ရာသီစားပင် ထွက်ကုန်တွေက စားစရိတ် ကာမိပါတယ်၊ ချွေတာလိုက်ရင် လျှုတောင်လျှုရသေးတယ်"

"ဘာပဲဖြစ်ဖြစ် ငွေဆိုတာ အခွင့်အလမ်း လေးပေးရင် ပေးသလို ရှာဖွေထားနိုင်တာ အကောင်းဆုံးပါပဲအမေ၊ ကျွန်တော် ကူညီပါ့မယ်၊ ကျွန်တော့်မှာ အများအယွင်းရှိရင်လဲ ဆုံးမပါအမေ"

ရင်မှ လှိုက်လှိုက်လှဲလှဲ ဖြစ်ပေါ်လာသော စေတနာစိတ်ဖြင့် လန်းဆန်း ပြောလိုက်သည်။

ကိုဝဏ္ဏသည် သူတော်ကောင်း ဖြစ်သည်။ အရက်မသောက် ဖဲမရိုက်ဘဲ ရိုးသားကြိုးစားရှာဖွေ၍ မိသားစုကို လုပ်ကျွေးနေသော ယောကျ်ားကောင်း တစ်ယောက်ဖြစ်သည်။

ထိုလူအတွက် ပေးဆပ်မှုများကို မိမိသည်လည်း ရိုးသား



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားစွာဖြင့် ရှာဖွေသင့်သည်။

"သားက ပြောပါဆိုလို့ အမေ တစ်ခုတော့ ပြောချင်တယ်သား"

"ဟုတ်ကဲ့"

"သား အင်ဂျင်နီယာဘွဲ့ကို ဖြေထားတဲ့ လူဆို"

"ဟုတ်ပါတယ်"

"အဲဒီဘွဲ့ရရင် သားဘာလုပ်နိုင်သလဲ"

"အမေ နားလည်အောင် ပြောရရင် လမ်းတံတားတွေ စက်ရုံကြီးတွေ၊ အဆောက်အအုံတွေ တည်ဆောက်ပေးနိုင်ပါ တယ် "

"အဲဒီလို အတတ်ပညာမျိုး တတ်တဲ့ လူတစ်ယောက်ထ အင်း. . အုတ်တစ်ချပ် သယ်နိုင်သူဟာ သဲတစ်ပွင့်ပဲ သယ်တော့ မှာလား သား၊ နိုင်ငံအတွက် မနစ်နာပေဘူးလား"

လန်းဆန်း အံ့ဩသွားသည်။ ကြက်သီးမွေးညင်းထ လေးများ ထောင်ထသွားအောင် ရင်ဝယ်ခံစားမှု တစ်ရပ်ဖြ ထွန်းသွားသည်။

ဒေါ်အေးညိုကို လေးစားကြည့်ညိုစွာ ကြည့်လိုက်သည် ဒေါ်အေးညိုက လန်းဆန်းအား နားလည်စွာ ပြုံးပြလိုက်သည်

"စိုက်ပျိုးရေး လုပ်ငန်းကို တောင်ယာထဲမှာ မြေကြီး မှာ ကြီးလာတဲ့ အမေ့ပါးစပ်နဲ့ အုပ်ချုပ်ရုံနဲ့ လုပ်သွားနိုင်ပါတ သားရောက်လာတော့ အမေတို့ထက် တိုးတက်အောင် ဆောင်ပေးနိုင်တယ်ထား၊ ဒါ အမေတို့ မိသားစုအကျိုးပဲ"

"မြေကြီးကရလာတဲ့ အသီးအပွင့်တွေကလည်း နိုင်ငံ





နိုင်ငံသားတွေအတွက်ပဲ မဟုတ်ဘူးလား"

"စိုက်ပျိုးသူရှိလို့ စားသုံးနိုင်တယ် ဟုတ်ပါတယ်၊ ဒါ ကြောင့် တောင်သူဦးကြီး တွေဟာလည်း နိုင်ငံရဲ့ ကျေးဇူးရှင်ပဲ၊ ဒါပေမယ့် သားတတ်တဲ့ အတတ်ပညာက လူတိုင်းမတတ်နိုင် ဘူး၊ အမေ ထပ်ပြောချင်တာက လူမှန်နေရာမှန်နဲ့ နိုင်ငံအတွက် အလုပ်လုပ်ပါလား သား၊ အမေတို့ဆီ သားအလုပ် မရခင်ထိ နေပါ၊ သား အောင်စာရင်းထွက်ပြီး လိုအပ်တဲ့နေရာက အလုပ် ခေါ်လာရင် လျှောက်ပါ၊ သားနဲ့ အပ်စပ်ဆီလျော်တဲ့ နေရာမှာ အလုပ်လုပ်ပါ၊ ဒါ အမေ့ဆန္ဒဖြစ်သလို သားမိဘတွေရဲ့ဆန္ဒ လည်း ဖြစ်မှာပါ"

"ဟုတ်ကဲ့ အမေ၊ သား အမေ့စကား နားထောင်ပါ့မယ်"

"အမေ့စကားထက် အနန္တောအနန္တ ငါးပါးရဲ့ စကားကို ပိုပြီး နားထောင်သင့်ပါတယ်သား"

မိဘက နှင်ချလိုက်သဖြင့် ဆင်းလာပါသည် ဆိုသော သူကို ပညာရှိဆန်စွာ သတိပေး ဆုံးမခြင်းကြောင့် သူ သဘော ပေါက်မိလေသည် ဖြစ်ရာ. . .

"ကျွန်တော့် မိဘများဆီ အကျိုးအကြောင်း စာရေးပြီး အကြောင်းပန်ထားပါ့မယ် အမေ၊ လောလောဆယ်တော့ ကျွန်တော့်ကို နေခွင့်ပေးပါ၊ ကျွန်တော် အလုပ်လုပ်ကြည့်ချင်ပါသေးတယ်"

ဒေါ်အေးညိုက သက်ပြင်းချကာ ခေါင်းညိတ်လိုက် သည်။

မခေါ်ပဲနှင့် ရောက်လာသော ဧည့်သည်ဖြစ်သော်ငြား နေခွင့်ရက်ချေ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သစ်လုံးအိမ်လေးဘက် သွားလိုက်အုံးမယ် အမေ"

"အေး. . အေး. . စမ်းချောင်းထဲလဲ မဆင်းနဲ့ဦးနော် သား၊ နေကောင်းပြီးခါစ အအေးမခံနဲ့"

"ဟုတ်ကဲ့"

"ဦးဦး သားလည်း လိုက်မှာနော်"

လန်းဆန်း ခြေလှမ်း လှမ်းလို့မှ သုံးလေးလှမ်း မရောက်သေး၊ အာကာဦးက လှမ်းပြောကာ အပြေးအလွှား လိုက်လာသည်။

"ဦးဦး ဖေဖေ့လို သားကို မယ်ဒလင် တီးပြပါလား"

"ဦးဦးမှ မယ်ဒလင် မတီးတတ်တာ"

"ဦးဦးကားထဲမှာပါတဲ့ ဂီတာတီးပြလေ"

"အင်း ပြန်ယူရမှာ ပျင်းတယ်၊ ညရောက်မှ တီးပြမယ် အိမ်လေးကို သွားရှင်းထားမယ်ကွာ၊ ညရောက်တော့ ဂီတာ လာတီးမယ်"

"ဖေဖေလည်း ဒီအတိုင်းပဲ ဦးဦးရ၊ သားအိပ်ပြီဆိုရင် မေမေ့ကိုခေါ်ပြီး ဒီအိမ်လေးကို လာပြီး မေမေ့ကို မယ်ဒလင်တီး ပြတယ်၊ သားက ဘယ်ရမလဲ၊ အိပ်ချင်ဟန်ဆောင်ပြီး နောက်ကနေ တိတ်တိတ်လေး လိုက်သွားတာပေါ့၊ ပြီးတော့ သွားရှုပ်ပစ်လိုက်တယ်"

အာကာဦး စကားကြောင့် လန်းဆန်း ရင်နာရပြန်သည်။ မိသားစု၏ ချစ်ခြင်းနှင့် တည်ဆောက်ထားသော မေတ္တာကမ္ဘာလေးတစ်ခု ဖျက်ဆီးမိလိုက်ပြန်သည်။ နောင်တရ၍ မဆုံးနိုင်





အောင် ဖြစ်မိသည်။

"ဟင်. . ရှင်းလို့ပါလား"

"လေးလေး ရှင်းခိုင်းလိုက်တာ ထင်တယ်"

ချယ်ရီက မိမိကို မလိုလားမှန်း သိသည်။

"မင်းဦးဦးနဲ့ လိုက်မနေပါနဲ့ကွာ၊ မင်းလိုက်မနေရင် ဦးဦးဒီမှာ လွတ်လွတ်လပ်လပ် နေလို့ရတယ်ကွ"

"ဦးဦးကလည်း သားလည်းယောက်ျားပဲ၊ ဦးဦး ဒီမှာနေရင် သားလည်းလိုက်နေမှာပေါ့"

"မင်းကိုတော့ လက်မြှောက်ပါတယ် ဆရာရယ်"

လန်းဆန်းက အိမ်လေးပေါ်သို့ တက်လိုက်သည်။

ပိုးမျှင်အိမ်များ ရှင်းလင်းထားပြီး ဖြစ်သည်။ ကြမ်းလည်း ဆေးကြောထားသည်။

ကြိမ်ကုလားထိုင် နှစ်လုံးနှင့် ကြိမ်စားပွဲဝိုင်းလေး ရှိသည်၊ ကွပ်ပျစ်ခုတင် တစ်လုံးလည်း ရှိသည်။

"ဒီမှာနေရရင် အေးအေးဆေးဆေးပဲ"

"နေပေါ့ ဦးဦးရ"

"မင်းမလိုက်ရင် နေလို့ရတာပေါ့၊ မင်းလိုက်ရင်သာ"

"ဦးဦးက သားကိုပဲ အပြစ်တင်နေ၊ သားကဦးဦးကို ချစ်တာကိုး၊ ဦးဦးနဲ့ နေချင်တာပေါ့"

ကလေးရဲ့ တွယ်တာလာမှုကို လန်းဆန်း အံ့ဩသွားသည်။

ဖခင်မဲ့တော့ ဖခင်ကိုယ်စား ခင်တွယ်လာခြင်းသည် အဆန်းတော့ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



"သား ဖေဖေနဲ့မေမေ ဘယ်သူ့ကို ပိုချစ်သလဲ"

"နှစ်ယောက်စလုံး"

"မင်းကလူလည်ပဲ၊ မင်းလေးလေးကိုကော"

" ချစ်ပါတယ်၊ ဦးဦးကကော "

"ဟေ. . ဘာမေးတာလဲ"

"လေးလေးကို ချစ်သလားလို့"

လန်းဆန်းက. . .

"ဟာကွာ. . ပေါက်ကရ မေးပြန်ပြီ၊ သူက ဦးဦး ညီမ ပါကွာ၊ မပြောကောင်းဘူး ငရဲကြီးတတ်တယ်"

"မဟုတ်ပါဘူး ဦးဦးမညာနဲ့၊ ဖေဖေနဲ့လေးလေးသာ မောင်နှမ"

" ထားပါတော့၊ မင်းလေးလေးက ဘယ်နှတန်းလဲ"

"ဆယ်တန်း ဖြေထားတယ်"

"ချာတိတ်လေး ရှိသေးတာပဲ"

"သားလဲ ချာတိတ်ပဲ"

"ဟုတ်တယ် မင်းလည်း ချာတိတ် ၊ မင်းလေးလေး ချာတိတ်"

"ဦးဦးက လူကြီးလား"

"အင်း. . လာ. . လာ ပြန်စို့၊ ညနေ ထမင်းစားပြီး မီးအိမ်ရယ်၊ ဂစ်တာရယ် ယူပြီး အပြတ်ခံစားပစ်မယ်"

"အိုကေ"

လန်းဆန်းက ချစ်စဖွယ် အမူအရာနှင့် လုပ်ပြလို သော အာကာဦးကို ချစ်ခင်စွာ ခေါင်းလေးတစ်ချက် ပုတ်လို





ပခုံးပေါ် ထမ်းကာ ပြန်ခဲ့လေသည်။

စမ်းရေစီးသံလေးနှင့် သစ်ရွက်လေတိုးသံလေးများက သဘာဝ၏ ဂီတသံနှယ် လွမ်းဆွတ်ဖွယ်ရာ သီကျူးလျက်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၄)

"ဝုန်း"

"ဟင် ဘာဖြစ်ပါလိမ့်"

လန်းဆန်း အိပ်ရာမှ လန့်နိုးသွားသည်။ ကွပ်ပျစ်ပေါ်က ဆင်းလိုက်သည်။ ကြမ်းထက်ဝယ် လဲနေရာမှ တစ်ခုခု အားပြုကာ ထရန်ကြိုးစားနေသော ပန်းခရေဦးနှင့် မလှမ်း ကမ်းထောင့်တွင် သွားကပ်နေသော လက်တွန်းလှည်းကို ရှေ လိုက်ရသည်။





"နာသွားသေးလား မခရေ"

မျက်နှာဖြူဖပ်ဖြူရော်နှင့် မျက်ရည်များ ရစ်ဝဲနေသော ပန်းခရေဦးအနီး ဒူးထောက်ကာ သူမေးလိုက်သည်။

"ရပါတယ် ဘာမှမဖြစ်ဘူး၊ အရှည်ကြီးကိုသာ ခေါ်ပေး ပါ"

"ကျွန်တော် တင်ပေးပါ့မယ်"

လန်းဆန်းက ဆက်ခနဲ ပွေ့ချီပြီး ကုလားထိုင်ပေါ် တင် ပေးလိုက်သည်။

ပန်းခရေဦးသည် သူ၏ လက်မြန်ခြေမြန်ရှိမှုကို ထိတ် သန့်သွားသည်။ ပတ်ဝန်းကျင်က အထင်အမြင် လွဲမှားသွားမှာကို စိုးရိမ်သည်။

သို့သော် အခြေအနေက သူမည်သို့မှ မဟန့်တားနိုင်မီ ပြီးဆုံးသွားလေသည်။ ဘီးတပ်ကုလားထိုင်ပေါ်၌ သူ နေသား ကျ ဖြစ်သွားသည်။

"ကျေးဇူးပြုပြီး ကျွန်မကို ချည်လုံးလေး ကောက်ပေးပါ လန်းဆန်း၊ လိမ့်ကျသွားလို့ လှမ်းအဖမ်းမှာ လူပါလိမ့်ကျသွား တာ"

လန်းဆန်းက ချည်လုံးကို ကောက်ပေးပြီး အိပ်ရာသိမ်း လိုက်. . .

"ဒီနေ့ သိပ်နောက်မကျဘူး ထင်တယ်၊ ခုမှ ခြောက်နာ ရီ ရှိပါသေးတယ်"

"အမေတို့ကော"

"ခြံထဲဆင်းသွားပြီ၊ ဩော် ရှင့်ကို ဝီလီက လိပ်စာ လာ



www.burmeseclassic.com

www.burmeseclassic.com



ပေးထားတယ်၊ အဲ့ဒီလိပ်စာအတိုင်းသွားပြီး မန္တလေး ပို့ပေးလိုက်ပါတဲ့၊ အပြန်အတွက် ခရီးသည်ကိုလည်း မန္တလေးက အဲဒီလိပ်စာနှင့် ဆက်သွယ်ပါတဲ့"

လန်းဆန်း ဝမ်းသာသွားသည်။

"ကျေးဇူးပဲ၊ ကျွန်တော် အခုပဲ သွားပါမယ်"

"စားသောက်ပြီးမှ သွားပါ၊ ခုနှစ်နာရီခွဲ ဆိုတော့ အချိန်ရပါသေးတယ်"

လန်းဆန်းက သွက်လက်စွာဖြင့် ကိုယ်လက်သန့်စင်ပြီး အသင့်ပြင်ဆင်ထားသော ကြာဇံကြော်နှင့် ကော်ဖီကို သောက်ပြီး ပန်းကန်ဆေးလိုက်သည်။

"ထားလိုက်ပါ လန်းဆန်း. . ရှင်သွားတော့၊ လမ်းက မရှာတတ်ရင် မေးမြန်းသွားရဦးမှာဆိုတော့ ခုလောက်ထွက်မှ ဖြစ်မှာ"

လန်းဆန်းသည် လက်သုတ်ပြီး. . .

"သွားတော့မယ်"

"လန်းဆန်း"

သူ နောက်သို့ လှည့်ကြည့်လိုက်သည်။

"ဘုရားရှိခိုး သွားဦးလေ"

လန်းဆန်းက ပြုံးလိုက်သည်။ သို့သော်. . ပန်းခရေဦး အလိုကျ ဘုရားကို ဦးသုံးကြိမ်ချပြီး ထွက်ဟန်ပြင်လိုက်သည်။

"အတက်အဆင်း သတိထား မောင်းနော်၊ အတက်ကားကို ဦးစားပေးရမှာ ရှင်သိပါတယ်နော်၊ ကဲ. . သွား. . သွား"

မိမိနှင့်ရွယ်တူ ကြီးလှလပိုင်းလောက်သာရှိသော မိန်းမ





ဆစ်ယောက်က ဆရာလုပ်နေသည်ကို သူ သဘောကျစွာ ပြုံးပြလိုက်မိသည်။ ပန်းခရေဦးက မိမိထက်ဝါကြီးတာပဲဟု သဘောကျစွာ တွေးတောပြုံးလိုက်မိရင်း ကားကို အသာမောင်း ထွက်လိုက်လေသည်။

ပန်းခရေဦး သက်ပြင်းချလိုက်သည်။

လန်းဆန်းကားလေး မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ ငေးလိုက်မိသည်။

"မမကြီး"

"ဘာလဲ အရှည်ကြီး"

"ဧည့်သည်ကော"

"သွားပြီ"

"ကိုဝိလီ ပြောထားတဲ့ ကိစ္စလား"

"အင်း"

"အမေ နိုးခိုင်းလို့ မမကြီး ဘာလိုသေးလဲ"

"မလိုတော့ပါဘူး၊ စောစောကတောင် ချည်လုံးကျလို့ ထွန်းကောက်ဖို့ ကြိုးစားတာ ပြုတ်ကျသွားလို့ ဧည့်သည်နိုးပြီး ပြန်တင်ပေးသွားတယ်"

အရှည်ကြီးထံမှ တခိခိရယ်သံ ထွက်လာသည်။ ကျောခိုင်းထားရာမှ ပန်းခရေဦးက ဘီးကိုလှည့်ပြီး အရှည်ကြီးကို ရင်ဆိုင်လိုက်သည်။ အရှည်ကြီး၏ မချိမချဉ် မျက်နှာကြောင့်. . .

"ဘာရယ်တာလဲ အရှည်ကြီး"

"အဟဲ ဧည့်သည်က မမကြီးကို ဘယ်လိုတင်ပေးသလဲ"

"ဘယ်လိုတင်ပေး ရမှာလဲ၊ ချီပြီး တင်ပေးတာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ဒါရယ်စရာလား၊ နင့်ကို ခေါ်ခိုင်းသေးတယ်၊ သူက နင်အလု ပျက်မှာစိုးလို့ သူလဲရှိနေတာပဲဆိုပြီး တင်ပေးသွားတာ၊ ကဲ.. သွား. . သွား. . လုပ်စရာရှိတာ သွားလုပ်တော့ အရှည်ကြီ သားကော"

"စတော်ဗယ်ရီခင်းထဲမှာ သူအဘွားနဲ့၊ လက်ကျန်သ မို့လို့လား မသိဘူး၊ လိုချင်ကြတဲ့ လူတွေ"

အရှည်ကြီးက ပြောပြောဆိုဆို ပြန်ထွက်သွားေ သည်။ အရှည်ကြီးက ရူးသလိုလို ပေါသလိုလိုနှင့် မိမိအား လ ဆန်းနှင့် စချင်သည်။ မိမိက မျက်နှာထားတည်တည်နှင့် ဟ တားထား၍သာ ဘာမှမပြောရဲ၊ မစရဲခြင်း ဖြစ်သည်။

မိသားစုဓာတ်ပုံကို မော့ကြည့်လိုက်သည်။ ကိုဝဏ္ဏ တည်ကြည်စွာဖြင့် ပြုံးပြနေသည်။

ပန်းခရေဦးရင်ထဲ နာကျင်လာသည်။ နှလုံးသား ထိရှလာပြီး မျက်ရည်များ ရစ်သိုင်းဖွဲ့ ဝင်လာသည်။

ရထားလုံးကို ထိမ်းမရသည့်အဆုံး ချောက်ထဲအ တွင်တောင် မိမိမနာကျင်စေဖို့ သတိထားကာ ဆွဲဖက်ပြီး သ ကျောနှင့် အကျခံခဲ့သူ ခင်ပွန်းအပေါ် သေသည့်တိုင်အော သစ္စာသွေဖည်ဖို့ မိမိမစဉ်းစားပါ။

မိမိ နှလုံးသားတွင် ကိုဝဏ္ဏတစ်ယောက်တည်းသာ







# အခန်း(၁၅)

"မြတ်နိုးသူရယ် ချစ်မိုးရွာခဲ့တယ်. . ဘုံကြိုးပြတ်တဲ့ ဓေဝီနတ်မျိုးနွယ်. . . ဩော်. . မျက်မာန်တော် မညှိုးပါနဲ့. . ကိုးသူ စောင့်စားလို့သာ. . မောင့်မှာနေမိတယ်. . ခင်ပျို လှုရယ်. . ပင်ကိုယ်လှတယ်. . သနားစိတ်နဲ့ ချစ်စမ်းပါကွယ် နှာကလေး. . ထာဝစဉ် မောင်ငေးကာ နေမိတယ်. . ."

ကိုဝဏ္ဏ၏ ချစ်မိုးရွာသီချင်းသံနှင့်အတူ မယ်ဒလေသံပါ းယောင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆက်ခနဲ လန့်နိုးလာသည်။ သီချင်းသံလား၊ ရေစီးသံလား၊ သစ်ပင်ပြိုသံလား၊ လေထန် မိုးထန်သံလား။

အိပ်မက်လား၊ သစ်လုံးအိမ်လေး၌ ကိုဝဏ္ဏဆိုပြနေပြီ သီချင်းသံလေး. . .

အတန်ကြာမှ အနေအထားမှန်ကို ရိပ်မိသွားသည်။

မိုးသည်းထန်စွာ ရွာသွန်းနေသည်။ တနေ့လုံး ပြင်းထန်ခဲ့သော အပူသည် နိဂုံးချုပ်သွားပြီး ကဆုန်မိုးတို့ အင်နှင့်အားနှင့် ဝင်ရောက်လာပြီ ထင်ပါသည်။

ညနေက ဂီတာတစ်လက် အရေးပေါ် မီးအိမ်နှင့် ထွက်သွားသော လန်းဆန်းနောက် သားက ပါသွားသေး၊ မိုးက သည်းသည်းနှင့် မိမိအိပ်သွားသည်အထိ ပြန်မလာသေးသည်ကို သတိရမိကာ. . .

"အရှည်ကြီး. . အရှည်ကြီး ထစမ်း"

"အင်း. . . ဘာလဲ မမကြီး"

"သားနဲ့ ဧည့်သည်ကို သွားကြည့်စမ်း ပြန်ရောက်ပြီလားလို့"

"အင်း"

အရှည်ကြီးက အိပ်မှုန်စုံမွှားနှင့် ထွက်သွားသည်။

ဒေါ်အေးညိုပါ နိုးလာသည်။

ဧည့်ခန်း ခြင်ထောင်တင်ထားသည့် အိပ်ရာက ပြင်ဆင်ထားသည့် အတိုင်း အရာမယွင်းချေ။

"ဟင် မရှိကြပါလား"

"ဘုရား. . ဘုရား၊ သွားစမ်း အရှည်ကြီး မြန်မြန်လိုက်





အချိန် တောင်ကျရေက အရှိန်ပြင်းတတ်တယ်၊ အဟွတ်. . အဟွတ်"

ဒေါ်အေးညို အသံကြောင့် ပန်းခရေဦး ခေါင်းနားပန်းကြီးသွားသည်။ ချယ်ရီပါ နိုးလာကာ ထီးဆွဲပြီး နှစ်ယောက်သား ပြေးထွက်သွားကြသည်။

ဒေါ်အေးညိုကလည်း ယောက်ယက်ခတ်လျှက်. . .

"ဝေါ. . ဝေါ. ."

"ဘုရား. . ဘုရား၊ တောင်ကျရေဆင်းသံ ထင်တယ်"

ဒေါ်အေးညိုသည် မနေသာပဲ ခမောက်ဆောင်းကာ ပြေးသွားလေသည်။

ပန်းခရေဦးက တစ်ကိုယ်လုံး နတ်ဝင်သည့်အလား တုန်ဆင်လာသည်။

"သား. . သား. ."

အညာဒေသ၏ တောင်ကျရေ ဝေါခနဲ လိမ့်ဆင်းလာမှုကို တွေ့မြင်ဖူးထားသော ပန်းခရေဦးသည် တောင်ကျရေ၏ ကြောက်မက်ဖွယ်ရာ အရှိန်ပြင်းမှုကို သိထားသည်ဖြစ်ရာ စိုးရိမ်ပူပန်မှုဖြင့် တုန်လှုပ်လျက်ရှိသည်။

ကြောက်မက်ဖွယ်ရာ အသံကြီးက သေမင်းခေါ်သံအလား ရှိနေရာ. . .

ပန်းခရေဦးမှာ မျက်ရည်သွင်သွင် ကျဆင်းလာပြီး. . .

"သား. . သား. ."

အသံနက်နှင့် ကြုံးအော်ကာ ခုတင်ပေါ်မှဆင်း၍ ပြေးသွားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆူညံသံတွေ ကြားနေရသည်။ တဝေါဝေါ တဝုန်းဝုန်းနှင့် လေသံ. . မိုးသံ. . ရေသံတွေ။

ဘာဖြစ်နေပြီလဲ၊ ကမ္ဘာပျက်သွားတာလား။

အိမ်မက်လား။

မဟုတ်နိုင်ဘူးလား။ သားနှင့်ညွှဲသည် သစ်လုံးအိမ်လေးဘက် ထွက်သွားကြတာ သူသေချာသိသည်။ မြင်သည်။

ခုထက်ထိ ပြန်မရောက် သေးဆိုတော့။

ပန်းခရေဦး၏ ပူပန်မှုက ငယ်ထိပ်ကို မြွေပေါက်သည့်အလား ထူပူကာ ခုတင်ပေါ်မှ ခဲရာခဲဆစ်ဆင်းပြီး ပြေးထွက်ခဲ့သည်။

လျှက်စီးလက်တာလား၊ မီးရောင်လား၊ လူအုပ်တွေလား၊ ဘာကိုမှ သဲသဲကွဲကွဲ မမြင်၊ မိုးသီးမိုးပေါက်များက သူ၏အမြင်အာရုံကို မှုန်ဝါးစေရန် ဝါးမျိုလျက်ရှိသည်။

"သား. . သား. . သား"

တစ်စုံတစ်ခုကို တိုက်မိပြီး ဟတ်ထိုးလဲသွားသည်။

ရင်မှာ အောင့်တက်သွားသည်။

ထရန် အားယူစဉ် ခေါင်းသည် မူးဝေကာ ကမ္ဘာမြေကြီးသည် ချာချာလည်သွားလေတော့သည်။







# အခန်း(၁၆)

ထုံးစံအတိုင်း မက်နေကြအိမ်မက်ဆိုးကြောင့် သူလန့်သာသည်။

သဲသဲမဲမဲနှင့် အငြိုးမာန်ဟုန်ပြင်းစွာ သဲသဲမဲမဲ ရွာသွန်းသောမိုးများကြောင့် ဂီတာတီးပြီး ခေတ္တအနားယူ လဲလျောင်း အာကာဦးအနားတွင် လန်းဆန်း အိပ်ပျော်သွားခဲ့သည်။ ဝုန်းဒိုင်းရွာအကျတွင် သူနိုးလာပြီး အာကာဦးကို ထမ်း မိုးထဲရေထဲ စိုချင်စိုပါစေ ပြန်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



စာတွေ့အရ ရေအလျင် ပြင်းထန်မှုကို သူနားလည်သည်။ စမ်းချောင်းတည်နေပုံကို သူလေ့လာပြီးပြီ။ တောင်ကျချောင်း အမျိုးအစား ဖြစ်သည်။

တောင်ကျ စမ်းချောင်းနံဘေးကပ်၍ တည်ဆောက်ထားသော သစ်လုံးအိမ်လေးကို သူစိတ်မချ၍ ပြန်လာစဉ် လမ်းတစ်ဝက်၌ ဝေါခနဲ အသံနှင့်အတူ ရေလှိုင်းလုံး ဖွေးဖွေးကြီးသည် စမ်းချောင်းတစ်လျှောက် အရှိန်အဟုန်ပြင်းစွာ ဖြတ်သန်းသွားသည်။ သွားရာတစ်လျှောက် မြစ်ကမ်းနံဘေး၌ သစ်ပင်ဝါးပင်များနှင့်အတူ သူနှင့်ကလေး စောစောက နားခိုအိပ်ပျော်ခဲ့သော အိမ်တိုင်လုံးများကျွတ်ကာ ပါသွားလေသည်။

လန်းဆန်းနှင့် အာကာဦးသည် ထိတ်လန့်တကြား ဖေ နေမိသည်။

"ဘုရား . . ဘုရား . . ကံကောင်းလို့ သားရယ်"

"ဦးဦး . . ဂီတာလေး ပါသွားပြီ"

ထိုစဉ် . . .

ချယ်ရီနှင့် အရှည်ကြီး ရောက်လာပြီး . . ချယ်ရီက . .

"သား . . သားရယ်"

သူ့ထံမှ အာကာဦးကို အငမ်းမရ ပွေ့ချီကာ နမ်းရှိုက်လိုက်သည်။

"ကံကြီးလို့ သားရယ်"

ဒေါ်အေးညိုပါ ရောက်လာသည် ။ သဲသဲမဲမဲ ရွာသွန်းနေသောမိုးကို ထီးတို့ခမောက်တို့ မကာကွယ်နိုင်ပဲ တကိုယ်လုံး စိုရွှဲနေကြသည်ဖြစ်ရာ ဒေါ်အေးညိုက . . .





"ကိုင်း . . လာကြ . . လာကြ၊ အိမ်အမြန် ပြန်ကြ . . ၊ ဘုရားမလို့ ခြန်းချင်းတွေလည်း အသက်ချမ်းသာရာ ရကြပါစေ"

အားလုံး တိတ်ဆိတ်စွာ ပြန်ခဲ့ကြလေသည်။ ကြောက်မက်ဖွယ်ရာ သဘာဝဘေး အန္တရာယ်ဆိုးကို မျက်မြင်ဒိဋ္ဌ ကြုံတွေ့လိုက်ရသဖြင့် လန်းဆန်းပင်လျှင် ယောက်ျားတန်မဲ့ တုန်လှုပ်မိလေသည်။

အိပ်မက်ဆိုးကိုပင် ကျေးဇူးတင်ရမလို ဖြစ်သွားသည်။ အိပ်မက်ဆိုးကြောင့် သူလန့်နိုးခဲ့သည်။ လန့်အနိုး၌ ရေအင်အားများသော မိုးကြီးမှုကို သတိရလိုက်သည်။ မိမိနေရာ၏ မလုံခြုံမှုကို ချက်ချင်းခေါင်းထဲရောက်လာပြီး တွေဝေမနေပဲ ထပြေးခဲ့သည်။ ဘုရားတရား၏ ဂုဏ်ကျေးဇူးတော်ပေပဲဟု သူတွေးမိလိုက်သည်။

ထိုစဉ် သူတို့နှင့် ရှေ့တည့်တည့်၌ လူရိပ်တစ်ခု လဲပြိုသွားသည်။

အာကာဦးက ချယ်ရီ ပိုးထားသဖြင့် လက်လွတ် ဖြစ်နေသော သူသည် လဲပြိုသွားသော လူရိပ်ရှိရာသို့ ပြေးကြည့်လိုက်သည်။

"ဟင် . . မခရေ"

သူအံ့အားသင့်စွာ ပွေ့ချီလိုက်သည်။ သတိလစ်နေသည်။

မိုးထဲရေထဲ မည်သူ့အကူအညီဖြင့် ဒီရောက်လာသလဲ၊

"ဟင် သမီးကြီး၊ ဘယ်လိုရောက်လာသလဲ"

ဒေါ်အေးညိုမှာ တအံ့တသြ ဖြစ်သွားသည်။ သူနောက်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးမှ အိမ်ထဲကထွက်ခဲ့သည်။ ချယ်ရီကော အရှည်ကြီးကော ထီးနှင့် လက်နှိပ်ဓာတ်မီးဆွဲကာ အရင်ပြေး ထွက်သွားကြသည်။

"ခေါ်ခဲ့သား. . ခေါ်ခဲ့"

လန်းဆန်းက သတိလစ်နေသော မခရေကို ပခုံးပေါ် ထမ်းကာ ခေါ်ခဲ့လေသည်။

"မေမေ ဘယ်လိုလုပ် ရောက်လာသလဲ၊ မေမေ့ ကုလား ထိုင်ကော "

"ဘယ်လိုလုပ် ရောက်ရမှာလဲ၊ လမ်းလျှောက်လာလို့ ရောက်တာပေါ့"

ချယ်ရီက အာကာဦးကို ပြန်ပြောလိုက်သည်။

"ဟင်. . မေမေက လမ်းမှမလျှောက်နိုင်တာ"

ဒေါ်အေးညိုက. . .

"သားဇောနဲ့ လျှောက်နိုင်သွားတာပေါ့ မြေးရယ်၊ မြေး အမေက မြေးအတွက် အရမ်းစိုးရိမ်ပြီး သူ့လက်ရှိအနေအထား ကိုမေ့ပြီး ပြေးထွက်ခဲ့လို့ ဖြစ်မှာပေါ့"

သို့နှင့် အိမ်ထဲသို့ ရောက်ခဲ့ကြသည်။

"သူ့အိမ်ခန်းထဲသာ တစ်ခါတည်း ခေါ်သွားလိုက်တော့ အရှည်ကြီး နှင့်မမကြီးကို အဝတ်အစားတွေ မြန်မြန်လဲပေးလိုက် ပြီးရင် နွေးနွေးထွေးထွေး ထားလိုက်"

"ဟဲ့. . ချယ်ရီ သမီး၊မြေးကို မြန်မြန်အဝတ်လဲပေးလိုက် လေ"

"အမေ. . အမေ သူများကိုပဲပြောနေ၊ အမေ့ကိုယ် အမေ အရင်လုပ်၊ အအေးမိပြီး ရောဂါပြန်ထနေဦးမယ်"





လန်းဆန်းက ပန်းခရေဦး အိပ်ခန်းထဲမှ ထွက်ခဲ့ပြီး သူ့ အိပ်ထားရာ အိမ်ရှေ့ဘက်သို့ လျှောက်သွားပြီး အိတ်ကို ဆွဲယူ သော အဝတ်စိုများကို လဲလှယ်လိုက်သည်။

ရေစိုနေသော ခေါင်းကို မျက်နှာသုတ်ပဝါနှင့်သုတ်ရင်း

"အမေ၊ ကျွန်တော် ဆရာဝန် သွားပင့်ဖို့ လိုသေးလား"

"ဒီလောက် မိုးသဲသဲနဲ့ သန်းခေါင်ကျော်နေပြီ သားက ဘယ်က ဆရာဝန်ကို သွားရှာပြီး သွားပင့်မှာလဲ"

"အမေ ကုနေကျ ဆရာဝန်ကော"

"မြို့ထဲမှာ သားရဲ့၊ နေပါစေ ခဏနေရင် သတိရမှာပါ၊ စိတ်လန့်ပြီး သတိလစ်သွားတာပါ၊ စိုးရိမ်စရာ မရှိပါဘူး၊ အ သက်ရှူလည်း မှန်နေတာပဲ ၊ သွေးလှည့်ပတ်မှုလည်း မှန်တယ်"

လန်းဆန်း တိတ်တခိုး သက်ပြင်းချလိုက်မိသည်။ အ [illegible]က အကောင်းဖြစ်မလားဟု သူမျှော်လင့်မိသည်။ ပန်းခ ရေဦးကို လူကောင်းပကတိကဲ့သို့ သူမြင်ချင်သည်။ တက်ကြွ ရွှင်လန်း နေစေချင်သည်။ သူမကို ကြည့်ရသည်မှာ ရှင်လျက်နှင့် သေသူကဲ့သို့ ဖြစ်နေသည်။ သံပတ်ပေးသော စက်ရုပ်ကဲ့သို့ လှုပ်ရှားနေသည်။ အပြုံးအရယ်မရှိပဲ မျက်နှာသေနှင့်သာ နေ ထိုင်သည်ကို သတိပြုခဲ့မိသည်။

ယခုလို ပြောင်းလဲသွားသော အနေအထားကြောင့် သူမသည် တက်ကြွလန်းဆန်းကာ ပြုံးပျော်လာမည်လား။

လန်းဆန်းရင်ထဲ လှုပ်လှုပ်ခတ်ခတ် ဖြစ်နေသည်။

အရှည်ကြီးက ကော်ဖီပူပူလေးကိုဖျော်ပြီး အားဆေးကို တိုက်သည်။ သူက မိုးမိပြီး ဖျားမှာစိုးရိမ်သဖြင့် အဆိုက်အခဲ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ဆေးတစ်ပြား ယူသောက်လိုက်သည်။

ဒေါ်အေးညိုကလည်း သူမ သောက်နေကြဆေးကို ယူသောက်သည်။ အာကာဦးကတော့ အဝတ်စိုများ လဲလှယ်ပေးပြီးသည်နှင့် သူ့အိပ်ရာထဲ ဝင်ကွေးတာ အိပ်ပျော်သွားလေပြီ။

လန်းဆန်းက အာကာဦးကို ဂွမ်းစောင်လေး လွှမ်းခြုံပေးလိုက်သည်။

"အင်း . . ငါ့မြေးက သားကို တော်တော်တွယ်တာနေပြီနော်၊ သားသာ ပြန်သွားခဲ့ရင် အခက်ကြုံဦးတော့မယ်ထင်တယ်"

"အမေတို့ မနှင်သေးသ၍ ကျွန်တော် မပြန်သေးပါဘူး"

"အမေ ပြောပြီးပြီပဲသား၊ ပြန်သင့်ပြန်ထိုက်တဲ့ အချိန်မှာ ငါ့သား ပြန်ရမယ်၊ အမေတို့ အကျိုးစီးပွားအတွက် တစ်ဖက်သားရဲ့ တက်လမ်းကို မပိတ်ပင်ပါဘူး၊ ကဲ . . ကဲ . . သား အိပ်တော့"

"မအိပ်ချင်သေးဘူး အမေ၊ ကျွန်တော် ခြံနီးချင်းတွေကို စိုးရိမ်နေတယ်၊ သူတို့တွေကော ကျွန်တော့်လို မြစ်ကမ်းဘေးကအိမ်မှာ မနေကြဘူး ပြောနိုင်မလား၊ ကျွန်တော် သွားကြည့်ချင်တယ်"

"တောင်ကျရေဟာ တစ်ကြိမ်ထဲ အရှိန်အဟုန်နဲ့ လာပြီး ချောင်းတစ်ခုလုံး လျှံပြီး သူမဟုတ်သလို ဆင်းနေတာပဲ ရှိတော့မှာပါ၊ မျောပါသွားတဲ့ အရာတွေဟာ တောင်ခြေတစ်နေရာမှာ သွားတင်ချင် တင်နေမှာ၊ သားက ဒီအရပ်ဒေသကိုမှ မကျွမ်း





သေးပဲ အိပ်သာ အိပ်တော့သား"

"မခရေ ကိုကော"

"အမေ စောင့်ကြည့်နေမှာပေါ့"

ဒေါ်အေးညိုရင်ထဲ တစ်မျိုး ဖြစ်သွားသည်။ လန်းဆန်းမျက်လုံး အိမ်တွင် စိုးရိမ်ပူပန်မှု အရိပ်အယောင်များ တွေ့လိုက်ရသည်။

"ကျွန်တော် အိပ်ပျော်ဦးမှာ မဟုတ်ဘူး အမေ"

လန်းဆန်းသည် ဟန်ဆောင်မှု ကင်းသူဖြစ်၍ အမှန်အတိုင်းပြောပြီး ခြင်ဆေးခွေ လေးထွန်းကာ ကြိမ်ကုလားထိုင်လေးထဲ ဝင်ထိုင်လိုက်သည်။

ချယ်ရီက ပန်းခရေဦးအနီး သွားထိုင်လိုက်သည်။

အစ်ကို့မိန်းမကို ယောင်းမဖြစ်သူဟု သူမမြင်ခဲ့၊ အစ်မတစ်ဦးကဲ့သို့ပင် ထင်ခဲ့သည်။

ပန်းခရေဦးသည် ဘာပဲဝတ်ဝတ် စားစား မိမိအား ဦးစားပေးလေ့ရှိသည်။ ဘယ်သောအခါမှ မိမိအပေါ် မာန်မဲခြင်း ဆေးစွ အသံမာမာဖြင့်ပင် မပြောဘူးချေ။

ထို့ကြောင့် မိမိကလည်း ပန်းခရေဦးကို အစ်မကြီးတစ်ယောက် သဖွယ်လေးစား ချစ်ခင်ပါသည်။ အစ်ကို ဖြစ်သူဆုံးသွားပြီး သူမပါ ဒုက္ခိတ ဘဝရောက်သွားသောအခါ အသနားပိုရသည်။

သို့သော် လန်းဆန်း ရောက်လာသောအခါ စိုးရိမ်စိတ်ပြေသွားမိသည်။ မမကြီးနှင့် ဧည့်သည်က ရွယ်တူ။ မမကြီး၏ အလှကလည်း ကလေးတစ်ယောက်နှင့် မုဆိုးမဟုဆိုသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း မြင်ရသူ လည်ပြန်ငေးလောက်အောင် လှနေဆဲဖြစ်သည်။ ဧည့်သည် စိတ်မဝင်စားဘူးဟု ပြောနိုင်မလား။

ယခုပဲကြည့်. . . မမကြီး သတိမရသေးသည်ကို စိုးရိမ်တကြီးဖြစ်ကာ အိပ်မရသေးပဲ ဧည့်သည်က ထိုင်စောင့်နေသည်။

အရှည်ကြီးပင်လျှင် ကော်ဖီပန်းကန်များ ဆေးကြော ပြီးသည်နှင့် သူမ ကွပ်ပျစ်ပေါ်တွင် အိပ်ပျော်နေလေပြီ။

"အမေ သတိရပ့်ါမလား"

"ရမှာပါ အသားတွေ နွေးလာပြီ"

"ခြေထောက် ပြန်ကောင်းသွားမှာလား"

"ဂါးနှစ်ပြန်ရိုက်လောက် သွားပြီးပြီဆိုတော့ ပြန်ကောင်းသွားလို့ ဖြစ်မှာပါ၊ ဆရာဝန် ကလည်း စိတ်ပိုင်းဆိုင်ရာ သော ဝေဒနာနဲ့ ထိတ်လန့်မှုတွေပေါင်းပြီး ဖြစ်သွားတာလို့ ပြောတာ မှတ်လား၊ ခုစိတ်လှုပ်ရှားမှု သားအတွက် စိုးရိမ်မှုနဲ့ ကိုယ့်အခြေ အနေကိုယ် မေ့သွားပြီး ပြေးလာပုံရတယ်၊ ဟော. . ကြည့် . လှုပ်လာပြီ"

"သား. . သား. . သား"

ပန်းခရေဦး လူးလွန့်လာသည်။ နှုတ်မှာလည်း ညည်း ညူသံ ပေါ်ထွက်လာသည်။

"သမီး. . သမီးကြီး"

"မမကြီး. . မမကြီး. . သတိရလာပြီလား"

ပန်းခရေဦး မျက်လုံးဖွင့်ကာ ဆတ်ခနဲ ထထိုင်လို သည်။

"သား. . သား. . ကျွန်မ သားလေးကော အမေ"





"ရှိပါတယ် သမီး"

"ဘယ်မှာလဲ အမေ"

"အပြင်မှာ အိပ်နေတယ်၊ ဧည့်သည် အိပ်ရာမှာ"

ပန်းခရေဦး မယုံကြည်နိုင်။ မိမိအား လိမ်ညာနေကြ သည်အလား။ တောင်ကျရေ ပြိုဆင်းလာလျှင် မြင်းထပြေး အောင် မလွတ်နိုင်။

" မညာပါနဲ့ အမေ၊ ကျွန်မ. . ကျွန်မသား ဘယ်မှာလဲ"

"ရှိပါတယ်"

ပန်းခရေဦး စောင်ကိုဖယ်ကာ ခုတင်ပေါ်မှ ဆင်းပြီး ခန်းထဲမှ ပြေးထွက်ခဲ့သည်။ ဧည့်သည်အိပ်နေကျ ကွပ်ပျစ် တက်ကာ ခြင်ထောင်ကိုလှပ်ပြီး ကြည့်လိုက်သည် ။

သားက နှစ်ခြိုက်စွာ အိပ်မော်ကျ နေသည်။

"သား. . သား. . မေမေ့ သားလေးရယ်"

ပန်းခရေဦးက သားဖြစ်သူအား ပွေ့ချီကာ အငမ်းမရ ကြလိုက်ပြီး မျက်ရည်များ သွင်သွင်ကျလာသည်။

လန်းဆန်းသည် ရုတ်တရက် မတ်တတ်ရပ်ကာ ပန်း ဦးအား ငေးကြည့်နေမိသည်။

မိခင်တစ်ဦး၏ တုန္နိုင်းမမှီနိုင်သည့် မေတ္တာတရားကိုသူ အခု တွေ့မြင်လိုက်ရပြီ ။ ပန်းခရေဦး အပေါ် ကရုဏာ မှ လေးစားသွားမိလေပြီ ။



www.burmeseclassic.com

www.burmeseclassic.com








# အခန်း(၁၇)

"အမေပဲ စဉ်းစားကြည့်လေ၊ ရှိုးပန်းငါးခက် တစ်စည်းတို့ ဖောက်သည်သွားသွင်းရင် တစ်စီး တစ်ရာပဲရတယ် ။ ဈေးထဲက ဆိုင်တင်ရောင်းသူက နှစ်ရာ၊ သုံးရာကျပ်နဲ့ ရောင်းလိုက်တယ်၊ ဆိုင်နေရာရှိရုံ အချိန်ပေးရုံနဲ့ တစ်ခဏတွင်းချင်း စိုက်ပျိုးသူ့ထက်ကို နှစ်ဆသုံးဆ မြတ်သွားတယ်"

"ဆိုင်ဖွင့်ဖို့ဆိုတာ မလွယ်ဘူး၊ အမေ့သမီးက လူတယ်၊ အမေ့သား ဆိုင်မထိုင်ခိုင်းခဲ့သလို့၊ အမေလည်း ခွင့်မပြုနိုင်ပါ



www.burmeseclassic.com

ဘူး"

"ကိုဝဏ္ဏဆန္ဒကို သူမရှိတော့ပေမယ့် ကျွန်မက ဖြည့်ဆည်းမှာပါ အမေ၊ ကျွန်မ မထိုင်ပါဘူး၊ အရှည်ကြီးပဲ ထိုင်ပါစေ ပန်းရယ် ကျွန်မတို့ ရာသီစာတွေကို တင်ရောင်းလိုက်ရင် တစ် မနက်ထဲနဲ့ ကုန်သွားလိမ့်မယ်၊ အရှည်ကြီးလဲ အားနေပြီလေ ရောင်းမယ့် ဆိုင်ရှိတယ်တဲ့၊ စုထားတဲ့ငွေနဲ့ ဝယ်လိုက်ရအောင်"

"ဟုတ်တယ် အမေ၊ ကျွန်တော်လည်း သဘောကျ တယ်၊ ကျွန်တော်ကိုယ်တိုင် ထိုင်မယ်"

"အမလေး ညီမလေးရယ်၊ ဒါတော့ မမကြီး ခွင့်မပြုနိုင် ဘူး၊ ငါ့ ညီမအတွက် အိမ်အလုပ် စီစဉ်ထားပြီးပြီ"

လန်းဆန်းက မန္တလေးသို့ ခရီးသည်ပို့ပေးပြီး အပြန် ခရီးသည် ခေါ်လာမှုအတွက် အသွားအပြန်ရသည်။ ခါတ်ဆီဖိုး နှုတ်ပြီး အမြတ်ကို ဒေါ်အေးညို လက်ထဲသို့ လေးကြိမ်အပ်ပြီးပြီ ပြင်ဦးလွင်အနီး ပိတ်ချင်းမြောင်၊ ဘုရားကြီး၊ ပွဲကောက်ရေတံခွန် ရုက္ခဗေဒဥယျာဉ်၊ ဘုံကျောင်းသို့ ပို့ပေးလျှင် နံနက်ပိုင်းတင် ငါးထောင်ရသည်။ ရှာရငွေကို ဒေါ်အေးညိုလက်သို့ အပ်သည်

"ကျွန်တော် ဘာလုပ်ရမှာလဲ"

"လန်းဆန်းက မိုးလုံလေလုံ တန်းလျားတစ်ခု ဆောက်ပေးမယ်၊ အဲဒီမှာ မက်မန်းသီး ထုပ်မယ်၊ ညီမက ဦးစီး ပေးပေတော့"

"ဟင်"

"ဈေးကွက်ကတော့ လောလောဆယ် ဆိုင်တွေကို လိုက်တင်မယ်၊ မန္တလေးထိ တင်မယ်၊ အဲဒါကို လန်းဆန်းရှိတုန်း





ညီလိမ့်မယ်၊ ပြီးမှ ပိုက်ဆံသိမ်းမယ်၊ ဖောက်သည် ရလာရင် နောက်ဆုံး ဒီမှာပဲ လာယူကြလိမ့်မယ်"

ပန်းခရေဦးက ချယ်ရီအား ရှင်းပြသည်။ လန်းဆန်းက ဆက်ကြွနေသော ပန်းခရေဦးကို ကျေနပ်စွာ ငေးကြည့်နေ သည်။

"ညီမ ကျောင်းသွားတော့ မမ ကြည့်မှာပေါ့၊ ခု လူစုံ တက်စုံနဲ့ ဝီရိယစိုက်နိုင်တုန်းမှာ အစပျိုးလိုက်မယ်၊ မိသားစု လုပ်နိုင်လုပ်ငန်း လုပ်ရုံပဲ၊ အဆင်ပြေသွားရင် စတော်ဗယ်ရီယို ဆင်း ဆက်လုပ်မယ်"

"တံဆိပ် နာမည်ကကော"

"ချယ်ရီ လို့တက်မယ်"

"ဟင်"

"ဟုတ်တယ်လေ၊ ညီမနဲ့ သားရဲ့နောင်ရေး အတွက်ပဲ ဆို့ လုပ်ရမှာ၊ အမေနဲ့မမသာဆိုရင် ရသမျှလေးနဲ့ အေး ဆေးဆေးပဲ နေသွားတော့မှာ၊ ဆေးကျောင်းစရိတ်၊ သား တွက် မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ် ရိုက်တွေနဲ့ လူတန်းစေ့နေနိုင်ဖို့ မမတို့ အရွယ်ရှိတုန်း ကြိုး းမယ်"

"ပင်ပန်းမှာပေါ့"

"ပင်ပန်းပြီး အလုပ်နဲ့လက် မပြတ်တာကို မမလိုလားပါ တယ် အချိန်အား ရှိသွားမှာကိုတောင် စိုးရိမ်တယ်"

"ဘာဖြစ်လို့လဲ"

"ညီမ နားလည်မှာ မဟုတ်ပါဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



ပန်းခရေဦး မျက်လုံးအိမ်သည် မှေးမှိန်သွားသည်။ အလွမ်းအခိုး အငွေ့များ ဟပ်ခြင်းကြောင့်ဖြစ်နိုင်သည် လန်းဆန်းက သက်ပြင်းချလိုက်သည်။

"လူဘယ်နှယောက်ဆန့်လဲ"

"အစိတ် သုံးဆယ်နဲ့ ပစ္စည်းဆန့်အောင်သာ တင်[...]တည်း ဆောက်ထားပေးပါ၊ ဒီမှာကအေးတော့ အအေး[...]ခံနိုင်မယ့်ရုံမျိုး ဆောက်မှဖြစ်မှာ"

"မီးလင်းဖိုကော ထည့်ပေးမလား"

"ထည့်ပေးတော့ ပိုကောင်းမယ်၊ ဆောင်းတွင်း အအေး[...]ဓါတ်များချိန်လည်း အလုပ်မပျက်နိုင်ဘူးပေါ့"

"ကောင်းပြီလေ၊ ကျွန်တော် အမြန်ဆုံး အကောင်[...]ထည် ဖေါ်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် လန်းဆန်း၊ သွားလေသူရဲ့ ဆန္[...] ကျွန်မ အမြန်ဆုံး အကောင်အထည်ဖေါ်ပေးချင်တယ်။ [...] ကျွန်မစိတ်ထဲ နေလို့ထိုင်လို့ရမှာ၊ ကျွန်မသားကို သွား[...] လိုက်ဦးမယ်"

"နေနေ. . မမကြီး၊ ကျွန်တော် ခုပဲ သွားကြိုတော့[...]

ချယ်ရီက စက်ဘီးနှင့် ထွက်သွားသည်။ လန်းဆန်း [...]နှာပျက်သွားသည်။ သားကျောင်းဖွင့်တာ တစ်ပတ်ရှိသွား[...] သားအား လန်းဆန်းက ကားနှင့် အကြိုအပို့ လုပ်ချင်သည်[...]

ပန်းခရေဦးက ခွင့်မပြု။

"လန်းဆန်း ရှင်ဟာ ဧည့်သည်ပါ၊ အချိန်တန်ရင် [...] ပြန်သွားရမှာပါ၊ ကျွန်မသားကို အငှားကြွားမျိုး မဖြစ်စေချ[...]





[...]ယ်ပိုင်ဆိုင်တဲ့ ပစ္စည်းတွေကိုပဲ တန်ဖိုးထား မြတ်နိုးတတ်[...]ချင်တယ်၊ စိတ်ဓာတ်ကြံ့ခိုင်စေချင်တယ်၊ ရှင်ကြိုချင်ရင် စက်[...]နဲ့ သွားကြိုပါ"

ဟု အပြတ်ပင် ပြောထားသဖြင့် လန်းဆန်းသည် အ[...]န့်မတက်ရဲ။

"အမေ လက်ကျန်မက်မန်းပင်တွေကို ရိုက်ချလိုက်[...]တော့မယ်နော်"

"အေးအေး လုပ်ကြတာပေါ့"

လန်းဆန်းက မက်မန်းကိုင်းများကို ရိုက်ချသည်။ မြေနီ[...]၌ ခရမ်းရင့်ရောင် ပြေးသော မက်မန်းသီးများသည် ကြဲ[...]လိုက်သကဲ့သို့ ပြန့်ကျဲပြီး ခရမ်းရင့်ရောင် ကော်ဇောခင်း[...]ယ် ဖြစ်သွားသည် ။

ဒေါ်အေးညို ၊ လန်းဆန်း ၊ ပန်းခရေဦးနှင့် အရှည်ကြီး[...]တူ အလုပ်သမား နှစ်ဦးတို့သည် တပျော်တပါး ကောက်ယူ[...]ကြလေသည်။ ဆာလာအိတ်များနှင့် တစ်အိတ်ပြီး တစ်အိတ်[...]တွင်းကာ ထည့်လေသည်။

လန်းဆန်းသည် ချွေးတဒီးဒီး ကျနေသော ပန်းခရေဦး[...]တိတ်တခိုး ခိုးကြည့်လိုက်သည်။ သူမ၏ ချောမွတ်နေသော[...]နှာလေးပေါ်မှ ချွေးသီးချွေးပေါက်များကို တယုတယ သုတ်[...]လိုစိတ်များ တဘွားဘွား ဖြစ်ပေါ်လာသည်။ မဖြစ်နိုင်မှန်း[...]သောအခါ စိတ်မောစွာဖြင့် သက်ပြင်းချလိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၈)

ချယ်ရီသည် လေးဘာသာ ဂုဏ်ထူးဖြင့် အောင်မြင် ဖြင့် အလွန်ပျော်မြူးနေသည်။

သူမ ဖြစ်ချင်သော ဆရာဝန် ဖြစ်စေရမည်ဟု ပန်း ရေဦးက ပျော်ရွှင်နေသော ချယ်ရီကို ကြည့်ကာ ဆုံးဖြတ်လို လေသည်။

“ညီမလေး သူငယ်ချင်းတွေနဲ့ ဆရာတွေ ဆရာမ ကို အိမ်မှာ တစ်ခုခုလုပ်ကျွေးရရင် မကောင်းဘူးလား”





“နေပါစေ မမကြီးရာ၊ အလုပ်ပျက်ပါတယ်”

ပန်းခရေဦးက ပြုံးလိုက်သည်။ တဒင်္ဂသာ ဖြစ်သည်။ ချယ်ရီအတွက် သူကျေနပ်ကာ ဂုဏ်ယူကာ ပျော်ရွှင်မိခြင်းကြောင့်သာ တခဏတာ ပြုံးမိခြင်း ဖြစ်သည်။

“အလုပ်ပျက်မှာစိုးရင် ဒီလိုလုပ် ညီမလေး၊ ဖိတ်ချင်တဲ့ လူဦးရေ အရေအတွက်ကိုသာပြောပြီး ပွဲကောက်မှာ ဖြစ်ဖြစ်၊ ဗေဒ ဥယျာဉ်မှာဖြစ်ဖြစ် ဖိတ်လိုက်၊ မမက ဒီကနေ ဒံပေါက် တစ်အိုးချက်ပြီး လန်းဆန်းကားနဲ့ ပို့ပေးလိုက်မယ်လေ”

“နေပါစေ မမကြီး၊ သူ့ကားကို မသုံးချင်ပါဘူး”

ထိုစကားကို လန်းဆန်းက ကြားသည်။ သူတို့နှင့်မလှမ်း မ်း၌ ပန်းရန်သမားများကို ကြီးကြပ်နေသည်။ လန်းဆန်းအ တွက် ချယ်ရီ၏ ငြိုငြင်မှုက ရိုးနေလေပြီဖြစ်ရာ အမှုမထားချေ။

အလုပ်ရုံမပြီးခင် မိသားစု တစ်နိုင်သဘောမျိုးနှင့် အိမ် ဝင်း၌ပင် အလုပ်သမား နှစ်ဦးသုံးဦးခေါ် ယူကာ အလုပ်စလေ သည်။ ကျောင်းဈေး မုန့်ဆိုင်များနှင့် ဆိုင်ကြီးများသို့ အလျှင်မီ အောင် မနည်းကျုံးရုန်း နေရသည်။ ချယ်ရီ၊ ဒေါ်အေးညို၊ ပန်း ခရေဦးပါ မထတန်း ဝင်လုပ်ရသည်။

လုပ်ငန်းက စလိုက်သည်နှင့် ဖြစ်ထွန်းလာသည် ဆို သော့ ပျော်ရွှင်လာသည်။

“နေပါဦး သမီးကြီးရာ၊ လန်းဆန်းရုံက ပြီးတော့မှာပဲ၊ ပြီတော့မှ ဖွင့်ပွဲလုပ်ပြီး ဆွမ်းကျွေးရင်း ခြံနီးချင်းတွေ၊ ဆွေမျိုး သက်တွေ အလုပ်သမားတွေပါ ကျွေးတာပေါ့”

“ဒါလည်း ကောင်းတာပဲ၊ ဟော. . သားကို ကျောင်းကြို



www.burmeseclassic.com

www.burmeseclassic.com



ဖို့ အချိန်နီးနေပြီ"

ချယ်ရီက ဖျတ်ခနဲထလိုက်ပြီး. . .

"ကျွန်တော် သွားမယ်"

လန်းဆန်းက. . .

"ကျွန်တော် သွားမယ်၊ သားက ဒီနေ့သူ့ကို ကျွန်တော် လာကြိုပါဆိုလို့၊ စက်ဘီး ယူသွားမယ်နော်"

"အေးအေး၊ သွားသွား"

ချယ်ရီက မကျေမနပ် မျက်စောင်းထိုးသည်။ လန်းဆန်းက မတွေ့ချင် ဟန်ဆောင်ကာ စက်ဘီးကို တွန်းပြီး ထွက်ခဲ့သည်။

"နေရာတကာ သူပါချင်တယ်၊ သားကို သူ သိပ်အပိုင်စီးချင်တယ်၊ ပြန့်မပြန့်နိုင်သေးဘူး"

ပန်းခရေဦးက ချယ်ရီ၏ အတွင်းမနောကို ခန့်မှန်းကြည့်သည်။ လန်းဆန်းအပေါ် သူမ မကြည်ဖြူမှန်းသိသည်။ ဘာကြောင့် မကြည်ရသနည်း။

လန်းဆန်းက သာမန်ဧည့်သည်နှင့်မတူ။

မိမိတို့ မိသားစု၏ လိုအပ်ချက်မှန်သမျှကို ဖြည့်ဆည်းပေးရန် ရောက်ရှိလာသူအလား လိုအပ်တာ မှန်သမျှကို လူအားသာမက ငွေအင်အားပါ ထည့်ဝင်လာသည်။

ပန်းခရေဦးက. . .

"ရှင် ကားမောင်းလို့ ရတဲ့ငွေတွေလည်း အမေ့ကိုပေးတယ်၊ အခု ဒီငွေတွေက ဘယ်ကရသလဲ"

"မြင်ဦးလွင်က ဖေဖေ့ မိတ်ဆွေတွေဆီက ခဏချေးထားတာပါ"





"ဒါတွေ အားလုံးကို ကျွန်မ ပြန်ဆပ်မယ်"

"ပြန်ရကောင်းစေသဘောနဲ့ ကျွန်တော်က ပေးတာ မဟုတ်ပါဘူး"

"ဒါပေမယ့် ကျွန်မတို့က သူများနှာခေါင်းနဲ့ အသက်မရှူချင်ဘူး၊ ကိုယ့်မိသားစုရဲ့ နောင်ရေးအတွက် ကိုယ်ပိုင်ငွေနဲ့ပဲ တည်ချင်တယ်"

"ဒီလိုဆိုရင်လည်း ခင်ဗျား သဘောပါပဲ မခရေ"

လန်းဆန်းထံမှ ရသမျှငွေအားလုံးကို သေချာစွာ စာရင်းလုပ်ထားသည်။ လန်းဆန်း ဆောက်လုပ်ရေးအတွက် လိုအပ်သော ပစ္စည်းများ သွားဝယ်လျှင်လည်း အမှန်အကန် ဖြစ်စေရန် သူယုံထည့်ရသည်။ အဘယ်ကြောင့်ဆိုသော် ဝယ်သော ငွေအင်အားထက် များစွာလျော့နည်း၍ စာရင်းပြတတ်သောကြောင့် ဖြစ်သည်။

"ချယ်ရီ၊ ကိုယ့် မိသားစုအပေါ် ဒီလောက်ကောင်းတဲ့ သူတစ်ယောက်အပေါ် သမီးဘာဖြစ်လို့ မကြည့်ဖြူနိုင်ရတာလဲ"

"သူ့ ဘဝအမှန်ကို မပြောဘဲ တစ်ခုခု ဖုံးကွယ်ပြီး လာနေတာကိုက အကြောင်းတစ်ခုခုကို ရှိရမယ်"

"ကိုယ့်အကျိုးကို မထိခိုက်မနစ်နာစေပဲ၊ သူလာတာ ကောင်းသော လာခြင်းပဲ သမီးရယ်၊ ကိုယ့်အစ်ကို တစ်ယောက်လို သဘောထားမှပေါ့"

"ကျွန်တော် သူ့ကို အစ်ကိုတစ်ယောက်လို သဘောထားလို့ မရဘူး အမေ၊ ကျွန်တော့် ဘဝမှာ အစ်ကိုဟာ တစ်ယောက်ထဲပဲ ရှိတယ်၊ အစားထိုးလို့ မရဘူး၊ အမေသာ သား



www.burmeseclassic.com

www.burmeseclassic.com



နေရာအစားထိုးနေ”

ပန်းခရေဦးလည်း လန်းဆန်းအပေါ် မသက်ာ။ ထို့ကြောင့် လန်းဆန်း လုပ်အားခအနေဖြင့်ရသော ယာဉ်မောင်းခ လန်းဆန်း စိုက်ထားသော ငွေကြေးများကို စာရင်းဇယား လုပ်ထားသည်။ လန်းဆန်း ပြန်သွားလျှင် ပေးဆပ်နိုင်ရမည်ဟုလည်း အမေနှင့် တိုင်ပင်ပြီးသား ဖြစ်သည်။

ပေါ်လာသော အမြတ်ကို အရင်းအနှီးတွင် ထပ်မံတိုးပွားကာ လုပ်ဆောင်နေရသည်။

စာရင်းဇယား နိုင်နင်းသူ စီးပွားရေးဘွဲ့ရ ပန်းခရေဦး၏ ဦးဆောင်မှုကြောင့် မိုးတွင်းစခဲ့သော လုပ်ငန်းသည် တစ်နှစ်တာ စာရင်းချုပ်လျှင် သိန်းနှင့်ချီသော အရေအတွက်များစွာ ရလိမ့်မည်ဟု ခန့်မှန်းပြီးသား ဖြစ်သည်။

ပန်းခရေဦး ရင်ထဲ၌ ခင်ပွန်း၏ဆန္ဒကို ဖြည့်စွမ်းရသဖြင့် ကျေနပ်သည်။ သို့သော်. . . မပျော်ရွှင်၊ ကိုဝဏ္ဏသာ ရှိခဲ့လျှင်ဟူသော တမ်းတစိတ်၊ လွမ်းစိတ်ကတော့ ဖြေမပြေနိုင်။

“မေမေရေ သားပြန်လာပြီ၊ သား ပထမရတယ်သိလား”

အာကာဦးက ပညာအရည်အချင်း မှတ်တမ်းကို ကိုင်ကာ ပြေးလာသည်။ မိခင်ကိုသာ သူ့ပျော်ရွှင်မှုကို ပထမဆုံး မျှဝေသည်။

“သားက သိပ်တော်တာပဲ၊ သားဘာလိုချင်သလဲ၊ သားလိုချင်တဲ့ဆု မေမေဆီမှာတောင်း”

အာကာဦး၏ ပညာအရည်အချင်း မှတ်တမ်းကတ်ကို ပန်းခရေဦးကကြည့်ပြီး ကျေနပ်စွာ ပြောလိုက်သည်။





“မနက်ဖြန် ကျောင်းပိတ်တယ် မေမေ၊ အဲဒါ သားရယ်၊ မေမေရယ်၊ ဦးဦးရယ်၊ ဘွားဘွားရယ်၊ လေးလေးရယ် မန္တလေးသွားချင်တယ်၊ ကစားကွင်းမှာ သွားကစားချင်တယ်”

ပန်းခရေဦး အခက်ကြုံသွားသည်။

ဒေါ်အေးညိုက သက်ပြင်းချသည်။

ချယ်ရီကတော့. . .

“ကျုပ်တို့တော့ မအားဘူး ကိုယ်တော်၊ အလုပ်တွေနဲ့ လက်မလည်နိုင်ဘူး”

“ဟုတ်တယ်သား ၊ မေမေတို့ မက်မန်းသီးထုပ်တွေ လူကြိုက်များလို့ မှာကြတာ အလျှင်မီအောင် မနည်းထုပ်နေရတယ်၊ ဖောက်သည်ပျက်သွားလို့မဖြစ်ဘူး၊ ဒီတော့ သားနဲ့ဦးဦးပဲ သွားချင်သွားလေ”

“ဟင်း . . မေမေမပါတော့ သားက ဘယ်ပျော်မှာလဲလို့၊ နေပါစေ မသွားတော့ဘူး မေမေရာ”

အာကာဦးက မိခင်ရင်ခွင်မှထွက်ကာ လန်းဆန်း အလုပ်လုပ်နေရာသို့ ထွက်သွားလေသည်။

ပန်းခရေဦး စိတ်မကောင်း ဖြစ်သွားသည်။ ရင်ထဲနာကျင်မှုက သိပ်သိပ်သည်းသည်း ဖြစ်ပေါ်လာသည်။ ကိုဝဏ္ဏ ဆုံးခင်က တစ်လတစ်ကြိမ် သားအမိ သားအဖ သုံးယောက် မန္တလေးသို့ဆင်းကာ သားသွားချင်သော ကစားကွင်းများသို့ ပို့ပေးပြီး ဈေးချိုဝင်ကာ လိုအပ်သည်တို့ ဝယ်ယူပြီး ညနေစောင်း ပြင်ဦးလွင်သို့ ပြန်တက်နေကြ ဖြစ်သည်။

ကိုဝဏ္ဏဆုံးသွားပြီးကတည်းက တစ်ခါမှ မသွားဖြစ်ခဲ့ ။

www.burmeseclassic.com



မိမိ ဒုက္ခိတဘ၀ဖြစ်နေခြင်းကို သားက နားလည်စွာဖြင့် မပူစာခဲ့။ ယခု ခြေထောက်ကောင်းပြီး သုံးလနီးပါး ရှိလာမှ သားကပူစာသည်။ ဆုအဖြစ်တောင်းဆိုသည်။ လိုက်လျောချင်သည်။

သို့သော်. . .

"သားရေ လာ. . မုန့်စားမယ်၊ ပြီးရင် မေမေနဲ့ လမ်းလျှောက်ရင်း နွားပေါက်ကလေး သွားကြည့်ရအောင်"

အာကာဦးက ကျောင်း၀တ်စုံကို ချွတ်နေသည်။ ပန်းခရေဦးက အိမ်နေရင်း အကျႌနှင့် လဲလှယ်ပေးလိုက်သည်။ အာကာဦးက မျက်နှာသုန်သုန်မှုန်မှုန်နှင့် မိခင်လုပ်ပေးသမျှကို တစ်ခွန်းမှ မပြောဘဲ နေလိုက်သည်။

အာကာဦး ကော်ဖီနှင့် ပေါင်မုန့်ကြက်ဥကြော်ကို စားသောက်ပြီး ပန်းခရေဦး လက်ဆွဲခေါ်ရာသို့ လိုက်ပါလာသည်။

"သား အရင်တုန်းက သားကို ကစားကွင်း ဘယ်သူတွေ လိုက်ပို့ခဲ့သလဲ"

"မေမေနဲ့ ဖေဖေ"

"မေမေနဲ့ဖေဖေက သားနဲ့ ဘာတော်သလဲ"

"သားရဲ့ အမေနဲ့ အဖေပါ"

"အခု သား ဘယ်သူ့ကို ပို့ခိုင်းတာလဲ"

"မေမေနဲ့ ဦးဦး"

"မေမေနဲ့ ဦးဦးက ဘာတော်သလဲ"

"မောင်နှမ တော်တယ်"

ပန်းခရေဦး ရင်ထဲ ဟိုက်ခနဲ ဖြစ်သွားသည်။ ဟုတ်ပေသားပဲ ။ ကလေးကို ထိုကဲ့သို့ ညာပြောခဲ့မိသည်ပဲ။ ပန်းခရေဦး





အခက်ကြုံသွားသည်။ သို့သော်. . .

"ဟုတ်တယ်. . ဒါပေမဲ့ အရင်းမှ မဟုတ်တာ၊ ပတ်၀န်းကျင်က မောင်နှမလို့ ထင်မှာမဟုတ်ဘူး၊ မေမေကလေ သားဖေဖေနဲ့ကလွဲရင် ဘယ်ယောကျ်ားမှ တွဲမသွားချင်ဘူး၊ တွဲသွားရရင် သားဖေဖေကို သတိရလွန်းလို့ မေမေရင်ကွဲမှာ၊ သိလားသား"

နွားတင်းကုတ် နားသို့ ရောက်လာသည်။ နွားသားပေါက်ကလေးက နွားမကြီးနို့ကို စို့နေသည်။

"နွားမကြီးက သူ့သားလေးကို ချစ်လို့ နို့တိုက်ခဲ့သလို၊ မေမေလည်း သားကို ချစ်လို့နို့တိုက်ခဲ့တာပဲ၊ ချစ်တော့ နွားလေးသွားရာနောက်ကို နွားမကြီးကလည်း တကောက်ကောက် လိုက်စောင့်ရှောက်သလို မေမေလည်း သားကို လိုက်စောင့်ရှောက်ချင်တာပေါ့ သား၊ ဒီတော့ သားတစ်ခုရွေးပါ။ မေမေနဲ့ သွားလည်မလား၊ ဦးဦးနဲ့ သွားလည်မလား"

အာကာဦးက မိခင်ကို မော့ကြည့်လိုက်သည်။ မိခင်က ပြုံးပြသည်။

"မေမေနဲ့ပဲ လည်မယ်"

"မေမေနဲ့ လည်ရင် ဦးဦးကား မစီးရဘူးနော်၊ ဖေဖေနဲ့ လည်တုန်းကလို မေမေတို့ဘာသာ ပါစင်ဂျာကားနဲ့သွားမယ်၊ သားကစားပြီးရင် သားလိုချင်တာတွေ မေမေ၀ယ်ပေးမယ် ဟုတ်လား"

"ဟုတ်ကဲ့ မေမေ"

"ဒါဖြင့် သွားကစားတော့၊ မေမေ အလုပ်သွားလုပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဦးမယ်"

ပန်းခရေဦးက ခြေတစ်လှမ်း လှမ်းလိုက်ပြီးမှ တစ်စုံတစ်ရာကို သတိရသွားသည်။

"ဪ သား ၊ မေမေတို့ ခုလို အလုပ်ကြိုးစားလုပ်နေတာ ဘယ်သူ့အတွက်လို့ ထင်သလဲ"

"သားတို့ အတွက်ပေါ့"

"ဟုတ်တယ်၊ အဓိက သားအတွက်နဲ့ လေးလေး အတွက်ပဲ၊ မေမေတို့ ချည်းသာဆိုရင် ဟောဒီတောင်ယာခင်းလေးနဲ့ စားလောက်တယ်၊ မေမေ အလုပ်များနေလို့ သားကို ကျောင်းကြို ကျောင်းပို့ မလုပ်နိုင်ဘူး၊ ဒါ သားကို မချစ်လို့ မဟုတ်ဘူးနော်၊ သားကိုချစ်လို့ သားပညာရေးအတွက် မေမေ အလုပ်လုပ်နေလို့ မအားဘူးဆိုတာ သား နားလည်ပေးပါ"

"ဟုတ်ကဲ့ပါ မေမေ၊ သားနားလည်ပါတယ် ခင်ဗျာ"

အာကာဦးက မချိုမချဉ်လုပ်ကာ ပြောလိုက်သည်။ လောကကြီးကို စူးစမ်းစအရွယ်တွင် မိခင်သည် ရင်သွေးများကို ဥပေက္ခာပြု မထားသင့်ဘဲ၊ များများစကားပြောပေးသင့်သည်။ သူတို့ကိုချစ်ကြောင်း အမြဲပြသပေးနေရမည်။ ထို့အခါ ရင်သွေးငယ်တို့သည် မိဘမေတ္တာနှင့် လုံခြုံမှုစွမ်းအင်ကို ရရှိကာ စိတ်ဓါတ်ကြံ့ခိုင်ရဲရင့် လာတတ်သည်။

ထို့ကြောင့် ပန်းခရေဦးသည် တတ်နိုင်သမျှ အာကာဦးအတွက် အချိန်ပေးသည်။ အလုပ်လုပ်နေသည့်ကြားက သားအတွက် ထမင်းကို ကိုယ်တိုင်ခူးခပ်ပေးတတ်သည်။ အိပ်ရာဝင်လျှင် မိမိကုတင်ပေါ်သာ အိပ်စေပြီး သားမေးသမျှကို စိတ်ရှည်လက်





ရှည် ဖြေကြားပေးသည်။ သို့တိုင်အောင် အာကာဦးက လန်းဆန်းထံ တရေးနိုးလျှင်ဖြစ်စေ၊ မိမိ မအားလျှင်ဖြစ်စေ သွားအိပ်တတ်သေးသည်။

"ဘယ်နဲ့လဲမမကြီး . . သားတော်မောင်က ဆန္ဒပြတုန်းပဲလား"

"မပြတော့ပါဘူး၊ မနက်ဖြန် မမကြီး သူ့ကို လိုက်ပို့ပေးလိုက်မယ်၊ လန်းဆန်းကလည်း သူ့အလုပ်နဲ့သူ လုပ်ပါစေ၊ သားအမိနှစ်ယောက်ထဲသွားဖို့ သူသဘောတူသွားပြီ"

"အဲဒါ အကောင်းဆုံးပဲ မမကြီး"

လန်းဆန်းက သူတို့ပြောသမျှ ဆိုသမျှကို အကုန်ကြားနေရသဖြင့် စိတ်ထဲ၌ မကျေမနပ် ဖြစ်ပေါ်လာသည်။ မိမိကို ဆိုလားရအောင် မိမိက ဘာဖြစ်နေလို့လဲ၊ အကျင့်စာရိတ္တကော ချို့ယွင်းနေသလား၊ နူနေဝဲနေလို့လားဟု မေးလိုက်ချင်သည်။ သို့သော် မိမိ အစစအရာရာ သည်းခံရမည်။

သည်းခံသည်ဟု ဆိုသော်လည်း အတိုင်းအတာ တစ်ခုအထိသာ ဖြစ်သည်။

မိမိနှလုံးသားကို ထိခိုက်နစ်နာလာမည်ဆိုပါက. . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၉)

ရတနာပုံ အားကစားကွင်းသို့ ဝင်လိုက်သည်နှင့် . .

"သား"

"ဟင် . . ရှင်"

"ဟာ . . ဦးဦး"

ပန်းခရေဦး တုန်လှုပ်သွားသည်။ မိမိတို့ သားအမိထွက်လာတော့ သူအိမ်မှာ ကျန်ရစ်ခဲ့သည်။ ယခု သူရောက်နေပြီဆိုတော့ . . .





"ဦးဦး ဘယ်လိုလုပ် ရောက်လာတာလဲ"

"သားတို့ ထွက်သွားပြီးမှ ဦးဝီလီက ခရီးသည် မန္တလေးဆင်းဖို့ ဂိတ်ကခေါ်ခိုင်းလိုက်တယ်ဆိုလို့ ချက်ချင်းထွက်လာခဲ့တာ ဒီရောက်တော့ မန္တလေးမှ သားတို့လည်ပတ်ရတာ အခက်အခဲဖြစ်မှာစိုးလို့ ဦးဦး ဒီမှာလာစောင့်တာ"

အာကာဦးက လန်းဆန်းလက်ကို ပြေးဆွဲပြီး . .

"အတော်ပဲ ဦးဦးရယ် တိုက်ကားစီးမယ်၊ မေမေက စီးချင်ဘူးတဲ့၊ သားနဲ့ ဖေဖေနဲ့ စီးနေကျ"

ပန်းခရေဦး ဟန့်တားခြင်း မပြုနိုင်မီ အာကာဦးနှင့် လန်းဆန်း တိုက်ကားမောင်းသော ရုံဘက်သို့ လျှောက်သွားလေသည်။

ပန်းခရေဦးနောက်မှလိုက်ကာ ရုံဘေး ခုံတန်းလျား၌ ထိုင်ရင်းစောင့်ဆိုင်းလိုက်သည်။

ကိုဝဏ္ဏနှင့်သား တိုက်ကားစီးစဉ်ကလည်း မိမိဤကဲ့သို့ပင် စောင့်ဆိုင်းခဲ့သည်။

သားက ပျော်ရွှင်စွာဖြင့် ပါးစပ်က နားရွက်ချိတ်မတတ် ရယ်မောနေလေသည်။

ကလေးသဘာဝ ကစားရသည်ကို ကျေနပ်ခြင်းကို မိမိကြောင့် အနှောင့်အယှက်ဖြစ်သွားမှာ စိုးရိမ်သည်။ ကစားနည်းများကို တစ်ခုပြီးတစ်ခု လိုက်ကစားသည်။

ကစားကွင်း တစ်နေရာ၌ နေကြာစေ့စားရင်း စောင့်ဆိုင်းနေလိုက်သည်။ အတွေးထဲ၌ လန်းဆန်းနှင့် ရင်ဆိုင်မိနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူဘာကြောင့် လိုက်လာရသလဲ။

ခရီးသည် လိုက်ပို့သည်ဆိုတာ သက်သက်ညာတာ [illegible]
မည်။

ဝီလီသည် ကိုဝဏ္ဏ၏ သူငယ်ချင်းဖြစ်သကဲ့သို့ လ[illegible]
ဆန်းနှင့်လည်း ခင်လေသည်။ ဦးဂျစ်၏ သားဖြစ်သဖြင့် ဝီလီ[illegible]
အများကခေါ် ရာမှ အမည်ရင်းပင်ပျောက်ကာ ဝီလီ ဖြစ်နေခြ[illegible]
ဖြစ်သည်။ ဝီလီတို့အိမ်သို့ သူညဘက်က သွားလည်သည်[illegible]
တမင်စီးဝါးရိုက်ကာ လိုက်လာခြင်း ဖြစ်ဖို့များသည်။

ပန်းခရေဦး တုန်လှုပ်သွားသည်။ လန်းဆန်း၏ စိတ်[illegible]
တွင်းမနောက မိမိအပေါ် မဖြူစင်တော့ဘူးထင်သည်။

မိမိ စိတ်ထင်လို့လား။

မုဆိုးမ တစ်ယောက်ကို အဆင့်အတန်းရှိသော လူပျို[illegible]
လွတ် တစ်ယောက်က နှစ်သက်သဘောကျနိုင်သည် ဆိုသည်[illegible]
ပုံပြင်သာ ဖြစ်ပေသည်။

"မခရေ ဘယ်သွားချင်သလဲ"

"ကျွန်မအတွက် ဆန္ဒဆိုတာ မရှိဘူး၊ သားရဲ့ဆန္ဒ[illegible]
ကျွန်မရဲ့ ဆန္ဒပဲ၊ ဒါကြောင့် အခုလို ရှင်တမင်လာရောက် [illegible]
ရှောက်ခြင်းကို ကျွန်မ လက်ခံလိုက်တာ၊ ဒါပေမယ့် အခု ရှင်[illegible]
တော့ ကျွန်မနဲ့သားပဲ သွားစရာရှိတာ သွားမယ်"

"မခရေ ဘာဖြစ်လို့ ကျွန်တော်နဲ့ အတူသွားလာဖို့[illegible]
ဝန်လေးရတာလဲ"

လန်းဆန်း ရင်ထဲ၌ မခံချင်စိတ်တို့ အုံကြွလာပြီ[illegible]

"မေးစရာမလိုတဲ့ မေးခွန်းပါ"





"ကျွန်တော် သိချင်ပါတယ်"

"ကျွန်မ မဖြေနိုင်ဘူး၊ လာ . . သား သွားမယ်"

အငှားကားဂိတ်သို့ ပန်းခရေဦး ထွက်ခဲ့သည်။ အာကာ
[illegible]နှင့် လန်းဆန်းက နောက်မှလိုက်လာသည်။

"မခရေ ကျွန်တော့်ကား မစီးဘူးဆိုရင် ရပါတယ်၊ ကျွန်
[illegible]တော် မခရေ သွားလေရာ လိုက်မှာပဲ"

"ရှင်"

ပန်းခရေဦးခြေလှမ်း တုန့်ခနဲ ရပ်ဆိုင်းသွားသည်။
လန်းဆန်းအား ရင်ဆိုင်လိုက်သည်။
လန်းဆန်း၏ မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။
လန်းဆန်းက ပြန်ကြည့်သည်။

ပန်းခရေဦး ရင်ထဲတုန်လှုပ်သွားသည်။ လန်းဆန်း၏
[illegible]လုံးသားကို ဖောက်ထွင်းမြင်လိုက်ရပြီ။ နှလုံးသား အလိုလိုက်
[illegible] ဖွတ်တရွတ် မိုက်မဲတော့မည်ဖြစ်ကြောင်း မျက်လုံးများက
[illegible]ကောင်းလုပ်နေသည်။

"ဟုတ်တယ် မခရေ၊ ကျွန်တော် ဆုံးဖြတ်ချက် ချလိုက်
[illegible] မခရေဘဝဟာ ကျွန်တော့်ဘဝပဲ"

"ရှင်ရူးနေသလား လန်းဆန်း"

"ထင်ချင်သလို ထင်ပါ မခရေ"

"လာ သား . ဦးဦးတို့ ကားနဲ့ပဲ သွားရအောင်"

အာကာဦးကို ဆတ်ခနဲ ပွေ့ချီကာ ကားရှိရာသို့ လန်း
ဆန်း လှမ်းထွက်သွားသည်။

ပန်းခရေဦးက အံကို တင်းတင်းကြိတ်လိုက်ပြီး အငှား



www.burmeseclassic.com

www.burmeseclassic.com



ကားတစ်စီးကို မန္တလေးတောင်သို့ ပို့ခိုင်းလိုက်သည်။

လန်းဆန်း ပန်းခရေဦးကို အံ့အားသင့်သွားသည်။

တော်တော် အသည်းမာသည့် မိန်းမ။

“မေမေသွားပြီ၊ ဘယ်လိုလုပ်မလဲ ဦးဦး”

“မပူနဲ့ သားမေမေ့ကားနောက်က ဦးဦးတို့ ခြေရာခံလိုက်မယ်”

“မေမေက ဦးဦးကို ဘာဖြစ်လို့ စိတ်ဆိုးနေတာလဲ”

“သူ မလိုက်ခိုင်းတာကို ဦးဦးက လိုက်လာလို့ပေါ့”

“ဦးဦးက ဘာဖြစ်လို့ လိုက်လာတာလဲ”

“သားနဲ့ သားမေမေကို စိတ်မချလို့ပေါ့ကွာ”

“ဘာဖြစ်လို့ စိတ်မချတာလဲ”

“ချစ်လို့ သားကို ချစ်လို့”

လန်းဆန်းက သူ့အဖြေကို သူသဘောကျစွာ ပြုံးလိုက်မိသည်။ သူ ဆက်ဖြေချင်သည်က . . ‘သားနဲ့ သားအမေကို ချစ်လို့ပေါ့ကွာ’ ဟု ဖြေချင်သည်။

သို့သော် . . .

ကလေးက ပါးနပ်သည်။ ယခုပြန်လျှင်တောင် သူ့အခြေအနေ တစ်ခုခုပြောင်းလဲ သွားနိုင်သည်။

မတတ်နိုင်ဘူး။ ရှေ့တိုးပြီးမှတော့ နောက်မဆုတ်နိုင်တော့၊ ပန်းခရေဦး စီးသွားသော အငှားကားနောက်သို့ မျက်ခြည်မပြတ် လိုက်ခဲ့လေသည်။

“လာ . . သား၊ မေမေ့ကို အမီလိုက်ရအောင်”

“အဟင်း . . ဟင်း၊ ပျော်စရာကြီးနော် ဦးဦး၊ သားသား





တို့နဲ့ မေမေ စိန်ပြေးတမ်း ကစားနေသလိုပဲ”

ကလေးက ပျော်နေသည်။ သူကတော့ ရင်နာနေသည်။ မိန်းမကို မြင်စကတည်းက ကရုဏာစိတ်ဖြင့် အသနားပိုခဲ့သည်။ သနားရာမှ လေးစားလာသည်။ လေးစားရာမှ မြတ်နိုးလာသည်။ တဖြည်းဖြည်းနှင့် ပန်းခရေဦးအား ပိုင်ဆိုင်ချင်လာသည်။

ပန်းခရေဦးအား စက်လှေကားပေါ်တွင် အမီလိုက်ဆက်လိုက်သည်။

“မေမေ့ကို မီပြီ”

“လန်းဆန်း ရှင်နဲ့ ကျွန်မ ဆွေးနွေးကြရအောင်”

ရင်ပြင်တော်ပေါ်သို့ ရောက်ရောက်ချင်း ပန်းခရေဦးက ပြောလိုက်သည်။

“သဘောပဲ”

“ဘုရားရှိခိုး လိုက်ဦးမယ်”

ပန်းခရေဦးက ဘုရားရှိခိုး လိုက်သည်။ ပြီးလျှင် . . လေးမြို့ ရှုခင်းကို လှမ်းမြင်ရသော ရင်ပြင်တော်နေရာ၌ ရပ်ကြည့်လိုက်သည်။

လေပြည်လေညင်းက တောင်ပေါ်ဖြစ်၍ အနည်းငယ်ဆော့ အရှိန်ပါသည်။ လွင့်ပါးနေသော ဆံစတို့ကို သိမ်းရင်း ခြေဘေး၌ လာရပ်သူ လန်းဆန်းအား . .

“ရှင် ဘယ်လိုသဘောနဲ့ ကျွန်မတို့ အိမ်ရောက်လာတာလဲ”

“ကိုဝဏ္ဏဆီလာတာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ညာတာ"

"ကျွန်တော် ညာတာမှန်း သိသားနဲ့ ခင်ဗျားတို့က ဘာ ဖြစ်လို့ လက်ခံထားရတာလဲ"

"ရှင်က ကိုယ့်ကိုယ်ကိုယ် ဒုက္ခသည်လို၊ မိဘနှင်ချလိုက် လို့ဆိုလို့ သနားလို့ လက်ခံထားတာပဲ၊ ဒါပေမယ့် အခုတော့ ရှင့်ဟာ မိုက်မဲစွာနဲ့ ကျွန်မတို့ရဲ့ စေတနာကို ရိုင်းပြစွာ စော်ကား နေပါလား"

"မိန်းမ တစ်ယောက်ကို ချစ်မိတာ စော်ကားခြင်းလား ရိုင်းပြခြင်းလား"

"ကျွန်မဟာ လွတ်လပ်တဲ့ မိန်းမတစ်ယောက် မဟုတ် ဘူး"

"သား တစ်ယောက်ရှိပေမယ့် ကာမပိုင်ယောကျ်ား မရှိ တာဟာ လွတ်လပ်သူပဲ၊ တစ်ပင်လဲလို့ တစ်ပင်ထူတာကို ဘယ် သူကမှ မကဲ့ရဲ့ဘူး၊ ဒါ သဘာဝတစ်ခုပဲ"

"ရှင် မှားနေပြီ၊ ကျွန်မစိတ်ထဲ နှလုံးသားထဲမှာ ကိုဝဏ္ဏ ဟာ ဘယ်တော့မှ မသေဘူး၊ ကျွန်မသေသွားမှ သူသေမှာ၊ ကဲ လန်းဆန်း ရှင့်ဆီက အခုလို ပွင့်ပွင့်လင်းလင်း သိလိုက်ရတော့ ကျွန်မကလည်း ပွင့်ပွင့်လင်းလင်းပဲ ဖြေလိုက်မယ်၊ ရှင့်ကို ကျွန်မ လက်မခံနိုင်ဘူး ၊ ရှင်မှ မဟုတ်ဘူး၊ ကျွန်မ ဘဝ တစ်သက်တာမှာ ကိုဝဏ္ဏက လွဲရင် ဘယ်ယောကျ်ားကိုမှ ကျွန်မ လက်မခံနိုင်ဘူး ဒါ ကျွန်မရဲ့ ဆုံးဖြတ်ချက်ပါ"

"ဆုံးဖြတ်ချက်ဆိုတာ တစ်ခါတစ်ရံ ပြောင်းလဲသွားတတ် ပါတယ်၊ ကိစ္စမရှိပါဘူး၊ ကျွန်တော် စိတ်ရှည်ပါတယ်"





"ဒါပေမယ့် ဒီကပြန်တာနဲ့ အမေ့ကို ရှင့်ရဲ့ ဉာဏ်နီ ဉာဏ်နက်ကို ကျွန်မ ဖွင့်ပြောရမှာပဲ"

"ရပါတယ်၊ နားဖောက်ပြီးသား ဖြစ်သွားတာပေါ့"

"ရှင်"

ပန်းခရေဦးက လန်းဆန်း မျက်နှာကို မော့ကြည့်လိုက် သည်။ သူ၏ ရွှန်းလက်သော မျက်လုံးကြောင့် ပန်းခရေဦး ရင် ...သွားသည်။ ငိုချင်စိတ်ပေါက်လာသည်။ ချက်ချင်း မျက်နှာ ...ကာ သားကိုကြည့်လိုက်သည်။ သားက မြွေကြီးနှစ်ကောင်နား ...ကာ ကိုင်ကြည့်နေသည်။

"ရှင် ကိုဝဏ္ဏမိတ်ဆွေ မဟုတ်ဘူး၊ သေသူကို ခုတုံးလုပ် ... ရှင်လာနေတာ"

"ဒါ အမှန်ပဲ"

"ဒီလိုဆို . . ရှင် ကျွန်မကို အမှန်အတိုင်း ဝန်ခံပါလား၊ ...ဘယ်သူလဲ၊ ဘာကြောင့် ကျွန်မတို့ဆီ ရောက်လာရတာလဲ"

"မထူးတော့ဘူး၊ ကျွန်တော် ဝန်ခံပါ့မယ်၊ ဒါပေမယ့် ...လာဆယ် သား ဗိုက်ဆာနေပြီ၊ တစ်နေရာရာမှာ မနက် ...စားရင်း ကျွန်တော် ရှင်းပြပါ့မယ်"

ပန်းခရေဦးက ခေါင်းခါလိုက်သည်။

"သားအတွက် ရှင်မပူနဲ့၊ ကျွန်မ ဖန်တီးပေးနိုင်ပါတယ်၊ ... ပြောစရာရှိတာသာ ပြောပါ"

"အချိန်နည်းနည်းနဲ့ မရဘူး"

လန်းဆန်းက ခပ်တည်တည်နှင့် ပြောလိုက်သည်။

မိသားစုတွင် ဗိုလ်လုပ်ကာ အနိုင်ယူတတ်သည့် လန်း



www.burmeseclassic.com

www.burmeseclassic.com



ဆန်း၏ အကျင့်ပြန်ပေါ်လာသည်။ တမင်အချိန်ဆွဲနေခြင်း ဖြ
သည်။

"မရလည်း နေတော့၊ သားရေ. . လာ၊ မေမေတို့ ပြန်
အောင်"

လန်းဆန်းက အာကာဦးကို ပွေ့ချီကာ ခါတ်လှေကာ
ရှိရာသို့ လျှောက်သွားလေသည်။

ပန်းခရေဦး နှုတ်ခမ်းကို မသိမသာ ကိုက်လိုက်ပြီး ၎
နောက်မှ လိုက်သွားလေသည်။

လန်းဆန်းကို ထုနှက်ရိုက်နှက်ပြစ်ချင်လောက်အော
ဒေါသထွက်မိသည်။ 'ကြိုက်စရာ ဒီလောက်ရှားလို့ ကလေးတ
ယောက်နဲ့ မုဆိုးမကိုမှ လာကြိုက်ရသလား' ဟု မိမိမောင်သား
ရိုက်မိမည် ထင်ပါသည်။

ယခုတော့. . .။







# အခန်း(၂၀)

ပြည်ကြီးမွှန်၌ နေ့လယ်စာ စားသောက်ရန် လန်းဆန်း
က ဦးဆောင်ခေါ်လိုက်သည်။

ပန်းခရေဦးက လိုက်မဝင်ဘဲ ကားရပ်သည်နှင့် ဆင်း
ကာ. . .

"ရှင်တို့ စားပြီးရင် ဈေးချိုအေရုံ ဒုတိယထပ်က အောင်
မင်္ဂလာဖိနပ်ဆိုင်မှာ ကျွန်မစောင့်နေမယ် လာခေါ်၊ ပြီးရင် ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



သွားချင်တဲ့နေရာကို ရှင်ပို့ပေးပြီး ပြန်ကြမယ်"

လန်းဆန်းက ဘာမှမပြောနိုင်ခင် ပန်းခရေဦးသည် အငှား ကားတစ်စီးအား တားကာ ကားပေါ်တက်လိုက်ပါသွားလေသည်။

လန်းဆန်းက ပခုံးတွန့်ကာ. . .

"မင်းအမေက မလွယ်ဘူး၊ တော်တော်ခေါင်းမာတယ်"

"ဦးဦးက မေမေ့နောက် ဘာဖြစ်လို့ အတင်းလိုက်နေရတာလဲ"

အာကာဦးအမေးကြောင့် လန်းဆန်းက ပြုံးရယ်ကာ

"ဦးဦးကို စိတ်ဆိုးနေလို့ လိုက်တောင်းပန်နေတာပေါ့ကွာ"

"ဦးဦးက မေမေစိတ်ဆိုးအောင် လိုက်လာတာကိုး"

"ဦးဦးမှ သားတို့သားအမိကို စိတ်မချပဲကွာ"

"မေမေက သားကို မနေ့ကပြောတယ်"

"ဦးဦးနဲ့မေမေက မောင်နှမအရင်းမှ မဟုတ်တာတဲ့"

"ဘာမှမတော်ဘူး"

"ဒါကြောင်ထင်တယ်၊ မေမေက ဦးဦးနဲ့ တွဲမသွားချင်ဘူးတဲ့၊ သားဖေဖေနဲ့ကလွဲရင် ဘယ်သူနဲ့မှ မတွဲချင်ဘူး၊ တွဲသွားရင် သားဖေဖေကို သတိရလွန်းလို့ ရင်ကွဲပြီးသေမှာတဲ့ ပြောတယ်၊ ဦးဦး မေမေ့ကို ရင်ကွဲအောင် မလုပ်နဲ့နော်"

လန်းဆန်းရင်ထဲ ဟာခနဲဖြစ်သွားသည်။ တစ်ပြိုင်နက်ဆိုသလို နှလုံးသားသို့ ဆူးတစ်ချောင်း စူးနစ်ဆိုက်ဝင်လာသည်။ ဘယ်နည်းနှင့်မှ သူမယုံ၊ အချစ်ဆိုသည်မှာ စမ်းရေလို တသွင်





သွင် စီးဆင်းနေတတ်သည်ပဲ။ ကုန်ဆုံးသွားသည်ဆိုသည်မှာ ဘယ်နည်းနှင့်မှ မဖြစ်နိုင်။ နှလုံးသားကို အလိုမလိုက်ဘဲ. . ဦးနှောက်နှင့် ထိန်းချုပ်ထား၍သာဖြစ်မည်။

"မလုပ်ပါဘူး သားရယ်၊ ဦးဦးက သားနဲ့ သားမေမေကို လုံခြုံနွေးထွေးအောင် တစ်သက်လုံး စောင့်ရှောက်သွားချင်တဲ့ လူပါကွာ"

သူ့စကားကို ကလေးနားလည်သည် မလည်သည် အသား၊ ယခုလို ဖွင့်ဟပြောလိုက်ခွင့် ရသွားသည်ကပင်လျှင် ရင်ထဲမှ နာကျင်မှုဝေဒနာအတန်ငယ် သက်သာသွားသည်။

အချစ်နှင့်ပတ်သက်၍ အတွေ့အကြုံလုံးဝမရှိခဲ့သော သူ့အတွက် မိန်းမတစ်ယောက်ကို မည်ကဲ့သို့ ချဉ်းကပ်ရမည်ကိုမသိ။

သူငယ်ချင်းအပေါင်းအသင်းများနှင့်သာ လွတ်လပ်ပျော်ရွှင်စွာ နေထိုင်ကြီးပြင်းခဲ့သော သူ့အတွက် ယခုလိုဘဝအဆင် ချိုးပြောင်းလွဲသွားမှုတွင် အချစ်သည် ဘွားခနဲ ပေါက်ဖွားလာသည်။

သို့သော်အချစ်ကြောင့် ပျော်ရွှင်မှုမရနိုင်ဘဲ၊ ဒုက္ခကိုသာ ရင်ဆိုင်နေရပြီ။ အချစ်ပန်းကို မည်ကဲ့သို့လှမ်းဆွတ်ရမည်နည်း။

"ဦးဦးစားလေ"

"ဦးဦး မစားချင်ဘူး သား၊ သားပဲစား"

"ဟာ သားတစ်ယောက်ထဲ စားရတာ ပျင်းတယ်၊ ဦးဦးပါစား"

"အေးပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



လန်းဆန်းသည် အာကာဦး ကျေနပ်စေရန် သူ့အား ဟင်းများကို ထည့်ပေးရင်း သူပါ တစ်ဇွန်းစနှစ်ဇွန်းစ စားသောက်လိုက်သည်။

အာကာဦးသည် မိခင်၏ သွန်သင်ပြသထားမှုကြောင့် အစားအသောက်ကို မဖိတ်မစင်စေပဲ သေသပ်စွာစားသုံးလေသည်။

လန်းဆန်း ပန်းခရေဦးကို ချစ်မြတ်နိုးသွားရသည်မှာ ထိုအချက်တွေလည်း ပါဝင်သည်။

ဘဝကိုအရှုံးမပေးဘဲ လက်နှစ်ဖက်ကောင်းနေစဉ် လက်နှစ်ဖက်ကို အနားမပေးဘဲ အသုံးချသည်။ သားဖြစ်သူအား နားဝင်စေရန် ချိုသာစွာဆုံးမလေ့ရှိသည်။ ယောက္ခမနှင့် ယောင်းမကိုလည်း အမေအရင်း၊ ညီမအရင်းသဖွယ် ညှာတာစွာဆက်ဆံသည်။ သဘောထားပြည့်ဝသူဖြစ်သဖြင့် သူမအပေါ် လေးစားမြတ်နိုးလာသည်။

အချစ်ဝေဒနာကို ရင်ထဲကြာရှည်စွာ သိမ်းဆည်းမထားချင်တော့၊ ရင်ဆိုင်လိုက်သည်နှင့် ပြဿနာစတွေ့ရသည်။ အချစ်၏ ပူလောင်ခြင်းသည် သူ့အား ဝါးမျိုစပြုလေပြီ။

သူ ထမင်းမျိုမကျနိုင်အောင် ဖြစ်နေသည်။

အချစ်နာသည် ရင်ပြည့်စေသည်ထင်ပါသည်။

"ဦးဦး နေမကောင်းဘူးလား၊ ထမင်းလည်းမစားနိုင်ဘူး"

"နေကောင်းပါတယ်၊ ရင်ပြည့်နေလို့"

စားသောက်ခြင်း ပြီးစီးသွားသည်နှင့် သူနှင့်အာကာဦး ဈေးချိုဘက်သို့ ထွက်ခဲ့သည်။





"ဈေးချိုကို မင်းရောက်ဖူးသလား"

"ရောက်ဖူးတာပေါ့ ဦးဦးရဲ့၊ ဖေဖေရယ်၊ မေမေရယ်၊ သားရယ် လာနေကြပဲ၊ ခု မေမေစောင့်နေမယ့် အောင်မင်္ဂလာဖိနပ်ဆိုင်က ဖိနပ်ကိုမှ သားသားတို့စီးတာ၊ လာတဲ့အခါတိုင်း ဝယ်နေကြ"

လန်းဆန်းက သက်ပြင်းချလိုက်သည်။ နေရာတိုင်းမှာ ကိုဝဏ္ဏ၏ အရိပ်က စိုးမိုးနေသည်။

"ဦးဦးကိုလည်း ဝယ်ပေးဖို့ မေမေ့ကို ပြောရမယ်"

"အေး ကောင်းတယ်၊ သားသားကိုလည်း ဦးဦးက ဝယ်ပေးမယ်"

"လေးလေးကိုကော"

"မင်းလေးလေးကိုတော့ ဝယ်မပေးဘူးကွာ၊ ဦးကိုဆို အမြဲ ဝက်လိုပဲပက်နေတော့ ဦးဦး ဝယ်မပေးချင်ဘူး"

"လေးလေးက သဘောကောင်းပါတယ် ဦးဦးရဲ့"

"မင်းအမေက ပိုသဘောကောင်းတယ်"

အာကာဦးက သူ့အမေဘက်လှည့်နေသည့် မြားဦးကို သူ့ အဒေါ်ဘက်သို့လှည့်ပေးလိုက်သည်။ 'ဒီကလေး လူလည်' ဟု မှတ်ချက်ချလိုက်မိသည်။

"မေမေက သဘောမကောင်းပါဘူး"

"ကောင်းပါတယ်"

သို့နှင့် အာကာဦးက ဦးဆောင်ပြီး သူ့အား အရှေ့ ခေါ်သော စပယ်ရှိ ဒုတိယထပ်သို့ တက်ခဲ့သည်။ ဆိုင်အမှတ် ဆယ့်ကို အောင်မင်္ဂလာဖိနပ်ဆိုင်တွင် ခွေးခြေတစ်လုံး၌



www.burmeseclassic.com

www.burmeseclassic.com



ထိုင်စောင့်နေသော ပန်းခရေဦးကို လှမ်းတွေ့လိုက်ရသည်။

"မေမေ စောင့်နေတာကြာပြီလား"

"ခုပဲ သား"

"သားတောင်အတော်ထွားလာပြီပဲ၊ ဒါကြောင့် အမေတ နံပါတ်တစ်ခု တိုးဝယ်ရတာကိုး"

ဆိုင်ရှင်ဖြစ်ဟန်တူသော ဖြူဖြူခန့်ခန့်ချောချော အမျိုးသမီးကြီးက လှမ်းပြောလိုက်သည်။

"မေမေ ဦးဦးကိုကော ဖိနပ်ဝယ်ပေးရအောင်၊ ကြီးကြီး ဦးဦးဖို့ ယုန်တံဆိပ်ကော၊ ပန်းလက်ဝါး ကတ္တီပါခင်း ဖိနပ်နှစ်ရံ ပေးပါ"

အာကာဦးက မိခင်ဆီမှ ခွင့်ပြုချက်ကို မတောင်းခံဘဲ သူ့ဆန္ဒအလျောက် ပြောဆိုလိုက်သည်။

"သားက သွက်လာလိုက်တာ၊ သားဦးလေးက အနက် စီးသလား"

"စီးပါတယ်"

"ဒီလိုဆို သားရေခင်းကတ္တီပါကြီးတတ်က အနက်ရောင် ယူ၊ ကတ္တီပါခင်းက ကြက်သွေးရောင်လေး ယူလိုက်၊ ဒီလိုဆို သားဦးဦး ကအသားဖြူတော့ အသားရောင်နဲ့ ဟပ်သွားမှာပဲ စီးကြည့်ပါ"

ပန်းခရေဦးက အာကာဦးကို အသည်းယားနေသည်။ သူကိုယ်တိုင် လန်းဆန်းဖိနပ်စီးသည်ကို ငုံ့ကြည့်ပြီး. . .

"ဟာ အတော်ပဲ၊ ဦးဦးနဲ့ သိပ်လှတာပဲ မေမေ၊ ပိုက်ဆံ ပေး ဦးဦးကချည်း သားကိုဝယ်ပေးနေတာ၊ သားကလည်း ဦးဦး





ကို လက်ဆောင်ပြန်ပေးချင်တယ်၊ သားမုန့်ဖိုးစုထားတဲ့ထဲက မေမေယူလိုက်နော်"

မိခင်က မကြည်ဖြူမှန်း၊ ကြည်ဖြူမှန်းမသိဘဲ သားက ရှတ်ပြောလိုက်သဖြင့် ဟန်မပျက်ပိုက်ဆံထုတ်ကာ ဖိနပ်ဖိုး ပေးရင်း. . .

"ကျွန်မ မောင်ဝမ်းကွဲလေ၊ သားက သူ့ဦးလေးကို သိပ်ချစ်တာ"

"မောင်ဝမ်းကွဲ ဟုတ်လား၊ ကျွန်တော်က အရင်းလို့ တောင် ထင်တာ၊ မခရေနဲ့ အသားအရောင်ကော ရုပ်ချင်းကော ဆင်လို့လေ"

ဆိုင်ရှင်အမျိုးသမီးကြီး၏ ပြောစကားကြောင့် ပန်းခရေဦး သည်လန်းဆန်းအား ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ အင်း ဟုတ်ပေသားပဲ၊ ဘေးတိုက်အနေအထား၌ မျက်ခုံး၊ နှာတံ မိမိကဲ့သို့ပင် ထင်ရှားသည်။

လန်းဆန်းကတော့ ကျေနပ်သွားသည်။

တကယ့်ကို မင်္ဂလာစကားပါပဲ၊ အဘယ်ကြောင့်ဆိုသော် ရုပ်ချင်းဆင်သောသူများသည် ညားတတ်သည်ဟူသော စကားကို ကြားဖူးထားသောကြောင့်ဖြစ်သည်။

"ခွင့်ပြုပါဦး အန်တီ"

"အေးကွယ်၊ အေး. . အေး"

လန်းဆန်းကတော့ အပြုံးဖြင့်ပင် နှုတ်ဆက်ကာ ပန်းခရေဦးလက်ထဲမှ အထုပ်အပိုးများကို ဝိုင်းယူလိုက်သည်။ ပန်းခရေဦးက မပေးချင်သော်လည်း မောင်ဝမ်းကွဲပါဟု ပြောထားသ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဟန်မပျက်ပင် ပေးလိုက်သည်။

ကားပေါ်ရောက်သည်အထိ ပန်းခရေဦးသည် စကား မပြော၊ နောက်ခန်းတွင်ထိုင်ကာ. . .

"ရေနီမြောင်းဘက်ကို မောင်"

"ရေနီမြောင်း ဘယ်မှာလဲ"

"မာဇူးရဲ့ဘေးမှာ ကျွန်မပြပေးမယ်"

"မေမေ၊ အဲဒီမှာ ကစားကွင်းရှိသလား"

"မရှိဘူး"

လန်းဆန်းက တိတ်တဆိတ်မောင်းခဲ့သည်။ ရင်ထဲမှာ လှုပ်ရှားနေသည်။ အချစ်ကိုရယူပိုင်ဆိုင်ခြင်းအတွက် တရားမှု တမှုကို ဦးစားပေးရမှာလား။

ယခုနေသူတို့သားအမိကို တစ်နေရာရာသို့ ခေါ်သွား ပါက သူသည်အချစ်ကို မါးပြတိုက်ယူသော လိမ်လည်လှည့်ဖြား ယူသော လူလိမ်၊ လူညာ၊ လူကောက်ဖြစ်သွားနိုင်သည်။

ယခုတောင်မှ လိမ်ညာပြီး သူတို့အသိုင်းအဝန်းသို့ ဝင် ရောက်ခဲ့သည်။ ဒါကလည်းပြစ်မှုတစ်ခု. . .

အချစ်ကိုရယူရန် မည်သည့်နည်းလမ်းကိုသုံးသင့်သ နည်း သူငယ်ချင်းတွေ အနားမှာ ရှိနေလျှင်လည်းအကောင်း သား၊ သူတို့ ကိုရင်ဖွင့်တိုင်ပင်လိုက်လျှင် သူ့အတွက် သက်သာ ရာ ရဦးမည်။ ယခုတော့ ရင်ထဲမှာ တင်းကျပ်၍ စိတ်ထဲမွန်းကျပ် နေသည်။

"ရွှေနားမှာ ခဏရပ်၊ ဟုတ်ပြီ ဒီမှာပဲစောင့်နေ၊ သား လိုက်ချင်လိုက်ခဲ့၊ မလိုက်ချင်လည်း ဦးဦးနဲ့နေခဲ့"





"ဟင် ဘာမှလဲ မရှိဘူး၊ မေမေ ဘာသွားလုပ်မှာလဲ"

"ရှိပါတယ် သားရဲ့"

ပန်းခရေဦးက ရွှေခန်းရှိ အာကာဦးအား တံခါးပေါက် ခ ငုံ့လျှိုးကာကြည့်ပြီး. . .

"မတွေ့ဘူးလား သား၊ သားဖေဖေရဲ့ ခြေရာလေးတွေ လေ၊ ဖေဖေနဲ့မေမေ၊ ဒီလမ်းလေးမှာ စတွေ့တာ၊ မေမေပြန် ကြည့်ချင်လို့"

"ဟာမေမေကလဲ၊ ဒီလောက်ကြာတာခြေရာ ဘယ်ရှိ တော့မလဲ"

လန်းဆန်းသိလိုက်ပြီ။ ပန်းခရေဦးသည် မိမိအား. . ကောင်းကောင်းပညာပေးနေပြီဟု။ ဘာပဲဖြစ်ဖြစ် မသိကျိုးကျွန် ပြုတာ. . .

"ဟုတ်သားပဲ၊ ရှိချင်ရှိမှာပေါ့သားရဲ့၊ သွားလိုက်ကြည့် လိုက်လေ"

"ဦးဦးကောလိုက်မှာလား"

ပန်းခရေဦး စိတ်ထဲကျိတ်၍ဒေါသဖြစ်သွားသည်။

သူ ဘာဖြစ်၍ မတုန်လှုပ်ရသနည်း။

"မလိုက်နဲ့ ဘယ်သူမှ မလိုက်ခဲ့နဲ့တော့၊ မိုးရွာတော့ မယ်"

ကားကိုကျောခိုင်းကာ ရေနီမြောင်းဘေးက လမ်းက လေးအတိုင်း လျှောက်လှမ်းလိုက်သည်။

မိုးဖွဲဖွဲကျလာသည်။

နေပါစေ၊ ရွာပါစေ၊ ဒါမှရင်ထဲက သောကအပူ ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသွားမှာ။

မိမိစက်ဘီးချိန်းကြိုးပြတ်တာ ဒီနေရာထင်ပါရဲ့၊ ကိုဝဏ္ဏ
ကို စတွေ့သည်။ ထိုစဉ်က မိမိရင်ခုန်ခဲ့သလား။ ကိုယ့်ကိုယ်ကို
ဆန်းစစ်ကြည့်သည်။ မခုန်ခဲ့ပါ။ သို့သော် ကိုဝဏ္ဏကို အားကိုး
သည်။ အားကိုးလောက်သော အရည်အချင်းတွေရှိသည်။ မိ
မိထွေးကိုမုန်းသည်။ သူမစီစဉ်သော ယောကျ်ားက မိမိထ
ဆယ့်ငါးနှစ်လောက်ကြီးသည်။ မယူချင်၊ စွန့်စားကာတစ်ခုတည်
သောအားကိုးရာ ကိုဝဏ္ဏနောက်သို့ လိုက်လာခဲ့သည်။ မယူ
တော့ပါဘူးဆိုကာ ကိုဝဏ္ဏနှင့်လက်ထပ်ခဲ့သည်။ လက်ထပ်ပြီ
တော့လည်း သံယောဇဉ်ဖြစ်လာသည် သံယောဇဉ်မှ ချစ်ခြင်
နှောင်ဖွဲ့လာသည်။ အိမ်ထောင်သက် ငါးနှစ်ကျော် ခြောက်နှ
အထိ အေးချမ်းသာယာစွာရှိခဲ့သည်။ ကိုဝဏ္ဏသည် သူတေ
ကောင်းတစ်ဦး ဖြစ်သည်ဟု သူခိုင်မာစွာယုံကြည်ခဲ့သည်။ ယ
တော့ ကံကြမ္မာဆိုးက မိမိအား မုဆိုးမအဖြစ် လောကအလယ
မျက်နှာငယ်စွာ ထားရစ်ခဲ့လေပြီ။

မိုးရွာချလာသည်။ တွေဝေ၍ရပ်နေဆဲ ထီးတစ်လ
သူမအပေါ် မိုးလာသည်။ လန်းဆန်း. . .

လန်းဆန်းက မျက်ရည်နှင့် မိုးစက်များ ရောထွေးေ
သော ပန်းခရေဦး၏ မျက်ဝန်းကို ကြင်နာစွာ ကြည့်လိုက်သည်
ပြီးတော့. . .

"နေချင်နေဦးလေ၊ ကျွန်တော် မိုးပေးထားပါ့မယ်"

ပန်းခရေဦး ချာခနဲလှည့်ကာ ကားဆီသို့သုတ်ခြေတ
ခဲ့သည်။





"မေမေ၊ မေမေစိုက်ပြီး ဖျားတော့မှာပဲ၊ အင်္ကျီအပိုလဲ
ပါဘူး"

ပန်းခရေဦး နှောင်တရသွားသည်။ စိတ်ရှိင်းသည် လန်း
ဆန်းကို ပညာပေးချင်သည်။ သူ့နှလုံးသား နာကျင်သွား စေချင်
သည်။

သို့သော်မိမိအဖြစ်က မိုးကောင်းကင်ကို မော့ကြည့်ကာ
တွေးထွေးမိသော သူကဲ့သို့ဖြစ်သွားလေပြီ။ ဝေဒနာသည်
အား လာရောက်ထိမှန်လေသည်။

"ရော့. . ရေကိုသုတ်ပြီး၊ အဲဒီအင်္ကျီ ဝတ်ထားလိုက်"

လန်းဆန်းက သူ့တစ်ကိုယ်စာ ခရီးဆောင်အိတ်ထဲမှ
တောင်ခန့်မျက်နှာသုတ်ပဝါနှင့် ဂျာကင်အင်္ကျီကို ထုတ်ပေး
သည်၊

"နေပါစေ၊ ရတယ်"

"ရပါတယ် မလုပ်ပါနဲ့၊ ပြင်ဦးလွင်အထိ သွားရမယ့်ခ
ာ ခင်ဗျား ဖျားသွားမှာပေါ့"

"ဟုတ်တယ် မေမေ. . သုတ်လိုက်၊ မေမေ မသုတ်ရင်
သားလာသုတ်ပေးမယ်"

"မလာနဲ့ သုတ်မယ်"

ကလေးမိခင် မိမိသည် ဘာကြောင့် စိတ်လွတ်လက်
နှင့် ကလေးဆန်သောအပြုအမူမျိုးကို ကျူးလွန်ရသနည်း။

စိတ်ကိုတည်ငြိမ်အောင် ထားရမည်။ မျက်နှာသုတ်ပဝါ
င်းနှင့်မျက်နှာကို ခပ်ဖွဖွသုတ်လိုက်သည်။ အနံ့တစ်မျိုး
ဟုတ် သင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားများ၏ ကိုယ်သင်းနံ့သည် ဆိုးဝါးသည် ပန်းခရေဦးထင်သည်။ ကိုဝဏ္ဏက အလုပ်ကြမ်းလုပ်ရသဖြင့် နံ့အမြန်နေတတ်သည်။ 'သွား ရေချိုးပြီး အဝတ်လဲပြီးမှ ကျွ အနားလာကပ်' ဟု မိမိအမြဲ နှင်ထုတ်တတ်သည်။ တွေးမိ သနားစရာကောင်းလှသည်။

လန်းဆန်းကတော့ အလုပ်ကြမ်းလုပ်ရသူမှ မဟုတ် ပေါက်တူးတစ်ခါပေါက်လိုက်သည်နှင့် လက်ပေါက်ပြဲသ အမေတို့က မခိုင်းတော့။ ကားမောင်းလျှင်လည်း ပြန်လာသ နှင့် ခဏနား၊ ရေချိုးကာ အဝတ်အစားကို ချက်ချင်းလဲပစ်သ သည်။

"ဝတ်လိုက်လေ ရွံလို့လား၊ မရွံပါနဲ့ လျှော်ထားပြီးသ

မဝတ်ဘူးဟုနေသော်လည်း၊ ပါတိတ်အကျီ၊ လုံချည် မိုးရေစိုထားသဖြင့် အသားမှာကပ်၍နေသည်။ သူ ယောကျ်ားရှေ့ မကောင်းပါဘူးဟုဆိုကာ ဝတ်လိုက်သည်၊

ထိုအခါ လန်းဆန်းသည် သက်ပြင်းချကာ ကားကို နိုးလိုက်သည်။

"ဘယ်ကိုမောင်းရမလဲ"

"အိမ်ကို"

လန်းဆန်းရင်ထဲ တင်းကျပ်သွားသည်။

ဒေါ်အေးညိုတို့ကို မည်သည့်မျက်နှာဖြင့် ရင်ဆိုင် လဲ။







# အခန်း(၂၁)

"မိုးတွေရွာလာတော့ မန္တလေးမှာလဲ ရွာမှာပဲဆိုပြီ အမေ မ်နေတာ၊ တော်သေးတာပေါ့ သားနဲ့တွေ့လာလို့"

ဒေါ်အေးညိုက ဆီးကြိုကာ ပြောလိုက်သည်။

လန်းဆန်းက. . .

"တွေ့လာတာမဟုတ်ဘူးအမေ၊ ကျွန်တော်က ပါစင်ဂျာ ရတနာပုံကစားကွင်းကို တမင်လိုက်သွားတာ သူတို့သား ကိုစိတ်မချလို့"



www.burmeseclassic.com

www.burmeseclassic.com



လန်းဆန်း ပိတ်ပြောလိုက်သော စကားကြောင့် ပန်းခရေဦး တိတ်တခိုးသက်ပြင်းချလိုက်မိသည်။

"မမကြီးက ဘယ်လိုလုပ် မိုးစိုလာရတာလဲ"

"ကားနဲ့ ဒရိုင်ဘာရှိတုန်း ရေနီမြောင်းဘေးပို့ခိုင်းပြီး အလွမ်းပြေ လမ်းဆင်းလျှောက်တုန်း မိုးရွာလိုလို့လေ"

ချယ်ရီ့ရင်ထဲ တစ်မျိုးဖြစ်သွားသည်။ မမကြီးသည် ကိုဝဏ္ဏ၏ ချစ်ခြင်းနှင့် တစ်စုံတစ်ခုကို စိုးထိတ်မှုဖြင့် အကာအကွယ် ယူနေတာလား။

မိမိသည် ငယ်သေးသည်။ သို့သော် နည်းလည်သလိုတော့ရှိသည်။ ဧည့်သည်က မမကြီးကိုကြည့်သော အကြည့်သည် မရိုးသားဘူးဟု ထင်သည်။

လန်းဆန်းက ကားပေါ်တွင် အိပ်လာသော အာကာဦးကို ပွေ့ချီကာ အိမ်ရှေ့ကွပ်ပျစ်၌ သိပ်လိုက်သည်။

ပန်းခရေဦးက သူမ၏အိပ်ခန်းတွင်းသို့ဝင်ကာ အဝတ်လဲ လေသည်။

ချယ်ရီက ဝယ်လာသောပစ္စည်းများကို သိမ်းလိုက်သည်။ ယောက်ျားစီး ကတ္တီပါဖိနပ်နှစ်ရန်. . .

"ဒါ ဘယ်သူ့ဖိနပ်လဲ"

"ကျွန်တော့်ဖိနပ်"

ပန်းခရေဦး စိတ်လှုပ်ရှားသွားသည်။ ယောက္ခမနှင့် ယောင်းမအထင်လွဲမှာကို သူ အစိုးရိမ်ဆုံးဖြစ်သည်။

အဝတ်လဲပြီးသဖြင့် ဆံပင်ကိုဖြန့်ကာ မျက်နှာသုတ်ပဝါနှင့် သုတ်ရင်း. . .





"မပြောချင်ဘူး ညီမလေးရယ်၊ သားတော်မောင်လေးသူ့ဦးဦးကချည်းပဲ သူလိုချင်တာတွေ ဝယ်ပေးနေတာတဲ့၊ ခု ဦးဦးကို သူ့မုန့်ဖိုးထဲက ဖိနပ်နှစ်ရန်ဝယ်ပေးပါလို့ ပူဆာတာနဲ့ ဝယ်ပေးခဲ့ရတယ်"

လန်းဆန်းရင်ထဲ ကျေနပ်သွားသည်။ ဘာပဲဖြစ်ဖြစ် ပန်းခရေဦးသည် သူ့မ မရိုးသားသော ကြိုးပမ်းချက်ကို ဖုံးကွယ်ထားတော့မည်ထင်ပါသည်။ တော်သေးသည်။ သူအသက်ရှူချောင်သွားရပြီ။

သူရေချိုးခန်းဝင်ခဲ့ပြီး၊ ရေချိုးကာ အဝတ်လဲလိုက်သည်။ ပြီးသည်နှင့် အဆောက်အအုံဆောက်လုပ်ရာသို့ ထွက်ခဲ့သည်။ တိုင်ထူကြမ်းခင်းပြီး သွပ်မိုးကို အရင်မိုးပြီး အုတ်နံရံကို နောက်သဖြင့် အလုပ်သမားများ မိုးလွတ်ကင်းစွာ ဆက်လုပ်နိုင်သည်။

ရှေ့တစ်ပတ်ဆိုလျှင် အချောကိုင်မည်။ မှန်ပြတင်းတံခါးများတပ်ဆင်ပြီး၊ အလုပ်သမားများထိုင်၍ မက်မန်းသီးခွာရန် အဆောက်အအုံတစ်ဝက်မျှ ကွပ်ပျစ်ရိုက်ပေးပြီးလျှင် ပြီးပြီ။

"ဟတ်ချိုး. . ဟတ်ချိုး. ."

ပန်းခရေဦး၏ အဆက်မပြတ်နှာချေသံကို ကြားလိုက်ရသဖြင့် စိုးရိမ်သွားသည်။ အအေးမိပြီး ဖျားသွားမှဖြင့်. . .

အိမ်ထဲဘက်သို့ ပြန်ဝင်လာခဲ့သည်။

"မိုးမိလာရင် မိုးရေကုန်စင်အောင် ရေချိုးပြီးမှ အဝတ်အစား နွေးနွေးထွေးထွေးဝတ်၊ ပြီးရင်. . ကော်ဖီပူပူလေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆေးနဲ့သောက်လိုက်ရတယ်၊ ကျွန်တော်က မိုးထဲရေထဲ လည်ပတ်နေကြဆိုတော့ အမေကအဲဒီလိုအမြဲလုပ်ပေးနေကြ၊ မခေ ရေမချိုးလိုက်ဘူး ထင်တယ်"

ပန်းခရေဦးက. . .

"ဟုတ်တယ်. . ဟုတ်တယ်၊ ချမ်းတာနဲ့ အကျီပဲလဲလိုက်မိတယ်၊ ချိုးလိုက်ဦးမှ အရှည်ကြီးရေ၊ ကော်ဖီဖျော်ထားပေးပါကွယ်၊ လန်းဆန်းလဲသောက်၊ သားနိုးလာရင်စားဖို့ တစ်ခုခုလည်း လုပ်ထားပါဦး"

ပြောပြောဆိုဆိုနှင့် ရေချိုးခန်းဘက် ဦးတည်လိုက်သည်။

ဒေါ်အေးညိုက မက်မန်းသီးထုတ်နေရာမှ. . .

"ဩော်. . မနက် သားထွက်သွားပြီး တအောင့်လောက်မှာ လူတစ်ယောက် သားကိုလာရှာတယ်"

"ဘယ်သူလဲ အမေ"

"ဦးအိုက်စံ လွှတ်လိုက်တာတဲ့ သား၊ ဦးအိုက်စံကို လာဆက်သွယ်ပါတဲ့"

လန်းဆန်းမျက်နှာ မသိမသာ ပျက်သွားသည်။

သို့သော်. . .

"ဟုတ်ကဲ့. . ညနေစောင်းမှ သွားလိုက်ပါ့မယ်အမေ" ဟု ဟန်မပျက်ပြောလိုက်သည်။

"ဆက်ဆက်လာဖြစ်အောင်လာပါတဲ့ သွားဖြစ်အောင်သွားလိုက်နော်သား"

"ဟုတ်ကဲ့. . စိတ်ချပါအမေ"





ဒေါ်အေးညိုက ငယ်ရာမှ ကြီးလာသူပီပီ၊ ငယ်ရွယ်သူများ၏ မူပျက်မှုကို ရိပ်မိစပြုလာသည်။

ချွေးမချောက အရင်ဒုက္ခိတဘဝကတော့ အကြောင်းဟုတ် ယခုလို လူကောင်းပကတိဖြစ်လာတော့ သူမ၏အလှအရာက အစွမ်းကုန်ဖူးပွင့်နေသော ပန်းတစ်ပွင့်နှင့် တူလေသည်။

ဒေါ်အေးညို တိတ်တခိုး သက်ပြင်းချလိုက်မိသည်။ တစ်ပင်လဲ၍တစ်ပင်ထူခြင်းသည် အပြစ်တစ်ခုမဟုတ်သော်သည်း သူတို့သားအမိသာ မိမိတို့သားအမိအား စွန့်ခွါသွားပါသူသောအတွေးက ခြောက်လှန့်လာသောအခါ အသက်ရှူမဝချင်သကဲ့သို့ဖြစ်လာပြီး ချောင်းဆိုးရင်ကျပ် ဖြစ်လာလေသည်။

"အဟွတ်. . အဟွတ်. . ဟွတ်. ."

"အမေ ရောဂါကို မေ့မထားနဲ့၊ ရန်ကုန်မှာ သွားကုလေသား"

"အဟွတ်. . ဟွတ်. . ရပါတယ်၊ အမေ့တိုင်းရင်းဆေးနဲ့ အမေသက်သာနေတာပဲ၊ ခု နည်းနည်း အအေးများလာလို့ပါ။ အမေ့အတွက် ဘာမှမပူနဲ့"

လန်းဆန်းဘာမှ ထပ်မပြောတော့ဘဲ၊ ကော်ဖီသောက်ပြီး အိမ်နောက်ဘေးနှင့်ဆက်လျက် လူကူးစကြိုကလေး လုပ်ထားပေးပြီး ဆက်ဆောက်ထားသည့် အလုပ်ရုံသို့ကူးသွားလိုက်သည်။

"အမေ. . အမေ့လူက ဟန်ရဲ့လား၊ မမကြီးအပေါ်မှာသူ့ စိုးရိမ်ပူပန်မှုတွေက မသိသာလွန်းဖူးလား"



www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီက ဘယ်သူမှမကြားစေရန် မိခင်နားကပ်၍ ပြောလိုက်သည်။

"မဖြစ်နိုင်ပါဘူးလေ"

"ဘာမဖြစ်နိုင်တာလဲ"

"သူ့ဘက်က ဖြစ်ခဲ့ရင်တောင် သမီးကြီးဘက်က မဖြစ်နိုင်ဘူးထင်တယ်"

"ကျွန်တော်တော့ ဧည့်သည်ကို ဆက်မထားသင့်တော့ဘူး ထင်တယ်အမေ"

"နေပါဦး သမီးရယ်"

"လူတစ်ဖက်သားကို သနားတတ်၊ ယုံလွယ်တတ်တဲ့ အမေ့ကို တစ်ဖက်သားက ဒုက္ခပေးသွားလိမ့်မယ်နော်၊ ခက်တယ်အမေရာ"

ချယ်ရီက ဒေါ်အေးညိုနားက ထထွက်သွားလေသည်။ ထုတ်ပြီးသား မက်မန်းသီးထုပ်များကို တောင်းထဲသို့ရေတွက်၍ ထည့်လိုက်သည်။







# အခန်း(၂၂)

"ဟင်. . . ဖေဖေ"

ဦးအိုက်စံအိမ်သို့ ရောက်သည်နှင့် ဧည့်ခန်းတွင် မိန့်မိန့်ကြီးထိုင်နေသော ဖခင်ကိုတွေ့လိုက်ရသဖြင့် လန်းဆန်း အံ့ဩဝမ်းသာသွားသည်။

"ထိုင်. . သား၊ မင်းဖေဖေရောက်လာပြီး မင်းကိုတွေ့ချင်တယ်ဆိုလို့ အန်ကယ်လ်က ခေါ်လိုက်တာ၊ ကိုင်း သားအဖနှစ်ယောက် အေးအေးစကားပြောကြဦး၊ ကျွန်တော် ခရင်းလေး

www.burmeseclassic.com



သွားလုပ်လိုက်ဦးမယ်"

"သွား. . သွား၊ အိုက်စံ ငါက ဧည့်သည်မှ မဟုတ်ဘဲ"

ဦးအိုက်စံ ထထွက်သွားသည်နှင့် လန်းဆန်းက ဖခင် ဘေးနားတွင် ကပ်ထိုင်လိုက်သည်။

"သား. . အသားနည်းနည်း ညိုသွားတယ်"

"ဖေဖေ၊ မေမေနဲ့ မမကော နေကောင်းရဲ့လား"

"ကောင်းပါတယ်၊ အခုတလော မင်းဖုန်းမလာတာကြာ လို့ဆိုပြီး ဖေဖေ မန္တလေးကို ကိစ္စနဲ့လာတာကို မင်းကိုတွေ့ခိုင်း လို့ လာတွေ့ရတာ"

"ကျွန်တော် မအားဘူး ဖေဖေ၊ သူတို့က မက်မန်းသီး သရေစာထုတ်နေပြီ၊ အဲဒီအတွက် အလုပ်ရုံဆောက်ချင်တယ် ဆိုလို့ သားဆောက်ပေးနေတာ၊ ဘဘအိုက်စံဆီကတော့ သား ဆွဲထားတာ သိန်းနှစ်ဆယ်ကျော်သွားပြီထင်တယ်"

"ငွေကအရေးမကြီးပါဘူးသား၊ ဒီထက်မကတောင်. . ဖေဖေတို့က ပေးဖို့ဆုံးဖြတ်ထားပြီးသား၊ ဒါထက် သားဖွင့်ပြောပြီး ပြီလား"

"မပြောရသေးဘူး ဖေဖေ"

"သားကိုပေးထားတဲ့အချိန်ဟာ ခြောက်လနော်၊ ဒါကို ဖေဖေပြင်ဆင်ပေးမှဖြစ်တော့မယ်"

လန်းဆန်းတုန်လှုပ်သွားသည်။

"ဘာဖြစ်လို့လဲ ဖေဖေ"

"စည်ပင်ဆောက်လုပ်ရေးမှာ ဘီအီးတွေခေါ်နေပြီ. . ဒီမှာ လျှောက်လွှာ၊ ဖေဖေဖြည့်စွက်ပြီးပြီ၊ သားလက်မှတ်ထိုး





တော့၊ ရေးဖြေနဲ့ လူတွေ့က ခေါ်ပြီးတစ်လပဲဆိုတော့ မင်း ဆုံးဖြတ်ချက်တစ်ခုကို ရှာတွေ့ပြီလား မတွေ့သေးရင် တစ်လ အတွင်း ဆုံးဖြတ်ချက်ကို ဖေဖေကိုတင်ပြ၊ ဖေဖေဆောင်ရွက် ပေးမယ်၊ မင်းပြန်သာလာခဲ့တော့"

'ပြန်'ဆိုသော စကားသည် သူ့နှလုံးသားကို နာကျင် စေသည်။ ဝေးကွာခြင်းအတွက် နိဒါန်းစလေပြီဟု သူခံစားလိုက် ရသည်။

ဖခင်ထုတ်ပေးသော လျှောက်လွှာများကို မဖတ်ဘဲ လက်မှတ်ထိုးလိုက်လေသည်။

"မိသားစုက စိတ်ရင်းကောင်းကြတယ် ဖေဖေ၊ အလုပ် လည်း ကြိုးစားကြတယ်"

"အိုက်စံကပြောတယ်၊ ဝဏ္ဏမိန်းမက တော်တော်ချော တယ်ဆို"

ဖခင်တစ်ယောက်အနေဖြင့် သားလူပျို၊ လူလွတ်အပေါ် စိုးရိမ်ပူပန်မည်ဟု လန်းဆန်းသဘောပေါက်မိသဖြင့်. . .

"ဟုတ်တယ် ဖေဖေ၊ ချောတယ်၊ လှတယ် ကျက်သရေ လည်းရှိတယ်၊ ခြေထောက်ပြန်ကောင်းသွားပြီ"

"ဟုတ်လား၊ မင်းဖုန်းဆက်တော့ မပါပါလား"

"ဖုန်းနဲ့က စကားတွေများပြားပြီး မေ့သွားလို့ပါ"

"ကလေးကကော"

"ဒီနှစ် ကေဂျီစတက်တယ်၊ ချစ်စရာသိပ်ကောင်းတယ် ဖေဖေ"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



လန်းဆန်းဖခင် ဦးဆန်းအောင်က သက်ပြင်းတစ်ချက်ကို သိသာစွာ ချလိုက်သည်။

တရားသူကြီး မိမိသည် ဒီတချီတွင်တော့ စီရင်ချက်အချ မှားသွားပြီလားဟု မိမိကိုယ်မိမိ သံသယဝင်လာသည်။ သားဖြစ်သူအတွက် စိုးရိမ်ပူပန်မှု ဖြစ်လာသည်။ အမှားအယွင်းတစ်ခုခုသာ ဖြစ်သွားပါက ဇနီးဖြစ်သူ၏ အပြောအဆိုကို ခံရမည်မှာ ကျိန်းသေသည်။ ယခုတောင် "မကြုံဖူးဘူး၊ သားကို အပြစ်မရှိ အပြစ်ရှာပြီး စီရင်ချက်ချတဲ့အဖေမျိုး အခုမှ ကြုံဖူးတော့တယ်၊ အံ့ပါရဲ့ရှင်"

"လူ့လောက သဘာဝကို သားကိုသိစေချင်တယ်၊ သားရဲ့ အပျော်ကြောင့် မိသားစုတစ်စုရဲ့ ဘဝတစ်ခုလုံး ဒုက္ခရောက်သွားရတယ်၊ ဒါကို သားနားလည်စေချင်၊ နားလည်သဘောပေါက်ရဲ့လား"

"ကျွန်တော် သဘောပေါက်ပါတယ် ဖေဖေ၊ ဒါပေမယ့် သူတို့မိသားစုက ခပ်ပျော့ပျော့၊ ခပ်ညံ့ညံ့မိသားစု မဟုတ်ဘူး ဖေဖေ၊ သေဆုံးသူ ကိုဝဏ္ဏဟာ အမျှော်အမြင်ကြီးမားတဲ့ ယောကျ်ားကောင်း တစ်ယောက်ပါ၊ အနာဂတ်အတွက် စီမံကိန်းတွေချထားခဲ့တယ်၊ ဒါကို မခရေက အကောင်အထည်ဆက်ဖော်နေတယ်ဖေဖေ"

"မခရေ"

"ကိုဝဏ္ဏရဲ့ မိန်းမပါ"

"ဩော်. . . ဖေဖေတွေ့ချင်လိုက်တာ"

"ဘာဖြစ်လို့လဲ ဖေဖေ"





"သားရဲ့အပြစ်တွေကို သားကိုယ်စား ဝန်ခံမလို့"

"သားအပြစ်ကို သားကိုယ်တိုင်ပဲ ဝန်ခံပါ့မယ်"

လန်းဆန်းစိတ်လှုပ်ရှားနေသည်။

သူ့အပြစ်ကို သူဝန်ခံရပါသည်။ သို့သော် နောက်ဆက်တွဲ ရလာမည့် အမုန်းတရားကိုတော့ သူ မရင်ဆိုင်ရဲ။

"သား ဘာဖြစ်ချင်သလဲ"

လန်းဆန်းခေါင်းခါလိုက်သည်။

သူဖြစ်ချင်တာကိုပြောလို့ ဖြစ်မည်လား။ ဖခင် လုံးဝလက်ခံ လိမ့်မည်မဟုတ်ဟု သူယုံကြည်သည်။ မိခင်ဆို ဝေလာဝေး. . .။

"သား သူတို့အလုပ်ရုံလေးကို ပြီးအောင်ဆောက်ပေးလိုက်ပါ၊ ပြီးရင် ပြန်လာခဲ့တော့၊ ရော့သား ငါးသိန်း၊ သားအကြွေးတွေလည်း ဖေဖေဆပ်ပြီးပြီ၊ ဒီငွေက အဘွားကြီးကို ကန်တော့လိုက်"

"သူတို့စေတနာကို စော်ကားသလို ဖြစ်သွားမှာပေါ့ ဖေဖေ. . ခုသားရဲ့ ရသမျှငွေတွေကို စာရင်းဇယားလုပ်ပြီး သေသေချာချာ မှတ်ထားတာ၊ လုပ်ငန်းလည်ပတ်ပြီးသွားရင် သူတို့ ပြန်ဆပ်ကြမှာ"

"ငွေဆိုတာ လူရဲ့သည်းခြေကြိုက်ပါကွာ"

"ဒီလိုဆို ဖေဖေ အစကတည်းက ငွေနဲ့ပဲဖြေရှင်းလိုက်ပါလား၊ ဘာဖြစ်လို့ သားကိုလွှတ်ရသလဲ"

ဦးဆန်းအောင်သည် သားဖြစ်သူ၏စိတ်လှုပ်ရှားနေမှု [illegible]သား၌ သိရှိနေမှုကို ရိပ်မိနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေထင်တာ မြင်းလှည်းသမားရဲ့ မယားဆိုတော့ ရုပ်ကြမ်းကြမ်းနဲ့ သာမန်တောသူ ရိုးရိုးမျိုးထင်ခဲ့တာကိုး၊ ဆင်းရဲမယ် ဒုက္ခရောက်မယ်၊ ဒါကို သားကိုတွေ့စေချင်တယ်၊ လူသားချင်းစာနာ ရိုင်းပင်းတတ်စေချင်တယ်၊ လူရဲ့ ဆင်းရဲချမ်းသာသဘာဝကို သားသိမြင်နားလည်တတ်ရင် သားအလုပ်လုပ်တဲ့အခါ ခေါင်းဆောင်ပီသစွာနဲ့ အုပ်ချုပ်လုပ်ကိုင် သွားစေချင်တဲ့ ဆန္ဒလည်းပါတယ်"

"ခု သား နားလည်လာပြီပဲ ဖေဖေ"

"ဒါဖြင့် သားဘာလုပ်ချင်သလဲ"

လန်းဆန်း ဂနာမငြိမ်စွာဖြင့် ထလိုက်သည်။ ဓာတ်မျှော့ ပြန်နေသော မျက်နှာကို ချွေးသုတ်ပဝါဖြင့် သုတ်လိုက်သည်။

"ဖေဖေ့ကို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါသားရာ. . . ကြောက်နဲ့၊ သားခံစားနေရတာတွေကို ဖေဖေကူပြီး ဖြေရှင်းပေးနိုင်မှာ"

"ကျွန်တော်. . ကျွန်တော်. ."

လန်းဆန်း အမှန်အတိုင်းပြောလိုက်၍ကော ဖြစ်မည်လား။

"မခရေကို သားချစ်ခင်စုံမက်သွားပြီလား"

လန်းဆန်း ဖခင်ကို အလန့်တကြားကြည့်လိုက်သည်။ ဦးဆန်းအောင်က အင်အားရှိသော မျက်လုံးဖြင့် ပြုံးကာသူ့အား ကြည့်နေသည်။

"ကျွန်တော် သူ့ကိုမြတ်နိုးတယ် ဖေဖေ"





ထင်သည့်အတိုင်း ဖြစ်လာသဖြင့် ဦးဆန်းအောင်ရင်ထဲ ချမ်းမြေ့နိုင်တော့။ ဇနီးသည်၏ အပြစ်တင်ခြင်းကိုလည်း သူခံရတော့မည်။

"ဟူး. . . သူ့ဘက်ကကော သားအပေါ် ဘယ်လိုသဘောထားသလဲ"

လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်ပြီးမှ မေးခွန်းဆက်ဆုတ်လိုက်သည်။

"မတုံ့ပြန်ဘူး ဖေဖေ"

"ဒီလိုဆို ဆက်မကြိုးစားနဲ့တော့ သား"

"ဗျာ"

"မေမေ လုံးဝသဘောတူမှာ မဟုတ်သလို ဖေဖေ့အနေနဲ့လည်း သဘောမတူဘူး"

"သား ဝမ်းနည်းပါတယ် ဖေဖေ၊ သားနောက်မဆုတ်ချင်ဘူး၊ သားအခုနေ အမျှော်လင့်ဆုံးဟာ သူ့မေတ္တာပဲ၊ သူ့မေတ္တာသာ ရမယ်ဆိုရင် သားဘာမဆိုစွန့်လွှတ်နိုင်ပါတယ်"

လန်းဆန်းက ပြတ်သားစွာပြောလိုက်သည်။ ဦးဆန်းအောင်ရင်ထဲ နောင်တကြီးစွာရမိလေသည်။

"သူက သားကို လက်မခံဘူး ဆိုရင်ကော"

"လက်ခံလာဖို့ ကျွန်တော်အမြဲ ကြိုးစားနေမှာပါ ဖေဖေ"

အချစ်ကို ခုမှစတွေ့ဖူးတော့ အရူးအမူးဖြစ်နေရှာသည့် သားဖြစ်သူအပေါ် ဒေါသမထွက်နိုင်ဘဲ ကရုဏာသက်၍နေသည်။

"ကောင်းပြီလေ၊ သားဒီကိစ္စကို သားမေမေကို ဖွင့်မ



www.burmeseclassic.com

www.burmeseclassic.com



ပြောသေးဘူး ဒါပေမယ့် သားနောက်လပြန်လာခဲ့၊ စာမေး ဖြေရမယ်၊ သားဘဝကို အချစ်အတွက်၊ မိသားစုတစ်စုအတွက် အသုံးချလိုက်တာမျိုးတော့ ဖေဖေအဖြစ်မခံနိုင်ဘူးသား၊ နိုင်ငံ အတွက် အလုပ်အကျွေးပြုဖို့ သားပြန်လာခဲ့ဦး၊ အဲ. . . သား အလုပ်ရသွားပြီးရင် သားသဘောပဲ၊ သားရဲ့အားလပ်တဲ့ ကိုယ် ပိုင်အချိန်တွေမှာ သား နှလုံးသားပြဿနာ သားဖြေရှင်းနိုင် တယ်၊ ဖေဖေပြောတာ သဘောပေါက်ရဲ့လား သား၊ အချစ်တစ် ခုထဲအတွက်နဲ့ဘဝကို အကျိုးမဲ့ အသုံးမချလိုက်နဲ့. . ဒါပဲ"

"ကျွန်တော် သဘောပေါက်ပါတယ် ဖေဖေ"

"ဒါဖြင့် ငါးသိန်းယူသွားဦး"

"မယူသွားဘူး ဖေဖေ၊ ဘဘအိုက်စံပဲ အပ်ထားလိုက်ပါ၊ သူတို့ဟာ ပေးတိုင်းယူတဲ့ လူမဟုတ်ဘူး၊ ခုဆိုရင် သားက သူတို့ လုပ်ငန်းထဲ ရှယ်ယာဝင်ထားတဲ့ သဘောမျိုးလို့ သူတို့က သား အကူအညီပေးသမျှကို လက်ခံနေတာပါ"

"ဩော်. . ကလေးကို ပညာဆုံးခန်းတိုင်အောင် တာ ဝန်ယူ စောင့်ရှောက်ပေးချင်တယ်၊ ဖေဖေတို့ အမွေစားအမွေခံနဲ့ မွေးမယ့်အကြောင်းကိုလည်း သားပြောဖို့မမေ့နဲ့နော်"

"ခက်တယ် ဖေဖေရာ၊ ဒီကလေးကြောင့် ဘွားအေနဲ့ အဒေါ်ဘဝ ရှင်သန်ရသလို၊ အမေလုပ်သူအတွက် အင်အားဖြစ် စေခဲ့တာဆိုတော့ ဘယ်နည်းနဲ့မှ ပေးမှာမဟုတ်ဘူး၊ သူတို့တွေ ဟာ စွမ်းအား၊ ဉာဏ်အား၊ ဝီရိယအား ရှိကြတယ်၊ တစ်နှစ် နှစ်နှစ်အတွင်း စီးပွားရေး သိပ်ကောင်းလာမယ့်အလားအလာ ရှိကြတယ်"





"ဝဏ္ဏ ညီမကကော ဘယ်အရွယ်လဲ"

"ချာတိတ်ပါ၊ ဆယ့်ခုနစ်နှစ်၊ ဆယ့်ရှစ်နှစ်လောက်ရှိပြီ၊ ယ်တန်းကို လေးဘာသာဂုဏ်ထူးနဲ့အောင်မြင်ပြီး ဆေးတက္က ိုလ်တက်ဖို့ အမှတ်မီတယ်"

"တယ်ဟုတ်ပါလား၊ အဲဒီကလေးမက ရုပ်ဆိုးလို့လား"

လန်းဆန်းက ပခုံးတွန့်ကာ. . .

"မဆိုးပါဘူး၊ ဒါပေမယ့် သူ့ကို ကျွန်တော် စိတ်မဝင်စား

ဦးဆန်းအောင် သက်ပြင်းချလိုက်သည်။ ထိုအချိန်တွင် ိုက်စံက. . .

"စကားလည်းကောင်းကြ၊ ထမင်းလည်းစားဖို့ အချိန် ်ပြီ၊ လာ. . . သားအဖနှစ်ယောက်စလုံး စားရင်းစကား ပြောကြ"

လန်းဆန်းက. . .

"ကျွန်တော် မစားတော့ဘူး၊ ကျွန်တော့်ကို ထမင်းစားဖို့ ောင့်နေကြလိမ့်မယ်"

"ဖေဖေနဲ့ သား ထမင်းအတူမစားရတာ သုံးလတောင် ပြီလေကွာ"

"နောက်လ သားပြန်လာမှာပဲ၊ အဲဒီတော့မှ စားမယ် သားပြန်တော့မယ် ဖေဖေ၊ ဘဘ သားပြန်မယ်"

လန်းဆန်းက ဖခင်ကို ရှိခိုးပြီး ပြန်သွားလေသည်။ ဦးဆန်းအောင်၏ရင်ထဲ ကြည်နူးရမည်လား၊ ဝမ်းနည်း ရမည်လား မသိပဲ ဖြစ်ကျန်ရစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးတစ်ယောက်၊ သားတစ်ယောက်ရှိသော သူတို့
တွက် သမီးက အေးဆေးပြီး စာအုပ်နှင့်သာ အဖော်ပြုနေသ
သမီးသည် သူတို့အာရုံ၌ သိပ်မရှိတတ်။ သားသည် အဖေ
လည်းချွဲတတ်၊ အမေကိုလည်းချွဲတတ်သည်။ ဒီအရွယ်ရော
သည်အထိ အဖေအမေကြားတွင် လာအိပ်ချင်အိပ်တတ်သ
လူမျိုး၊ ယခုလို လနှင့်ချီ၍ ဝေးကွာသွားသောအခါမှ သား
တသသ လွမ်းဆွတ်လာပြီး၊ မိမိချမှတ်လိုက်သော စီရင်ချ
မှားသွားပြီဟု သိလိုက်ရသည်။

"စိတ်မကောင်းဖြစ်မနေနဲ့ ဆန်းအောင်၊ မင်း . . သ
ကြံ့ခိုင်လာတာကိုက အမြတ်လို့သဘောထား၊ အရင်ကနဲ့
လုံးဝမတူတော့ဘူး၊ လူကြီးဆန်လာတယ်၊ လောကကိုလည်း
တတ်၊ မြင်တတ်၊ ရင်ဆိုင်တတ်လာတယ်၊ ငါလည်းရှိနေတ
ကွာ စိတ်ချစမ်းပါ"

ကိုယ့်ဝမ်းနာကိုယ်သာသိသည်မို့ ဦးဆန်းအောင်
ပြုံး,ပြုံးလိုက်သည်။

ဘယ်မိဘမဆို မိမိတို့ သားလူပျို လူလွတ်ကို က
တစ်ယောက်နှင့် မုဆိုးမအား သဘောတူနိုင်ပါ့မည်နည်း၊ မည
ကိုမှ ဖွင့်ဟမတိုင်ပင်ပဲ ရင်ထဲ၌သာ မျိုသိပ်ထားလိုက်သည







# အခန်း(၂၃)

လန်းဆန်း ပန်းခရေဦးကို အမြဲတမ်းကြောင်က ကြွက်
ကို ချောင်းသလို ချောင်းနေသည်။

ပန်းခရေဦးကလည်း လန်းဆန်းအား ရှောင်နေသည်။

"သမီးကြီး အမေ ဝီလီတို့အမေ နေမကောင်းတာ သ
င်း မေးသွားလိုက်ဦးမယ်"

"ချယ်ရီနဲ့ အရှည်ကြီး ဈေးသိမ်းပြန်မလာသေးဘူးထင်
ယ် အမေ"



www.burmeseclassic.com

www.burmeseclassic.com



ပန်းခရေဦးက မိမိအနား၌ အမေ (သို့မဟုတ်) ချယ်ရီ ရှိနေစေချင်သည်။

"ချယ်ရီတို့က မန္တလေးဆင်းပြီး ဆိုင်တွေ ငွေလိုက်သိမ်း မှာလေ သမီးကြီး"

"ဪ. . ဟုတ်သားပဲ"

ဒီနေ့ တနင်္ဂနွေနေ့ဖြစ်၍ အလုပ်နားသည်။ အလုပ် ပိတ်ရက်ကို ဥပုသ်နှင့် တနင်္ဂနွေ သတ်မှတ်ပေးထားသည်ဖြစ်၍ အိမ်၌လူရှင်းနေသည်။ ဆောက်လုပ်ရေး အလုပ်သမားတွေ တော့ရှိသည်။ သို့သော် ပန်းရန်လုပ်ငန်း ပြီးသွားပြီဖြစ်၍ အတွင်း အချောကိုင် လက်သမားသုံးဦးသာ ရှိသည်။

"သားကိုလည်း. . . နေ့လယ်နေ့ခင်းလေး ပြန်အိပ် အောင် လွှတ်လိုက်ပါဦး အမေ"

ဝီလီ့သားသမီးနှစ်ယောက်နှင့် အာကာဦးက ကစားဖော် ဖြစ်သည်။ အာကာဦးသည် အားလျှင်အားသလို ဝီလီတို့ခြံဘက် သို့ သွားရောက်ကစားနေတတ်သည်။

ပန်းခရေဦးသည် ခမောက်ဆောင်းကာ ထွက်သွား သော ဒေါ်အေးညိုကိုကြည့်ကာ သက်ပြင်းချလိုက်သည်။

ပန်းခရေဦး နေ့လယ်စာ စားသောက်ပြီးသော ပန်းကန် များကိုဆေးကြောနေစဉ် လန်းဆန်းရောက်လာသည်။

"မခရေ"

"ကျွန်မတစ်ယောက်ထဲ ရှိနေတဲ့နေရာကို ရှင်မလာသင့် ဘူး"

"သင့်တော်၏ မသင့်တော်၏ ကျွန်တော်မသိတော့ဘူး





ကျွန်တော်သိတာက ခင်ဗျားကို ကျွန်တော်ချစ်တယ်၊ ခင်ဗျားနဲ့ လက်ထပ်ချင်တယ်၊ ဒီအတွက် ခင်ဗျားဆီက တုံ့ပြန်မှုကို ကျွန် တော်လိုချင်တယ်"

လန်းဆန်းက ပန်းခရေဦး ဆေးပြီးသား ပန်းကန်များကို ယူကာ ပန်းကန်စင်၌ ရေစစ်ရန် ကူ၍ထားပေးသည်။

"ဖယ်စမ်းပါ၊ ကျွန်မဘာသာ ကျွန်မလုပ်နိုင်တယ်"

"လုပ်နိုင်မှန်း သိသားပဲ၊ ကူချင်လို့ တမင်ကူတာ"

"ရှင့်ကို ကျွန်မပြောပြီးသားပဲ၊ ကျွန်မ ရှင့်ကို လက်မထပ် နိုင်ဘူး၊ ချစ်လည်းမချစ်ဘူး၊ ကျွန်မချစ်တာ ကိုဝဏ္ဏတစ်ယောက် ထဲပဲရှိတယ်"

"ယုံအောင်လည်း ဖြီးပါ၊ ခင်ဗျား ကိုဝဏ္ဏကို ချစ်လို့လက် ထပ်ခဲ့တာမှ မဟုတ်တာ၊ အားကိုးစရာမရှိလို့ လက်ထပ်ခဲ့တာ"

ပန်းခရေဦးက လန်းဆန်းအား ဖျတ်ခနဲ ကြည့်လိုက် သည်။

"ရှင်က ကျွန်မအကြောင်းတွေကို ယောက်ျားတန်မဲ့ စပ်စုထားတာပေါ့"

"စပ်စုတာမဟုတ်ဘူး. .၊ ကိုယ်စိတ်ဝင်စားတဲ့သူအ ကြောင်းကို မေးထားတာ အများတစ်ခုမဟုတ်ဘူး၊ ကျွန်တော့်ကို မချစ်ပါလား မခေရေရယ်၊ ခင်ဗျားကို ကျွန်တော် တကယ်ချစ် တာပါ၊ သားကိုလည်း ကျွန်တော့်သားအရင်းလို စောင့်ရှောက် သွားနိုင်ပါတယ်၊ ဒီအတွက်နဲ့တော့ စိတ်မထင့်ပါနဲ့"

"ရယ်စရာသိပ်ကောင်းနေပြီ လန်းဆန်း၊ ကျွန်မ ဒီတစ် သက်မှာ တစ်ကြိမ်ထဲပဲ လက်ထပ်မှာပါ၊ ကျွန်မသားဘဝမှာ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



တော့မှ ပထွေးမရှိစေရဘူး၊ ရှင့်ကိုလည်း ကျွန်မ မချစ်ဘူးလို့ ပြောပြီးပြီပဲ"

"မခရေ"

လန်းဆန်း နှလုံးသားဆတ်ဆတ်ခါအောင် နာကျင်သွားသည်။ မခံရပ်နိုင်အောင်ဖြစ်မိပြီး သတိလက်လွတ်ဖြင့် ပန်းခရေဦး၏ လက်မောင်းသား အိအိလေးနှစ်ဖက်ကိုဆုပ်ကာ မိမိဘက်သို့ ဆွဲယူလှည့်လိုက်သည်။

"အို့ . . ရှင် ဒါဘာလုပ်တာလဲ၊ မယုတ်မာနဲ့နော်၊ လွှတ်စမ်း"

"မလွှတ်နိုင်ဘူး၊ ကျွန်တော့်မျက်နှာကို ကြည့်ပြီး ပြောစမ်းပါ၊ ခင်ဗျားရဲ့ မျက်ဝန်းတွေရဲ့အမုန်းစကားကို ကျွန်တော် ကြည့်ချင်လို့၊ အဖြေရှာချင်လို့ မခရေ၊ ကျွန်တော့်ကို မညှင်းဆဲပါနဲ့ဗျာ"

"လွှတ်စမ်း၊ အရှူးမထနဲ့ လန်းဆန်း၊ ရှင့်ကို လက်ခံဖို့ အမေ့ကိုတိုက်တွန်းခဲ့မိတဲ့ ကျွန်မကို ဆပ်လိုက်တဲ့ကျေးဇူးတ ဒါလားဟင်၊ လန်းဆန်း ကျွန်မတောင်းပန်ပါတယ်၊ ရှင် ကျွန်မလက်ကို လွှတ်ပါ"

ရန်းရင်းဆန်ခတ် မဖြစ်ချင်သဖြင့် . . ပန်းခရေဦးက တောင်းပန်လိုက်သည်။ ရင်ထဲ၌ ပူလောင်နေသည်။ လန်းဆန်း မိမိတို့အိမ်ကို စရောက်လာကတည်းက ရင်ထဲလှုပ်ရှားခဲ့ရသည်။

သို့သော် ထိုလှုပ်ရှားမှုက လန်းဆန်းသည် မိမိဖခင် လွတ်လိုက်သော သူများလားဟူသော မျှော်လင့်ချက်ကြောင့်ဟု ထင်ခဲ့သည့်အတွက် စိတ်လှုပ်ရှားခြင်းဖြစ်သည်။





ယခုမူ လန်းဆန်းထံမှ အချစ်ကြောင့် စိတ်လှုပ်ရှားရသည်။ မဖြစ်စေရ။ သားဘဝ၌ ပထွေးမရှိစေရ။

"ဖယ်နော်"

"ချစ်တယ် မခရေ၊ ကျွန်တော်တို့ လက်ထပ်ရအောင်"

"ကဲကွာ . . အဲဒါ ချစ်ဦး"

လွမ်းစရာရှိလျှင် နာစရာနှင့်ဖြေနိုင်အောင် ပန်းခရေဦး ပြုမူလိုက်သည်။ အရှိန်ယူကာ ရုန်းလိုက်ပြီး၊ လွတ်သွားသော ညာလက်ဖြင့် လန်းဆန်း၏ ဘယ်ဘက်ပါးပြင်ကို 'ဖြန်းခနဲ' မြည်သွားသည့်အထိ ချလိုက်သည်။

လန်းဆန်း ရုတ်တရက် အံ့အားသင့်သွားသည်။ သူ့တစ်သက် သူ့ပါးပြင်ကို ဘယ်သူမှ မရိုက်နှက်ခဲ့ဖူးပါချေ။ ယခုတော့ ပန်းခရေဦး နှလုံးသား ဆတ်ခနဲ တုန်လှုပ်သွားသည်။ မိမိအား အံ့အားသင့်စွာနှင့် ရင်နာနာနှင့်ငေးကြည့်နေသော လန်းဆန်း၏ မျက်ဝန်းပေါ်မှ ခံစားချက်ကိုတွေ့မြင်လိုက်ရသည်။

အချစ်ဆုံးသူ၏ ရိုက်နှက်မှုကို ကျေနပ်စွာခံယူရန် ဆုံးဖြတ်လိုက်သည်။

"ရိုက်ဦးလေ မခရေ၊ ကျေနပ်တဲ့အထိ ရိုက်ပါ၊ ကျွန်တော်ကတော့ ထပ်ပြောမှာပဲ၊ မခရေကို ကျွန်တော်ချစ်တယ်ဗျာ၊ ကျွန်တော့်ဘဝမှာ ဘယ်သူ့ကိုမှ မချစ်ခဲ့ဘူးသေးဘူးတဲ့ အချစ်နဲ့ ကိုချစ်တာပါ၊ ဒီအတွက်အရာရာကို စွန့်လွှတ်ဖို့ ဆုံးဖြတ်ပြီး ချစ်တာပါဗျာ"

မိန်းမသားများ၏ နှလုံးသားကို ထိမှန်စေတတ်သော အကောင်းဆုံးလက်နက်မှာ သနားကရုဏာ လက်နက်ဖြစ်သည်



www.burmeseclassic.com

www.burmeseclassic.com



ဟု သူနားလည်ထားပြီး မိမိအား အသနားခံချဉ်းကပ်နေခြင်းကို မိမိက တုန်လှုပ်ရမည်လား။

"လန်းဆန်း ရှင့်ကို ကျွန်မတောင်းပန်ပါတယ်၊ တကယ်ပဲ ရှင့်ကို ကျွန်မမချစ်နိုင်ဘူး၊ ရှင်မမျှော်လင့်နဲ့၊ ရှင်က အမေ စိတ်ဆင်းရဲ သွားမှာစိုးလို့ မသိသင့်မသိထိုက်တဲ့ ကိစ္စတစ်ခု ဖြစ်လို့ ကျွန်မဖုံးကွယ်ထားတာကို အခွင့်ကောင်းယူဖို့ ကြိုးစားတာပေါ့"

"အမေ့ကို ကျွန်တော် ဒီနေ့ပဲ ဖွင့်ပြောတော့မယ်"

"ဖွင့်ပြောတော့ ရှင့်အတွက် ဘာအကျိုးထူးမှာလဲ"

"အဖြေတစ်ခုခုရလိမ့်မယ်၊ အမေဟာ စဉ်းစားဆင်ခြင်တတ်တဲ့ အမျိုးသမီးကြီးတစ်ယောက်ပဲ၊ အမေ့ရဲ့ ဆုံးဖြတ်ချက်ကို ခင်ဗျား လိုက်နာမလား"

"လိုက်နာသင့်မှ လိုက်နာမယ်၊ ရှင်ကော"

"ခင်ဗျားလိုပဲပေါ့၊ ဘာပဲဖြစ်ဖြစ် တအောင့်နေ အမေ့ကို ကျွန်တော်ကြိုမယ်၊ ချယ်ရီပြန်မလာခင် ကျွန်တော်ဝန်ခံစရာရှိတာ ဝန်ခံမယ်"

"ချယ်ရီရှေ့မှာ ရှင်ဘာဖြစ်လို့ ဝန်မခံရဲရတာလဲ"

ပန်းခရေဦး၏ မေးခွန်းကို လန်းဆန်း ရုတ်တရက် မဖြေတတ်။

"ဒီကောင်မလေးက ကျွန်တော့်အပေါ် အမြဲအထင်သေးနေတတ်တော့ ကျွန်တော်နဲ့ ပတ်သက်တာတွေ သူ့ကိုမသိစေချင်ဘူး"

"ချယ်ရီအပေါ် ရှင်ဘယ်လို သဘောထားသလဲ"

"ဘယ်လိုမှ သဘောမထားဘူး"





"အမှန်တော့ ရှင်ဟာ ကျွန်မကိုချစ်မယ့်အစား ချယ်ရီ့ကို ချစ်သင့်တာ၊ ဒီလိုဆို ရှင့်မှာဘာပြဿနာမှ ရှိမှာမဟုတ်ဘူး"

"အချစ်ဆိုတာ သင့်တော်တဲ့အရာကိုမှ ချစ်သင့်တာလား၊ ဖန်တီးယူလို့ရသလား၊ ခင်ဗျားက ခင်ဗျားစိတ်နဲ့ နှိုင်းယှဉ်ပြီး အိမ်ထောင်တစ်စုကို ပုံစံချဖန်တီးဖို့ ကြိုးစားနေတာလား ခရေ"

ပန်းခရေဦး အနာပေါ် တုတ်ကျသွားသည်။

"ရှင်. . . ရှင် သွားတော့ လန်းဆန်း၊ အိမ်ထဲမှာ ဘယ်သူမှ မရှိပဲ ရှင်နဲ့ ကျွန်မနှစ်ယောက်ထဲ မနေချင်ဘူး၊ ဘယ်သူ့ကိုမှ မငဲ့ညှာချင်နေပါ၊ ကွယ်လွန်သူ ကိုဝဏ္ဏရဲ့ ဝိညာဉ်လေးကိုတော့ ငဲ့ညှာသင့်ပါတယ်ရှင်"

လန်းဆန်း နှလုံးသား ထိရှသွားသည်။

'ကိုဝဏ္ဏ'ဒီအမည်သည် သူ့ဘဝကို အမြဲတစေ စိုးမိုးချယ်လှယ်သွားစေသည်။

သူ အိမ်ထဲမှ ထွက်ခဲ့သည်။ ကိုဝဏ္ဏရဲ့ အရိပ်ဝိညာဉ်က သူ့အားစင်ပူးနေခြင်းကြောင့် ပန်းခရေဦးကို သူချစ်မိခြင်းလား ဆိုနိုင်။

ခွင့်လွှတ်တော့ ကိုဝဏ္ဏ။

ခင်ဗျားကိုယ်စား ခင်ဗျားဇနီးနဲ့ သားရဲ့ ချည်တိုင်မှာ ကျေနပ်စွာနဲ့ အချည်ခံချင်တဲ့ ကျွန်တော်ကို ခင်ဗျားတမလွန်ဘဝကနေ ကျေနပ်စွာနဲ့ ခွင့်လွှတ်သင့်ပါတယ်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၄)

"အမေ ကျွန်တော့်ကို ကိုဝဏ္ဏရဲ့ မိတ်ဆွေလို့ လိမ်ညာပြီး အမေတို့အိမ်ကို ရောက်လာခဲ့တဲ့အတွက် ခွင့်လွှတ်ပါ အမေ"

ကြိုတင်ခန့်မှန်းပြီးသား ကိစ္စဖြစ်သဖြင့် ဒေါ်အေးညိုနှင့် ပန်းခရေဦးတို့ နှစ်ဦးစလုံး မအံ့သြကြပေ။

သို့သော် သူတို့သိချင်နေသော အကြောင်းရင်းမှန်ကို သိခွင့်ရတော့မည်ဖြစ်သည့်အတွက် စိတ်လှုပ်ရှားသွားကြသည်။

ဒေါ်အေးညိုက သူ၏ စိတ်လှုပ်ရှားမှုကို ထုတ်ဖော်





ပြဘဲ. . .

"အမေခွင့်လွှတ်ပြီးသားပါ သားရယ်၊ အမေ့သားကြီးဝဏ္ဏရဲ့မိတ်ဆွေ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ အမေတို့ကို ဆိုးကျိုးပေးဖို့လာတာမှ မဟုတ်ပဲ၊ ကောင်းကျိုးပေးဖို့ ရောက်လာတာဆိုတော့ အမေတို့က မပြောပလောက်တဲ့ လိမ်ညာမှုတစ်ခုအတွက် ဘာဖြစ်လို့ ခွင့်မလွှတ်နိုင်ရမှာလဲ၊ ခွင့်လွှတ်ပြီးသားပါ"

"ကျေးဇူးတင်ပါတယ် အမေ၊ ဒါပေမယ့် အမေ ကျွန်တော့်ကို ခွင့်မလွှတ်သင့်တဲ့ အကြောင်းရင်းတစ်ခု. . ရှိပါသေးတယ်"

လန်းဆန်း ချိန်ဆလိုက်သည်။ ပန်းခရေဦးအား ကြည့်လိုက်သည်။ သူမထံမှ အချစ်ကိုကတော့ဖြင့် ဒီတစ်သက်ရတော့မည် မဟုတ်ကြောင်းသိနေသည်။ ပန်းခရေဦးက သိုးမွှေးထိုးလျက် သူပြောမည့် အကြောင်းအရာကို စိတ်မဝင်စားသကဲ့သို့ ရှိနေသည်။

သို့သော် သိုးမွှေးထိုးနေသော သူမ၏လက်ချောင်းကလေးများ မသိမသာ တုန်ယင်နေသည်ကို လန်းဆန်းသတိပြုမိလိုက်သည်။

"ပြီးခဲ့တဲ့နှစ် ချယ်ရီပွင့်ချိန်မှာ ကျွန်တော် ပြင်ဦးလွင်ကို ရောက်ခဲ့ပါတယ်၊ သူငယ်ချင်းတွေနဲ့ အပျော်သက်သက်လာခဲ့တာပါ၊ ဆိုင်ကယ်ကိုယ်စီနဲ့ ဆိုပါတော့ အမေ"

ပန်းခရေဦး တုန်လှုပ်သွားသည်။ တဝေါဝေါမြည်နှင့် ဆိုင်ကယ် သံကြားရလေတိုင်း အတိတ်၏ အိပ်မက်ဆိုးသည် နိုးထ



www.burmeseclassic.com

www.burmeseclassic.com



စမြဲဖြစ်သည်။

"တစ်နေ့မှာ ကျွန်တော် သူငယ်ချင်းတွေနဲ့ အခက်အခဲ ကျော်လွှားဆိုင်ကယ်အပြိုင်မောင်းရင် လူစုကွဲသွားတယ်၊ တောင်ကုန်းတစ်ခုပေါ်ကနေ အပြင်းဆင်းလိုက်တဲ့အခါမှာ မြင်းလှည်းတစ်စီးနဲ့ သွားတိုးမလို ဖြစ်သွားတယ်၊ အချိန်မီ ရှောင်လိုက်နိုင်ပေမယ့် . . ."

ပန်းခရေဦး မကြားတော့၊ အတိတ်ဆိုး၏ ပုံရိပ်သည် သူမ၏ မျက်ဝန်းအိမ်၌ ထင်ဟပ်လာသည်။

ဆိုင်ကယ်သည် လှည့်ကြည့်လိုက်သည်။ နောက် ချက်ချင်းပင် မောင်းပြေးသွားသည်။

ခင်ပွန်း၏ ရုပ်အလောင်းကိုကြည့်ပြီး မိမိလည်း သတိလစ်သွားခဲ့သည်။

"လူမဆန်ခဲ့တဲ့ ကျွန်တော့်ရဲ့ အပြုအမူကိုခွင့်မလွှတ်ပါနဲ့ အမေ အပြစ်ပေးပါ"

လန်းဆန်းသည် ထိုရုတ်တရက်ဖြစ်သွားမှုအပြီး၌ တစ်နေ့မှအိပ်မရဘဲ၊ အိပ်မက်ဆိုးသဖွယ် ခြောက်လှန့်ခြင်း ခံရကာ ညစဉ်ထအော်ခဲ့သည်။

ကြာတော့ ဖခင်ဖြစ်သူက ရိပ်စားမိကာ သူ့အား အကျိုးအကြောင်းမေးသည်။ သူအမှန်အတိုင်း ဝန်ခံလိုက်သည်။

ဖခင်က ထိုကိစ္စအတွက် ဦးအိုက်စံမှတစ်ဆင့် စုံစမ်းခိုင်းလိုက်သည်။ ရဲစခန်း၌ အမှုဖွင့်ထားခြင်း မရှိချေ။

သို့သော် အနီးစခန်း၌ မြင်းလှည်းသမားတစ်ဦး မတော်တဆထိခိုက်မှုဖြင့် ချောက်ထဲကျကာ သေဆုံးသွားခဲ့သည်။





ဇနီးမှာလည်း အောက်ပိုင်းသေကာ ဒုက္ခိတဖြစ်သွားခဲ့သည်ဟူသော သတင်းကိုရခဲ့သည်။

"ဆိုင်ကယ်နဲ့ မြင်းလှည်းနဲ့ မတိုက်မိလို့ မင်းပယောဂ မပါဘူးလို့ မင်းငြင်းဆန်မှာလား သား"

လန်းဆန်း ဘာမှမပြောနိုင်ခဲ့ပါ။

"မြင်းလှည်းရှိရာကို မင်းဆိုင်ကယ်ဟာ ရောက်မသွားရင် မြင်းလှည်းဘာမှ ဖြစ်စရာအကြောင်းမရှိဘူး၊ မြင်းလှည်းသမားနဲ့ မိန်းမက ဆိုင်ကယ်မြင်လိုက်လို့ ဗြောင်ဖောက်နေတဲ့ မြင်းဟာ ချောက်ထဲဘက်ဆွဲချလို့ တိမ်းမှောက်ပြီး သေဆုံးသွားတာပါလို့ ဆင်ခြေပေးပြီး ... အတွက် အမှုမဖြစ်ခဲ့ဘူး၊ ဒါပေမယ့် မင်း ပယောဂဆိုတာ သားငြင်းနိုင်မလား" ဟူသော ဖခင်ကမေးခဲ့သည်။

"ကျွန်တော် မငြင်းပါဘူး၊ ကျွန်တော့် ပယောဂကြောင့် ... ဆုံးပါးသွားခဲ့ရတာပါ၊ မခရေ ဒုက္ခိတဘဝကို ရောက်ခဲ့ရတာပါ၊ အမေတို့မိသားစု ဒုက္ခရောက်ရတာ၊ ကျွန်တော့်ကြောင့်ပါ"

ဒေါ်အေးညိုက အဟောင်းတို့သည် အသစ်တဖန်ဖြစ်ပေါ်လာခြင်းကြောင့် ဆွတ်ပျံ့ကြေကွဲမှု မျက်ရည်စက်တို့ စီးဆင်းလာသည်။ သို့သော် တရားသဘောဖြင့် ချက်ချင်းပင် ဆင်ခြင်နိုင်ပြီး မျက်ရည်များကို အသာပင် သုတ်လိုက်သည်။

ချွေးမဖြစ်သူကို လှမ်းကြည့်လိုက်တော့ ကျလုလုမျက်ရည်စက်ကို ခေါင်းမော့ကာ ကျခွင့်မပေးဘဲ မာန်တင်းခံလေသည်။

လန်းဆန်းက မျက်နှာငယ်လေးနှင့် မိမိတို့၏ အဆုံးအ



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ကို ခံယူရန်အသင့်ရှိနေသည်။

"ဖေဖေရဲ့ စီစဉ်မှုနဲ့ ကျွန်တော့်ကြောင့် အမေတို့မိသား စုရဲ့ အိမ်ထောင်ဦး ဆုံးရှုံးရတယ်၊ ဒီအတွက် ကျွန်တော်ဟာ ကိုဝဏ္ဏကိုယ်စား အမေတို့ရဲ့ လိုအပ်ချက်တွေ မှန်သမျှကို ဖြည့် ဆည်းပေးဖို့ အဖေကလွှတ်လိုက်တာပါ။ ခြောက်လအတိ ကိုယ် တိုင်ကိုယ်ကျ လေ့လာပြီး ဘဝတစ်ခု မိသားစုတစ်ခုရဲ့ အနာဂတ် ကောင်းသွားသည်အထိ လူအား၊ ငွေအား ပါဝင်ကူ ညီပေး မယ်လို့ အမိန့်ချပြီး လွှတ်လိုက်တာပါ"

"သာဓု. . . သာဓု. . . သာဓု ၊ ရှာမှရှားတဲ့ သူတော် ကောင်း စိတ်ထားရှိတဲ့ ဖခင်ပါကွယ်၊ သားရဲ့ဖခင်ကို ကျေးဇူးတင် ဂါရဝပြုကြောင်း သား ပြန်ရောက်တာနဲ့ပြောပြပေးပါ"

ဒေါ်အေးညိုသည် မမျှော်လင့်ထားသော စကားမျ ဖြစ်၍ အံ့ဩရာမှ ကျေနပ်သွားသည်။ သို့သော် . . .

"ဒါပေမယ့် အမေတို့ဟာ ဘယ်သူ့အကူအညီမှ မလိုချင် ဘူးသား၊ သားကိုလက်ခံခဲ့တာဟာ စေတနာသက်သက်ပဲ၊ သား ကားမောင်းလို့ရတဲ့ ဝင်ငွေတွေကော၊ အလုပ်ရုံဆောက်ဖို့ ရေးမှာ သားထည့်ထားတဲ့ငွေတွေရော အမေတို့ စာရင်းမှတ်ထား တယ်၊ သားကိုပြန်ပေးဖို့ အစီအစဉ်ရှိတယ်"

"ကျွန်မမှာ စာရင်းအတိအကျရှိပါတယ်၊ ရှင်က မယူ ဆိုလို့ ကျွန်မတို့က ရှင်ပေးသမျှငွေကို အစုရှယ်ယာထည့်ပေး သဘောထားပြီး ရလာတဲ့အမြတ်အပေါ် ခွဲဝေပေးဖို့ စီစဉ်ထား တယ်၊ ကျွန်မတို့ကို ကရုဏာကြေး၊ လျော်ကြေးပေးစရာမလို ဘူး ကိုဝဏ္ဏ သေဆုံးရတာ ကျွန်မတို့ရဲ့ ကံတရားကြောင့်





ကျွန်မတို့ ယူဆပြီးသားပဲ"

"ဒီလို မဟုတ်ပါဘူး မခရေ၊ ကျွန်တော့်ဘဝတစ်ခုလုံး မှာ အိပ်မက်ဆိုးရဲ့ ခြောက်လှန့်ခြင်းခံနေရအောင် မလုပ်ပါနဲ့၊ ကျွန်တော်ရဲ့ အမှားအတွက် ကျွန်တော့်ဘဝတစ်ခုလုံး ပေးဆပ် ဖို့တောင် ဝန်မလေးပါဘူး"

လန်းဆန်းရင်မှာ နာကျင်လာသည်။ ပန်းခရေးဦးက သူ့ အပေါ် ခါးသီးလာလေ၊ သူက ပိုမိုတုန်လှုပ်လေဖြစ်သည်။

"မထူးတော့ပါဘူး အမေ"

"ဘာလဲ သား"

"အမေကော ဘယ်လိုသဘောရသလဲ၊ ကျွန်တော်ပါ ခဲ့တဲ့ ငွေဟာနှစ်ဆယ်ကျော်လောက်ကလေးပဲရှိတာ"

"သုံးဆယ်ပြည့်ဖို့ တစ်သောင်းပဲလိုတာပါ"

ပန်းခရေဦးက တိကျစွာဝင်ပြောလိုက်သည်။

"အဲဒါတွေ ပြန်မပေးပါနဲ့၊ နောက်ထပ်. . ."

"သား. . အမေတို့စေတနာကို မစော်ကားပါနဲ့၊ အမေ တို့ သားရဲ့အမှုမဲ့အမှတ်မဲ့ကြောင့် ဖြစ်သွားတဲ့ သေဆုံးမှုကို တော့ ဥပေက္ခာပြုသွားမှုကိုကော ခွင့်လွှတ်နိုင်တယ်၊ ဒါ ပေမယ့် အမေတို့ရဲ့ စေတနာကို ငွေကြေးနဲ့တန်ဖိုးဖြတ်ပြီး လျော်ကြေး အဖြစ် သတ်မှတ်လိုက်တာကိုတော့ ခွင့်မလွှတ်နိုင်ဘူး"

ဒေါ်အေးညိုက လက်ကာကာ၊ လန်းဆန်းအား စကား ဆက်ခွင့်မပေးဘဲ ဝင်ပြောလိုက်သဖြင့် လန်းဆန်းမှာ ငိုင်ကျသွား သည်။

"ဒီလိုဆို ငွေရေးကြေးရေးစကား ကျွန်တော်မပြော



www.burmeseclassic.com

www.burmeseclassic.com



တော့ပါဘူး၊ ဒါပေမယ့် ကျွန်တော့်ရဲ့ နှလုံးသားရေးရာကိစ္စတော့ ဖွင့်ပြောခွင့်ပြုပါအမေ"

"နှလုံးသားရေးရာကိစ္စဆိုတော့ လူ့အခွင့်အရေးတစ်ရပ်ပဲ ပြောနိုင်ပါတယ် သား"

"နားနဲ့မနာ ဖဝါးနဲ့နာ အမေ၊ ကျွန်တော်"

လန်းဆန်းက ပန်းခရေဦးအား လှမ်းကြည့်လိုက်သည်။

ပန်းခရေဦးက နှုတ်ခမ်းကို တင်းနေအောင်စေ့ပြီး လန်းဆန်းအား စိမ်းကားစွာ ကြည့်နေသည်။

"ကျွန်တော် မခရေကို လက်ထပ်ချင်ပါတယ်"

ဒေါ်အေးညို သက်ပြင်းချလိုက်သည်။ ငယ်ရာမှ ကြီးလာသူပီပီ လန်းဆန်း၏ မျက်ဝန်းရိပ်ကို ရိပ်စားမိနေသည်။ ယခုလို ဝန်ခံချက် ကြားသိလိုက်သောအခါ တွေဝေသွားရသည်။

ပန်းခရေဦးက. . .

"ကျွန်မက သူ့ကိုလက်မထပ်နိုင်ဘူး အမေ၊ အဲ. . သူ့ မဟုတ်ဘူး၊ ကျွန်မ ဒီတစ်သက်မှာ ဘယ်ယောကျ်ားကိုမှ ထပ်ပြီး လက်ထပ်မှာ မဟုတ်တော့ဘူး အမေ"

"ကျွန်တော် မခရေကို မေတ္တာစစ်နဲ့ ချစ်မြတ်နိုးတာပါ အမေ၊ သားလေးကိုလည်း ကျွန်တော့်သားသမီးအရင်း ထင်ခဲ့ရင်တောင်မှ သူတို့ထက်ပိုပြီး ချစ်ခင်ဂရုစိုက်စောင့်ရှောက်သွားမှာပါ အမေ ၊ ဒါကျွန်တော့်ရဲ့ မှန်ကန်တဲ့ သစ္စာစကားပါအမေ အမေပဲ ဝိုင်းကူစဉ်းစားပေးပါ"

"သမီးကြီးရဲ့ ဆန္ဒကကော"

"ခုနက ကျွန်မပြောပြီးပါပြီ"





"ဘာဖြစ်လို့လဲ"

"သူ့ကို ကျွန်မ မချစ်နိုင်ဘူး အမေ"

ပန်းခရေဦး၏ မျက်ဝန်း၌ မုန်းတီးရိပ်ကို ဒေါ်အေးညို ...တွေ့၍ မတွေ့ပါချေ။

သက်ပြင်းချလိုက်မိသည်။

ချွေးမ၏ သဘောထားကို ဒေါ်အေးညို ရိပ်စားမိနေပြီ၊ ...ကာက်နှစ်လုံးလုံး အတူနေလာခဲ့ပြီးပဲ၊ မိမိ၏ချွေးမသည် ဘဝ... အခြေအနေအရ ဦးနှောက်ကိုသာ ဦးစားပေးတတ်သူဖြစ် ...ကြောင်း ရိပ်မိခဲ့ပြီဖြစ်ရာ. . .

"ဘဝတစ်သက်တာအတွက် အိမ်ထောင်ရေးကိစ္စ ဆို... အမေ့ကိုစဉ်းစားခွင့်တောင်းစရာ မလိုပါဘူးသား၊ ကာယ...ရှင်ရဲ့ ခွင့်ပြုချက်က အဓိကပဲ မဟုတ်လား၊ မခရေရဲ့ သဘော...က အရေးကြီးတယ်၊ သူကျေနပ်တယ်ဆိုမှ အမေဘက်က ...မီးရှင်အနေနဲ့ သားကိုတောင်းဆိုမှုတစ်ခုပြုရမှာပါ"

လန်းဆန်း အားလျော့သွားသည်။ ပန်းခရေဦး၏ အေး...စက်မာကြောကြော မျက်ဝန်းများက သူ့အား မကျေမနပ် ...ကြည့်နေသည်။

"ဘာတောင်းဆိုမှုလဲ အမေ"

"ဩော်. . သမီးကြီးက မင်းကိုလက်ခံနိုင်ပြီဆိုရင် မင်းရဲ့ ...နှစ်ပါးနဲ့တကွ လူကြီးစုံရာနဲ့ လာတောင်းလှည့်ပါလို့ အမေ ...ဘက်က သမီးရှင်အနေနဲ့ တောင်းဆိုတာပါ"

လန်းဆန်းစိတ်ဓါတ်ကျသွားသည်။ ဖခင်ကဲ့သို့ လူတန်း... ခွဲခြားခြင်းမရှိသည့် ပုဂ္ဂိုလ်မျိုးကတောင်မှသာ လူပျိုလှည့်လွတ်



www.burmeseclassic.com

www.burmeseclassic.com



အား မုဆိုးမနှင့် သဘောတူဖို့အရေး တွန့်ဆုတ်သွားပါလျှင် မိခင် ဆို ဝေလာဝေး . .

"ဟုတ်ကဲ့၊ ကျွန်တော် သဘောပေါက်ပါတယ် အမေ"

"နောက်တစ်ခု အမေပြောချင်သေးတယ် သား"

"ပြောပါ အမေ"

"စိတ်မကောင်းစွာနဲ့ပဲ ရင်နာနာနဲ့ ပြောရမယ့် စကား ပါ"

"ဟုတ်ကဲ့၊ ကျွန်တော့်ကို မငဲ့ညှာပါနဲ့အမေ၊ အမေတို့ သဘောထားကြီးမှုနဲ့ ခွင့်လွှတ်မှုကို ရလေလေ၊ ကျွန်တော့် မှားအတွက် ကျွန်တော့်တစ်သက်မှာ နာကျင်လို့ မဆုံးအော ဖြစ်ရလေပါပဲ"

"အင်း . . . သားရဲ့ အဖြစ်မှန်ကို သိရပြီးတဲ့နောက် သားဘက်က မရိုးသားတဲ့ သဘောထားရယ် ရှိလာတော့ သား ကို အမေ ဆက်လက်ခံလို့ မဖြစ်တော့ဘူး"

"ဗျာ"

လန်းဆန်း တုန်လှုပ်သွားသည်။

ပန်းခရေဦးပင်လျှင် ကြိုတင်မတွက်ဆထားမိသော မေ့သဘောထားကြောင့် အံ့သြသွားသည်။

"မင်းဟာ အမေရိပ်မိထားတာထက်ကို ခမ်းနား ကျယ်ပြီး ချမ်းသာတဲ့ လူတစ်ယောက်၊ ဂုဏ်သရေရှိ ပညာ မိဘနှစ်ပါးကလည်း ပေါက်ဖွားလာသူ ဖြစ်တယ်၊ ဒါကြော မင်းကို ဆက်လက်လက်ခံထားရင် အမေတို့ရဲ့ စေတနာတွေ သဲထဲရေသွန်သလို အဟောတိကံဖြစ်သွားမယ်၊ ဒါကြောင့် မင်း





ကို အမေတို့မနက်ဖြန်၊ သဘက်ခါ ဦးအိုက်စံအိမ်မှာ ပြန် မယ်၊ မင်းအခုပဲ သူ့အိမ်မှာသွားနေတော့သား"

"အမေရယ်"

လန်းဆန်း ယောကျ်ားတန်မဲ့ မျက်ရည်ရစ်ဝဲသွားသည်။

"အမေတို့ဟာ လူမချမ်းသာပေမယ့် စေတနာတော့ သာတယ်၊ အမေတို့ စေတနာကို မင်းတို့ဘက်က သမီး နဲ့ သားကို အမိဖမ်းလိုက်တယ်ဆိုတာ အဖြစ်မခံနိုင်သလို အဖေ တရားသူကြီး ဦးဆန်းအောင်ရဲ့ လုပ်ရပ်အတွက် . . မေ ဆက်လက်ကြည်ညိုနေပါရစေ၊ အမေပြောတာတွေကို သဘောပေါက်ပါတယ်နော်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ ကျွန်တော် သားလေးကို . . ."

"ဝေဒနာတွေ ထပ်မပေးပါနဲ့ သားရယ်၊ ကလေးဆိုတာ နေနီးပြီး လက်သာတော့လည်း တွယ်တာတာပဲ၊ ဝေးသွား လည်း မေ့မေ့ပျောက်ပျောက် ဖြစ်သွားမှာပါ"

လန်းဆန်း ကျောခိုင်းကာ ပစ္စည်းသိမ်းလိုက်သည်။

မျက်ရည်က သူ့လက်ဖဝါးပေါ်သို့ ကျရောက်သွား သည်။

ပန်းခရေဦး မီးဖိုချောင်ဘက်သို့ ထွက်ခဲ့သည်။ အဘယ် ကြောင့်မိမိရင်မှာ နာကျင်လာရသနည်း။

သူထွက်သွားမှာကို သွေးအေးအေးနှင့် ကြည့်ရက်သော အား မိမိမှာ ဘာကြောင့်ပျောက်ဆုံးသွားရသနည်း။

ပန်းခရေဦး ဘာလုပ်ရမှန်းမသိနိုင်အောင် ယောင်ချာ နှင့် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



လန်းဆန်းက ဒေါ်အေးညိုကို ကန်တော့သည်။ ဒေါ်
အေးညိုက မျက်ရည်ကျရင်းဆုပေးသည်။ သို့သော် သူမ၏
ဖြတ်ချက်ကို မပြင်။

လန်းဆန်း ပန်းခရေဦးအား လွတ်လပ်စွာ နှုတ်ဆက်
စေသဘောမျိုးဖြင့် လက်သမားများရှိရာ အိမ်နောက်ဘ
အလုပ်ရုံထဲသို့ ကူးသွားလိုက်သည်။

လန်းဆန်း ပန်းခရေဦးအနားသို့ ချဉ်းကပ်လိုက်သည်

"မခရေ"

ပန်းခရေးဦး ရင်ဆိုင်လိုက်သည်။

စောစောက တင်းမာနေသော သူမ၏ မျက်လုံး
ယခု ပျော့ပျောင်းနေသည်။

"ကျွန်တော် ခင်ဗျားကို တကယ်ချစ်မြတ်နိုးတာပါ"

"ဒါ ရှင့်ရဲ့အခွင့်အရေးတစ်ရပ်ပဲ၊ ကျွန်မတားပိုင်ခွင့်
ဘူး ဒါပေမယ့် ကျွန်မရှင့်ကို လက်မထပ်နိုင်ပါဘူး၊ အချိန်
မခံပါနဲ့ လန်းဆန်း၊ မေတ္တာပန်းမကြွေနိုင်တော့တဲ့ သစ်ခြေ
ပင်အောက်မှာ ရှင် ပန်းမကောက်ချင်ပါနဲ့တော့"

"ကိစ္စမရှိပါဘူး၊ ကျွန်တော်စိတ်ရှည်စွာနဲ့ကို စောင့်
နေမှာပဲ၊ ခုလည်း ကျွန်တော်မပြန်သေးပါဘူး၊ ပြင်ဦးလွင်မှာ
နေဦးမယ်၊ မခရေအပါးမှာ အရိပ်ကလေးတစ်ရိပ်လို ကျွန်တေ
နေနေဦးမှာပါ"

"လန်းဆန်း ရှင်ဟာ မချစ်ဖူးတော့ အချစ်ဦးမို့
အမူး ဖြစ်တာပါ။ အချိန်တန်တော့လည်း မေ့မေ့ပျောက်ပျော
ဖြစ်သွားမှာပါ။ အချိန်က စကားပြောပါလိမ့်မယ်၊ ကဲ. . .





တော့နော်၊ ကြာကြာနေရင် အမေတစ်မျိုး ထင်လိမ့်မယ်"

"ခဏလေးပါ မခရေ၊ ကျွန်တော်တစ်ခု မေးပါရစေ"

အင်းလေ နောက်ဆုံးခွဲခွာခြင်းအပေါ်မှာ ဒီလောက်
တော့ အခွင့်အရေးပေးရမှာပေါ့ဟု ပန်းခရေဦး စဉ်းစားမိကာ
ခေါင်းညိတ်လိုက်ပြီး. . .

"ဘာမေးမလို့လဲ မေးပါ"

"ကိုဝဏ္ဏသေဆုံးသွားတဲ့ဖြစ်ရပ်အတွက် ကျွန်တော့်ကို
ခွင့်လွှတ်သလား"

"ရှင်မှန်းမသိခင်ကတည်းက ကံကြမ္မာကို ပုံချပြီး ခွင့်
လွှတ်ပြီးသားပါ"

"ကျွန်တော်မှန်း သိတော့ကော"

"ခွင့်လွှတ်ပြီးသားအပေါ် အပြစ်ယူလို့ရနိုင်သလား"

"ကျေးဇူးတင်ပါတယ် မခရေ၊ ဒါပေမယ့် အဲဒီအတွက်
ကျွန်တော့်ဘဝမှာ အမှတ်တရအဖြစ် တစ်ခုခုကို ပေးဆပ်သွားဦး
မှာပါ"

"မလိုပါဘူး၊ ကဲရှင်ပြန်တော့နော်"

လန်းဆန်းမခွဲခွါချင်ပါ။ ရင်ဝယ်ကြေကွဲမှုက လှိုင်းထန်
နေသည်။ ပန်းခရေဦးကို တောင်းပန်တိုးလျှိုးသော မျက်ဝန်းအ
စုံဖြင့် ကြည့်သည်။

ပန်းခရေဦး ရင်မှာတုန်ခါလာသည်။

လန်းဆန်းဆတ်ခနဲ ပန်းခရေဦး၏ ညာလက်ဖျားကိုဆွဲ
ကာလက်ဖမိုးလေးကို မွှေးကြူလိုက်သည်။ နောက် ချက်ချင်း
လွှတ်ကာ ချာခနဲ လှည့်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းခရေဦး တုန်လှုပ်၍ကျန်ခဲ့သည်။ ကြဲ့ခိုင်မည် ထင်သော မိမိနှလုံးသားသည် ယခုမှ မွေးကင်းစပမာ သစ်လွင်လျက်ရှိနေပါလားဟု သတိပြုမိလိုက်ပြီး မိမိကိုယ်မိမိ အံ့အားသင့်သွားသည်။

ကိုဝဏ္ဏနှင့် လက်ထပ်ခဲ့ခြင်းမှာ အချစ်ကြောင့် မဟုတ်ဘဲ၊ အားကိုးအားထားတစ်ခုအတွက်ကြောင့် မှန်းကျပ်နေသော မိမိဘဝကို ထွက်ပေါက်ပေးလိုက်ခြင်းဖြစ်ကြောင်း သိလိုက်ရသည်နှင့်အညီ တုန်လှုပ်သွားသည်။

လန်းဆန်းကားလေး မိမိတို့ခြံဝန်းအတွက်မှာ ပျောက်ကွယ် သွားသည်အထိ မျက်ရည်ရိပ်၏ လွှမ်းမိုးမှုကို ခံထားရသောကြောင့် မှုန်ဝါးဝါးအမြင်ဖြင့် ငေးကြည့်နေမိသည်။

မိမိနှလုံးသားထဲမှ အပြီးတိုင်ထွက်သွားခြင်းဖြစ်ပါစေဟု လည်း. . .







# အခန်း(၂၅)

"အမေ့ကို ကျွန်မတစ်ခု တောင်းပန်ချင်ပါတယ် အမေ"

"ဘာကိုလဲ သမီးကြီး"

"လန်းဆန်း ကျွန်မကို စုံမက်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး ချယ်ရီကို မပြောပါနဲ့အမေ၊ သူက လူငယ်ဆိုတော့. . ကျွန်မအပေါ် အထင်အမြင်လွဲသွားမှာ စိုးရိမ်တယ်"

"အေးပါ အမေနားလည်ပါတယ် သမီး၊ အမေ့မြေးလေးကိုလည်း သူ့မိဘများက လာခေါ်လို့ပြန်သွားပြီဆိုတဲ့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



လောက်ပဲ အသိပေးထားပါ သမီးကြီး"

"ဟုတ်ကဲ့ အမေ"

"အမေနဲ့ သမီးဟာ ယောက္ခမနဲ့ ချွေးမဆိုပေမယ့် သမီးနဲ့အမေလိုသဘောထားပြီး အမေတစ်ခုတော့ အကြံပေးချင်တယ်"

ဒေါ်အေးညိုက ချင့်ချင့်ချိန်ချိန်နှင့် ချိန်ဆပြီးမှ ပြောဆိုခြင်းဖြစ်ကြောင်း ပန်းခရေဦး သဘောပေါက်မိကာ . . .

"တစ်ခုမကပါဘူး အမေ၊ အမေပြောချင်သလောက်သာပြောပါ၊ ကျွန်မနာခံဖို့ အသင့်ပါ"

"အကယ်၍များ မောင်လန်းဆန်းရဲ့ မိဘများဘက်ကပါ သဘောတူကြည်ဖြူတယ်ဆိုရင်တော့လည်း သမီးဘက်က လိုက်လျောပေးသင့်တယ်လို့ အမေထင်တယ်"

"ဟင်"

ပန်းခရေဦး အံ့အားသင့်သွားသည်။

"မိန်းမသားတစ်ယောက်ဟာ ဘယ်အတိုင်းအတာအထိ စီးပွားရေးလုပ်ငန်းတစ်ခုကို ဦးဆောင်ပြီး ရပ်တည်သွားနိုင်မှာလဲ၊ အမေကတော့ သမီးအပေါ် ဘယ်အတိုင်းအတာအထိ လုံခြုံမှုပေးနိုင်မှာလဲ၊ အမေ့ရောဂါ အခြေအနေအရဆိုရင် အလွန်ဆုံး လေးငါးနှစ်ပဲလို့ အမေမှန်းပြီးသား"

"အမေရယ် သေစကား မပြောပါနဲ့ဦး"

"ဒီအချက်ကို မေ့ထားလို့ မရဘူး သမီး"

"သမီးချယ်ရီနဲ့ သားအတွက် တာဝန်ယူရမှာ၊ စီးပွားရေးကလည်း တစ်ဖက်ဆိုတော့. . ."





"ရပါတယ်အမေ၊ မြန်မာအမျိုးသမီးတွေလည်း စီးပွားရေးလုပ်ငန်းမှာ ဦးဆောင်နေကြပါပြီ၊ ကျွန်မ မကြောက်ပါဘူး၊ ကျွန်မ ဦးဆောင်လုပ်ကိုင်သွားမှာပါ"

"ဦးနှောက်နဲ့ နှလုံးသားယှဉ်ပြိုင်ပွဲမှာ ဦးနှောက်ကိုပဲ အမြဲ အနိုင်ပေးသွားတော့မှာလား. . ."

ပန်းခရေဦး ဒေါ်အေးညိုအား စူးစမ်းသော အကြည့်ဖြင့် ကြည့်လိုက်သည်။

ဒေါ်အေးညိုက နားလည်စွာပြုံးပြနေသည်။

"ဘာပဲဖြစ်ဖြစ် သမီးနှလုံးသားကို အလိုလိုက်ခဲ့ရင်တောင်မှ အမေသဘောတူပါတယ်၊ အမေ့မြေးလေးနောင်ရေးအတွက်လည်း ကောင်းသွားမယ်လို့ အမေယုံကြည်တယ်"

"ကျွန်မ အားကိုးအားထားအနေနဲ့တော့ ယောကျ်ားတစ်ယောက်ကို ထပ်ယူမှာ မဟုတ်ဘူးအမေ"

"သမီးဟာ မုဆိုးမဆိုပေမယ့် အရွယ်ဟာ သိပ်ငယ်ပါသေးတယ်၊ နှစ်ဆယ့်ခြောက်နှစ်ဆိုတာ လူ့ဘဝကိုရောက်ခါစအရွယ်ပိုင်းပဲ ရှိပါသေးတယ်၊ ခေါင်းအေးအေးနဲ့ စဉ်းစားပါ၊ အမြဲတမ်း ပေးဆပ်ခြင်းတွေနဲ့ပဲ နေထိုင်သွားတော့မလား၊ ကိုယ့်အတွက်လည်း ကိုယ်ပြန်ကြည့်ဦးလို့တော့ အမေက သမီးအရင်းလိုသဘောထားလို့ တိုက်တွန်းတာနော်၊ ဟောဟိုမှာ တူဝရီး နှစ်ယောက်ပြန်လာကြပြီ"

ပန်းခရေဦး အပြေးအလွှား ထွက်ကြိုလိုက်သည်။

"သားကြီး ပင်ပန်းလာသလား"

"မပင်ပန်းပါဘူး မေမေ၊ ဦးဦးကော၊ ဦးဦးကားလည်း



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ပါလား”

“မေမေနဲ့ ဘွားဘွားဖို့ ဘာပါလာသလဲဆိုတာ အရင်ပြောပါဦး၊ တကတည်းမှ သူ့ဦးဦးပဲ မေးနေတာ”

ပန်းခရေဦးက မနာလိုမရှုစိမ့်နိုင်သကဲ့သို့ ပြောလိုက်သည်။

ဒေါ်အေးညိုက သက်ပြင်းချလိုက်သည်။

“ပြောမနေနဲ့တော့ မမကြီးသားက သူ့ဦးဦးအတွက် ဂီတာတစ်လက် ဝယ်ပေးရအောင်တဲ့လေ၊ ရေစီးထဲပါသွားတဲ့ ဂီတာမရှိတော့ကတည်းက သူ့ဦးဦးက ဂီတာမတီးတော့ဘူး၊ သီချင်းလည်း မဆိုတော့ဘူးတဲ့၊ အဲဒါကြောင့် ဝယ်ရအောင်တဲ့၊ ကျွန်တော်က မသယ်နိုင်ဘူးဆိုတော့ သူသယ်မယ်တဲ့လေ၊ တော်တော် မွေးရကျိုးနပ်မယ့် အကောင်”

“ဟုတ်လားသား၊ လေးလေးကို သား ဒုက္ခပေးလာတယ်ပေါ့”

“မပေးပါဘူး၊ ဒီတစ်ခုထဲပဲ ပူဆာတာမဝယ်ပေးဘူး၊ အလကားလေလေးက ဦးကပ်စီးကြီး၊ ဟင် ဦးဦး အဝတ်အိတ်ကော ဘယ်ရောက်သွားသလဲ”

ပန်းခရေဦးက ဒေါ်အေးညိုကိုလှမ်းကြည့်လိုက်သည်၊

ဒေါ်အေးညိုက အာကာဦးအား ရေတစ်ခွက် ခပ်တိုက်လိုက်ပြီး. . .

“ရော့မြေး. . ရေအရင်သောက်လိုက်ဦး၊ ဘွားဘွားပြောပြမှာပေါ့”

အာကာဦးက ရေတစ်ခွက်ကိုယူကာ တဂွပ်ဂွပ်သောက်





ချလိုက်သည်။ ပြီးသည်နှင့်. . .

“ပြောလေ ဘွားဘွား ဦးဦးကောလို့”

“သား ဦးဦး အိမ်ပြေးကို သူ့မိဘတွေက လာခေါ်သွားပြီ”

“ဟင်”

အာကာဦး မျက်နှာချက်ချင်းပျက်သွားပြီး. . .

“သားကိုတောင် မစောင့်ဘူး၊ သားနဲ့အမြဲနေမှာဆိုပြီး သားကိုညာသွားတယ်၊ ဟင့် ဦးဦးညာတယ်၊ ဦးဦးကိုခေါ်ပေး”

ကလေးဖြစ်ခြင်းကြောင့် ဟန်ဆောင်မှုကင်းစွာဖြင့် မကျေနပ်ချက်ကို ငိုယိုကာ ဆန္ဒပြလေတော့သည်။

“တိတ်စမ်းသား၊ အဓိပ္ပါယ်မရှိဘဲ မငိုနဲ့၊ ဦးဦးက ဧည့်သည်ပဲ ဧည့်သည်ဆိုတာ အချိန်တန်ရင် အိမ်ပြန်မှာပဲ၊ ဒါကို သားက ငိုနေတော့ သားပဲမောမယ်၊ မေမေတို့ နားငြီးမယ်၊ ဘယ်သူမှ အကျိုးမရှိဘူး၊ အကျိုးမရှိတဲ့အလုပ်ကို သားမလုပ်ချင်နဲ့”

ပန်းခရေဦးက သားဖြစ်သူအား မျက်ရည်သုတ်ပေးရင်း ပြောလိုက်သည်။

“သား မငိုတော့ဘူး၊ ဦးဦးကပြန်သွားတာ နှုတ်ဆက်ဖို့ ကောင်းတာပေါ့”

“ဩော် သားရယ်၊ သူ့မိဘတွေနဲ့ သူအတူပြန်နေရမှာဆိုတော့ ပျော်ပြီး သားတို့ကို မေ့သွားပြီး ပြန်သွားတာ သားငိုမယ်ဆိုရင် မောရုံပဲရှိမှာ၊ သူက သားကိုတောင် သတိရမှာ မဟုတ်ဘူး၊ မြူးလို့ပျော်လို့နေမှာ”

ပန်းခရေဦးသည် သားသမီးအတွက် မုသားလက်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

ဒေါ်အေးညိုက မသိမသာ သက်ပြင်းချလိုက်သည်။ ချယ်ရီက မျက်နှာမကောင်းသော မိခင်နှင့် ယောင်းမဖြစ်သူကို အကဲခတ်ရင်း စိတ်ထဲမှာ တစ်ခုခုဟု အတတ်သိလိုက်သည်။ သို့သော် ကလေးရှေ့မှာ ဖြစ်သဖြင့် သိလိုစိတ်ကို အောင့်အည်းကာ မမေးမြန်းတော့ပဲ နေလိုက်သည်။

သို့သော် လန်းဆန်းမရှိတော့သည့်အတွက် နေထိုင်ရ လွတ်လပ်သွားသည်။

"လေးလေးကော ဦးဦးပြန်သွားတော့ မလွမ်းဘူးလား"

"ဟ. . ခွေးကောင်လေးရ၊ ဘာဆိုင်လို့လွမ်းရမှာလဲ၊ လွမ်းလောက်စရာမရှိပါဘူး၊ ဝမ်းတောင်သာသေး"

ချယ်ရီက စိတ်ရင်းအတိုင်းပြောလိုက်တာလား၊ တူဖြစ်သူအား နှစ်သိမ့်လိုက်တာလား ဆိုတာကိုတော့ ပန်းခရေဦး မခွဲခြားတတ်ပါ။

ချယ်ရီသည် ကျောင်းစာလုပ်လျှင်လုပ်၊ မလုပ်လျှင် အလုပ်တစ်ခုခုလုပ်နေတတ်သည်ကလွဲ၍ စကားများများပြောတတ်သောသူ မဟုတ်ချေ။

"သားတော့ ဝမ်းမသာဘူး၊ လွမ်းတယ်. . လွမ်းတယ် သိလား၊ အိပ်တော့မယ်"

မိခင်ကို ဘာမှထပ်မပြောရဲသဖြင့် အဒေါ်ဖြစ်သူအား ရမယ်ရှာကာ စကားလှမ်းပြောပြီး သူ့ရင်ထဲကစကားကို ဖွင့်ထုတ်ကြေညာကာ လန်းဆန်းနှင့် သူအတူအိပ်နေကြ ဂွမ်းကပ်ကိုခင်းကာ လန်းဆန်းရှိနေစဉ်ကကဲ့သို့ပင် ခေါင်းအုံးနှစ်လုံးယှဉ်ချပြီး





သူ နေရာတွင် ခေါင်းအုံးအုံးကာ မျက်စိကို စုံမှိတ်ထားလိုက်လေသည်။

နုနယ်သော နှလုံးသားလေးကတော့ ဖခင်ကွယ်လွန်ပြီး ခင်မေတ္တာငတ်နေစဉ် အစားထိုးရရှိလာသည့် မေတ္တာအပေါ် လမ်းခြင်းဖြစ်ပေမည်။

ဒါသဘာဝပါပဲ၊ တွေးတောပြီး ပန်းခရေဦးသည် သားဖြစ်သူ မသိမသာ ငိုကြွေးနေမှုကို ဥပက္ခာပြုထားလိုက်လေသည်။

အချိန်တန်တော့လည်း မေ့မေ့ပျောက်ပျောက် ဖြစ်သွားပါဟု. . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၆)

"အရှည်ကြီး"

"ဟင်. . အစ်ကို၊ မပြန်သေးဘူးလား"

"ငါက ဘယ်ကိုပြန်ရမှာလဲ"

"ရန်ကုန်ပြန်သွားပြီဆို"

"ဘယ်သူပြောသလဲ"

"မမကြီး"

လန်းဆန်းက သက်ပြင်းချလိုက်သည်။





"မပြန်သေးဘူး"

"ဒါဖြင့် ဘာဖြစ်လို့အိမ်မှာမနေတာလဲ"

"ဒါတွေ ငါဘာမှမပြောချင်ဘူး၊ သိချင်ရင် နင့်မမကြီးကို မေးကြည့်၊ လောလောဆယ် ငါ နန်းမြိုင်ဟိုတယ်မှာတဲတယ်၊ ရော့ဒီစာလေး မမကြီးကို ပေးပေး၊ ချယ်ရီနဲ့အမေ မသိစေနဲ့၊ အဲ. . ဘယ်သူ့မှမသိစေနဲ့၊ ငါ့ကိုတွေ့တဲ့အကြောင်း ငါဒီမှာရှိနေသေးတဲ့အကြောင်းကို နင်နဲ့လာဆက်သွယ်တဲ့အကြောင်း ဘယ်သူမှ မသိစေနဲ့နော်၊ မခရေ၊ နင်ရယ်၊ ငါရယ်ပဲ သိကြမယ်"

"ဒုက္ခပါပဲ အကိုရာ"

"မဒုက္ခပါနဲ့၊ မခရေဆုံးဖြတ်ပါလိမ့်မယ်၊ နင်သာ မခရေဆီက်ထဲ ဒီစာရောက်အောင် ထည့်ပေး"

"ကောင်းပြီလေ၊ အစ်ကို စိတ်ချလက်ချသာနေ"

"ကျေးဇူးပဲ၊ ဒါနဲ့ ကွပ်ပျစ်ရိုက်တာပြီးသွားပြီလား"

"ပြီးသွားပြီ၊ သန့်ရှင်းရေးလုပ်နေတယ်၊ ဆွမ်းကျွေးဖို့တောင် စီစဉ်ပြီးပြီ"

"ဝမ်းသာပါတယ်"

"စိတ်ချအစ်ကို၊ ကျွန်တော်ပေးဖြစ်အောင် ပေးလိုက်မယ်"

အရှည်ကြီးဈေးသိမ်းအပြန်ကို လန်းဆန်းကစောင့်တွေ့ပြီး စာပေးလိုက်သည်။

သူ မပြန်သေးဘဲ ပြင်ဦးလွင်၌ပဲ နေလိုက်သည်။ ဦးနိုက်စံအိမ်၌ မတည်း၊ တည်းလျှင် မိဘများသိပြီး ချက်ချင်းလာခေါ်နိုင်သည်။ သူ မပြန်ချင်သေး၊ ပန်းခရေဦးထံမှ အချစ်ကို



www.burmeseclassic.com

www.burmeseclassic.com



တုံ့ပြန်ရရှိရန် ကြိုးပမ်းချင်သေးသည်။

"သားကော နေကောင်းရဲ့လား"

"သားက အစ်ကို့ကို အတော်ချစ်တာပဲ၊ လွမ်းဖျားလွမ်းနာကျနေတယ်၊ သိပ်မဆော့၊ သိပ်မစားတော့ပဲ ငြိမ်သက်နေလို့ ကျွန်တော်တို့ စိတ်မကောင်း ဖြစ်နေရတယ်"

"မခရေကော"

"မမကြီးကတော့ သိတဲ့အတိုင်းပဲ၊ သူ့အတွင်းစိတ်က ခန့်မှန်းရခက်တယ်၊ ကိုင်း ပြန်မယ်အစ်ကို၊ နောက်ကျနေဦးမယ်"

"အေးအေး မနက်ဖြန် ငါဒီနေရာကပဲ စောင့်နေမယ်"

"ဟုတ်ကဲ့. . ."

အရှည်ကြီး စက်ဘီးနင်းထွက်သွားမှ သူသည် ကားရှိရာသို့ လျှောက်ခဲ့ပြီး နန်းမြိုင်ဟိုတယ်သို့ ပြန်ခဲ့သည်။

အာကာဦး နေမကောင်းသတင်း သူသွားမေးချင်ပါသည်။ သို့သော် ကလေးအပေါ် ထပ်ဆင့်၍ ဝေဒနာမပေးရက်ပါ။ ကြာလျှင် မေ့မေ့ပျောက်ပျောက် ဖြစ်သွားနိုင်သည်။

နန်းမြိုင်ဟိုတယ်ရောက်တော့ အခန်းထဲမဝင်ချင်သေးသဖြင့် ဝရန်တာ၌ထိုင်ကာ ပြင်ဦးလွင်၏ အေးစိမ့်စိမ့်အရသာကို ခံစားနေလိုက်သည်။ ရင်ထဲက အလွမ်းမိုးက တစိမ့်စိမ့်ရွာသွန်းနေသည်။

"မောင်ရင် အန်ကယ်လ် ထိုင်လို့ရမလား"

"ရပါတယ် အန်ကယ်လ်၊ ထိုင်ပါ"

"မနေ့ကမှ မောင်ရင် အန်ကယ်လ်နဲ့ကပ်ရပ်အခန်းကို





ရောက်လာတာထင်တယ်"

"ဟုတ်ကဲ့ အန်ကယ်လ်၊ အန်ကယ်လ်ကော ရောက်နေတာ ကြာပြီလား"

"မောင်ရင့်ထက်တော့ နှစ်ရက်စောမယ်"

အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် ခန့်ချောပြီး ဥပဓိရုပ်ကောင်းမွန်သည့်ဖခင်အရွယ်လူကြီးက သူနှင့်မလှမ်းမကမ်း ...သားထိုင်တွင်ဝင်ထိုင်ကာ အာလာပသလ္လာပ စကားဆိုသည်။ ...ော်မှုပြီး အလွမ်းဝေဒနာကြောင့် အထီးကျန်ခြင်းကို မှန်းတီး...သော လန်းဆန်းက လိုလားစွာပင် ဧည့်ထောက်ခံနေမိသည်။

"အလည်သက်သက်လား"

"ဟုတ်တယ်လို့ပြောရမလား၊ ဘယ်လိုပြောရမှန်း ...ောင် မသိပါဘူးကွာ"

"ဘာဖြစ်လို့လဲ အန်ကယ်လ်"

"အိမ်မှာနေရတာ စိတ်ညစ်လို့ ခွင့်ခဏယူပြီး ဒီမှာလာ...န်းဖြေရင်း ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုလည်း ဆောင်ရွက်...ဆိုပါတော့ကွာ"

"ဟုတ်တယ်နော်၊ အန်ကယ်လ် စိတ်ညစ်စရာတွေများ...တဲ့အခါမှာ ဘာအလုပ်မှ မလုပ်ချင်လောက်အောင်ကို စိတ်...ခန်းပြီး လွတ်လွတ်လပ်လပ်ပဲ အပမ်းဖြေချင်တယ်၊ ဒါပေ...အနားယူပြန်တော့လည်း အာရုံထဲမှာသောက,ကပဲ တစိမ့်...အနိုင်ယူလာတတ်ပြန်ရော"

"သြော်. . မင်းအရွယ်နဲ့ သောကဖြစ်ရတယ်ဆိုတော့ ...အချစ်ရေးသော်လည်းကောင်း၊ အိမ်ထောင်ရေးသော်



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း ဖြစ်ရမယ်"

"အချစ်ရေးပါ အန်ကယ်လ်"

"အင်း . . အန်ကယ်လ်တို့အရွယ်ကတော့ သားေ
သမီးရေး၊ ဆွေမျိုးမိတ်သင်္ဂဟအရေးကြောင့် စိတ်ရှုပ်ရတယ်
စိတ်ရှုပ်ခြင်းကို မျှဝေခံစားပေးတတ်တဲ့ ဇနီးကောင်းဟာ သိ
ကိုအရေးကြီးပါတယ်၊ ငါ့တူအရွေးမမှားစေနဲ့၊

အန်ကယ်လ်လည်း ရင်ထဲမှာသောက သိပ်ကိုဖိစီးဝါ
ထားတဲ့အတွက် ရောဂါတွေကပါ ဖိစီးလာတယ်၊ ဒါကြော
အနားယူဖို့သက်သက်ထွက်ရင်း ပျောက်နေတဲ့ သမီးကိုလည
ရှာဖွေတာဆိုပါတော့"

"ဘယ်လိုသောကမျိုးလဲ အန်ကယ်လ်၊ ကျွန်တော်သိ
ရှိရင်သိချင်ပါတယ်"

လန်းဆန်းအတွက် အချိန်တွေအလဟဿ ကုန်ဆုံး
ရမည့်အတူတူ ပုံပြင်ဆန်ဆန် လူ့သဘာဝ အဖြစ်အပျက်မျာ
နားထောင်ရင်း သင်ခန်းစာယူသင့်သည်ဟု တွေးမိကာ မေးလိ
သည်။

"ဟာ . . . သိခွင့်ရှိတာပေါ့၊ အန်ကယ်လ်လည်း ဖွင့်ပြေ
ချင် ဖြစ်နေတယ်၊ အန်ကယ်လ်က ဆည်မြောင်းက အရာရှိ
အန်ကယ်လ်နာမည်က ဦးဘဦး၊ အန်ကယ်လ်က မိဘသဘေ
တူတဲ့လူကို ယူခဲ့တယ်၊ အိမ်ထောင်ရေးသိပ်ကိုသာယာ အေးချ
ခဲ့တယ်၊ အန်ကယ်လ်ကပဲ ကံဆိုးချင်လို့လား မသိပါဘူး၊
ပထမအိမ်ထောင်နဲ့က သမီးတစ်ယောက်ပဲရပြီး သမီးငါ
သမီးမှာပဲ ကွယ်လွန်သွားခဲ့တယ်၊ ဒါနဲ့မကြာခင်မှာ အန်ကယ်





သက်အောက်က စာရေးဝန်ထမ်း အမျိုးသမီးနဲ့ ဒုတိယအိမ်
ထောင်ထပ်ပြုတယ်၊ အဲဒီမှာ . . . သားတစ်ယောက် သမီးတစ်
ယောက် ထပ်ရတဲ့နောက် အမျိုးသမီးက အလုပ်ထွက်ပြီး အိမ်
ထောင့်တာဝန်ကိုပဲ ထမ်းဆောင်တယ်ဆိုပါတော့"

"ဒုတိယအိမ်ထောင်ကကော ကောင်းရဲ့လား . . အန်
ကယ်လ်"

မိမိသည် ဒုတိယအိမ်ထောင်သည် ရာထူးကို ရယူမည့်
သူဆိုတော့ စိတ်ဝင်စားစွာ မေးကြည့်မိသည်။

"အန်ကယ်လ်အပေါ်နဲ့ သူ့သားသမီးအရင်းတွေအပေါ်
တော့ကောင်းတယ်၊ အန်ကယ်လ် ပထမအိမ်ထောင်နဲ့ရတဲ့
သမီးကြီးအပေါ်တော့ မိထွေးပီပီမကောင်းဘူး"

"သူမကောင်းတာကို အန်ကယ်လ် ဒီအတိုင်းပဲ ကြည့်
နေသလား"

"ဘယ်ကြည့်မလဲ၊ မိန်းမကို ဖျောင်းဖျောင်းဖျဖျ ပြော
တယ် မရဘူး၊ မရတော့ ဒေါသပါလာပြီး အိမ်ထောင်ရေးစစ်ပွဲ
တွေက အိမ်ထဲမှာ တခြိမ့်ခြိမ့်နဲ့ပေါ့၊ ဒါပေမယ့် အိမ်တစ်အိမ်မှာ
ယောက်ျားက အပြင်လူမှတ်လား၊ အန်ကယ်လ့်သမီးကြီး ဘယ်
လောက် စိတ်ဆင်းရဲခဲ့ရမလဲဆိုတာ၊ သမီးကြီး အဝေးသင် ပထမ
နှစ်ဖြေအပြီးမှာပဲ ပြင်ဦးလွင်က ခြံသမားတစ်ယောက်နဲ့ လိုက်
ပြေးသွားတယ် သတင်းရတယ်"

"ဟင်"

စနားထောင်ကတည်းက ဒီဇာတ်လမ်းမျိုး ကြားဖူးပါ
သည်ဟု ထင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်လ်သမီးကြီးနာမည်က ဘာလဲအန်ကယ်

"ပန်းခရေဦးတဲ့၊ အန်ကယ်လ်ကိုယ်တိုင်ပေးထား နာမည်လေး၊ သိပ်လိမ္မာပြီး ဖခင်စိတ်ဆင်းရဲမှာ စိုးလို့လွှန်း စက်မှု မတက်တော့ပါဘူး၊ စီးပွားရေးလုပ်ငန်းရှင်ပဲ လုပ် အောင် အီကိုပဲယူတော့မယ်ဆိုပြီး အလိုက်တသိ အဝေးသ ယူပေးရှာတဲ့ ကလေးပါ. . .၊ ခြံသမားနဲ့ဆိုတော့ အန်ကယ် လည်း အစတော့စိတ်ဆိုးမိတယ်. . မကြာခင်ပဲ ကယားပြ နယ်ပြောင်းရတယ်၊ ခု ရန်ကုန်ပြန်ရောက်ပြီး အန်ကယ်လ်သ တစ်ဦးလည်း နံပါတ်ဖိုးစွဲပြီး ဆေးထိုးရာက သေသွားပြီ၊ သ တစ်ယောက်လည်း ကိုးတန်းတောင်မအောင်နိုင်လို့ သူ့အမေ သင့်တော်မယ့်သူတစ်ယောက်နဲ့ အမြန်ပေးစားပစ်လိုက်တယ် ပြီးတော့ မယ်မင်းကြီးမက ဘာလုပ်တယ် ထင်သလဲ၊ အပူမီးငြ ဆိုပြီး အေးရာအေးကြောင်းရှာ ရိပ်သာဝင်သွားလေရဲ့"

"အန်ကယ်လ် ဘာဖြစ်ချင်သလဲ"

"မကြာခင် အန်ကယ်လ် သက်ပြည့်ပင်စင်ယူတော့ ဆိုတော့ သမီးကြီးရှိတဲ့နားမှာ အေးအေးဆေးဆေးနေချင်တယ် ဒါမှမဟုတ်လည်း သမီးကြီးတို့ မိသားစုကို အန်ကယ်လ်နဲ့အ လာနေစေချင်တယ်၊ ဒါကြောင့် ပြင်ဦးလွင်ကိုထွက်လာပြီး စုံစ နေတာ"

"သတင်းရပြီလား"

"မရသေးပါဘူး၊ သူ့ခင်ပွန်း နာမည်မှ အန်ကယ်မသ တာ"

လန်းဆန်းရင်ထဲ ပိုမိုမွန်းကျပ်လာသည်။ ပန်းခရေဦး





ရာ အရပ်ကို သူဖွင့်ပြောသင့်သလား၊ မသင့်ဘူးလား။

အဖေနှင့်သမီး တွေ့ဆုံခြင်းသည် ကောင်းသောမင်္ဂလာ တစ်ပါးပေပဲ။

"အန်ကယ်လ်က၊ အန်ကယ်လ် သမီးကိုတွေ့ရင် ပြန် ခေါ်မှာလား"

"သူ့အိုး သူ့အိမ်ဖြစ်နေပြီပဲ၊ အသက်ကြီး အထီးကျန်ဘဝ ရောက်မှ သားသမီးကို အားကိုးချင်တဲ့ဆန္ဒမျိုး အန်ကယ်လ်မှာ မရှိပါဘူး၊ အန်ကယ်လ် ပင်စင်ယူတဲ့အခါ သမီးနဲ့ နီးနီးနားနား နေရရင်တော်ပါပြီ၊ ပြီးတော့. . . ဖခင်တာဝန် မကျေပွန်ခဲ့တဲ့ အန်ကယ်လ် အနေနဲ့ အန်ကယ်လ်သမီးကြီးကို အမွေပေးခဲ့ချင် သေးတယ်"

ပန်းခရေဦးအတွက် ဝမ်းသာသွားသည်။

ဘာပဲဖြစ်ဖြစ် ဖွင့်ပြောလိုက်တာပဲကောင်းမည်၊ ချစ်သူ ကောင်းစားရေးအတွက်ပေပဲဟု စဉ်းစားမိကာ လန်းဆန်း ဆုံး ဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချလိုက်သည်။

"ကျွန်တော့်မိတ်ဆွေရဲ့ ဇနီးကတော့ ဦးသမီးနဲ့ နာမည် ဆင်တယ်၊ ဟုတ်မဟုတ်တော့ မသိဘူးနော်"

ဦးဘဦး မျက်နှာသည် ရုတ်ခြည်းပင် အားတက်ရွှင်လန်း သွားသောရုပ်ရည်မျိုး ပေါ်လွင်လာပြီး ရေငတ်တုန်းရေတွင်းထဲ ကျသူပမာ အငမ်းမရ. . .

"ဘယ်မှာလဲ၊ ဘယ်မှာတွေ့တာလဲ၊ အန်ကယ်လ်သမီး နာမည်တူ မရှိနိုင်ပါဘူး"

"အနီးစခန်းမှာပါ၊ ခင်ပွန်းက ကိုဝဏ္ဏတဲ့ ဆုံးသွားရှာ



www.burmeseclassic.com

www.burmeseclassic.com



ပါပြီ”

“ဟင်. . .”

ဦးဘဦးသည် အံ့သြစွာဖြင့် ဟင်ခနဲ အာမေဍိတ် ထွက်သွားသည်။ နောက်ရုတ်ချည်းပင်ထကာ. . .

“မောင်ရင်၊ ခုပဲအန်ကယ်လ်ကို လိုက်ပို့ပေးနိုင်မလား”

“ကျွန်တော် လိုက်လို့ဖြစ်မှာမဟုတ်ဘူး အန်ကယ်လ်”

“ဘာဖြစ်လို့လဲကွ. . .”

“ကျွန်တော့်နာမည်ပြောလိုက်ရင် သူတို့သိပါတယ်၊ သူတို့ ကျွန်တော့်ကို လာခွင့်မပြုတဲ့အတွက်ပါ”

“ဟေ. . . ထူးထူးဆန်းဆန်း ပါလား”

“နောက် ဒီထက်ပိုထူးဆန်းဦးမှာပါ. . ၊ ကျွန်တော် အန်ကယ်လ်ကို လမ်းညွှန်ပေးလိုက်ပါမယ်”

“အေးအေး ကျေးဇူးပဲမောင်ရင်၊ ဒါထက် မောင်ရင့်နာမည်က”

“လန်းဆန်းပါဦး”

“လန်းဆန်း၊ လန်းဆန်းဆိုတော့ တရားသူကြီး ဦးဆန်းအောင်နဲ့ ဒေါ်နှင်းရီတို့ သားများလား”

ဒီတစ်ခါအံ့သြသွားရသူမှာ လန်းဆန်းဖြစ်သွားသည်။

“ဟာ. . ဟုတ်ပါတယ် အန်ကယ်လ်၊ အန်ကယ်လ်က ဖေဖေ့ ကိုသိလို့လား”

“ဖေဖေ့ကိုတင်မကဘူး၊ မေမေ့ကိုကောသိတယ်၊ ငယ်သူငယ်ချင်း အရင်းအချာကြီးတွေ၊ သူတို့နှစ်ယောက်ရဲ့ အောင်သွယ်တော်လည်း အန်ကယ်လ်၊ လက်ထပ်တော့ သတို့သားအ





လုပ်ရတာလဲ အန်ကယ်လ်၊ သမီးဦး မိုးဆန်းကိုမွေးတော့ မင်းအဖေ နိုင်ငံခြားသွားနေလို့ မီးနေစောင့်ပေးခဲ့ရတာလဲ အန်ကယ်လ်ပဲ၊ နောက် အန်ကယ်လ်အိမ်ထောင်ကျပြီး ကွဲသွားကြတာ ယနေ့ထိပဲ ဆိုပါတော့”

“ဒါဖြင့် ကျွန်တော် လန်းဆန်းဖြစ်တာနဲ့ ဖေဖေတို့ သားမှန်း အန်ကယ်လ်ဘယ်လိုလုပ် သိနိုင်တာလဲ”

“ဟာ မခက်ပါဘူး၊ အိမ်ထောင်ဦးသဘာဝ သားမွေးရင် လန်းဆန်းပေးမယ်၊ သမီးမွေးရင် မိုးဆန်းပေးမယ်လို့ မင်းအဖေ အဖွဖွ ရေရွတ်သံကို အန်ကယ်လ် အမှတ်ရနေခဲ့လို့ပဲ၊ ကိုင်းမင်းနဲ့ အန်ကယ်လ် နောက်မှစကားပြောမယ်၊ အန်ကယ်လ်သမီးကြီး ရှိရာကို ညွှန်ပြ”

“မညွှန်ပြတော့ဘူး အန်ကယ်လ်”

လန်းဆန်းစကားကြောင့် ဦးဘဦး အံ့သြသွားရသည်။

“ဟေ. . ဘာဖြစ်လို့လဲကွ”

“လိုက်ပဲပို့ပေးတော့မလို့ပါ”

“မင်းကွာ. . .”

တဒင်္ဂအတွင်း နှစ်ဦးစလုံး၏ရင်ခွင့်၌ တစ်ဆို့နေသော သောကကို မေ့ပျောက်သွားပြီး ရယ်မောလိုက်ကြသည်။

လန်းဆန်းကတော့ မိမိအနာဂတ်အတွက် မမျှော်လင့်ပဲ လမ်းစပွင့်လာပြီဟု ထင်မှတ်လိုက်ကာ ပီတိဖြာလျှက်ရှိချေပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၇)

"အရှည်ကြီးရယ်၊ အမေသိသွားရင် ငါ့ကိုအထင်လွဲ တော့မှာပဲ၊ ဘာဖြစ်လို့ယူလာရတာလဲ၊ မနက်ဖြန်ပြန်ပေးလိုက် သူ့စာကို ငါထိလည်းမထိဘူး၊ နောက်တစ်ခါယူလာရင် နင်နဲ့ ငါနဲ့ အသိပဲ"

အရှည်ကြီးသည် ပန်းခရေဦး၏ မာန်မဲမှုကြောင့် ဇက် ကလေး ပုဝင်သွားရသည်။ စာအိတ်ကို သူမ၏ ငွေသိမ်းလွယ် အိတ်ထဲသို့ ကမန်းကတမ်း ထိုးထည့်လိုက်ပြီး. . . .





"အစ်ကို့မှာ ဘာအပြစ်ရှိလို့လဲ"

"ဘာလဲ နင်က မုဆိုးမငါက လူပျိုလူလွတ်တစ်ဦးရဲ့ တောင်းဆိုချက်ကို ငြင်းပယ်ရကောင်းလား. . သူကပဲ နာရချည် သေးလို့ စိတ်ထဲမှာတွေးနေတာမဟုတ်လား"

"မဟုတ်ပါဘူး မမကြီးရာ၊ ကျွန်တော်က အစ်ကိုကြီးနဲ့ မမကြီး ရှေ့သွားနောက်လိုက်ညီတာကို သဘောကျပြီး သဘော ဘူလို့"

"ဟင်း. . ."

ပန်းခရေဦး သက်ပြင်းချလိုက်သည်။ မိထွေး၏ရုပ်ရည် ကို ပြန်မြင်ကာ. . .

"လူတစ်ယောက်ရဲ့ အလှတရားကို အပေါ်ယံစပါးလုံး တစ်ယောက်တောင်မရှိတဲ့ အရေပြားအလှနဲ့ ဆုံးဖြတ်လို့မရဘူး၊ ငါ့မိထွေးက သိပ်လှတာပဲ၊ ဒါပေမယ့် ငါ့အပေါ် ရက်စက်တာ လည်း ကမ်းကုန်ရောပဲ၊ ဒါကြောင့် ငါ့ဘဝမှာ သားသမီးအတွက် မိထွေး၊ ပထွေးဆိုတာ မရှိစေရဘူး"

"လူတိုင်းအသက်ရှူကြတာခြင်း တူပေမယ့် အသက်ရှုပုံ ကွဲပါတယ်၊ ကောင်းတဲ့မိထွေး၊ ပထွေးလည်း ပြည့်လို့ပါ"

"ထားပါတော့၊ ဒါက ငါ့ဘက်က တစ်ဖက်သတ်ဆုံးဖြတ် ချက် နောက်တစ်ဘက်က နင်တွေးကြည့်စမ်း၊ ငါ့သားသာ လန်း ဆန်းနေရာမှာဆိုရင် ငါ့သားလူပျိုထွတ်ထွတ်ကလေးကို ကလေး တစ်ယောက် အမေ မုဆိုးမတစ်ဦးနဲ့ ဘယ်သဘောတူလိမ့်နိုင်မ လဲ၊ နင်ကိုယ်ချင်းစာကြည့်ရင် သိနိုင်ပါတယ်"

"ကျွန်တော် မပြောတတ်တော့ဘူး မမကြီးရာ၊ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော် သိတာက မမကြီးတို့နှစ်ယောက်ကို ကျွန်တော်သဘောတူတယ်"

ပန်းခရေဦး သက်ပြင်းချလိုက်သည်။ အရှည်ကြီးက သူ့ကို ကြောက်သဖြင့်သာ ဘာမှထပ်မပြောသော်လည်း စိတ်ထဲ၌ကျေနပ် ပုံမရချေ။

"ဘာပဲဖြစ်ဖြစ် နင် နောက်ကိုသူနဲ့ပါတ်သက်ပြီး စာယူလာတာတို့မလုပ်နဲ့၊ ငါလက်မခံနိုင်ဘူး"

"မမကြီး မကြိုက်ရင် မယူလာတော့ပါဘူး"

အရှည်ကြီးက အိမ်ထဲသို့ ပြန်ဝင်သွားသည်။

ပန်းခရေဦး အရှည်ကြီး၏ နောက်ကျောပြင်ကိုကြည့်ပြီး သက်ပြင်းရှည်ကြီး တစ်ချက်ကိုချလိုက်မိသည်။ ရင်ထဲမှာ လှုပ်လှုပ်ရှားရှားဖြစ်အောင် တမင်ဖန်တီးနေရော့လား . .

အင်းလေ . ပန်းရှိရာ ပျားပိတုန်း၊ လိပ်ပြာတို့ ရစ်ဝဲတာ သဘာဝပေပဲ။ သို့သော် . .

ဘုရားပန်းအိုးအတွက် ဟော်လန်သစ္စာပန်းကို ခူးနေရာမှ ခြံဝန်းအတွင်းဝင်လာသော PRADO ကားတစ်စီးကြောင့် ပန်းခရေဦး အံ့အားသင့်သွားသည်။

သို့သော် နီးလာလေ မောင်းသူကော၊ ဘေးမှထိုင်စီးသူကော မြင်လိုက်ရသဖြင့် ပန်းခရေဦး၏ရင်၌ ဆို့တက်သွားသည်။

မောင်းလာသူမှာ လန်းဆန်းဖြစ်နေပြီး ဘေးမှ ထိုင်စီးလာသူမှာ မိမိ၏ဖခင် ဖြစ်နေသောကြောင့်ပင် . .







# အခန်း(၂၈)

အဖေနှင့်သမီး၊ မြေးတို့လွတ်လွတ်လပ်လပ် ပြောကြပါစေဟု ဒေါ်အေးညိုနှင့် ချယ်ရီက ရှောင်ထွက်ခဲ့သည်။ လန်းဆန်းကပါ လိုက်လာသည်။

ချယ်ရီက လန်းဆန်းလိုက်လာသည်ကို မြင်သည်နှင့် နောက်သို့လှည့်ကာ ရွံရှာမုန်းတီးသော မျက်နှာထားနှင့် . .

"ခင်ဗျား ဘာလုပ်လိုက်လာတာလဲ၊ ခင်ဗျားရဲ့ ဖမြခွေးဉာဏ် ဒါအကုန်ပဲလား၊ ခင်ဗျားရဲ့ မျက်ခွက်ကို မကြည့်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီ၏ ရိုင်းပြသောစကားကြောင့် လ ်းဆန်းမျက်နှာ ထူ ပူသွားသည်။ အံ့အားလည်း သင့်သွားသည်။

"ဗျာ. . ."

"ချယ်ရီ ညည်း ဘာမှနားမလည်ပဲ ဝင်မပြောနဲ့စမ်း"

"ကျေးဇူးရှိမှ ကျေးစွပ်တယ်ဆိုတာ ဒါမျိုးပဲပေါ့ အမေ၊ အစားရတဲ့အမဲ သဲနဲ့ပက်တယ်၊ ခင်ဗျားဘာအငြိုးနဲ့ ကျွန်တော်တို့ရဲ့အေးချမ်းသာယာနေတဲ့ ဘဝလေးကို ဖျက်ဆီးပစ်ချင်ရတာလဲ ဌေ့သည်၊ တောက်. . . ခင်ဗျားကို ကျွန်တော်သတ်ပစ်ချင်တယ်ဗျာ"

ချယ်ရီက လက်သီးကို တင်းတင်းဆုပ်ကာ အံကြိတ်ပြီး ပြောလိုက်သည်။

လန်းဆန်း ရင်ထဲ နင့်ခနဲ စူးရှနာကျင်သွားသည်။ ချယ်ရီတို့ သားအမိ၏ ပန်းခရေဦးအပေါ် ထားရှိသော မေတ္တာတရားကို နားလည်သွားသည်။ ချယ်ရီသည် စိတ်ရင်းကောင်းသော ချာတိတ်မလေးဖြစ်သည်။

"ချယ်ရီ အစ်ကို့ကို အထင်လွဲနေတာပါ၊ အန်ကယ်လ်က မခရေတို့မိသားစုကို ချယ်ရီတို့နဲ့ ခွဲထုတ်မသွားပါဘူး"

"ပုံပြင်လာမပြောနဲ့၊ မမကြီးနဲ့သားလေးသာ ကျွန်မတို့အိမ်က ခွဲသွားကြည့်၊ ခင်ဗျားကို ကျွန်တော်အသတ်ပဲ"

ကလေးဆန်သော ချယ်ရီ့စကားကြောင့် လန်းဆန်းပြုံးမိလေသည်။ ပန်းခရေဦး စိတ်ဓါတ်ကို သူယုံကြည်သည်။ သူမသည် ဤမိသားစုလေးနှင့် ခွဲသွားလိမ့်မည်မဟုတ်။

"ကောင်းပြီလေ၊ ဒီလိုဆို မင်းကိုငါစိမ်ခေါ်တယ်"





ဒေါ်အေးညိုက ဘာမှဝင်မပြောတော့ပဲ တစ်စုံတစ်ခုကို ဘာ တွေဝေစဉ်းစားနေသည်။

"ဘာလဲ၊ မမကြီးက ကျွန်တော့်တို့ကို ခွဲမသွားဘူးလို့ ခင်ဗျား အတတ်ပြောရဲသလား"

"ပြောရဲတယ်"

"ကောင်းပြီ ခင်ဗျား ပယောဂကြောင့် ခွဲသွားရင် ကျွန်တော် ခင်ဗျားကို ဘာလုပ်ရမလဲ"

"မင်းလုပ်ချင်တာလုပ်နိုင်တယ်၊ အကယ်၍ ငါ့ဘက်က ရင်ကော"

"ခင်ဗျားသဘောပေါ့"

"ကောင်းပြီ၊ မင်းစကားတည်ပါစေ"

ထိုစဉ် အာကာဦးပြေးလာသည်။

"ဦးဦး လာပါဦး၊ ဘိုးဘိုးကား စီးချင်တယ်"

လန်းဆန်းလက်ကိုဆွဲကာ ခေါ်လိုက်သည်။

ချယ်ရီ့ရင်ထဲ ဟာခနဲဖြစ်သွားသည်။ ကလေးသဘာဝ ပဲဟု မိမိကိုယ်မိမိ နှစ်သိမ့်လိုက်သည်။

"ဘွားဘွားကော လိုက်မလား"

"မလိုက်ပါဘူးရှင်၊ မောင်ရင်ပဲစီး"

"လေးလေးကော"

"မလိုက်ဘူး"

ချယ်ရီက စူအောင့်အောင့်နှင့်ဖြေလိုက်သည်။

လန်းဆန်းက သဘောကျစွာပြုံးလိုက်ပြီး အာကာဦးကို ကာ ဦးဘဦး၏ ကားရှိရာသို့ ခေါ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဦးမှာလည်း အဲ့ဒီလိုကား ရှိပါတယ် သားရဲ့"

"ဘယ်မှာလဲ"

"ရန်ကုန်အိမ်မှာပေါ့။ သားသားနဲ့ သားမေမေသာလိုက် ရင် အဲဒီကားနဲ့ ဦးဦးသားကို နေ့တိုင်းကျောင်းပို့ပေးမှာ"

"တကယ်လား ဦးဦး"

"တကယ်ပေါ့"

လန်းဆန်း မှားယွင်းစွာဖြင့် နှလုံးသားရွှေ့တန်းတင်ကာ ကလေးကို စည်းရုံးလိုက်မိလေသည်။ ဒေါ်အေးညို၏ မျက်နှာကို ပြန်မြင်လိုက်သောအခါ ချက်ချင်းပင် မိမိစကား မှားသွားကြောင်း သိရလေသည်။

"သားမေမေ မလိုက်ရင်လည်း ဦးဦးဒီမှာလာနေမယ် အဲဒီကားပါ ယူလာမယ်၊ ဦးဦးကို လက်ခံဖို့ မေမေ့ကို ဝိုင်းတိုက် တွန်းပေးနော် ဟုတ်လား"

"ကောင်းတယ်. . ကောင်းတယ်၊ အဲဒါကောင်းတယ် ဦးဦးတို့ ရန်ကုန်တို့၊ မန္တလေးတို့ သားသားမနေချင်ပါဘူး၊ ဗွီဒီယို တွေထဲမှာ ကြည့်ရတာ ကျဉ်းကျဉ်းကျုတ်ကျုတ်နဲ့၊ သားသား ဘယ်မှာ ဘောလုံးသွားကန်ရမလဲ၊ ဒီမှာဘောလုံးကန်လို့လည်း ရတယ်၊ စက်ဘီးလျှောက်စီးလို့လည်း ရတယ်၊ စစ်တိုက်တမ်း ကစားလည်းရတယ်၊ ဦးဦးသာ ဒီမှာလာနေနော်"

"အေးပါကွာ၊ မင်းအမေခွင့်ပြုရင် ဦးဦးက ကမ္ဘာပေါ်မှာ အပျော်ဆုံးလူသားအဖြစ် လာနေမှာပေါ့ကွာ၊ ကိုင်း. . ကိုင်း. . ဘယ်သွားရမလဲ"

"ဦးဦးဝီလီတို့ ခြံသွားမယ်၊ သားသား သူငယ်ချင်းတွေ





ခေါ်တင်ပြီး နာရီဝက်လောက်လျှောက်မောင်းပေးရင် တော်ပါ ပြီ ဦးဦးရာ"

"အိုကေ"

လန်းဆန်းကားကို မောင်းထွက်ခဲ့သည်။ ကားထွက်သွား သည်ကို ပန်းခရေဦးနှင့် ဦးဘဦးလှမ်းကြည့်လိုက်ပြီး. . .

"ဒယ်ဒီမြေးက သမီးကြီးငယ်ငယ်ကရုပ်နဲ့ တပုံစံတည်း ... သူ့ နောင်ရေးစဉ်းစားသင့်တယ် သမီးကြီး"

"သမီးဆုံးဖြတ်ပြီးသားပါ ဒယ်ဒီ၊ သားဖြစ်ချင်တဲ့ ရည် ...ချက်ကို ဖြစ်မြောက်အောင် အကောင်အထည်ဖော်ပေးမယ်၊ ... အစွမ်းကုန်ဖန်တီးပေးမယ်၊ သမီးလို ရည်ရွယ်ချက်တွေ ...စီးခဲ့ရတဲ့ဘဝမျိုး သားလေးမှာ မဖြစ်စေရဘူး၊ မခံစားစေ ... ဒါကြောင့် သမီး ဒယ်ဒီနဲ့ ပြန်မလိုက်ပါရစေနဲ့. . ၊ သူ့ကို ...ခြင်းမေတ္တာတွေ အပြည့်အဝပေးနေတဲ့ ဒီမိသားစုရဲ့အရိပ် ... သမီးတို့သားအမိ နေသွားပါရစေ၊ အန်တီရဲ့ ပြုစုမှုကိုထပ်မံ ...စားပါရပါစေနဲ့၊ သမီးကိုခွင့်လွှတ်ပါနော် ဒယ်ဒီ"

"ဒယ်ဒီအတွက်ကော သမီးမကြည့်တော့ဘူးလား"

ပန်းခရေဦးက ဇရာနိမိတ်များယှက်သန်းနေပြီဖြစ်သော ... အားစိတ်ထိခိုက်စွာ လှမ်းကြည့်ပြီး. . .

"ဒယ်ဒီ ပင်စင်ယူရင် ပြင်ဦးလွင်မှာ လာနေပါလား၊ ဒီ ...လေးဟာ ပင်စင်စားတွေ အနားယူနေထိုင်ဖို့ကောင်းတဲ့ မြို့ ...ပဲ၊ ဒယ်ဒီကို သမီးလဲ ပြုစုလို့ရတာပေါ့"

ဦးဘဦး သက်ပြင်းချလိုက်သည်။ မိမိသည် သမီးအား ... ...တစ်ယောက်အနေဖြင့် အပြည့်အဝ တာဝန်မကျေ...နိုခဲ့ခြင်း



www.burmeseclassic.com

www.burmeseclassic.com



အပေါ် နောင်တရလျက် ရှိသဖြင့် . . .

"ကောင်းပြီလေ၊ သမီးကြီးသဘောအတိုင်း ဖြစ်စေ မယ်၊ ဒယ်ဒီ့ကို နန်းမြိုင်လမ်းမှာဖြစ်ဖြစ်၊ မိုးစန္ဒာလမ်းမှာဖြစ်ဖြစ် မြေကြီးချည်းပဲရလည်းမြေပေါ့၊ တိုက်ပါလည်း ပါတဲ့ဈေးနဲ့ ကြေ ထားပြီး ဝယ်ထားပါ၊ အဲဒီတိုက်ကို သမီးကြီးနာမည်နဲ့ပဲ ဝယ်ပြီး ကိစ္စအဝဝကို သမီးကြီးပဲ ဆောင်ရွက်ပေးထားပါ၊ ဒယ်ဒီ ဒီကပြ သွားပြီးတာနဲ့ သမီးဘဏ်စာရင်းထဲကို ငွေလွှဲပေးလိုက်မယ် ပိုတာလည်း သမီးတို့ သုံးပေါ့"

ပန်းခရေဦး မျက်ရည်ကျလေသည်။ အမေ့ရှိန်း မဟုတ် နဂိုကသာ မိမိ၏ဖခင်သည် ယခုလို ပြတ်သားခဲ့ပါလျှင် မိမိဘဝသည် ယခုလို ကလေးတစ်ဦးနှင့် မုဆိုးမဘဝမျိုး ရော လိမ့်မည်မဟုတ်၊ နောက် ဘဝကို ရုန်းကန်ကြိုးစား ရင်ဆိုင်ခဲ့ လိမ့်မည်မဟုတ်။

ယခုတော့ . . .

ချစ်စရာသားသမီး ရတနာရနေပြီပဲ ဘဝအရှုံးထဲက အမြတ်တစ်ခုပါပဲဟု တွေးတောကာ . . .

"ဒယ်ဒီမှာ သုံးဖို့ . . ."

"မလိုဘူး သမီးကြီး၊ ဒယ်ဒီ ပင်စင်ယူပြီးတာနဲ့ . . . ဒယ်ဒီတို့နေတဲ့ ဝင်ဒါမီယာကအိမ်ကိုရောင်းပြီး လေးပုံ ပုံလိုက် မယ်၊ ဒယ်ဒီရယ်၊ သမီးအန်တီရယ်၊ သမီးရယ်၊ သမီးညီမရော အညီအမျှခွဲဝေယူပြီး ကိုယ်ကြိုက်တာ ကိုယ်ဆက်လုပ်ပြီး၊ ကိုယ့် လမ်းကို လျှောက်ကြတော့လို့ ဒယ်ဒီပြောလိုက်မယ်၊ သူ ကွာချင် ရင် ကွာပေးလိုက်မယ် ဒယ်ဒီအတွက် လျှုတန်းဖို့နဲ့ ဆေးဖိုးဝါး





ရှိရင် ပြီးတာပဲ၊ ကျန်တာ မလိုအပ်တော့ဘူး၊ ဒယ်ဒီ ပြောတာတွေ သမီးကြီး လက်ခံတယ်မဟုတ်လား"

"သမီး ဒယ်ဒီကို တုံ့ပြန်ကျေးဇူးဆပ်သွားနိုင်ပါတယ် ဒယ်ဒီ၊ အန်တီတို့ ကျေနပ်အောင်သာ ဆောင်ရွက်ပေးလိုက်ပါ"

"ကျေနပ်မှာပါ၊ သူလည်း ဆန်နီဆုံးသွားပြီးကတည်းက ဘော်တော့်ကို နောင်တရသွားပြီး၊ ရိပ်သာဝင်သွားတာ တစ်လရှိ နေပြီ၊ ဉာဏ်စင်တရားရတဲ့အထိ နာပါရစေလို့ ဒယ်ဒီဆီ ခွင့် တောင်းပြီး သွားဝင်တာ၊ ဒါထက် ပြင်ဦးလွင်မှာကော ရိပ်သာတို့ ဘုန်းကြီး ကျောင်းတို့ရှိရဲ့လား"

"ရှိပါတယ် ဒယ်ဒီ နန်းမြိုင်လမ်းပေါ်မှာပဲ၊ ရွှေဟင်္သာ တိုက်ခွဲကျောင်းရှိပါတယ်၊ ညံတောဘက်မှာလည်း ရိပ်သာတို့ ဓမ္မဌာန်းကျောင်းတို့ ရှိပါတယ်"

"အင်း . . အင်း ဒါဆိုရင် ကောင်းပါတယ်၊ ဒယ်ဒီတို့ ဗုဒ္ဓဘာသာဝင် လူမျိုးတွေက အသက်ကြီးလာရင် ဘုရားရိပ်၊ တရားရိပ်မှာ ခိုလှုံပြီး အနီးကပ်ဆုံး နေသွားကြဖို့ လိုအပ်တယ်၊ ကဲ သမီးကြီးရဲ့ အမေနဲ့ ညီမကိုခေါ်ပါဦး၊ ဒယ်ဒီကျေးဇူးတင် တဲ့အကြောင်း ပြောချင်လို့"

"ဟုတ်ကဲ့ ဒယ်ဒီ"

"ပန်းခရေးဦးက မျက်ရည်သုတ်ကာ ခြံထဲသို့ ဆင်းခဲ့ သည်၊ ဦးဘဦးကပါ . . .

"ဒယ်ဒီပါလိုက်မယ် သမီး"

ပန်းခရေဦးသည် လက်ရှိ မိမိကြိုးစားနေသော အခြေ အနေများကို ဖခင်အား ပြောပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတော့ ကောင်းပါတယ် သမီး၊ ဒါပေမယ့် ဒုက္ခ ဆင်းရဲခံပြီးတော့ လောဘတကြီးမရှာဖွေနဲ့၊ ကျန်းမာရေးလည်း ဂရုစိုက်ပါ"

"ဟုတ်ကဲ့ပါ ဒယ်ဒီ၊ အစကတော့ ချယ်ရီနဲ့ သားရဲ့ အနာဂတ်အတွက် သမီးကြိုးစားမှ ဖြစ်မှာကိုး၊ အခုဒယ်ဒီက စီစဉ်ပေးပြီဆိုတော့ သမီး သိပ်ပင်ပန်းစရာမလိုတော့ဘူး၊ အမေ နဲ့သမီး စိတ်ရှိတိုင်း လှူနိုင်သုံးနိုင်ဖို့အတွက် ခပ်မှန်မှန်လေး လုပ်သွားရုံပဲ ရှိပါတော့တယ်"

ဒေါ်အေးညိုနှင့် ချယ်ရီအနီးသို့ ရောက်လာသည်။

ဦးဘဦးက ဖော်ရွေသော အပြုံးဖြင့် . . .

"ကျွန်တော့် သမီးအပေါ် အခုလို မိခင်ရင်းတစ်ယောက် လို ကျွေးမွေးစောင့်ရှောက်ထားတဲ့အတွက် အထူးပဲ ကျေးဇူးတင် ပါတယ် ဒေါ်အေးညို"

"ကိစ္စမရှိပါဘူး၊ ကျွန်မက စောင့်ရှောက်ရတာထက် သူက ကျွန်မတို့ကို ပြန်စောင့်ရှောက်နေတာက ပိုပါတယ်၊ ကျွန် ကိုင်းမှီ ကိုင်းကျွန်းမှီပေါ့ ဦးဘဦးရယ်"

"ဆက်လက်ပြီး အမှီပြုသွားကြပါဦး ကျွန်တော်လည်း သမီးတို့နဲ့အနီးအနားမှာ လာနေဖို့စီစဉ်ထားပါတယ်၊ ကျွန်တော် ရောက်မလာသေးခင် တစ်နှစ်လောက်တော့ ကျွန်တော်သမီး ထပ်မံစောင့်ရှောက်ထားဖို့ အပ်နှံပါတယ်"

"ဟုတ်ကဲ့ရှင့်၊ ကျွန်မလည်း ဦးဘဦး ပြင်ဦးလွင်မှာ နေမယ်ကြားရတာ အတိုင်းအဆမရှိ ဝမ်းသာပါတယ်၊ ကျွန်မ တွက်လည်း ခေါင်းပေါ့သွားရတာ အမှန်ပါပဲ၊ ကျွန်မမှာ ခင်ပွန်း





ဘာ စောစီးစွာဆုံးလို့ မုဆိုးမဘဝ ရုန်းကန်ခဲ့ရတယ်၊ သားကြီးက အရွယ်ရောက်လို့ ဝိုင်းကူပေမယ့် အေးအေးချမ်းချမ်း အနားယူ နေနိုင်တဲ့ အဆင့်မရောက်ခင်မှာပဲ ဆုံးပါးသွားပြန်တော့ အနား ယူနိုင်သေးပဲ၊ ဟော့ဒီ သမီးကြီးနဲ့အတူ ရုန်းကန်ရပြန်တယ်၊ အခုလို ဦးဘဦး ရောက်လာမယ်ဆိုတော့ ကျွန်မ ခေါင်းပေါ့သွား တယ်၊ တကယ်ပါရှင်၊ ကျွန်မ ဦးဘဦးကို ကျေးဇူးတင်ပါတယ်၊ ဘဝသက်တမ်းခြောက်ဆယ်အထိ ဒုက္ခတွေကို ရင်ဆိုင်ခဲ့ရ ပြီ တရားနဲ့အေးချမ်းခြင်းကို ကျွန်မလျှောက်လှမ်းချင်ပြီ"

ချယ်ရီက မိခင်အား၊ အားငယ်စွာ ကြည့်လိုက်သည်။

ဒေါ်အေးညိုက သမီး၏ အကြည့်ကိုနားလည်ကာ ပြုံး လိုက်ပြီး . . .

"ချယ်ရီအတွက်ကတော့ သမီးကြီးတာဝန် ယူသွားနိုင် သိမ့်မယ်လို့ အမေယုံကြည်တယ်"

"အမေရယ်၊ အမေသမီးတို့နဲ့ပဲ နေသွားမှာမဟုတ်လား"

"အင်း . . . ဦးဘဦးတို့ ပြောင်းမလာခင်အထိတော့ နေ သွား၊ စောင့်ရှောက်သွားဦးမှာပါ"

"တရားရှာ ကိုယ်မှာတွေ့တာပေါ့ ဒေါ်အေးညို၊ ရိပ်သာ ကမ္မဋ္ဌာန်းကျောင်းတွေမှာ တရားရှာဖွေမှတ်ယူ၊ ကမ္မဋ္ဌာန်းစီးဖြန်း ခြင်းနည်းတွေကိုရယူပြီး တတ်မြောက်သွားရင် ဘယ်နေရာ ဘယ် ဒေသမှာမဆို သတိနဲ့ဆင်ခြင်ပြီး မှတ်ယူသွားမယ်ဆိုရင်လည်း ရပါတယ်"

"ဟုတ်ပါတယ် ဦးဘဦး၊ ဒါတွေက နောက်ကဏ္ဍပါ၊ အခု ဦးဘဦး သမီးကြီးကို ပြန်မခေါ်သွားဘူး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ခေါ်မသွားပါဘူး၊ ကျွန်တော်ပဲ လာခဲ့မှာပါ"

"ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်မတစ်ကိုယ် ကောင်း မဆန်ချင်ပါဘူး၊ သမီးကြီးဆန္ဒရှိမှသာ နေခဲ့ခြင်းဖြစ် ချင်ပါတယ်"

"ကျွန်မပြန်မလိုက်ပါဘူး အမေ"

ချယ်ရီက သက်ပြင်းချင်လိုက်သည်။ သူ့ရင်၌ ပေါ့ လန်းဆန်းသွားသည်။

"ကိုင်း. . . အမေကော မမကြီးကောက အန်ကယ် ကို စကားနဲ့ပဲညှော့ခံနေတာ၊ စကားက မဝဘူး၊ အစားကမှ ဝ အန်ကယ်လ်ကော ကိုလန်းဆန်းကော ညနေစာစားပြီးမှ ပြန် မယ်၊ အမြန်သွားစီစဉ်လိုက်ဦးမယ်၊ ခုနေ့လယ်တော့ ကော်ဖီ မုန့်ကလေး အရင်သုံးဆောင် အရှည်ကြီးနဲ့ ပို့ခိုင်းလိုက်မယ် မမကြီး"

"အေး. . အေး. . ကလေးကောင်းသလိုသာ ကြ လုပ်လိုက်တော့"

ချယ်ရီထွက်သွားတော့ ဒေါ်အေးညိုက. . .

"ကျွန်မ သမီးကြီးနဲ့ မြေးအတွက် ရတက်အေး သူကလေးအတွက်ပဲ. . ."

"စိတ်ချပါအမေ၊ ကျွန်မ တာဝန်ယူသွားမှာပါ"

"အမေ ယုံပါတယ်၊ ကိုယ့်တာဝန် သူများအပေါ် သွ ပိမှာ စိုးရိမ်တယ်"

"တာဝန်ရယ်လို့ သဘောမထားပါနဲ့အမေ၊ ကျွန် အမေ့ သမီးပါ၊ ချယ်ရီဟာ ကျွန်မညီမလေးပဲ၊ သူကျောင်း





သွားတဲ့အထိ တာဝန်ယူသွားနိုင်ပါတယ် အမေ"

"သာဓု သာဓု သာဓုပါ သမီးရယ်"

ဒေါ်အေးညို သည် ချွေးမဖြစ်သူ၏ စိတ်သဘောထား ကောင်းမွန်မှုကို လေးစားသွားသည်။

သို့သော် သူမ၏ဘဝ၌ ပေးဆပ်မှုချည်း မရှိစေချင်။ သာယာစေချင်သည်။ ရွှန်လန်းစေချင်သည်။ မိမိတစ်ခုခုတော့ စဉ်ပေးသင့်သည်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၉)

"ဦးဘဦး မပြန်မချင်း ဒီမှာပဲ ည,မနက်စာထမင်းလာ စားပါ"

"ဟုတ်သားပဲ ဒယ်ဒီ'

"ဒယ်ဒီတစ်ရက်ပဲနေတော့မယ်၊ မနက်ဖြန် ပြင်ဦးလွင် မှာ ရှိတဲ့လည်ပတ်စရာတွေကို ဒယ်ဒီမြေးနဲ့ သမီးနဲ့အတူ လည် ပတ်မယ်"

"သမီးက မအားဘူး ဒယ်ဒီ၊ မနက်ဖြန် အလုပ်ရုံသွား





ရက်ဆိုတော့ လိုက်လို့မဖြစ်ဘူး၊ ချယ်ရီပဲ ခေါ်သွားလိုက်ပါ"

"ကျွန်တော် မလိုက်ပါဘူး၊ မမကြီးပဲ လိုက်သွားပါ"

"ကိုင်း. . ကိုင်း. . မနက်ဖြန်မှ လိုက်ချင်တဲ့လူ လိုက်ကြ၊ ဒီညတော့ ဒယ်ဒီမြေးကို ဟိုတယ်ခေါ်သွားမယ်၊ ဒယ်ဒီနဲ့အိပ် မယ်"

ပန်းခရေဦး က သားဖြစ်သူအား လှမ်းကြည့်လိုက်သည်။ သားကတော့ ပြုံးရွှင်ကာ ကျေနပ်နေသည်။

"ဘိုးဘိုးနဲ့ မအိပ်ဘူး၊ သားက ဦးဦးနဲ့အိပ်နေကြ၊ ဦးဦးနဲ့ အိပ်မှာ"

ဦးဘဦးက အာကာဦးနှင့် လန်းဆန်း၏ သံယောဇဉ် တွယ်တာမှု အတိမ်အနက်ကိုကြည့်ကာ. . လန်းဆန်းသည် ဒီ မိသားစုနှင့် ဘယ်လိုပတ်သက်နေသလဲဟု တွေးတောနေမိ သည်။

ပန်းခရေဦး ဘာမှမပြောနိုင်ခင် အာကာဦးက. . .

"လေးလေး သား ညအိပ်အင်္ကျီနဲ့ အသစ်တစ်စုံထည့် ပေးနော်"

"အေးပါ၊ မနက်ဖြန်ကျောင်းက ဘယ်လိုလုပ်မလဲ"

"လေးလေး ခွင့်သွားတိုင်ပေးလိုက်၊ တစ်ရက်ပဲ၊ ဘိုးဘိုး ပြန်သွားရင် လေးလေး သားနောက်ကျသွားတဲ့ စာပြန်သင်ပေး ပေါ့နော်"

"သိပ်ကောင်းတဲ့ အကြံဉာဏ်ပဲ"

"ရှိရမယ်လေ၊ လေးလေးတူပဲဟာ"

"သွား. . . ငရှုပ်ကလေး"



www.burmeseclassic.com

www.burmeseclassic.com



ဦးဘဦး စိတ်ချမ်းသာသွားသည်။

သူ့သမီးသည် ပူလောင်သော သူတို့၏အိမ်မှ စွန့်ခွာသွားပြီး တကယ့်အေးချမ်းသော မေတ္တာရိပ်မြုံကလေးသို့ ရောက်ရှိနေသည့်အတွက် သူ့သောကတို့ ကျေပျက်သွားခဲ့ရလေသည်။

လူချမ်းသာဖို့ထက် စိတ်ချမ်းသာဖို့က အဓိကဟု သူနားလည်လက်ခံလိုက်လေပြီ။

"ဒယ်ဒီတို့ ပြန်ဦးမယ် သမီးကြီး"

"ဟုတ်ကဲ့ ဒယ်ဒီ"

"သား. . သွားမယ် မေမေ"

"လိမ်လိမ်မာမာနေနော်၊ ဟိုဒီ လျှောက်မပူဆာရဘူး"

"ဟုတ်ကဲ့၊ စိတ်ချပါမေမေ"

ဦးဘဦးက ဒေါ်အေးညွှန့်နှင့် အိမ်သားများကို နှုတ်ဆက်ပြီး ပန်းခရေဦးကို ကြည့်လိုက်သည်။

ပန်းခရေဦးက. . .

"မနက်ဖြန်မှ ရှင်စိုက်ထားတဲ့ ငွေအားလုံးကို ကျွန်မပြန်ပေးမယ်"

"ကျွန်တော်မယူဘူး"

"မယူလို့မရဘူး ယူရမယ်၊ ပြီးမှရှင့်ဘာသာ မီးပုံရှို့ပေါ့"

"မရှို့ပါဘူးဗျာ၊ သွားမယ်နော်"

"သွားသင့်တာကြာလှပြီ"

ထိုစကားက ပန်းခရေဦးထံမှ ထွက်ပေါ်လာခဲ့ခြင်း မဟုတ်ချေ. . ချယ်ရီ့ထံမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

လန်းဆန်းက အပြုံးမပျက် ကားပေါ်တက်ကာ ထွက်





သွားလေသည်။

"မေမေရေ တာတာ"

အာကာဦးက လက်ပြပြီး ပျော်ရွှင်စွာ လိုက်ပါသွားလေသည်။

ပန်းခရေဦးက သား၏ အနာဂတ်အတွက် ရင်ဝယ်ချမ်းမြေ့သွားလေသည်။

သားဘဝ ထာဝရလန်းဆန်းနေစေချင်သည်။

လန်းဆန်းသည် မိမိဘဝကို မြှင့်တင်ပေးကောင်းပေးနိုင်မည် ဖြစ်သော်လည်း မိမိ၏သားဘဝကို ထာဝစဉ်မြှင့်တင်ပေးနိုင်ပါ့မလား။

မိမိ၏သားလေးဘဝမှာ အနာတရ လုံးဝမဖြစ်စေရဟု ဆုံးဖြတ်လိုက်သည်။

ဒေါ်အေးညိုက လန်းဆန်းနှင့် ပန်းခရေဦး၏ အရိပ်အခြေအနေကို အကဲခတ်နေသူပီပီ. . .

"ငါ့သမီးကြီး တစ်ခုခုတော့ ဆုံးဖြတ်မှဖြစ်မှာ"

"ဘာကိုလဲအမေ"

"လန်းဆန်းအတွက်လေ"

"ကျွန်မဆုံးဖြတ်ပြီးပြီပဲ အမေ၊ ကျွန်မ သူ့ကို လက်မထပ်နိုင်ပါဘူး"

"အကယ်၍များ သူ့မိဘများကပါ သဘောတူလာခဲ့ရင်ကော"

ပန်းခရေဦး ခေါင်းယမ်းလိုက်သည်။

"ကျွန်မသူ့ကို လက်မခံခြင်းဟာ သူ့မိဘတွေနဲ့ မဆိုင်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး အမေ၊ ကိုဝဏ္ဏအပေါ် ကျွန်မ စောင့်ထိမ်းချင်တဲ့ သစ္စာတရား၊ ပြီးတော့ . ကျွန်မသားလေးဘဝမှာ ပထွေးမရှိချင်တဲ့ မိခင်ရဲ့ မေတ္တာစေတနာကြောင့်ပါ"

"ကွယ်လွန်သွားတဲ့ အမေ့သားကြီးကတော့ သူ့သားနဲ့ မယားကောင်းစားနေတာကို သိမြင်ခွင့်ရရင်တောင် ကျေနပ်နေမယ့် ပုဂ္ဂိုလ်မျိုးပါ၊ ဒီအတွက်တော့ အမေတရားသဖြင့်ပြောမယ် သမီး၊ သေသူအတွက် ရှင်သွားသူရဲ့ ဘဝဟာ အဆုံးခံပြီး ပေးဆပ်စရာ မလိုဘူး၊ လန်းဆန်းဟာ အာကာဦးအပေါ် သားအရင်းနဲ့မခြား ချစ်ခင်တဲ့အတွက် သူနဲ့ဆို အမေ သဘောတူတယ် သူ့မိဘတွေများ လာတောင်းခဲ့ရင် သမီးကြီး လက်ခံလိုက်ပါ"

ဒေါ်အေးညို၏ မေတ္တာ၊ စေတနာကို ပန်းခရေဦးနားလည်ပါသည်။

"အမေရယ်၊ ဆောက်ဖြစ်မှ ကျောင်းဒကာပါလေ၊ လန်းဆန်း ငွေဆပ်ဖို့အတွက် ပြည့်ရဲ့လားလို့ ရေတွက်ကြည့်ဦးမှ"

ဒေါ်အေးညို သက်ပြင်းချလိုက်သည်။

ပန်းခရေဦးသည် အိမ်တွင်ရှိသမျှ လက်ဝတ်လက်စားများကို ထုခွဲကာ လန်းဆန်းပါဝင်ထားသော ငွေကိုပြန်ဆပ်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

"ပြည့်မယ် မမကြီး၊ သိန်းသုံးဆယ်ကျော်တယ်"

"ချယ်ရီ မပူနဲ့နော်၊ ဒယ်ဒီငွေလွှဲပေးတာနဲ့ မမကြီး ပြန်လုပ်ပေးမယ်"

"မမကြီးကလည်း နောက်တစ်ပတ်ဆိုင်တွေက ငွေလိုက်သိမ်းမှာပဲ၊ အဲဒီတော့စုမိမှာပဲ ပြန်လုပ်တာပေါ့၊ အခ





တယ်လ်ငွေကို မထိပါနဲ့၊ အိမ်ပဲကောင်းကောင်း ဝယ်ပေးလိုက်ပါ"

တစ်ဦးမေတ္တာ တစ်ဦးမှာဟူသော သဘောတရားကို ပန်းခရေဦးလက်ခံလိုက်မိလေပြီ၊ ချယ်ရီအနာဂတ်အတွက်ဟု အပြည့်အဝ စေတနာထားခဲ့သော မိမိအပေါ် ချယ်ရီကလည်း တုံ့ပြန်မေတ္တာထားလေပြီ။ ငယ်ရွယ်သူဖြစ်သော်လည်း အသိတရားရှိသော မိန်းကလေးဖြစ်သည်။

"မမကြီးသားက မလွယ်ဘူး၊ သူ့ကိုကားနဲ့တိုက်နဲ့ မျှားလို့ရတယ်"

"ကလေးကို သမီးရယ်"

"မထင်နဲ့ ညီမရေ၊ ဒီမိ ဒီဖကပေါက်ဖွားလာတဲ့ သားဖြစ်လို့ မမကြီးတော့ သားကို ယုံကြည်တယ်၊ လူချမ်းသာတာထက် စိတ်ချမ်းသာမှုကို ပိုမက်မောမှာပါ"

"ဒါပေမယ့် သားဘဝမှာ စိတ်မချမ်းသာစရာ ဖြစ်လာဖို့ အကြောင်းမှမရှိပဲ၊ စိတ်ချမ်းသာ၊ လူချမ်းသာနဲ့ဆို ပိုမကောင်းဘူးလား"

ချယ်ရီ ဘာကိုဆိုလိုပြီးပြောမှန်း ပန်းခရေဦး နားလည်းပါသည်။

"ဘယ်နဲ့ပြောလိုက်တာလဲ၊ သိပ်ကောင်းတာပေါ့ ချယ်ရီရယ် မမကြီးကြောင့် သားဘဝမှာ စိတ်ဆင်းရဲခြင်းဆိုတာ မဖြစ်စေရဘူးလို့ ဆုံးဖြတ်ပြီးသားပါကွယ်၊ ဒါကြောင့် သားဘဝမှာ စိတ်ချမ်းသာ၊ လူချမ်းသာဖြစ်စေရမယ်လို့ မမကြီးယုံကြည်တယ်"

ချယ်ရီက မိခင်၏မေတ္တာရောင်ဟပ်နေသော ပန်းခရေ



www.burmeseclassic.com

www.burmeseclassic.com



ဦး မာနမျက်နှာကို ငေးကြည့်လိုက်မိသည်။

စိတ်တွင်း၌လည်း ကြိတ်၍ ကောက်ချက်ချလိုက်မိသည်။

မိမိတောင် မိန်းမချင်း သူမ၏ အလှတရားကို သတိပြုမိပါလျှင် ဆန့်ကျင်ဘက်ပုဂ္ဂိုလ်ဖြစ်သော လန်းဆန်း သတိပြုမိပြီး စွဲလမ်းသွားခြင်းအတွက် အပြစ်တော့မဟုတ်ပါဘူးဟု သဘောပေါက်လာသည်။

လန်းဆန်းအပေါ် ခွင့်လွှတ်လိုက်မိသည်။







## အခန်း(၃၀)

လန်းဆန်းရင်တွင် အံ့သြခြင်းနှင့်အတူ ဒေါ်အေးညိုကို တစ်လှည့် ပန်းခရေဦးကို တစ်လှည့်ဆီ ကြည့်လိုက်သည်။

“ဟောဒါက သားက လုပ်ငန်းထဲကို စိုက်ထည့်ပေးထားတဲ့ ငွေ၊ ဒါက သားကားမောင်းပြီးရလာတိုင်း အမေ့ကို အပ်ထားတဲ့ငွေ”

“ဦးအိုက်စံက ဒေါ်အေးညိုတို့အား အထူးအဆန်း သဖွယ် ကြည့်လိုက်သည်၊ ချမ်းသာကြွယ်ဝခြင်းဟူသော ဂုဏ်ဒြပ်



www.burmeseclassic.com

www.burmeseclassic.com



မရှိသော်လည်း ရိုးသားခြင်း၊ ဖြောင့်မတ်ခြင်း၊ သဘောထားကြီးခြင်းတို့ကို ပေါ်လွင်သော အမျိုးသမီးငယ်ကို ငေးကြည့်နေမိသည်။

"မဟုတ်ဘူးလေ အမေ၊ ကျွန်တော့်ဘဝတစ်ခုလုံးမှားယွင်းခဲ့တဲ့ ဥပက္ခာတစ်ခုကြောင့် လိပ်ပြာမလုံပဲ ချောက်ချားမှုမျိုး ဖြစ်နေတာကို အမေတို့ ကြည့်ရက်သလား"

"သား အယူအဆ မှားနေတယ်"

"ကျွန်တော့် အယူအဆ မှားတယ်"

"ဟုတ်တယ်လေ၊ မင်းဆိုင်ကယ်ကိုမြင်လို့ မြင်းလန့်ပြီး လမ်း ဘေးချောက်ထဲ ဆွဲချသွားတယ်၊ ဒါတွေဟာ မတော်တဆမှု"

"ဥပေက္ခာပြု ထွက်ပြေးသွားခဲ့တဲ့ ပြစ်မှုအတွက်ကော ကျွန်တော်ပေးဆပ်ခွင့် မရှိတော့ဘူးလား"

"သားကြည့်ကြည့်၊ မကြည့်ကြည့်၊ သားကြီးဝဏ္ဏဟာ ပွဲချင်းပြီးအကျမတော်လို့ ဦးဆက်ထိပြီး သေဆုံးသွားခဲ့ရတာ ကံတရားပါ"

"ဒါကို ကျွန်တော့်ဘဝမှာ ကံတရားလို့ မယူဆဘူးအမေ ကျွန်တော်အပြစ်ရှိပါတယ်၊ လူသားမဆန်တဲ့ ဥပေက္ခာပြုမှုအတွက် ကျွန်တော့်မှာ အပြစ်ရှိပါတယ်၊ ဒီအတွက် အမေတို့ကို တစ်ခုခု ပေးဆပ်ရပါမှ. . ."

ဒေါ်အေးညိုက သက်ပြင်းချလိုက်ပြီး. . .

"အမေတို့ ခွင့်လွှတ်ပြီးပြီပဲ သားရယ်"

"အဲဒီခွင့်လွှတ်မှုကြောင့် ကျွန်တော်ဘဝမှာ အရိပ်မဲ့တို့





စားနေရပါတယ် အမေ၊ ဘဘအိုက်စံ ကျွန်တော့်ဘက်က ကူပြောပေးပါဦး"

ပန်းခရေဦးက စကားတစ်ခွန်းမှ ဝင်မပြောဘဲ ပွဲကြည့်ရိုက်သက်သဖွယ် ငြိမ်သက်နေသည်။

လန်းဆန်းမျက်နှာ အတော်ချောင်သွားသည်ကိုတော့ သူ သတိပြုမိလေသည်။

ဦးအိုက်စံက. . .

"ဒေါ်အေးညိုကလည်း တစ်ဖက်သားရဲ့ စိတ်ဓါတ်ရေး ကောင်းမွန်သွားစေဖို့ သူပေးတဲ့ အကူအညီတစ်ခုခုကို လက်ခံချင်တယ်ဗျာ"

ဒေါ်အေးညိုက. . .

"ကျေးဇူးတင်ပါတယ် ဦးအိုက်စံ၊ ကျွန်မကြိုးစားပါ့မယ်၊ သမယ် လောလောဆယ်တော့ ဒီငွေတွေ ဦးအိုက်စံပဲ လက်ခံ ပေးပါ"

"ခက်တယ်ဗျာ၊ ဦးဆန်းအောင်ကလည်း ခင်ဗျားတို့အ လိုအပ်တာမှန်သမျှ ပေးဖို့ဆိုပြီး အပ်ထားတဲ့ငွေတွေ ကျွန် မှာ ရှိနေတယ်၊ ကျွန်တော်လည်း အလိုအလျောက် ဘဏ် ဖြစ်နေပြီဗျာ"

ဦးအိုက်စံက ရယ်စရာလုပ်ကာ ပြောလိုက်သည်။

သို့သော် မည်သူမှ မပြုံးမိကြချေ။ အတွေးကိုယ်စီဖြင့် ကြွယူနေကြသည်။

"ကျွန်မက ငွေကြေးကို လျော်ကြေးလို့ပဲ မြင်တယ်. . ၊ ကျွန်မ လက်မခံနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အစ်မကြီးက ဘာဖြစ်ချင်တာလဲ၊ အားမနာနဲ့ ဘယ်သူ့မျက်နှာမှ မထောက်ထားပဲ ပြောပါ၊ ကျွန်တော် တတ် နိုင်သမျှ ကူညီပေးမယ်"

"ဟုတ်ပါတယ် အမေ၊ ကျွန်တော် ဘာလုပ်ပေးရမလဲ"

ဒေါ်အေးညိုအကွက်ဆိုက်သွားသည်။ ပန်းခရေဦး က. . .

"ဘာမှမလိုဘူးလေ၊ အမေ ကိစ္စပြီးပြီပဲ၊ ကျွန်မတို့ပြန်ကြ ရအောင်"

"နေပါဦး မိန်းကလေးရယ်၊ အစ်မကြီးပြောပါစေ"

ဒေါ်အေးညို သက်ပြင်းချလိုက်သည်။ ပြီးမှ လေသံအေး အေးဖြင့်. . .

"ကျွန်မအတွက်ကတော့ သေဆုံးသွားသူဟာ သားပြီ... တဲ့အတွက် ကျွန်မဘဝမှာ သားမရှိတော့ပါဘူး၊ ဒါကြောင့် သား အစား သားပဲလိုချင်ပါတယ်"

"အမေ"

ပန်းခရေဦး အလန့်တကြား တားဆီးလိုက်သည်။ ရှင်... တရက်လည်း ထလိုက်သည်။

ဦးအိုက်စံကပါ ပါးစပ်အဟောင်းသားဖြစ်သွားသည်။

လန်းဆန်းရင်ထဲ ကျေနပ်ခြင်းနှင့်အတူ ပန်းခရေဦးအား ကြည့်လိုက်သည်။ ပန်းခရေဦးက ခါးခါးသီးသီးပင်. . .

"ကျွန်မကတော့ ကိုဝဏ္ဏအစား ဘယ်သူမှ မလိုအပ်ဘူး အမေ"

"ဦးအိုက်စံကို သက်သေထားပြီး ကျွန်မပြောလိုက်...





နော်၊ ကျွန်မသားဝဏ္ဏ သေဆုံးသွားရတဲ့ကိစ္စနဲ့ ပါတ်သက်ပြီး မောင်လန်းဆန်းက သူ့အမှားပါလို့ပြောပြီး ပေးဆပ်ချင်တယ်၊ ကျွန်မက ငွေမလိုဘူး၊ ရွှေမလိုဘူး၊ ဂုဏ်မလိုဘူး၊ ကျွန်မလိုချင် တာ သားအစား သားပဲလိုချင်တယ်လို့ ပြောလိုက်တာ၊ ကျွန်မ ဆန္ဒ မဖြည့်စွမ်းနိုင်ဘူးဆိုရင်တော့ ကျွန်မတို့ခြံရိပ်တောင် မနင်း ကြပါနဲ့တော့၊ ငွေနဲ့ကျွန်မတို့စေတနာအပေါ် လိမ်ညာပြီးဆပ်ဖို့ သည်း မကြိုးစားပါနဲ့တော့၊ ကိုင်း. . . ခွင့်ပြုပါဦး ဦးအိုက်စံ၊ မောင်လန်းဆန်း အမေတို့သွားတော့မယ်"

ပန်းခရေဦး လက်ကိုဆွဲကာ ဒေါ်အေးညိုထွက်သွားလေ သည်။

လန်းဆန်းမှာ စိတ်လှုပ်ရှားခြင်းကြီးစွာဖြင့် ကျန်ရစ်ခဲ့ လေသည်။

လန်းဆန်းသတိဝင်ကာ ဒေါ်အေးညိုတို့နောက် လိုက် သွားလေသည်။

သို့သော် ကိုဝီလီက မောင်းထွက်သွားလေသည်။

လန်းဆန်းကျောက်ဆစ်ရုပ်သဖွယ်ကျန်ရစ်ခဲ့သည်။

"ကိုင်း. . . ငါ့တူ မင်းမိဘတွေဆီပြန်ပြီး အကျိုးအ ကြောင်း ပြောပြပါ၊ ပြီးတော့ သူတို့ကို လာတောင်းခိုင်း၊ ငါသက် သေပဲ"

ဦးအိုက်စံက လန်းဆန်းပခုံးကို ပုတ်ကာ ပြောလိုက် သည်။

လန်းဆန်း ခေါင်းခါလိုက်သည်။

"မမေကတော့ ဘယ်နည်းနဲ့မှ သဘောတူမှာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး ဘဘ”

“ဒါဖြင့်ရင်လည်း မင်းနောက်ဆုတ်လိုက်ပေါ့၊ စစ်ရောက်ခင် မြားမကုန်ချင်နဲ့ဦးလေကွာ”

“ကျွန်တော် ပန်းခရေဦးနဲ့ ထပ်ပြီးတွေ့ဆုံဖို့ ကြိုးစားမယ်”

ဦးအိုက်စံ ခေါင်းညိတ်လိုက်သည်။

“ကြိုးစားပေါ့ကွာ”


လန်းဆန်းက စိတ်ထိခိုက်စွာဖြင့် သူ၏ကားရှိရာ လျှောက်သွားလေသည်။

အချစ်တစ်ခုကို ပေးဆပ်ရန်နှင့် ရယူရန်မှာ ဤမျှခက်ခဲလိမ့်မည်မှန်း သူလုံးဝ မထင်မှတ်ထားခဲ့ပါ။

ယခုတော့ “အချစ်” ဆိုသော အရာသည် လူ့ဘဝအင်အားကြီးမားစွာ နေရာယူတတ်သော အရာတစ်ခုဖြစ်ယခုမှ သဘောပေါက်မိလေပြီ. . .

ခက်ခက်ခဲခဲကိုမှ ရအောင်လိုချင်တတ်သော. . . သဘာဝ ကလည်း. . .





www.burmeseclassic.com





# အခန်း(၃၁)

"ကိုလန်းဆန်း ကိုယ်တိုင် ဦးစီးပြီး ဉာဏ်အင်အားကော ကာယအင်အားပါ စိုက်ထုတ်ပေးတဲ့ "ချယ်ရီ" အလုပ်ရုံဖွင့်ပွဲကို သူ့ကိုလုပ်ခွင့်မပေးဘူးဆိုတာ ကျေးဇူးကန်းရာ မရောက်သွား ဘူးလား မေမေ"

ချယ်ရီသည် အမှန်တရားကိုမြင်တတ်သော မိန်းကလေး ဖြစ်သည့်အားလျော်စွာ သူတို့သမီးယောက္ခမနှစ်ဦး ရင်ဆိုင်ကာ လန်းဆန်းကို သွားဖိတ်ခဲ့သည်။





လန်းဆန်းအတွက် ရေစက်တုန်း ရေတွင်းထဲသို့ ကျရောက်လေပြီ။

ချယ်ရီအလုပ်ရုံဖွင့်ပွဲ ဆွမ်းကျွေးသို့ သူဖိတ်ထားသော အချိန်ထက် စောစီးစွာ သွားရောက်ခဲ့သည်။

"ဟာ. . ဦးဦး၊ လာလာ. . တရားနာနေပြီ"

"မင်းကော မနာဘူးလား"

"နာပါတယ် ဦးဦးကားသံကြားလို့ တမင်ထွက်လာတာ၊ လာလာ. . "

အာကာဦးက လူကြီးလူကောင်းသဖွယ် သူ့အား လာကြိုလေသည်။

ချယ်ရီကပါ ထလာပြီး သူ့အားခေါ်ဆောင်ကာ ရှေ့နား ကိုဝီလီ၏ဘေးတွင် နေရာပေးလိုက်သည်။

သူ ဘုန်းကြီးများကို ရှိခိုးပြီးနောက် ဒေါ်အေးညိုနှင့် ပန်းခရေဦးကို မသိမသာ ငဲ့စောင်းကြည့်လိုက်သည်။

ဒေါ်အေးညိုကတော့ ထုံးစံအတိုင်း အေးချမ်းသောအပြုံး ခွင့်လွှတ်သောအပြုံး၊ နွေးထွေးစွာကြိုဆိုသော အပြုံးတို့နှင့် ပြုံးပြလိုက်သည်။

ပန်းခရေဦးကတော့ မည်သူ့ကိုမှ မကြည့်ဘဲ မျက်လွှာချ ထားသည်။

လန်းဆန်း သက်ပြင်းချလိုက်သည်။

မိမိရင်ထဲ၌ အပူတွေ သိပ်များနေပြီ။

သူမကတော့ အေးအေး ချမ်းချမ်းပင်။

ရေစက်ချ၊ အမျှဝေပြီး ဘုန်းကြီးများ ပြန်ကြွသွားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ကိုဝီလီ၏ ဒတ်ဆန်းကားနှင့် ပြန်ပို့လေသည်။

"သား ထမင်းစားတော့မလား"

"မစားသေးဘူး အမေ၊ ကိုဝီလီပြန်လာမှ သူနဲ့အတူစားမယ်၊ ကျွန်တော် ဘာဝိုင်းလုပ်ပေးရမလဲ"

"ရပါတယ် သား၊ လုပ်အားက များပါတယ်"

ဒေါ်အေးညို ဘာပဲပြောပြော သူသည် အာကာဦးကဲ့သို့ ပင် နှမ်းဖြူးသော အလုပ်ကို လိုက်လုပ်သည်။ ပန်းကန်တွေ ကူသယ်၊ ကူချပေးသည်။

"ရတယ် အစ်ကို၊ မလုပ်နဲ့၊ တော်ကြာ ကျကွဲလို့ မျက်နှာ မရ ခြေထောက်ရနေဦးမယ်၊ ကျွန်တော်တို့ လုပ်နိုင်ပါတယ်"

"လုပ်နိုင်မှန်းတော့ သိတာပေါ့ဗျာ၊ ဒါပေမယ့် ကုသိုလ် ကို လုပ်အားလေးနဲ့တော့ မျှဝေပါဝင်ခွင့်ပြုသင့်ပါတယ်"

လန်းဆန်းရင်ထဲမှာ ဘယ်နည်းနှင့်မှ မကောင်းနိုင် မပျော်ရွှင်နိုင်ပါ။ ယခင်က သူ့အပေါ် ရှုတည်တည်နှင့် မလိုလား သလို၊ မကျေနပ်သလိုလိုဆက်ဆံတတ်သော ချယ်ရီက သူ့အ ပေါ် ပြန်ကောင်းနေပြီ။ သို့သော် သူမပျော်ရွှင်နိုင်ပါ။ ယခင်က ကဲ့သို့ ပန်းခရေဦး သူ့အပေါ် ပုံမှန်ဆက်ဆံမှုလေး ပြန်ရရင်တော် ပါပြီ။

"မနက်ဖြန် ကျွန်တော် ရန်ကုန်ပြန်တော့မှာ အမေ"

"အေးအေး ကောင်းပါတယ်သား၊ မိဘတွေလည်း မျှော် ရှာရောပေါ့"

*အိမ်ရိပ်တောင် မနင်းပါနဲ့ ဟုဆိုထားသော်လည်း ...*





ဘယ်တမ်းရောက်လာတော့လည်း ဘယ်သူမှ နှင်မချရက်ပါချေ။

မိမိဘက်ကလည်း အမှားအယွင်းတစ်ခုရှိနေသကဲ့သို့ ခံစားရသည် ဘာပဲဖြစ်ဖြစ် မိမိ၏မိဘများကို ဖွင့်ပြောပြီး လာ တောင်းမည်ဆိုပါက. . .

အမေဒေါ်အေးညိုက သူလက်ခံမည်ဟု အပြတ်ပြော ပြီးပြီ။ သူတို့ဘက်က ဝတ္တရားကုန်ပြီ၊ မိမိဘက်ကသာ ဖျက်ကွက် ခြင်းဖြစ်သည်။

"ကျွန်တော် နှုတ်ဆက်ချင်နေတာ၊ ချယ်ရီကလည်းလာ ဖိတ်တော့အတော်ပဲ ဖြစ်သွားတယ်၊ ကျွန်တော်အလုပ်စာမေး ပွဲဖြေပြီးတာနဲ့ ပြန်လာဦးမှာအမေ၊ ကျွန်တော့်ရဲ့ဆန္ဒ ဖြစ်မြောက် အောင် မိဘများနဲ့အတူ ပြန်လာဖို့ ကြိုးစားမှာပါ အမေ"

"အမေကတော့ မျှော်လင့်မထားပါဘူး၊ မျှော်လင့်မထား ဲ ဖြစ်လာမယ်ဆိုရင်တော့လည်း ဝမ်းသာစရာပေါ့သားရယ်"

ဒေါ်အေးညို၏ စကားပြော ကျွမ်းကျင်မှုကို လန်းဆန်း သိရှိပြီး ဖြစ်နေသဖြင့် ထူးကဲအံ့သြမှုတော့ မဖြစ်နိုင်ပါချေ။

သို့သော် အံ့သြစရာကောင်းသည်က ပန်းခရေဦးဖြစ် သည်။

သူမရင်ထဲဘာတွေရှိနေသည်ကိုတော့ တစ်ခွန်းမှ ဝင်မ ပြောချေ။

သူ၏ နှလုံးသား တစ်စိတ်တစ်ဒေသကိုတောင် မိမိ သည် မပိုင်စိုးနိုင်ဘူးလား။

လန်းဆန်းရင်ထဲ မခံရပ်နိုင်အောင် နာကျင်လာသည်။

*ပန်းခရေဦး နှလုံးသားကို ကိုဂဏ္ဍာ ကမလွန်အထိ သူနိုးတံမှု*



www.burmeseclassic.com

www.burmeseclassic.com



ဆောင်သွားပြီလား။

ရင်ထဲအောင့်တက်ကာ မူးဝေလာသည်။ ဇောချွေးများ ပြန်လာသည်။ သယ်ယူလာသော ပန်းကန်မကျစေရန် ထိန်းထားသည့်ကြား မူးဝေလာသည်။

"ဟင်. . လန်းဆန်း"

လန်းဆန်း၏ ဝေဒနာမျက်နှာနှင့် အနေအထား ဖျက်ယွင်းမှုကို သတိပြုလိုက်မိသူက ပန်းခရေဦးဖြစ်သည်။

သူနား မိမိဘယ်လိုလုပ်ရောက်သွားမှန်း ပန်းခရေဦး မသိလိုက်။

"လန်းဆန်း"

သူ့လက်ထဲမှ ပန်းကန်ကိုယူကာ အာကာဦးကို ကမ်းပေးလိုက်ပြီး လန်းဆန်း၏ ညာလက်မောင်းကို ဆုပ်ကိုင်ကာ ထိန်းလိုက်သည်။

"သား ဘာဖြစ်လို့လဲ"

ဒေါ်အေးညိုကပါ ရောက်လာပြီး လာတွဲလိုက်သည်။

"မူးသွားလို့ပါ"

"လာ. . အိမ်ထဲက ဧည့်ခန်းမှာ ခဏနားလိုက်၊ သမီး ချယ်ရီ သံပရာရည်တစ်ခွက်ဖျော်ခဲ့"

ဒေါ်အေးညိုနှင့် ပန်းခရေဦး တစ်ဖက်တစ်ချက်တွဲ လာကာ ဧည့်ခန်းရှိ ဒရင်းဘက်၌ ထိုင်စေသည်။

အာကာဦးက ပျာယာခတ်ကာ. . .

"ဆရာဝန် သွားခေါ်ပေးရမလား ဦးဦး"

"ခေါ်စရာမလိုဘူး သား၊ ဘွားဘွားကို ကုနေကျ ဆရာ





ဝန် တော်ကြာ ဆွမ်းကျွေးကိုလာမှာ၊ အဲဒီတော့မှာပြမယ်"

"လန်းဆန်း ရှင်ဘာမှ မစားရသေးဘူး မဟုတ်လား"

ဖြူဖျော့ကာ မျက်ကွင်းဟောက်ပက်နှင့် ရှိနေသော လန်းဆန်း၏ ရုပ်သွင်၊ စောစောက သူ့လက်မောင်းကို ဆုပ်ကိုင်စဉ် အေးစက်နေသော အသားအရည်တို့ကို ထိတွေ့မိသောကြောင့် ပန်းခရေဦး မနေသာဘဲ မေးလိုက်သည်။

လန်းဆန်း လက်ရှိခံစားနေရသော ဝေဒနာကို မေ့လျော့သွားသည်။ ပန်းခရေဦး၏ မျက်ဝန်းကို မျှော်လင့်တကြီး ငေးကြည့်လိုက်မိသည်။

သူ့နှလုံးခုန်သံမြန်လာသည်။

သူတွေ့လိုက်ရပြီ။

ပန်းခရေဦး၏ မက်ဝန်း၌ စိုးရိမ်တကြီးရှိနေသော သံသယာဇဉ်၏ အရိပ်ယောင်များ. . .

"ကျွန်တော် စားမဝင်၊ အိပ်မပျော်ခဲ့တဲ့ ရက်တွေဟာ များနေခဲ့ပါပြီ"

အချစ်ဝေဒနာဟု သူဖွင့်မပြောပဲ မခရေ သိလိမ့်မည်ဟု သူထင်ပါသည်။

ဒေါ်အေးညိုက. . .

"သမီးကြီး သူ့ကိုခဏစောင့်ပေးလိုက်ပါ၊ ဟိုမှာဧည့်သည်တွေ လာလို့အမေသွားလိုက်ဦးမယ်"

ဟုပြောပြီး အိမ်ရှေ့ထွက်သွားလေသည်။ အလုပ်ရှုံမှာ ဆွမ်းကျွေးခြင်းဖြစ်သောကြောင့် အလုပ်ရှုံဘက်မှာပင် ဧည့်ခံသည်။



www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီက သံပရာရည် ဖန်ခွက်ပန်းကန်လေး ယူလာကာ. . .

"ရော့မမကြီး အစ်ကို့ကို တိုက်လိုက်ပါ။ လာ သားလေး။ လေးလေးနဲ့ ဝိုင်းကူပါဦး"

"ဦးဦးတစ်ယောက်ထဲ"

"သားမေမေ စောင့်နေမှာပေါ့။ ဆရာဝန်လာမှ တစ်ခေါက်ပြန်လာမယ်"

"ဦးဦး သား ညည့်သည်တွေကို ညည့်ခံလိုက်ဦးမယ်နော်၊ ခဏလေး"

အာကာဦး စကားကြောင့် မူးဝေနေသည့်ကြားက လန်းဆန်း ပြုံးလိုက်မိလေသည်။

ချယ်ရီသည် အာကာဦး လက်ကိုဆွဲပြီး ထွက်သွားလေသည်။

ပန်းခရေဦးက သံပရာရည်ပန်းကန်လေး ကမ်းပေးရင်း

"ကျန်းမာရေး ဂရုစိုက်ပါ လန်းဆန်းရယ်"

လန်းဆန်းက တုန်ယင်သော လက်နှင့်လှမ်းယူကာ သောက်လိုက်သည်။ ရင်ထဲ၌အေးသွားသည်။ ဖန်ခွက်ပြန်ပေးရင်း ပန်းခရေဦး လက်ကိုဆုပ်ကိုင်ထားကာ. . .

"ကျွန်တော့်ဘဝမှာ ဒီဝေဒနာဟာ ပထမဦးဆုံးပါ. . မခရေ"

ပန်းခရေဦးက လက်ကိုရုန်းကာဖန်ခွက်ကို စားပွဲပေါ်သို့ လှမ်းတင်လိုက်သည်။ သူမလက်များလည်း အေးစက်တုန်ယင်လာသည်။ ထိမ်းချုပ်ထားခဲ့ရသော ဝေဒနာတို့သည် ကြေကွဲခြင်း





ဆီသို့ ကူးပြောင်းသွားသည်။

စီးကျလာသော မျက်ရည်များအား လန်းဆန်းမမြင်စေရန် ပြတင်းပေါက်ဘက်သို့ သွားရပ်လိုက်သည်။

"မခရေ"

လန်းဆန်း က ထရန်အားယူလိုက်သည်။

ပန်းခရေဦး သူလဲသွားမှာ စိုးရိမ်သဖြင့် နောက်သို့ ချာခနဲ လှည့်ကာ. . .

"မထနဲ့လေ"

သူမ၏ တိတ်တခိုး မျက်ရည်များကို လူမိသွားလေပြီ။

"မခရေ"

"လန်းဆန်း. . ရှင်. . ရှင် သိပ်မိုက်မဲတယ်"

လန်းဆန်းက ပန်းခရေဦးကို မြတ်နိုးခြင်း၊ စိတ်ထိခိုက်ခြင်း နားမလည်ခြင်းတို့ရောထွေးသော အကြည့်ဖြင့် ကြည့်လိုက်လေသည်။

"ရှင့်မှာ မျက်စိမရှိဘူးလား"

"အချစ်မှာ မျက်စိမရှိဘူး"

"ရှင်စဉ်းစားဉာဏ်မရှိဘူးလား"

ပန်းခရေဦး ကရုဏာဒေါသောဖြင့် ကြေကွဲပွင့်တို့ကို သိမ်းဆည်းသုတ်ဖယ်ရင်း ရန်တွေ့မိသည်။

"အချစ်ဟာ ဦးနှောက်က ပေါက်ဖွားမလာဘူး၊ နှလုံးသားက ပေါက်ဖွားလာတာပါ"

လန်းဆန်း နှလုံးသားက ပေါက်ကွဲလွင့်စင်ထွက်လာသော စကားများပင်။



www.burmeseclassic.com

www.burmeseclassic.com



"ကလေးတစ်ယောက်အမေ၊ မုဆိုးမတစ်ယောက်ကို ချစ်ရဲတဲ့ရှင့်ကို ကျွန်မက အချစ်သူရဲကောင်းအဖြစ် ညွှတ်ကျသွားမယ်လို့ ရှင်ထင်သလား၊ ဝေးသေးတယ် လန်းဆန်း၊ ကျွန်မ ဒီအတွက် အပြစ်တင်တယ်၊ မုန်းမိတယ်၊ ခွင့်မလွှတ်နိုင်ဘူး"

"မခရေရဲ့ အပြစ်တင်ခြင်း၊ မုန်းခြင်း၊ ခွင့်မလွှတ်ခြင်းတို့ကို ကျွန်တော် ကျေနပ်စွာနဲ့ခံယူပြီး ဆက်လက်ချစ်သွား ဆက်လက် ကြိုးစားသွားမှာပါ မခရေ"

"နှုတ်ဖျားက ချစ်တယ်လို့ပြောတာ လွယ်ကူတယ် လက်တွေ့မှာ ချစ်ခြင်းအတွက်. . ရှင် ကျွန်မကျေနပ်ပျော်ရွှင်အောင် ဘာလုပ်ပေးနိုင်မလဲ၊ ဘာနဲ့သက်သေပြနိုင်မလဲ"

ပန်းခရေဦး မထူးတော့ပြီဖြစ်သောကြောင့် ရင်ထဲရှိသမျှကိုဖွင့်ဟလိုက်သည်။

လန်းဆန်းသည် ခံစားနေရသော ဝေဒနာကိုမေ့လျော့ကာ အားတက်သရော မျှော်လင့်ကြီးစွာဖြင့်. . .

"ဖေဖေ၊ မေမေတို့ကို ဖွင့်ပြောပြီး လာရောက်တောင်းရမ်း ယူခြင်းနဲ့သက်သေပြမှာပါ"

"အဲ့ဒီသက်သေပြချက်ကို ကျွန်မ မလိုချင်ဘူး"

"ဘာဖြစ်လို့လဲ"

"မိဘမျက်ရည်ပေါက်ကြီးငယ်ကျပြီး သောကနဲ့ သားကို ချစ်စိတ်ကြောင့် လိုက်လျောပေးရမယ့် အိမ်ထောင်ရေးမျိုး ကျွန်မ,မလိုလားဘူး"

"ဒါဖြင့်. . ."

ပန်းခရေဦး လန်းဆန်းကို ပြတ်သားစွာ ရင်ဆိုင်မှဖြ





တော့မည်။

"ကျွန်မကို ချစ်ရင် ကျွန်မစကားကို ရှင်လိုက်နာခြင်းနဲ့ သက်သေပြပါ"

"လိုက်နာသင့်မှ လိုက်နာနိုင်မယ် မခရေ"

ပန်းခရေဦး စိတ်ထိခိုက်သွားပြီး ခေါင်းငုံ့လိုက်သည်။ ရစ်ဝဲ လာသော မျက်ရည်များကို မကျဆင်းစေရန် အားတင်းပြီး. . .

"ဒီလိုဆို ကျွန်မ ရှင့်ကို ကျွန်မနှလုံးသားထဲက စကားကို ရှင်ဘယ်တော့မှ ကြားခွင့်ကြုံတော့မှာမဟုတ်ဘူး"

"ခင်ဗျား အကျပ်ကိုင်တယ်ဗျာ"

လန်းဆန်းက မောဟိုက်စွာဖြင့် နောက်သို့မှီချလိုက်သည်။

နှစ်ဦးသား အတန်ကြာငြိမ်သက်နေပြီးမှ လန်းဆန်းက. .

"ကဲ ကျွန်တော် လိုက်နာပါ့မယ်"

ချစ်ရသူ၏ စိတ်ဆင်းရဲခြင်းကို မကြည့်ရက်သဖြင့် သူပဲ အလျှော့ပေးလိုက်ရလေသည်။

ပန်းခရေဦးက လန်းဆန်း၏ ချောင်ကျနေသော မျက်နှာကို ပျောက်ဆုံးသွားမှာ စိုးကြောက်သည့်အလား ငေးကြည့်ရင်း. .

"ကျွန်မ အချစ်ကို နားမလည်သေးခင်မှာပဲ အားကိုးချင်စိတ်တစ်ခုထဲနဲ့ အိမ်ထောင်ကျခဲ့ရတယ်၊ ခင်ပွန်းအပေါ်သိစ္စာ စောင့်ထားရင်း သူသေသွားတော့လည်း သူ့ရဲ့ ချစ်ခြင်းမေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



နှောင်ကြိုးတွေက ကျွန်မကို ဖြတ်မရအောင် ချည်နှောင်သွားခဲ့တယ်၊ သေသူနဲ့ ရှင်သူ ဘဝတစ်ခုစီ ခြားသွားကြပေမယ့် ကျွန်မ စိတ်ထဲမှာ သူဟာရှင်သန်နေဆဲပဲ၊ ကျွန်မ သူ့ကို မေ့မပျောက်နိုင်သေးဘူး"

လန်းဆန်း သက်ပြင်းရှိုက်လိုက်သည်။

"ပြီးတော့ သားအတွက်. . ."

"ကျွန်တော်ဟာ အသိတရားမဲ့မယ်၊ စာနာမှုကင်းမဲ့မယ့် ပထွေးဆိုးရုပ်မျိုးထွက်နေလို့လား မခရေ၊ ဒီအတွက်တော့ အထင်သေး စကားမပြောပါနဲ့၊ သားကို သားသမီးရင်းတွေ ရခဲ့ရင်တောင် မှ သူတို့ထက်ကိုပိုပြီး ကရုဏာသက်တဲ့ ချစ်ခြင်းနဲ့ ချစ်ပြီး ဂရုစိုက်သွားနိုင်ပါတယ်"

"ကျွန်မစကားကို ဆုံးအောင်နားထောင်ပါဦး လန်းဆန်း"

"ပြောပါလေ"

"ကျွန်မသားရဲ့ နှလုံးသားဟာ သိပ်နုနယ်ပါသေးတယ် ဒီအချိန်မှာ ပတ်ဝန်းကျင်က ပထွေးဆိုတဲ့ ခြောက်လှန့်လုံးနဲ့ ခြောက်လှန့်လိုက်ရင် ကလေးနှလုံးသားမှာ အနာတရဖြစ်သွားနိုင်လို့ သားဘဝမှာ ပထွေးမရှိစေချင်ဘူး၊ ပြီးတော့ လန်းဆန်း နေရာမှာ ကျွန်မသားဆိုရင် ကျွန်မဘယ်နည်းနဲ့မှ မုဆိုးမ သဘောတူမှာမဟုတ်ဘူး၊ ရှင်ဟာ ချယ်ရီလို သန့်စင်တဲ့ မိန်းကလေးမျိုးနဲ့မှသာ ထိုက်တန်တာပါ"

"မခရေ"

"ကျွန်မပြောပါရစေ၊ ကျွန်မ ရှင့်ကို ဥပေက္ခာမပြုနိုင်





ဘူး၊ ကျွန်မရှင့်ကို ဥပေက္ခာပြုချင်တယ်၊ ကျွန်မကို အကူအညီတစ်ခုပေးပါ လန်းဆန်းရယ်၊ ကျွန်မ တောင်းပန်ပါတယ်"

ပန်းခရေဦးက ငိုရှိုက်ရင်း သနားစဖွယ် တောင်းပန်သည် လန်းဆန်း တုန်လှုပ်ခြင်းကြီးစွာဖြင့် ငေးကြည့်နေမိသည်။ သူ့ရင်မှာ ချစ်ရသူ၏ မျက်ရည်ပေါက်ကြီးငယ် ကျခြင်းအပေါ် စိတ်ထိခိုက်ခြင်း ကြီးစွာဖြစ်မိလေသည်။

"မခရေ"

"ကျွန်မ အပေါ် သိပ်ကောင်းခဲ့တဲ့ ကိုဝဏ္ဏမိသားစုကို ကျွန်မ ကျေးဇူးဆပ်ချင်ပါတယ်၊ အဲဒါကြောင့် ချယ်ရီကို ကျောင်းပြီးအောင် ကျွန်မထားမယ်၊ ပြီးရင် ကျွန်မကိုယ်စား ရှင် ချယ်ရီ့ကို စောင့်ရှောက်စေချင်တယ်၊ လက်ထပ်စေချင်တယ်"

"ဗျာ"

လန်းဆန်းနားထဲ မိုးကြိုးပစ်ခံရသလို အလန့်တကြား ဖြစ်သွားသည်။

"မဖြစ်နိုင်ဘူး၊ ခင်ဗျား ကျွန်တော့်ကို ဒီလောက်အထိ [illegible]က်ရရင်တော်ပါပြီ မခရေ"

"ကျွန်မကိုချစ်ရင် ရှင် ချယ်ရီကို လက်ထပ်ပါ၊ ဒါမှ ကျွန်မ ကျေနပ်မယ်၊ ကျွန်မ တစ်ခုခုဖြစ်သွားရင် သားကိုရှင်တို့ [illegible]သောက် စောင့်ရှောက်ရမယ်၊ ဒါ ကျွန်မရဲ့ အနာဂတ် စီမံချက်ပါ၊ ကျွန်မ ပျော်ရွှင်ပါရစေ၊ ကျွန်မ ဘဝမှာ ပျော်ရွှင်ခြင်းတွေ နည်းခဲ့ပါတယ် ကျွန်မချမှတ်ခဲ့ရတဲ့ အနာဂတ်ကို မျှော်မှန်းရင်း ကျွန်မပျော်ပါရစေ လန်းဆန်း၊ ရှင့်အချစ်နဲ့ ကျွန်မရဲ့ ပျော်ရွှင်ခြင်း ကျွန်မရဲ့ဆန္ဒကို လိုက်လျောခြင်းနဲ့ သက်သေပြပါလား



www.burmeseclassic.com

www.burmeseclassic.com



ဟင်"

လန်းဆန်းရင်ထဲ ကြေကွဲလာသည်။

ချစ်ရသူ၏ ပျော်ရွှင်မှုအတွက် သူ့နှလုံးသားကို စတေး ရတော့မည်။

ချစ်ရသူ၏ မျက်ရည်စက်သည် သူ၏နှလုံးသားကို ခ သွား ထက်ထက်နှင့် ထိုးဆွလိုက်သကဲ့သို့ ခံစားနေရသည်။ နှလုံးသား သွေးစိမ်းရှင်ရှင်တို့ ယိုစီးကျလာသည့်အလား ခံစားလိုက်ရသည်။

မျက်ရည်စက်လက်ဖြင့် တောင်းပန်တိုးလျှိုနေသော ပန်းခရေဦး၏ မျက်ဝန်းကို သူ မကြည့်ရက်၊ ပန်းခရေဦး ကျေနပ် စေချင်သည်။

"ကျွန်တော် ခေါင်းညိတ်လိုက်ရင် ခင်ဗျား တကယ်ပျော်မှာလား မခရေ"

"ပျော်မှာပါ၊ ရှင့်အချစ်ကိုလည်း ကျွန်မယုံကြည်ပြီး ရင်ထဲ အမြတ်တနိုးတန်ဖိုးထား သိမ်းဆည်းသွားမှာပါ"

အချစ်ဆိုတာ ပေးဆပ်ခြင်းဟု သူနားလည်လိုက်လေ ပြီ။

"မခရေဆန္ဒမှန်သမျှကို ကျွန်တော်ဖြည့်စွမ်းပေးဖို့ ဆုံးဖြတ်လိုက်ပါပြီ. . ."

"လန်းဆန်းရယ်"

မျက်ရည်ကြားက သူမပြုံးလေသည်။ ကျေနပ်သော ပြုံး. . .

"ကျွန်မဘဝမှာ ကျွန်မကို အသက်အန္တရာယ် ကြုံကြုံ





ချိန်မှာတောင် နာမှာစိုးလို့ သတိတရ ထိန်းသိမ်းပေးရင်း အသေခံချစ်သွားတဲ့ ယောကျ်ားတစ်ယောက် ရှိခဲ့ဘူးသလို၊ နှလုံးသားကို စတေးပြီး ချစ်သွားပြမယ့် ယောကျ်ားတစ်ယောက်လည်း ရှိပါသေးတယ်ဆိုတဲ့ အသိစိတ်နဲ့ပဲ ကျွန်မဘဝပြည့်စုံကျေနပ်ပျော်ရွှင်ခွင့်ရသွားခဲ့ပါပြီ၊ ကျေးဇူးတင်ပါတယ် လန်းဆန်း၊ ရှင်ကတိတည်ပါစေ. ."

လန်းဆန်းက ရင်နာနာနဲ့ ခေါင်းညိတ်လိုက်ပြီး. . .

"ကျွန်တော်ကလည်း ကတိတစ်ခု ထပ်တောင်းပါရစေ"

"ဘာလဲ"

"ကျွန်တော် ဒီခြံကို စရောက်တဲ့နေ့လေ. . မှတ်မိလား၊ နောက်ငါးနှစ်တိတိမှာ ကျွန်တော်ဒီကိုပြန်လာခဲ့မယ်"

"အဲဒီနေ့ကစပြီး. . ချယ်ရီနဲ့သားရဲ့ ဘဝရှေ့ရေးကို တာဝန်ယူခွင့်စပြုရမယ်"

"တစ်ခါထဲ လက်ထပ်ပြီး တာဝန်ယူမယ်ဆိုရင် ယူလို့ရပါတယ်"

"ဒီသဘောပါပဲ၊ နောက်ငါးနှစ်ဆိုရင်ပဲ ကျွန်တော့်အသက် သုံးဆယ်ထဲရောက်သွားပါပြီ၊ အသက်၊ အတွေ့အကြုံနဲ့ နှလုံးသား ဒဏ်ရာကို ကုစားထားချိန်တွေလည်းရလို့ အနာကျက်လောက်ပြီး ထင်ပါတယ်၊ ဒီကြားထဲတော့ အလူးအလဲ ခံရမှာဖြစ်လို့ ကျွန်တော်. . ."

ပန်းခရေဦးက မျက်ရည်များကို သုတ်လိုက်ပြီး လန်းဆန်းအား ပြုံးကြည့်ကာ. . .

"ကျွန်မ နားလည်ပါပြီ၊ သိပ်ကိုလည်း ကျေးဇူးတင်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ် ကျွန်မရင်ထဲက သောကလည်း ကျေပျက်သွားပါပြီ၊ ဟော ဒေါက်တာ့ကားသံထင်တယ်၊ ကျွန်မ သွားပင့်လိုက်ဦးမယ်နော်"

ပန်းခရေဦးက သူမအခန်းသို့ဝင်ကာ မျက်နှာကို တို့ ပတ်ပဝါလေးနှင့်တို့ကာ မျက်ရည်စက်တို့ ဖျက်သိမ်းမှုကြောင့် ပျက်ယွင်းနေသော မျက်ဝန်းအောက်နှင့် ပါးပြင်ကိုဖို့လိုက်သည်။

အိမ်ဘေးသို့ ရောက်နေသော ချယ်ရီသည်လည်း ကား ဆိုက်ရာသို့ အပြေးတပိုင်း လှမ်းထွက်လိုက်လေသည်။

လန်းဆန်းကတော့ ရင်ထဲနာကျင်မှုကြောင့် အောင့် တက်လာသော ဝေဒနာနှင့်အတူ မျက်ဝန်းတံခါးကို မှိတ်ကာမှိန် နေလိုက်လေတော့သည်။

ချစ်သူက ရက်စက်စွာဖြင့် သူ့နှလုံးသားကို နှုပ်နှုပ်ချေ သွားလေပြီ။

ရင်နာစွာဖြင့် ချစ်သူအလိုကျ သူ့ဘဝကို စတေးခံ ဆပ်ရတော့မည်။

ဒေါ်အေးညိုလည်း သားအစား သားရ၍ ကျေနပ်သွား မည်ထင်ပါသည်။

ယောက်ျားတန်မဲ့ ကျချင်လာသော နှလုံးသားမျက်ရည် ထို့ကို ကျဆင်းခွင့်မပေးဘဲ မာန်တင်း၍ ဟန့်တားလိုက်လေ သည်။







## အခန်း(၃၂)

ဦးဆန်းအောင်နှင့် ဒေါ်နှင်းရီသည် အိမ်ထဲမှ ပြေးထွက် လိုက်သည်။ သူ့သားပြန်လာပြီကို ညကတည်းက ဦးအိုက်စံဖုန်း ဆက်ထားသည်။

ဦးအိုက်စံအိမ်မှ ဒရိုင်ဘာနှင့် ပြန်လာသည်။

ကားတံခါးဖွင့်ပြီး ဆင်းလာသော သားဖြစ်သူ၏ မျက် နှာနှင့် ခန္ဓာကိုယ်ကို မြင်လိုက်ရသည်နှင့် ဒေါ်နှင်းရီ၏ ရင်၌ဆို့ နင့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သားတော်တော် ပိန်သွားသည်။

မျက်နှာလေးချောင်ကျပြီး ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

"သားလေး နေမကောင်းဘူးလား"

"ကောင်းပါတယ်၊ သား ခရီးပန်းလာလို့ ရေချိုးပြီး သွား အိပ်ဦးတော့မယ် မေမေ"

ဒေါ်နှင်းရီက သူ့နှုတ်ဖူးစမ်းသပ်မှုကို ရှောင်လွှဲပြီး အိမ်ထဲသို့ တိုက်ရိုက်ဝင်သွားသော သားဖြစ်သူကျောပြင်ကို ကြည့်ပြီး မျက်ရည် များရစ်ဝဲလာသည်။

ဦးဆန်းအောင်ကတော့ အိမ်ထဲမှအလုပ်သမားများကို လှမ်းခေါ်ပြီး ပစ္စည်းများကို ချခိုင်းလိုက်သည်။

"ကားဆရာကြီး အိမ်ထဲဝင်နားပါဦး"

"မနားတော့ဘူး ဆရာ၊ ကျွန်တော့်အိမ်က ရန်ကုန်မှာပဲ ပါတယ်၊ အဲဒီကိုတန်းသွားဖို့ပါ။ ဪ ဆရာ၊ အဲဒါ ငွေထုပ်ပါ သိန်းငါးဆယ်ပါ၊ ဆရာဦးအိုက်စံက ဆရာလက်မှတ်ထိုးပြီး ပေး လိုက်ပါတဲ့"

"ဪ. . အေးအေး. . ကောင်းပြီ၊ လာထိုင်ဦး ခင်ဗျား သွားချင်တဲ့ဆီကို ကျွန်တော်အိမ်က ကားနဲ့ ပို့ခိုင်းလိုက်မယ်၊ နှင်း ရေ တစ်ခုခုလုပ်ကွာ"

ဦးဆန်းအောင်က သားအကြောင်း မေးချင်သည်။

"လမ်းက ဘာစားခဲ့ကြသလဲ"

"ညဘက်ဆိုတော့ ဘာမှမစားဖြစ်ပါဘူး၊ တောက် လျှောက် မောင်းခဲ့တာပါ"

ဦးဆန်းအောင်က ငွေအစည်းလိုက်များကိုသာ ရေ





တွက်လိုက်သည်။

"ငါပေးခဲ့တာ နှစ်ဆယ်ပါ၊ ဘယ်နှယ့်ငါးဆယ်ဖြစ်လာ ပါလိမ့်"

"ဪ ဦးအိုက်စံက စာပေးလိုက်ပါသေးတယ်"

ဒရိုင်ဘာက သူ့အိတ်ထဲမှ စာတစ်စောင်ထုတ်ပေး သည်။ ဦးဆန်းအောင်က စာအိတ်ဖောက်လိုက်သည်။

ဒေါ်နှင်းရီက အိမ်ဖော်မိန်းကလေး လာချပေးသော ကော်ဖီနှင့်မုန့်ကို ဒရိုင်ဘာရှေ့တိုးပေးပြီး. . .

"သောက်လိုက်ပါဦးကွယ်"

"ဟုတ်ကဲ့"

## ***ချစ်ခင်ရသောဆွေ ...*** / **ဘယ်ချင်းဆန်းအောင်**

မင်းသားတော့ အချစ်နာကျပြီး ပြန်လာပြီ။ မင်းပေး လိုက်တဲ့ ငွေသိန်းလေးဆယ်နဲ့ ဒေါ်အေးညိုတို့ သားအမိက မင်း အားစိုက်ထည့်ထားတဲ့ ငွေတွေရော၊ မင်းသား ကားအငှား လိုက်မောင်းပြီး ပေးခဲ့တဲ့ငွေတွေကို ပြန်ပေးတာက သိန်းသုံး ဆယ်ဆိုတော့ သိန်းငါးဆယ်၊ လက်မှတ်ထိုးပေးပြီး ယူထားလိုက် ပါ ငါ ရှေ့အပတ်ထဲ ရန်ကုန်ဆင်းလာမှာ၊ အဲဒီတော့မှ မင်း သားအကြောင်း အေးအေးဆေးဆေး ပြောပြဦးမယ် ဒါပဲ။

**မင်းရဲ့**
***အိုက်စံ***



www.burmeseclassic.com

www.burmeseclassic.com



ဦးဆန်းအောင် သက်ပြင်းချလိုက်ပြီး စာကို ဒေါ်နှင်းရီ လက်ထဲသို့ ထည့်ပေးလိုက်လေသည်။

ဒေါ်နှင်းရီက ဖတ်လိုက်သည်။

ဦးဆန်းအောင်က ကော်ဖီသောက်ပြီးသွားသော ဒရိုင်ဘာကို ငါးထောင်တန် နှစ်ရွက်ထုတ်ပေးကာ . .

"ကျွန်တော့်သားကို ယခုလို ဂရုတစိုက် တစ်ညလုံး စောင့်ရှောက်ပြီးပို့ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ရပါတယ် ခင်ဗျား၊ ကျွန်တော့်ဆရာက ဆရာကြီးဆီက ဘာမှမယူရဘူးလို့ မှာလိုက်ပါတယ်"

"သူမှာလည်း မှာတာပေါ့ကွာ၊ အန်ကယ်လ်က ကျေးဇူးတင်လို့ပေးတာပါ။ မင်း မိသားစုအပိုသုံးရတာပေ့ါ၊ ယူလိုက်ပါ ကားလည်းအဆင်သင့်ဖြစ်ပြီ ရော့ငွေလက်ခံရရှိကြောင်း လက်မှတ်ထိုးပြီးပြီ၊ မင်းဘယ်နေ့ပြန်မှာလဲ"

"သဘက်ခါ၊ ဘာမှာဦးမလဲ ဆရာကြီး"

"မမှာတော့ပါဘူး၊ သူလာမှာပဲ"

"ဒါဖြင့် ကျွန်တော့်ကို ခွင့်ပြုပါဦး ခင်ဗျာ"

"အေးအေး"

ဒရိုင်ဘာပြန်သွားသည်နှင့် လင်မယားနှစ်ယောက် သည် စားပွဲပေါ်မှ ငွေပုံကိုကြည့်ကာ သက်ပြင်းကိုယ်စီချလိုက် ကြသည်။

"မင့်သားကော"

"အိပ်ခန်းထဲ ဝင်သွားတာပဲ"

"ခက်တယ်ကွာ၊ အချစ်ရေးကလည်း ပြေလည်လာပုံမ





ဘူး"

"မပြေလည်တာပဲ မကောင်းဘူးလား"

"မကောင်းဘူး"

"အလိုတော်၊ ရှင်က ဝမ်းနဲ့လွယ်ပြီး မွေးထုတ်ထားရတဲ့ သူ မဟုတ်တော့ ပြောအားရှိမှာပေ့ါ၊ ကျွန်မကတော့ ကိုယ့်သား လူပျိုနုနု ထွတ်ထွတ်ကလေးကို ကလေးတစ်ယောက်အမေ မုဆိုးမနဲ့ ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူး"

"မတူနိုင်လည်း မင်း . . . သားရဲ့ ရှင်လျက်နဲ့ သေလူ ဖြစ်နေရတဲ့ဘဝကို မင်း တစိမ့်စိမ့်ကြည့်နေပေ့ါကွာ"

ဦးဆန်းအောင်က မကျေမနပ်ပြောဆိုပြီး ငွေများကို အိတ်ထဲသို့စုပြုံကာ ပြန်ထည့်ပြီး အိတ်ကိုဆွဲကာ အပေါ်ထပ်သို့ တက်သွားလေတော့သည်။

ဒေါ်နှင်းရီသည် အတန်ငယ် ငြိမ်သက်ပြီး ကျန်ရစ်ခဲ့ လေသည်။ ပြီးမှ ခင်ပွန်းနောက်မှာ ပြေးလိုက်ကာ . .

"အဲဒါတွေအားလုံး ရှင့်ကြောင့်၊ သမာသမတ်ကျချင်တဲ့ ရှင်သဘာဝ တရားသူကြီးမင်းရဲ့၊ ရှင်စီရင်ချက်အချကောင်းလို့ ကျွန်မသားလေး ခုလိုသောကနဲ့ ရင်ဆိုင်နေရတာ၊ ရှင့်အပြစ် ရှင့်အပြစ်၊ ရှင်ပဲ ကျွန်မသားလေး ပျော်ရွှင်အောင် ပြန်လည် ရှာစားပေး"

ဦးဆန်းအောင်က သားဖြစ်သူ၏ အိပ်ခန်းတံခါးကို ချောင်းကြည့်သည်။ သော့ချထားပုံရသည်။ ဖွင့်၍မရသဖြင့် . .

"ရှူး . . အိပ်နေပြီထင်တယ်၊ တိုးတိုးပြောပါ လာလာ"

သူတို့ အိပ်ခန်းဘက်သို့ ဦးတည်လိုက်သည်။ ဒေါ်နှင်းရီ



www.burmeseclassic.com

www.burmeseclassic.com



က မျက်ရည်များရစ်သိုင်းလျက်. . .

"ဘယ်လိုလုပ်ကြမလဲ"

"ဘယ်လိုလုပ်ရမှာလဲ၊ သူဖြစ်ချင်တဲ့ ဆန္ဒကို အရင်မေးကြည့်ကြတာပေါ့"

"သူ့ဆန္ဒကတော့ ဟိုမိန်းမကိုပဲ ယူမှာပေါ့"

"ဟိုမိန်းမလို့ မပြောပါနဲ့ကွာ၊ မင့်သမီးကြီးထက် ငယ်ပါတယ် မင့်သားနဲ့ရွယ်တူပါပဲ၊ သားသမီးချင်း ကိုယ်ချင်းစာနာပြီး သုံးစွဲပါကွာ"

"တော်ပါတော့ တရားသူကြီးမင်းရယ်၊ ရှင့်စကားလုံးကြီးနဲ့ ကျွန်မကို ဖိသတ်ဖို့မကြိုးစားပါနဲ့၊ ကျွန်မ စိတ်ညစ်လို့ သေသွားလိမ့်မယ်"

"သေသွားတာက နောက်ထားပါ၊ ဒေါက်တာဒေါ်နှင်းရီ ခင်ဗျားဆေးရုံကို ဂျူတီဝင်ရမယ် မဟုတ်လား. . ကြွကြွ၊ ဟိုမှာ ကားကအဆင်သင့်ပဲ"

"ရှင်ကကော"

"ကိုယ်က စောပါသေးတယ်၊ ဆယ်နာရီထိုးဖို့ ဆယ့်ငါးမိနစ်လိုမှ သွားမယ်"

"ရှင်သွားရင် သားကို ဒီအတိုင်းပဲ ထားခဲ့မှာလား"

"ဟာ. . သူဒီကို ရောက်အောင်ပြန်လာမှတော့ သူ့ကိုယ်သူ ထိန်းနိုင်လို့ပဲပေါ့၊ မင်းနဲ့ကိုယ်နဲ့ရတဲ့သားဟာ ဒီလောက်တော့ ပျော့ညံ့မယ်မထင်ပါဘူး၊ ကိုင်း. . သွားပါ ဒေါက်တာဓမ္မ ပါရဂူတွေကို လည်ပင်းရှည်အောင် စောင့်ဆိုင်းရတဲ့ လူနာတွေကို ခင်ဗျားငဲ့ညှာသင့်တယ်နော်၊ သားက တစ်ယောက် ဟိုမှာတ





အများ"

ဒေါ်နှင်းရီက လက်မြှောက်ကာ. . .

"တော်ပါပြီ မိကျောင်းသား ကျွန်မ အရှုံးပေးပါတယ်၊ သွားပါပြီရှင်"

ခြေကို ဆောင့်နင်းပြီး ထွက်သွားလေသည်။

"မိန်းမရေ၊ မင်း ပိုက်ဆံအိတ်လေကွာ"

ဦးဆန်းအောင်က မှန်တင်ခုံပေါ်မှ လက်ကိုင်အိတ်ကို ယူကာ ဒေါ်နှင်းရီနောက်သို့ပြေးလိုက်ပြီး တရိုတသေဟန်နှင့် သက်နှစ်ဖက်နှင့်လှမ်းပေးလေသည်။

ဒေါ်နှင်းရီက မျက်စောင်းထိုးကာ အိတ်ကိုဆောင့်ဆွဲယူလိုက်သည်။

ဦးဆန်းအောင်က ပြုံးကာ. . .

"မိန်းမရေ၊ အိတ်ထဲ ကရင်ပတ်ခ်ပါရဲ့လား. . ကြည့်ဦး၊ ဒါမှ ကားပေါ်ရောက်ရင် မင်းမျက်ဝန်းကို နည်းနည်းဖို့လို့ရမှာ"

"ရှင်နော်. ."

ဒေါ်နှင်းရီက မျက်စောင်းထပ်မံထိုးပြီး အောက်ထပ်သို့ ဆင်းကာထွက်ခွာသွားလေသည်။

ဦးဆန်းအောင်က လသာဆောင်ဘက်ထွက်ကာ ခြံဝန်းထဲမှ ထွက်သွားသောကားကို မျက်စိတစ်ဆုံးကြည့်ပြီးမှ အိမ်ထဲသို့ ပြန်ဝင်ခဲ့လေသည်။ ထို့နောက် သားဖြစ်သူ၏ အိပ်ခန်းကို တံခါး ခေါက်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၃)

ရေချိုးခန်းထဲမှ ထွက်လာပြီး အင်္ကျီထုတ်နေသော လန်းဆန်းသည် တံခါးခေါက်သံကြောင့် ဘီရိုကို တန်းလန်းဖွင့်ထားခဲ့ပြီး တံခါးကို သွားဖွင့်လိုက်သည်။

ထင်သည့်အတိုင်း ဖခင်ဖြစ်နေသည်။

"မေမေကော ဖေဖေ"

"ဆေးရုံသွားပြီကွ၊ အင်္ကျီအရင်ဝတ်လိုက်ဦး အဖေ





မယ်"

ကိုယ်သုတ်မျက်နှာသုတ်ပဝါကြီး ပတ်ထားသော သားဖြစ်သူအား ဦးဆန်းအောင်က ပြောပြီး ကုလားထိုင်၌ ဝင်ထိုင်လိုက်သည်။

စာကြည့်စားပွဲပေါ်တွင် ထောင်ထားသော ဓါတ်ပုံလေးကို တွေ့လိုက်ရသည်နှင့် ဦးဆန်းအောင် ပြုံးလိုက်မိလေသည်။

သားအမိနှစ်ယောက် မက်မန်းသီးများဆွတ်ခူးနေပုံ ရိုက်ထားပုံရသည့် ဓါတ်ပုံဖြစ်နေသည်။ သားအမိနှစ်ယောက်စလုံး၏ ရုပ်ရည်က မျက်နှာမြင် ချစ်ခင်ပါစေဟူသော ဆုတောင်းနှင့် ပြည့်စုံလေသည်။

"သူတို့မိသားစုကော နေကောင်းကြရဲ့လား"

ဓါတ်ပုံကို အနီးကပ်ကြည့်ကာ နေရာတကျ ပြန်ထောင်ပြီး မေးလိုက်သည်။

"ကောင်းကြပါတယ်"

"အဆင်ကော ပြေကြရဲ့လား"

"ပြေကြပါတယ်"

"မင်းနဲ့ကော အဆင်ပြေခဲ့ရဲ့လား"

လန်းဆန်း စပို့ရှပ်တစ်ထည်ကို ခေါင်းစွပ်ချလိုက်သည်။

ပုဆိုးဝတ်ပြီး ကိုယ်သုတ်ပဝါကို တန်းပေါ် သွားလွှားလိုက်သည်။

"အဲဒီမေးခွန်းကို သား ဘယ်လိုဖြေရမှန်းမသိဘူး ဖေဖေ"

"ဆောရီး၊ ဖေဖေက သားကို ဖြေရခက်တဲ့မေးခွန်း မေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိတာ ဖေဖေ့အမှား၊ ဖေဖေထပ်မေးမယ်"

"သားနဲ့ ပန်းခရေဦး ညှိနှိုင်းလို့ အဆင်ပြေရဲ့လား"

လန်းဆန်းမျက်နှာ ညှိုးနွမ်းသွားသည်။

"အဲဒါကိုက ခက်နေတာ သား မေမေနဲ့ ဖေဖေနှစ်ဦး စလုံးရှိမှ ဒီကိစ္စကို ပြောပြချင်ပါတယ်၊ ခုလောလောဆယ် ပြော ချင်တာ ဖေဖေ ဦးဘဦးကိုသိသလား"

"ဘဦး. . ဖေဖေနဲ့ မေမေတို့ရဲ့သူငယ်ချင်း ဘဦးကို ပြောတာလား"

"ဟုတ်ပါတယ် ဖေဖေ၊ သားနဲ့ တွေ့လာခဲ့တယ်"

"ဟေ. . ဘယ်မှာလဲကွ၊ ဒီကောင်ကြီး ပျောက်ချက်သား ကောင်းနေလိုက်တာ၊ ဖေဖေလည်း သူနဲ့တွေ့ချင်နေတာ၊ မင်းနဲ့ ဘယ်လိုဆုံခဲ့တာလဲ ပြောပါဦးကွ၊ နေဦး. . နေဦး. . မင်းဘာမှ မစားရသေးဘူး မဟုတ်လား ဘာစားမလဲ၊ နွားနို့နဲ့ ပေါင်မုန့်စား လိုက်နော်"

ဦးဆန်းအောင်က အရွယ်နဲ့မလိုက်စွာ ပြောပြောဆိုဆို နှင့် အိပ်ခန်းထဲမှ ထွက်သွားပြီး ‌ေလှကားထိပ်မှ. . .

"ဟေ့ ရွှေမိ၊ သားအတွက် နွားနို့တစ်ခွက်နဲ့ ပေါင်မုန့် ချိစ်ဗူးပြင်ဆင်ပြီး ယူခဲ့ဟေ့"

သားဖြစ်သူ ခွင့်ပြုချက်ကို စောင့်နေ၍မဖြစ်၊ လော လောဆယ် သားကျန်းမာရေးက အရေးကြီးနေသည်။

လန်းဆန်းက ခုတင်ပေါ် လှဲချလိုက်သည်။ ရင်ထဲ၌ ဝေဒနာလုံးက ဆို့တက်နေသည် မှန်သော်လည်း အနာဂတ်အ တွက် လုပ်စရာတွေက အများကြီးရှိသေးသည်။





"ပြောပါဦးကွ"

ဦးဆန်းအောင်က သားဖြစ်သူ၏ နံဘေးစွန်းတွင် ဝင် ထိုင်လိုက်ပြီး အားတက်သရော မေးလိုက်သည်။

"နန်းမြိုင်ဟိုတယ်မှာပါ"

"မင်းက နန်းမြိုင်ဟိုတယ်ကို ဘာသွားလုပ်တာလဲ"

"အမေ ဒေါ်အေးညိုတို့ သူ့ချွေးမအပေါ် မရိုးသားတဲ့ စိတ်ထားမိတဲ့ သားကိုလက်မခံတော့ဘူးဆိုတဲ့အတွက် သားက နန်းမြိုင် ဟိုတယ်မှာ သွားတည်းနေတာ"

"ဦးအိုက်စံဆီ ဘာလို့မတည်းတာလဲ"

"လွတ်လွတ်လပ်လပ် နေချင်လို့ပါ"

"ဘဦး ခု ဘယ်မှာနေသလဲ"

လန်းဆန်းက စားပွဲပေါ်တင်ထားသော ပိုက်ဆံအိတ်ကို လှမ်းယူပြီး ဦးဘဦး၏ လိပ်စာကတ်ပြားကို ထုတ်ပေးလိုက်သည်။

"ဒီကောင်ကြီး ရန်ကုန်ရောက်နေပြီကိုး တွေ့ဖြစ်အောင် သွားတွေ့ရမယ် သူတို့က မင်းအမေနဲ့ ဖေဖေရဲ့ ဖူးစာရေးနတ် မင်းကွ လက်ထပ်တော့လည်း လူပျိုရံပဲ၊ ဒါတင်ဘယ်ကမလဲ မင်းအစ်မကိုမွေးတော့ ဖေဖေက အင်္ဂလန်မှာ၊ အဲသူပဲ ဗိုက်စောင့် သူပဲမွေးခန်းလိုက်ပို့ပေးရတဲ့ကောင်၊ ဖေဖေတို့ရဲ့ ကျေးဇူးရှင် တစ်ယောက်ပဲပြောပါဦး၊ မင်းနဲ့ ဘယ်လိုတွေ့လာသလဲ"

"နန်းမြိုင်ဟိုတယ်မှာ သူလည်းအထီးကျန် သားလည်း အထီးကျန် အဲဒီမှာဆုံစည်းခဲ့တယ် သားနာမည်ကြားတော့ ဖေဖေတို့ရဲ့ သားလားလို့မေးတယ် သားကဟုတ်ကြောင်းဝန်ခံ တော့ သူလည်းဖေဖေတို့နဲ့ သူနဲ့ ငယ်သူငယ်ချင်းလို့ ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"သူ့အခု ဘယ်မှာလဲ ဟိုမှာကျန်ခဲ့သလား"

"သူသွားထက် တစ်ပတ်စောပြီး ပြန်သွားတာပဲ"

"ဟင်. . ဖေဖေတို့ကို မဆက်သွယ်ပါလား သားက ဖေဖေတို့ လိပ်စာကတ် မပေးလိုက်ဘူးလား"

"ပေးလိုက်ပါတယ်၊ ဒါပေမယ့် သူမဆက်သွယ်တာ အကြောင်းရှိပါလိမ့်မယ် ဖေဖေ"

"ဟေ. . ဘာအကြောင်းလဲ"

ဦးဆန်းအောင်က သားဖြစ်သူအား စိတ်ရှည်လက်ရှည် မေးမြန်းနေရသည်။

အိမ်ဖော် မိန်းကလေး လာပို့သော စားသောက်စရာ ဗန်းကို 'စားပွဲပေါ်တင်ထားခဲ့လိုက်' ဟုပြောပြီး. . .

"သား ပူပူလေး သောက်လိုက်ဦး"

ချိစ် ဘူးကိုဖွင့်ကာ ကိုယ်တိုင်လှီးဖြတ်ပြီး ပေါင်မုန့်နှစ်ချပ်ကြား ညှပ်ပေးကာ သားဖြစ်သူအား ကမ်းပေးလိုက်သည်။

ဖခင်စိတ်ချမ်းသာစေရန် ခုတင်ပေါ်တွင်ထိုင်ကာ စားလိုက်သည်။

ဖခင်သည် အင်မတန် စိတ်ရှည်သောသူ တစ်ယောက်ဖြစ်သည်။ မိမိစားသောက်ခြင်းကို စိတ်ရှည်လက်ရှည်စောင့်ဆိုင်းနေသော ဖခင်ကိုငဲ့ညှာကာ တစ်လုပ်စား၊ တစ်ငုံသောက်ပြီးသည်နှင့်. . .

"ဘာဖြစ်လို့လဲဆိုတော့ ဦးဘဦးဟာ သားရဲ့မခရေ အဖေ ဖြစ်နေလို့ပဲ. . ."





ဒီတစ်ခါ မျက်လုံးအစုံပြူးထွက်သွားပြီး အံ့အားသင့်သွားရသူမှာ ဦးဆန်းအောင် ဖြစ်နေလေတော့သည်။

ဦးဆန်းအောင်သည် ထိုင်ရာမှထကာ. . ခေါက်တုံ့ခေါက်ပြန် လျှောက်လိုက်သည်။

"ဘဦးသမီး ပန်းခရေဦး"

တစ်ကိုယ်တည်း ရေရွတ်လိုက်ပြီး ဓါတ်ပုံကိုယူကြည့်လိုက်သည်။

"အင်း. . မြင်ဖူးသလိုလိုရှိတယ်လို့ ထင်လိုက်တာ ဒီအောင်ရုပ်ကိုး၊ မိုက်မဲလိုက်တဲ့ကောင်၊ ကိုယ့်သားသမီးရဲ့ အနာဂတ်ကို လှပအောင် မဖန်တီးပေးနိုင်ခဲ့တဲ့ကောင်ပဲ. . ."

"အန်ကယ်လ်ကို မခရေနဲ့တွေ့ဆုံပေးလိုက်ပါတယ်၊ ခရေတို့အတွက် အန်ကယ်လ်ဟာ ထိုက်သင့်သလိုစီစဉ်သွားမှာ"

"သူငါ့ကို ဘာဖြစ်လို့မဆက်သွယ်တာလဲ"

"အားနည်းချက်ရှိတဲ့ သမီးရှင်အဖြစ်ကို ရောက်နေလို့ပဲဖြစ်မှာပေါ့"

"ဟေ. . သူက မင်းတို့အကြောင်း သိသွားလို့လား"

"ရိပ်မိမှာပါဖေဖေ၊ ကျွန်တော်ရဲ့ အပြုအမူတွေဟာ ဖုံးကွယ်လို့မရအောင်ဖြစ်နေခဲ့ပါတယ်"

ဦးဆန်းအောင် သားဖြစ်သူအား ကရုဏာသက်စွာကြည့် လိုက်သည်။

"မင်းမေမေကို ဖေဖေနားလည်အောင်ပြောပြီး သားစိတ်ချမ်းသာစေဖို့ ဖေဖေ ဖန်တီးပေးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



*ကြေးနန်းတင်ပါတယ် ဖေဖေ ဒါပေမယ့် မရတော့*
ဘူး"

"ဟေ ဘာဖြစ်လို့လဲ"

လန်းဆန်းမျက်နှာသည် ပြုံတော့မည့် တိမ်ညိုတိမ်တိုက်များပမာ အုံ့မှိုင်းမဲမှောင်သွားပြီး ခုတင်ပေးလှဲချကာ မျက်စိမှိတ်လိုက်လေသည်။

"ကျွန်တော့်ကိုခွင့်လွှတ်ပါ ဖေဖေ၊ မေမေနဲ့မှ အ...
ပြောပြပါမယ်၊ သားနားပါရစေတော့နော်"

ဦးဆန်းအောင်သည် သိလိုစိတ်ကို မျိုသိပ်လိုက်ပြီး. . .

"အေးအေး အိပ်လိုက်ဦး၊ ဖေဖေလည်း ရုံးသွားတော့
မှာ"

ဗန်းကို အသာအယာမကာ အိပ်ခန်းထဲမှ ထွက်လိုက်သည်။ တံခါးကို အသာဆွဲပိတ်လိုက်ပြီး လှေကားထိပ်နားတွင်... သော စားပွဲပေါ်သို့ ဗန်းကိုတင်လိုက်သည်။

အောက်ထပ်သို့ လှမ်းပြောလိုက်သည်။

"ဗန်းလာသိမ်းဟေ့၊ ကားကိုအခုထုတ်ခိုင်းထားလိုက်...
သွားစရာရှိတယ်"

. . . ဟု။







# အခန်း(၃၄)

ဒေါ်နှင်းရီ ထမင်းစား စားပွဲပေါ်မှ ဟင်းပန်းကန်များကို ...ရွှေ့ဒီရွှေ့လုပ်နေသည်။

ဦးဆန်းအောင်က ထမင်းစားခန်းသို့ ဝင်လာပြီး. . .

"ဟ. . အမယ်များလှချည်လား၊ ဘယ်က ဧည့်သည် ...ထားလို့လဲ"

"ဘယ်ကဧည့်သည်ရမှာလဲ၊ သားသမီးဆိုတဲ့ ဧည့်သည် ... အချိန်တန်တော့ မိဘအိမ်က စွန့်ခွါသွားကြတဲ့ သားသမီး



www.burmeseclassic.com

www.burmeseclassic.com



ညှော်သည်တွေလေ၊ ဟဲ့ . . ရွှေမိ . . သွား နင့်အစ်ကိုလေးကို သွားခေါ်ခဲ့"

"ဟုတ်ကဲ့ ကြီးကြီး"

"သမီးကြီး ပိုစတင်ကျတဲ့ဆီက တာဝန်သွား ထမ်းဆောင်တာပဲကွာ၊ အိမ်ကိုစွန့်ခွါသွားတာ မဟုတ်ပါဘူး"

"ဘာထူးသေးသလဲ၊ အချိန်တန် လက်ထပ်ပြီး စွန့်ခွာဦးမှာပဲ မဟုတ်လား၊ ခုရှင့်သားကကော"

"သားစိတ်ထိခိုက်မယ့် စကားတွေကို မင်းမသုံးနှုန်းစေဖို့ စကားလုံး အသုံးအနှုန်းတွေကို ဂရုတစိုက် သုံးစွဲနော် . . အမေကြီး"

ဒေါ်နှင်းရီ ဘာမှမပြောတော့ပဲ စားပွဲ၌ဝင်ထိုင်ပြီး . . ထမင်း ပန်းကန်းများသို့ ထမင်းခူးခပ်ထည့်လိုက်ပြီး . .

ဦးဆန်းအောင်က ဝင်ထိုင်လိုက်ပြီး သားဝင်လာ ညှော်ခန်းဘက်သို့ လှမ်းမျှော်ကြည့်လိုက်သည်။

လန်းဆန်းဝင်လာသည်ကို တွေ့လိုက်ရသဖြင့် မိဘ ပါးမှာ သက်ပြင်း မသိမသာချလိုက်ကြပြီး ပြာပြာသလဲ . . .

"လာ . . သား . . ၊ သားအကြိုက် ပုစွန်တုပ်ကြော် တယ်၊ ဂျုံးမြစ်ချည်ရည်လည်း ပါတယ်၊ ငါးခူစင်းကောမျှား ချင်မလားလို့ မေမေလုပ်ထားတယ်"

"ဟုတ်ကဲ့ ဒါထက် မမကော ဟိုမှာ အဆင်ပြေတယ် လား"

"ပြေပါတယ်သား၊ သားရောက်နေတာသိရင် ဝမ်း မှာ"





ခင်ပွန်းကို ဦးချပေးပြီး သားဖြစ်သူ၏ ပန်းကန်ထဲသို့ ဟင်းများခပ်ထည့်ပေးရာ . .

"နေပါစေ မေမေ၊ သားစားချင်တာလေးတွေ သားဘာသာ ခပ်စားပါ့မယ်"

"အေးအေး မေမေကိုယ်တိုင်ဝင်ချက်ထားတာ သားရဲ့ ဟိုမှာက ငါး၊ ပုစွန် ရှားတယ် မဟုတ်လား"

လန်းဆန်းသည် တတ်နိုင်သမျှ ထမင်းတစ်ပန်းကန်ကို ကုန်အောင် ဟင်းလျာများနှင့် စားလိုက်သည်။ မိဘနှစ်ပါးလုံးကို သည်း သူသနားသွားသည်။ သူတို့ ကိုယ်တိုင်က ဟုတ်တိပတ်တိ မစားပဲ သူ့ကိုသာ ဂရုတစိုက် ကြည့်နေကြသည်။

"တော်ပြီလား သား"

"သား ဝသွားပြီ မေမေ"

"သား အစာမကြေပဲနေမယ်၊ တန်းမအိပ်နဲ့ဦးနော်၊ မေမေ သစ်ခွရုံလေးမှာ ပန်းအိုးသစ်တွေ တိုးနေပြီ၊ သားကိုတောင် ပြလိုက်သေးတာ သားမဝယ်လာဘူး"

"ဆောရီးပဲ မေမေရယ်၊ သား မေ့သွားတယ်"

ဘဝတစ်ခုမှာ အချစ်အတွက် ပေးဆပ်လိုက်ရသော အချိန်များ၌ တကယ်ပဲ အချစ်တစ်ခုကလွဲရင် အရာရာကို မေ့ လျော့သွားတတ်သလား၊ သို့ဆိုလျှင် သူ့ကိုယ်သူ ရင့်ကျက်အောင် နည်း အားထုတ်ရဦးမည်။

"သား ပန်းခြံထဲမှာ ရှိနေမယ်နော်"

ပန်းခြံထဲသို့ ဆင်းခဲ့သည်။ စနစ်တကျ စိုက်ပျိုးထား သော ပန်းခြံထက် သဘာဝအတိုင်း အင်နှင့်အားနှင့် အလေ့ကျ



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကာ ကောဇောခင်းထားလို ပြန့်ကျဲနေသော ပန်းခင်းထဲ အာကာဦးနှင့်အတူ လျှောက်ရသည်တို့ကို ပြန်လည်အောက်မေ့ လာသည်။

ပလတ်စတစ်ထိုင်ခုံလေးများချထားသော စားပွဲဝိုင်းတွင် သူဝင်ထိုင်လိုက်သည်။ အိမ်ဖော်မိန်းကလေးက အသီးအနှံ ပန်းကန်နှင့် ယိုမျိုးစုံဘူးလေးကို လာချပေးသည်။ နောက် ရေနွေး ကြမ်းဗန်း တစ်ခေါက်လာချသည်။ မရှေးမနှောင်းမှာပင် မိဘ နှစ်ပါး ထွက်လာပြီး သူ့အနီးလာထိုင်လိုက်သည်။

"မနက်က ဖေဖေ ဦးဘဦးဆီ သွားတွေ့လိုက်တယ် သူ ဝမ်းသာသွားတယ်၊ သားကိုလည်း မေးသေးတယ်"

"သား နောက်နေ့မှ သွားတွေ့လိုက်ပါဦးမယ်"

"သူနဲ့ ဖေဖေ၊ မေမေတို့က ငယ်သူငယ်ချင်းဖြစ်ကြ တော့ ပြောမနာဆိုမနာပဲ ဖေဖေကမေးလို့ သူကဖြေတယ်"

"ရှင့်ဟာက ဘာမေးလို့ ဘာဖြေတာလဲ"

"သြော် မင်းငါ့လိပ်စာရရဲ့နဲ့ ဘာလို့ ငါဆီမလာတာလဲ ဆိုတော့ မျက်နှာပူလို့တဲ့၊ မင်းသားက ငါ့သမီးကိုကြိုက်နေ ရတယ်၊ ငါ့သမီးဘက်က ချို့ယွင်းချက်ရှိတော့ မင်းတို့သဘော မတူနိုင်မှာ ကြိုသိနေတော့ ငါလည်း မလာတော့တာတဲ့လေ ပွင့်ပွင့်လင်းလင်းပဲပြောချလို့ ငါတောင်မျက်နှာထားရခက်သွား တယ်"

လန်းဆန်း ရင်ထဲ မခံရပ်နိုင်. . .

"မခရေမှာ ဘာချို့ယွင်းချက်ရှိလို့လဲ ဖေဖေ၊ ကံအကျိုး ပေးမကောင်းလို့ မုဆိုးမဖြစ်ရတာ ချို့ယွင်းချက်လား"





"ဆောရီးပဲ သား၊ ဖေဖေ မှားသွားတယ်၊ ဟုတ်တယ်. . ချို့ယွင်းချက်မဟုတ်ဘူးလို့ ဘဦးကို ပြောဆိုနှစ်သိမ့်လိုက်ဖို့ ကောင်းတယ်"

"မခရေက စိတ်ထားဖြူစင်တယ် ဖေဖေ၊ ကျေးဇူးတရား သိတတ်တယ်၊ ပြီးတော့ ဖွဲ၊ လုံ့လ၊ ဝီရိယလည်း ရှိတယ်၊ ခါတ်လည်း ကြံ့ခိုင်တယ်"

"သူနဲ့ သား ရည်ငံသွားကြပြီလား"

"သူ သားကို လက်မခံပါဘူး ဖေဖေ"

"ဟေ"

"ဟင်"

ပွဲ့ကြည့်ပရိတ်သတ် သက်သက်လို ငြိမ်သက်နေသော ဒေါ်နှင်းရီပင်လျှင် ဟင်ခနဲဖြစ်သွားလေသည်။

"ဘာဖြစ်လို့လဲ သား"

"သူ့ခံယူချက်က ပြောဆိုရခက်ပါတယ် ဖေဖေ၊ သား လည်လိုက်တဲ့ အမိကကတော့၊ သူ့သားလေး အာကာဦးအ တွက် ပထွေးဆိုတာ လုံးဝမရှိစေချင်ဘူး၊ နောက်တစ်ချက်က သူ့သားလေးသာ အရွယ်ရောက်လာပြီး မုဆိုးမတစ်ဦးကို လက် ထပ်မယ်ဆိုရင် သူ သဘောတူမှာ မဟုတ်ဘူး"

ဦးဆန်းအောင်က. . .

"ဒီ မိန်းကလေးက သားကို အတော်ချစ်တာပဲ"

"ဗျာ"

ဒေါ်နှင်းရီကပါ ခေါင်းတဆတ်ဆတ်ညိတ်လျက်. .

"ဟုတ်တယ်သား ဆက်ပြောပါဦး၊ သူ ဘာတွေပြောလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ”

လန်းဆန်းမှာ အံ့သြသွားရာမှ ဝမ်းနည်း၊ ဝမ်းသာ ဖြ
သွားသည်။ မိဘများ၏ လိုက်လျောမှု၊ သဘောတူညီမှုကို ဒ
ရရှိလိုက်ပြီဟု သိလိုက်ရသဖြင့် ထိပေါက်ပြီး ထိလက်မှ
ပျောက်သောသူပမာ ခံစားလိုက်ရသည်။

သူမနှင့် နောက်ဆုံးတွေ့ဆုံပုံ၊ သူမက မျက်ရည်စ
လက်နှင့် တောင်းဆိုပုံတို့ကိုပါ မချွင်းမချန် ပြောပြလိုက်သည်

“ဒီတော့ သားက ကတိပေးလိုက်သလား”

“ပေးလိုက်တယ် မေမေ”

“ဘာလို့ ပေးလိုက်တာလဲကွ၊ ယောကျာ်းကတိဆို
တည်မှကောင်းတာ၊ ပြီးတော့ မင်းစိတ်ကို မင်းနိုင်လို့လား”

လန်းဆန်း ခေါင်းငိုက်စိုက်ကျသွားသည်။

ဒေါ်နှင်းရီက ဦးဆန်းအောင်ကို မျက်စောင်းထိုးကာ

“ရှင် သားကို မဆူပါနဲ့”

“မဆူပါဘူးကွာ၊ အားမလိုအားမရ ဖြစ်တာပါ။ တ
တစ်လုံးကို လွယ်လွယ်ကူကူနဲ့ ပေးလိုက်ခြင်းအားဖြင့် ကိုယ့်
မှာ ဘယ်လောက်နစ်နာသွားမလဲ၊ ချစ်သူနဲ့ ကွေကွင်းရခြင်းဆို
ဒုက္ခဆင်းရဲ၊ ဒုက္ခနှစ်မျိုးတောင် ကြုံတွေ့ရမှာမျိုးကို မင်းမစဉ်
မိဘူးလားကွာ”

ဦးဆန်းအောင်က သားဖြစ်သူအား မချင့်မရဲ ပြော
လိုက်ခြင်းဖြစ်သည်။

“ဖေဖေက မခရေနဲ့ သဘောတူပြီလား”

“တူတယ်၊ အစကတည်းက မင်းအိမ်ထောင် မင်း





ထောင်ရမှာဖြစ်လို့ မင်းသဘောကျဖို့က အဓိကပါ။ မင်းအမေက
သာ. . . ”

“အစကတော့ ကျွန်မဟာ မိခင်ပဲ၊ ဘယ်သဘောတူနိုင်
မလဲ ဒါပေမယ့် ဘဦးသမီးဖြစ်တယ်ဆိုတာရယ်၊ သူက သား
အပေါ်ထားတဲ့ မေတ္တာစစ်ကို သိလိုက်ရတော့ သဘောတူတယ်”

“သူ. . . သူက သားကို ချစ်နေတယ်လို့ မေမေက
ဘယ်လိုလုပ်ပြောနိုင်တာလဲ”

လန်းဆန်းက မယုံကြည်နိုင်သလို မိခင်ကိုကြည့်ကာ
မေးလိုက်သည်။

“ပြောနိုင်တာပေါ့။ မြွေမြွေချင်း ခြေမြင်တယ်၊ မိန်းမသား
တွေရဲ့ နှလုံးသားကို မိန်းမသားချင်းပဲ သိတယ်”

“ပြောပါဦး မိန်းမရယ်၊ ကျွန်တော် ယောကျာ်းလည်း
သိချင်ပါတယ်”

“စကားပြောနေရင် ဖောက်မလာနဲ့နော်၊ ဒီလို သားရဲ့
သားကိုသူချစ်လို့ သူ့အကြွေပန်း၊ တစ်ပတ်နွမ်းဘဝထဲကို သားလို
သန့်စင်တဲ့ လူပျိုလေးရဲ့ဘဝကို မနစ်ရက်ဘူး၊ အဲဒါသူ့ရဲ့ ချစ်
ခြင်းမေတ္တာပဲ”

လန်းဆန်း နှလုံးသား တစ်ဆတ်ဆတ်ခါ နာကျင်လာ
သည်။

ဦးဘဦးက သားဖြစ်သူ၏ မျက်ဝန်းကို စိတ်ထိခိုက်စွာ
လှမ်းကြည့်ပြီး. . .

“သား ဘာဖြစ်ချင်သလဲ ချယ်ရီကိုပဲ လက်ထပ်မလား”

“သူ့ဘက်ကတောင် စွန့်လွှတ်ရဲရင် ကျွန်တော့်ဘက်က



www.burmeseclassic.com

www.burmeseclassic.com



လည်းသူ့ဆန္ဒကို လိုက်လျောခြင်းနဲ့ သက်သေပြချင်ပါတယ်၊ ပေးပြီးတဲ့ကတိကို တည်အောင်ထိန်းချင်တယ်”

“ကောင်းတယ် သား၊ ဒီလိုဆိုရင် ပွဲကပြီးနေပြီပဲ၊ ဘာမှ မစဉ်းစားနဲ့တော့၊ ကိုယ်လုပ်သင့်တဲ့ အလုပ်တွေကိုသာ ဆက်လုပ်သွားတော့”

“ကျွန်တော် ဒီလိုပဲ စဉ်းစားထားပါတယ်၊ ချယ်ရီကို ယူမယ်ဆိုတာကလည်း ဒေါ်အေးညိုတို့ မိသားစုအတွက် သားမပေးဆပ်နိုင်ခဲ့တဲ့ အကြွေးကို သားအစား သားနေရာယူခြင်းနဲ့ ပေးဆပ်လိုက်တော့မယ် ဖေဖေ၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်တယ်၊ သားဘဝမှာ အကောင်းဆုံးကို လုပ်ဆောင်ခြင်းလို့ ဖေဖေ လက်ခံပေးမှာလား”

ဦးဆန်းအောင်က အားတက်သရောပင် . . .

“ဟာ လက်ခံနိုင်တာပေါ့၊ သိပ်ကောင်းတဲ့ ဆုံးဖြတ်ချက်ပဲဟာ၊ ဘာဖြစ်လို့ လက်မခံနိုင်ရမှာလဲ”

“မေမေကော”

“မေမေကလည်း သားစိတ်ချမ်းသာမယ်ထင်တဲ့ ကိစ္စမှန်သမျှ သဘောတူပါတယ်”

“စိတ်တော့ ချမ်းသာမယ်မထင်ဘူး၊ ဒါပေမယ့် ပေးဆပ်သင့်တယ်လို့တော့ ထင်ပါတယ်မေမေ၊ ဒါပေမယ့် လောလောဆယ်တော့ သားရင်ထဲ ကွဲထွက်မတတ် ခံစားနေတဲ့အတွက် သားရဲ့ အနေအထိုင်တွေနဲ့ ပါတ်သက်ပြီး မကျေမနပ်တာရှိရင် ခွင့်လွှတ်ပေးထားကြပါ၊ သား အိမ်ထဲဝင်တော့မယ်”

ရစ်ဝဲလာသော မျက်ရည်စများကို မကျစေရန် ထိန်း





သိမ်းပြီး မိဘနှစ်ပါးကို ကျောခိုင်းကာ အိမ်ထဲဝင်သွားသော သားကိုကြည့်ပြီး နှစ်ဦးစလုံး စိတ်ထိခိုက်ရလေသည်။

ဒေါ်နှင်းရီကတော့ မိန်းမသားပီပီ မျက်ရည်ကျလေသည်။

“မိန်းမကလဲကွာ၊ ကိုယ်တို့သားအတွက် အကောင်းဆုံးဖြစ်အောင်တော့ တစ်ခုခုကို ကြိုးစားကြသေးတာပေါ့”

“တော်ပါပြီ . . အကောင်းဆုံးသမားကြီးရယ်၊ ရှင့် အကောင်းဆုံးကြောင့် ကျွန်မရဲ့သား အကောင်းစား၊ အသစ်စက်စက်နှလုံးသား အကောင်းစားကို ကြွေမွသွားရပြီပဲ”

ဦးဆန်းအောင်မှာ ဒိုအားထက် ရယ်အားသန်ရပြီ။

“ကဲပါ . . အကောင်းစား မိန်းမရယ်၊ အကောင်းစား ရွှေမျက်ရည်တွေတော့ မကျပါနဲ့ဗျာ၊ ကျွန်တော် အကောင်းစား စဉ်းစားပေးပါ့မယ်၊ မင်းသာ ဘဦးသမီးနဲ့ သဘောတူမတူ ငါ့ကိုပြော”

“တူတယ် တူတယ်၊ သားကျေနပ်တယ်၊ မျိုးရိုးကောင်းပြီး မိခင်စိတ်ရှိတဲ့ မိန်းကလေး၊ ပညာလည်းတတ်တယ်၊ စိတ်ဓါတ်လည်း ခိုင်မာတဲ့ မိန်းကလေးနဲ့မှ သဘောမတူရင် ကျွန်မ ဘယ်သူနဲ့ သဘောတူရမှာလဲ”

“အဲဒါ မိန်းမပွိုင့်ပဲ၊ မင်းသာ သားကို မျက်ခြည်မပြတ်စောင့်ကြည့်နေ၊ ငါနဲ့ ဘဦးတိုင်ပင်ပြီး ပြင်ဦးလွင်ဘက် တက်လိုက်ဦးမယ်”

“နေပါဦး မလောပါနဲ့၊ သားကို အချိန်နည်းနည်းယူပြီး စောင့်ကြည့်လိုက်ပါဦးမယ်”

www.burmeseclassic.com



"မင်းပဲအမျိုးမျိုးကွာ"

"ဘာပဲဖြစ်ဖြစ် အကြီးမတောင်မယူသေးပဲ၊ အငယ်တ ယူမယ်ဆိုတော့လည်း စိတ်ထဲမှာ နှမြောသား"

"အင်း. . မိဘ၊ မိဘတွေရဲ့ မေတ္တာတရားကို ဒင်းလည်း မိဘဘဝရောက်တဲ့အခါရောက်မှ နားလည်မှာပဲ"

ဦးဆန်းအောင်က ပြောဆိုပြီး သက်ပြင်းချလိုက်သည်။

သူ ဘယ်လိုစီစဉ်ပေးရလျှင် ကောင်းမည်နည်း။





www.burmeseclassic.com





# အခန်း(၃၅)

ရက်ကိုလုစား၊ လကိုနှစ်စား၍ အလီလီပြောင်းသော် ပန်းခရေဦးနှင့် ချိန်းဆိုထားသော ရက်သို့ရောက်ရန် နှစ်ရက်သာ လိုတော့သဖြင့် ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းတွင် တာဝန်ထမ်းဆောင်နေသော လန်းဆန်းသည် ခွင့်တစ်ပတ်ယူကာ ရန်ကုန်သို့ ပြန်ဆင်းခဲ့သည်။

မိန်းမတစ်ယောက်ကို သွားရောက်တောင်းရမ်း လက်ထပ်ယူရမည့်ကိစ္စတွင် မိဘများ မပါ၍ မဖြစ်ချေ။





"ဟော. . သားပြန်လာပြီ"

ဒေါ်နှင်းရီက ဝမ်းသာအားရ ပြေးထွက်ကြိုသည်။

ရင့်ကျက်တည်ငြိမ်နေသော သားဖြစ်သူအား ရှုမဝနိုင်သလို တစိမ့်စိမ့်ကြည့်ကာ တွဲပြီး အိမ်ထဲသို့ခေါ်ခဲ့သည်။

ဦးဆန်းအောင်က. . .

"ငါမပြောဘူးလား၊ ဒီနေ့လောက်ဆို သားရောက်လာသင့်ပါပြီလို့"

"ဖေဖေနဲ့မေမေ သားနဲ့လိုက်မှာလား"

"ဟ. . လိုက်မှာပေါ့၊ ဟိုမှာ ဘဦးရှိတယ်၊ သူ့အိမ်မှာ တည်းမယ်"

မေ့ပျောက်ရန် ကြိုးစားသော်လည်း တစ်နေ့မှ မေ့မရခဲ့သောကြောင့် ရင်ဝယ် တမ်းတစိတ်ဖြင့် နာကျင်လာသည်။

"ဟိုတယ်မှာပဲ တည်းကြတာပေါ့ ဖေဖေရာ"

"ဘဦး စိတ်ဆိုးလိမ့်မယ်ကွ၊ ငယ်ပေါင်းကြီးဖော်တွေပဲကွာ အားမနာပါဘူး"

"မခရေတို့ သားအမိကော အဲဒီမှာပဲလား"

"ဒါတော့ မသိသေးဘူး"

"သားတို့ ညဘက်ပဲ ထွက်ရအောင် ဖေဖေ၊ ကားလည်း ရှင်းတယ်"

"ကောင်းသားပဲ"

"သား နားတော့မယ်နော်"

လန်းဆန်းက အိမ်အပေါ်ထပ်သို့ တက်သွားလေသည်။

"တွေ့လား အချိန်က ကုစားလိမ့်မယ်ဆို အဆက်ထိ



www.burmeseclassic.com

www.burmeseclassic.com



အချစ်နာက အမြစ်မပြတ်နိုင်သေးဘူး၊ ယူမယ့်မိန်းမအကြောင်းတော့ တစ်ခွန်းတောင် ဟမသွားဘူး၊ တော်တော်တရားကျဖို့ကောင်းတဲ့ကောင်"

"ရှင်နော် ကျွန်မ်သားကို ဘာမှမပြောနဲ့ သားက ဘယ်လောက်ယောကျ်ားပီသသလဲ၊ အချစ်ကြောင့် ဘဝမပျက်စီးဘူးပြီးတော့ ကတိတည်တယ်"

"အဖေတူသားပဲ၊ ဒီလောက်တော့ ရှိမှာပေါ့"

"ပဏ္ဏာက ယူသေးတယ်၊ ကိုအိုက်စံတို့ဆီကော ဖုန်းကြိုဆက်ထားပြီးပြီလား"

"ပြီးပါပြီကွာ၊ ငါ အကောင်းဆုံး စီစဉ်ထားပြီးပါပြီ၊ နေဦးကွ ငါသားကို သွားကြည့်လိုက်ဦးမယ်"

"နေပါစေ၊ ငါးနှစ်တောင် သူ့ကိုယ်သူ ထိန်းသိမ်းလာပြီပဲဘာမှဖြစ်စရာ အကြောင်းမရှိပါဘူး"

"မင်းမသိပါဘူး၊ အရင်တုန်းက သူဟာ ဝေဒနာတစ်ခုပဲခံစားခဲ့ရတာ"

ဒေါ်နှင်းရီက တရားသူကြီးပီပီ စေ့စေ့စပ်စပ်နိုင်ပြီး ။ကားလည်း အလွန်ပြောတတ်သော ခင်ပွန်းအား. .

"ရှင်ပဲ. . သိ. . သိနိုင်လွန်းပါတယ်"

"ဟုတ်တယ်လေကွာ မင်းပဲစဉ်းစားကြည့်၊ သူခံစားခဲ့ရတာ ချစ်သောသူနဲ့ ကွေကွင်းရခြင်းဆိုတဲ့ ဒုက္ခဆင်းရဲတစ်ခုထဲအခု မချစ်ခင် မနှစ်သက်သောသူနဲ့ ပေါင်းဖော်ရခြင်းဆိုတဲ့ ဒုက္ခဆင်းရဲနှစ်ခု ခံစားရတော့မှာဆိုတော့. . တော်တော်အီစလေးဝေနေမှာ၊ ကိုယ်သွားကြည့်လိုက်ဦးမယ်"





"ကျွန်မလည်းလိုက်မယ်"

လင်မယားနှစ်ယောက် ရှေ့ဆင့်နောက်ဆင့် အပေါ်ထပ်သို့ တက်ခဲ့ကြလေသည်။

လန်းဆန်း အခန်းချက် မချထားသဖြင့်. . .

"သားရေ" ဟု အသံပြုရင် ဝင်လိုက်ကြသည်။

လန်းဆန်းက ရေချိုးခန်းဝင်နေပုံရသည်။ အိပ်ခန်းထဲရှိခနေ၊ သို့သော သူနှင့်အတူ ထပ်ချပ်မကွာ ရှိနေသော ပန်းခရေဦးတို့သားအမိ ဓါတ်ပုံကလေးကတော့ စားပွဲပေါ်ထောင်လျက်သား ရောက်ရှိနေလေ၏

မိဘနှစ်ဦး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ "ဘယ်နဲ့ရှိစ" ဟူသော မျဏ်ခုံး၊ မျက်လုံးများ ပင့်တင်ကုန်ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၆)

ငါးနှစ်တာ ဟူသောအချိန်တို့သည် အလုပ်မအားလ
သောသူအတွက် အကုန်မြန်လွန်းလှသည်။

ဒီနေ့ လန်းဆန်းနှင့် ချိန်းဆိုထားသော နေ့ရက်
ရောက်ရှိလာလေပြီ။

အချိန်တို့၏ ကုစားမှုကြောင့် လန်းဆန်းသည် သူ့အ
မေ့မေ့ပျောက်ပျောက်ဖြစ်ကာ အိမ်ထောင်ရက်သားပင်





လောက်ပြီ။

ချယ်ရီ မက်မန်းသီးလုပ်ငန်းက အတော်အောင်မြင်ခဲ့သည် စီမံအုပ်ချုပ်ရုံကလွဲပြီး ကိုယ်တိုင်ပင် ဝင်လုပ်စရာ မလိုသဖြင့် ပန်းခရေဦးမှာ သားကိုစာပြပေးခြင်း၊ သိုးမွေးထိုးခြင်း၊ အလုပ်ခွင်ကို စစ်ဆေးခြင်း၊ ညနေလစာထုတ်ပေးခြင်းနှင့် တစ်နေ့ပြီးတစ်နေ့ တစ်လပြီးတစ်လ တစ်နှစ်ပြီးတစ်နှစ် ကုန်ဆုံးခဲ့သည်။

သေသောသူ ကြာလျှင်မေ့ဆိုသည့်အတိုင်း ကိုဝဏ္ဏကို မေ့မေ့ပျောက်ပျောက် ထားနိုင်ခဲ့သော်လည်း. . .

ချိန်းဆိုထားသော ရက်နီးလာသည်နှင့်အမျှ လန်းဆန်းအပေါ် သတိရမှုက ပိုလာသည်။

"မေမေ"

"ဘာလဲ သား"

"သား. . ညက ဘယ်သူ့ကို အိပ်မက်မက်တယ် ထင်သလဲ"

"ဘယ်သိမှာလဲ သားရဲ့"

"ဦးဦးကိုလေ၊ ဦးဦး လန်းဆန်းကို"

"ဟင်"

တိုက်ဆိုင်လွန်းလှချည်လားဟု ပန်းခရေဦး တွေးမိကာ ခေါင်းထဲ နွမ်းလျသွားသည်။

ယောကျ်ားတစ်ယောက်၏ အချစ်နှင့်သစ္စာတရားသည် မိန်းမတို့မိန်းမသားတွေလောက် ခိုင်မြဲလိမ့်မည်မထင်။

"သားရယ် သူက သားကိုမှ မချစ်လို့ ဒီလောက်အကြာ



www.burmeseclassic.com

www.burmeseclassic.com



ကြီး ခွဲသွားခဲ့တာကို သားက သတိရနေတယ်လား"

အာကာဦးက ပြုံးလေသည်။ ပြီးတော့. .

"ဦးဦးက သားသားတို့ကို မခွဲချင်ပါဘူး၊ မေမေနဲ့ ဘွားဘွား နှင်ထုတ်လိုက်လို့ ခွဲသွားရရှာတာပါ"

"ဟင် သားကို ဘယ်သူပြောသလဲ"

"လေးလေးနဲ့ ဒေါ်လေးအရှည်ကြီး"

"ကြည့်စမ်းအမေ၊ ကလေးကို သူတို့ဘာတွေ လျှောက်ပြောထားကြလည်းမသိဘူး"

ပုတီးစိပ်နေသော ဒေါ်အေးညိုက ရုက်သွေးဖြာသွားသော ပန်းခရေဦးမျက်နှာကို ကြည့်ကာ. . .

"သြော် သမီးရယ်၊ ကလေးက မေးတော့လည်း ကျေနပ်ပါစေဆိုပြီး ပြောတာဖြစ်မှာပါ၊ မြေး အာကာဦး"

"ဗျာ ဘွားဘွား"

"မြေးက ဦးဦးကို ချစ်သလား"

"ချစ်တာပေါ့ ဘွားဘွားရဲ့၊ ဦးဦးက သိပ်သဘောကောင်းတာ"

"ဦးဦးက ဒီမှာလာနေမယ် ဆိုရင်ကော"

"ဟာ ကောင်းတာပေါ့၊ ဘယ်တော့လာမှာလဲ ဘွားဘွား မြန်မြန်လာခဲ့ပါလို့ ခေါ်လိုက်လေ"

ငါးတန်းကျောင်းသားပင် ဖြစ်လာပြီဖြစ်သော သားဖြစ်သူအား ကြည့်ပြီး ပန်းခရေဦး မျက်ရည်ရစ်ဝဲလာသဖြင့် သားမမြင်စေရန် အိပ်ခန်းထဲသို့ ဝင်ခဲ့လေသည်။

ပြင်ပ၌လည်း အုံ့မှိုင်းဖွဲ့နေသော ကောင်းကင်မိုးသား





များကြောင့် မိုးရွာတော့မည်ကို အတတ်သိလိုက်သည်။

မက်မန်းသီးများက ညွတ်ကိုင်းနေအောင် သီးလေသည်။ မက်မန်းသီးများကို ခူးဆွတ်ရင်း အထူးအဆန်းသဖွယ်ဖြစ်နေတတ်သော လန်းဆန်းကို မြင်ယောင်လာသည်။

မိုးကရွာလေပြီ။

မိုးနှင့်အတူ သူရောက်လာခဲ့သည်ကို အမှတ်ရမိကာ

တိုက်ဆိုင်လိုက်တာဟု ဒုတိယအကြိမ် သက်ပြင်းရှိုက်မိပြန်သည်။

မိမိအား တအံ့တသြ ကြည့်လိုက်သော သူ၏ မျက်ဝန်းကို စတွေ့လိုက်ရကတည်းက ထူးခြားသော ရင်ခုန်မှု ဖြစ်ပေါ်ခဲ့သည်။ သို့သော် ဘဝပေးအခြေအနေကို သတိရကာ ပုံမှန်အနေအထားတိုင်း မျက်နှာထားမာမာဖြင့် ဆက်ဆံခဲ့သည်။ သို့တိုင်အောင် သူက မိမိကို စွဲလမ်းသွားသေးသည်။

တခဏသာ အချစ်ပဲဖြစ်မှာပါ။

မချစ်ဖူးသေးလို့ အချစ်ဦးလို့ အရှူးအမူးဖြစ်ခဲ့သည်ထင်ပါသည်။ ကြာတော့လည်း မေ့မေ့ပျောက်ပျောက် ဖြစ်သွားမှာပါ။ မည်သို့ဆိုစေကာမူ ချိန်းဆိုထားသော ဤနေ့ကိုတော့ ရင်ခုန်ကာ စိတ်လှုပ်ရှားနေသည်။

"မိုးအေးတယ်၊ အိပ်ကြရအောင်လေ ဘွားဘွား"

"အမယ်၊ ကိုယ့်ဘာသာ ကိုယ့်ခုတင်မှာ ကိုယ်အိပ်တာများ အဖော်ဆွယ်ရသေးတယ်"

အိမ်ကပြင်ဆင်ဆောက်ထားပြီးဖြစ်သဖြင့် အိပ်ခန်းသုံးခန်း ဖွဲ့စည်းထားသည်။ ခေါင်းရင်းခန်းက မြေးအဘွားနှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်၊ အလယ်ခန်းက ပန်းခရေဦး၊ အစွန်ခန်းက ချယ်ရီနှင့် အရှည်ကြီး အခန်း၊ သို့သော် ချယ်ရီက မန္တလေးဆေးတက္ကသိုလ်၌ အဆောင်နေကာ တက်ရောက်နေသူဖြစ်သဖြင့် အရှည်ကြီးသာနေသည်။

"မေမေ သားတို့အိပ်ဦးမယ်၊ အိမ်ရှေ့မှာ တံခါးဖွင့်ထားတယ်နော်"

"အေးအေး. . ."

ပန်းခရေဦး ဧည့်ခန်းသို့ ပြန်ထွက်ခဲ့သည်။ မိုးများသည် အတားအဆီးမဲ့စွာဖြင့် တဝေါဝေါ တဝုန်းဝုန်း ရွာချလာသည်။

ပန်းခရေဦး အိမ်ရှေ့တံခါးမကြီးကို ပိတ်လိုက်သည်။ ထို့နောက် နှစ်ယောက်ထိုင် ဆိုဖာဆက်တီပေါ်ဝယ်ထိုင်ကာ ထိုးလက်စတက်တင်းကို ဆက်ထိုးလိုက်သည်။

ရင်ထဲမှာတော့ သတိရခြင်းများနှင့်အတူ စိတ်လှုပ်ရှားလျက်ရှိသည်။







# အခန်း(၃၇)

နန်းမြိုင်လမ်းကို ရောက်သောအခါ. . .

"သား ဘယ်ခြံဝင်မလို့လဲ"

"အောင်မင်္ဂလာအိမ် ခဏဝင်လိုက်မယ်လေ၊ ဒါမှ အန်တီယ်လ်အိမ့်ကို သူတို့အကူအညီနဲ့ ဝယ်ပေးတာဆိုတော့ မေးကြည့်လိုက်ရင် သိမှာပေါ့"

"မဝင်ပါနဲ့ကွာ၊ မိုးကသဲပါဘိနဲ့၊ ဖေဖေတို့ ဘဦးအိမ်



www.burmeseclassic.com

www.burmeseclassic.com



သိပါတယ်"

လန်းဆန်း အံ့အားသင့်သွားရသည်။

"ဖေဖေတို့က ဘယ်တုန်းက ရောက်တာလဲ"

"ဘဦး အိမ်သစ်တက်ပွဲအတွက် ဆွမ်းကျွေးတုန်းကပေါ့ ကွာ၊ မင်းကအလုပ်ရကတည်းက နယ်မှာချည်းပဲဆိုတော့ ဘယ်သိမလဲ"

"သားကို ပြောပြဖို့တော့ ကောင်းပါတယ်"

"ဘာကိုပြောပြရမှာလဲ၊ သားမရှိတုန်း ဘယ်နေ့က ဘယ်အိမ်၊ ညာနေ့ကညာအိမ်ကိုသွားတယ်ဆိုတာ သားကို လိုက် အစီရင်ခံနေရမှာလား"

"ရှင်ကလည်း သားက သူနဲ့ပတ်သက်ခဲ့တဲ့သူအိမ်ဆို တော့ သိချင်မှာပေါ့"

"ဟ. . ဘဦးက သူနဲ့ပတ်သက်တာလား၊ တို့သူငယ် ချင်းအရင်းခေါက်ခေါက်၊ တို့နဲ့မပတ်သက်၊ ဟော့. . ဟော့. . ရှေ့ကခြံပဲ. . ခြံတံခါးပိတ်ထားတယ် ဟွန်းသာတီးလိုက်"

လူတစ်ဦးလာရောက်ဖွင့်ပေးသည်။ ကားကိုလှပသော ပန်းခင်းဝဲယာတစ်ဖက်တစ်ချက်ရှိ လမ်းကလေးအတိုင်း မောင်း သွားပြီး ပေါ်တီကိုအောက်၌ ရပ်လိုက်သည်။

အသင့်စောင့်နေသော ဦးဘဦးနှင့် အမျိုးသမီးကြီး တစ် ဦးက ထွက်ကြိုလေသည်။ မခရေ၏ မိထွေးဟု သိလိုက်ရသည်။

"လာကွာ သူငယ်ချင်းတို့ သားကောလာ၊ ဘာမှအားနာ စရာ မလိုဘူးနော်"

လန်းဆန်းက ပစ္စည်းများကို ချကာ၊ အိမ်ထဲသွင်းပေးပြီး





"ဖေဖေ၊ မေမေ"

"ဟေ"

"ဘာလဲ သား"

"အန်ကယ်လ်နဲ့ အန်တီ"

"ဆို. . မောင်ရင်"

"ကျွန်တော် အနီးစခန်းကို အရင်သွားလိုက်ဦးမယ်"

"မိုးတွေနဲ့"

"ရပါတယ်၊ ခွင့်ပြုပါဦး"

မည်သူမှ မတားဆီးနိုင်ခင် သူပြန်ထွက်ခဲ့သည်။

"သတိထားမောင်းနော် သား"

ဖခင်၏လှမ်းအော်သတိပေးသံကို "ဟုတ်ကဲ့" ဟုအသံ ပြုကာ ကားကို ပြန်မောင်းထွက်ခဲ့သည်။

တုံးဆိုတိုက်၊ ကျားဆိုကိုက်လိုက်ချင်သည်။ ဤအိမ်၌ ပန်းခရေဦးတို့ ရှိမည်မဟုတ်။

ပန်းခရေဦးက သူ့ကိုချိန်းဆိုထားသည်မှာ ပြင်ဦးလွင်ရှိ အနီးစခန်းကို သူစတင်ရောက်သည့်နေ့ကို ဖြစ်သည်။

သူထိုနေရာ၊ ထိုအိမ်ကလေးကပဲ စောင့်နေလိမ့်မည်။

သူဘက်က ပြောင်းလဲခြင်းမရှိသလို ပန်းခရေဦးဘက် ကလည်း ပြောင်းလဲခြင်း ရှိလိမ့်မည်မဟုတ်။ ပန်းခရေဦးသည် သူမ ဆုံးဖြတ်ချက်အတိုင်း ဒေါ်အေးညိုနှင့် ချယ်ရီတို့သားအမိ ကို ဆက်လက် စောင့်ရှောက်သွားရင် မေတ္တာရိပ်မြုံမှာ နေသွား လိမ့်မည်။

အနီးစခန်းသို့ ပြန်လည်ရောက်ရှိလာသည့် မြေနီလမ်း

www.burmeseclassic.com



လေး အတိုင်းမောင်းလာခဲ့သည်။ ထင်းရှူးတန်းကို လွန်မြောက်သော်

ပန်းကော်ဖောခင်းထားသော တောင်ကုန်းကလေး ညှတ်ကိုင်းနေအောင်သီးနေသော မက်မန်းပင်များ အကြားဝယ် တစ်ထပ်တိုက် ဖြူဖြူလေး တိုက်ပုံစံတော့ ပြောင်းလွဲသွားပြီ၊ သစ်လွင်တောက်ပနေသည်။

ပေါ်တီကိုအောက် ရပ်လိုက်သည်။

"မေတ္တာရိပ်မြုံ" ဟူသော ဆိုင်းဘုတ်ကလေးက သူ့ကို မိတ်ဆွေသဖွယ် ဆီးကြိုပြုံးပြ နှုတ်ဆက်နေသည်။

ထိုဆိုင်းဘုတ်၏ အောက်ဘက်တွင် "ချယ်ရီ မက်မန်းသီး လုပ်ငန်း" ဟူသော ဆိုင်းဘုတ်သစ်ကလေးကလည်း သစ်လွင်စွာ ပြုံးပြနေလေသည်။

ကားပေါ်မှ ဆင်းလိုက်သည်။ ငါးနှစ်တာအတွင်း ခြားနားသွားသည့်သစ်လွင်သော တိုက်သစ်ကလေးကို ကြည့်လိုက်သည်။ ကိုဝဏ္ဏ၏ လက်ရာအိမ်ဟောင်းလေးကို ဖျက်၍ အိမ်သစ်ကို ဆောက်လိုက်သကဲ့သို့ . အိမ်သစ်ထဲက သူသည်လည်း ပြောင်းလွဲသွားပြီလား။ ယောကျ်ားကတိ သစ္စာတရားအတိုင်း ချစ်သက်သေပြရန် သူလာခဲ့သည်။

တံခါးကိုခေါက်ရန် ရည်ရွယ်ပြီးမှ လျှပ်စစ်ခေါင်းလောင်းကိုတွေ့သဖြင့် သူ ခလုတ်နှိပ်လိုက်သည်။

ပြောင်းလွဲခြင်းတွေကြောင့် သူ့ရင်ထဲလှုပ်ရှားနေသည်။

တံခါးပွင့်လာသည်။

တံခါးဖွင့်သူကို မြင်လိုက်ရသည်နှင့် သူ့ရင်ထဲ လှိုက်ခနဲ





သွားသည်။

ငါးနှစ်တာဟူသော ကာလကိုသူဖြတ်ကျော်ခဲ့ခြင်းမှာ ဟုတ်ပါလေစ၊ ဘာမှအပြောင်းအလွဲမရှိသော ချောမောလှပကာ ကျက်သရေရှိနေဆဲဖြစ်သော ပန်းခရေဦးကို တမ်းတခြင်း၊ လွမ်းမောခြင်း၊ မြတ်နိုးခြင်းများနှင့်အတူ ကြက်သေသေကာ ငေးစိုက်ကြည့်နေမိသည်။

ထို့အတူ ပန်းခရေဦးကလည်း ရင့်ကျက်သောအသွင်ကို ပြောင်းလွဲသွားပြီး ကြံ့ခိုင်သော ယောကျ်ားတစ်ဦးအလား မားမား ရပ်နေသည့် လန်းဆန်းကို အံ့အားသင့်သလို ငေးကြည့်နေမိသည်။

ပန်းခရေဦး သတိပြုမိလိုက်သည်က မပြောင်းလွဲသော အရာတစ်ခုကို သွားတွေ့လိုက်သည်။

သူ၏မျက်ဝန်း၊ မိမိအား မြတ်နိုးခြင်း အရိပ်အယောင်များ ယှက်သန်းကာ ငေးကြည့်နေတတ်သော သူ၏မျက်ဝန်း. .

ပန်းခရေဦးက တည်ငြိမ်စွာပင်. . .

"လာလေ အိမ်ထဲဝင်ပါ လန်းဆန်း"

"ကျွန်တော် ကတိဘာကြောင့်တည်သလဲဆိုတာ ခင်ဗျား သဘောပေါက်ပါတယ်နော်"

အိမ်ထဲရောက်ရောက်ခြင်း တံခါးပိတ်အပြီးတွင် သူက ပန်းခရေဦးအား စေ့စေ့ကြည့်ကာ ပြောလိုက်သည်။

ပန်းခရေဦးက သူ့စကားကြောင့် နှစ်လိုစွာ ပြုံးလိုက်လေသည်။ သူသည် သူ၏ ချစ်ခြင်းကို သက်သေပြဖို့ ရောက်လာခြင်းဖြစ်သည်ဟု သွယ်ဝိုက်ကာ ပြောဆိုခြင်းဖြစ်ကြောင်း ပန်းခရေဦး



www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်ပါသည်။

သူကလိပ်ပြာပဲ၊ သူ၏ဆန္ဒအတိုင်း ပန်းရှိရာသို့ လာရောက် ရစ်ဝဲခွင့်ရှိသည်။

မိမိက ပန်း၊ ပန်းဆိုသည်မှာ. . .

ပန်းခရေဦးက သက်ပြင်းချလိုက်သည်။

"ထိုင်လေ အမေတို့ အိပ်နေတယ်"

"သားကော. ."

"သူကော အိပ်နေတယ်"

"ချယ်ရီကော"

"မန္တလေးမှာ. . သူ အမ်စီရတယ်၊ အဆောင်နေပြီး ကျောင်းတက်နေတုန်းပဲ"

လန်းဆန်းက ပန်းခရေဦးနှင့် မျက်နှာချင်းဆိုင် ဆက်တီတွင် ဝင်ထိုင်လိုက်သည်။

ပန်းခရေဦးက. . .

"ရှင် ချယ်ရီ့ကို တကယ်ပဲ လက်ထပ်ဖို့ လာတာလေ"

"ခင်ဗျားဖြစ်စေချင်တဲ့ဆန္ဒကို အကောင်အထည် ဖော်ပေးဖို့ လာတာပါ၊ ဖေဖေ မေမေလည်း ပါပါတယ်၊ ခင်ဗျားဖခင် အိမ်မှာ တည်းခိုကြမှာဖြစ်လို့ အဲဒီမှာ ထားခဲ့ပြီးပြီးချင်း ဒီကို ထွက်ခဲ့တာပါ"

"ကော်ဖီပူပူလေး သောက်လိုက်ဦးနော်"

"ကော်ဖီသောက်ဖို့ လာတာမဟုတ်ဘူး၊ ခင်ဗျားနဲ့ တွေ့ချင်လွန်းလို့ လာခဲ့တာ၊ ခင်ဗျား သိပ်ကျေနပ်သွားပြီလားဟင် ဖြစ်ချင်ရာ ဖြစ်ရတဲ့အတွက် ခင်ဗျား သိပ်ပျော်သွားပြီလား၊ ခင်





ဗျား. . သိပ်ကျေနပ်ပျော်ရွှင်နေတဲ့ မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ရင်း သားအစားသား. . နှလုံးသားပျက်စီးရခြင်းအစား နှလုံးသား ပေးဆပ်ဖို့ လာခဲ့တာပါဗျာ၊ ခင်ဗျား မျက်နှာလေးကိုပဲ နောက်ဆုံးကြည့်ချင်လို့ လာခဲ့တာပါ"

ပန်းခရေဦး နှလုံးသားထဲ ကျင်တက်သွားအောင် ခံစားလိုက်ရသည်။ မိမိအား နှလုံးသားစတေးခံကာ ချစ်သက်သေပြလိုက်သည့် ယောက်ျား၏ ကြေကွဲသော မျက်ဝန်းကို ရင်ဆိုင်ရင်း မျက်ရည်များက စိမ့်ထွက်လာသည်။

"မခရေ. ."

". . . . . . ."

"ခင်ဗျား ဘာလို့ငိုတာလဲ၊ မငိုရဘူး. . ခင်ဗျား ငိုရမှာမဟုတ်ဘူး၊ ရယ်ရမှာ၊ ခင်ဗျားရှေ့မှာ ခင်ဗျားအလိုကျ လိုက်နာဖို့ အသင့်ဒူးထောက် အခစားရောက်လာတဲ့ ကျွန်တော့်ကိုကြည့်ပြီး ခင်ဗျားကျေနပ်စွာ ရယ်ရမှာပါဗျာ. . ရယ်လိုက်ပါ၊ မွမွကြေနေတဲ့ ကျွန်တော့်နှလုံးသားကို ခင်ဗျားကြည့်ပြီး ရယ်လိုက်ပါဗျာ"

ပန်းခရေဦး ခေါင်းခါလိုက်သည်။

သူ့စကားများသည် မိမိနှလုံးသားကို နာကျင်စေမှန်း သူမသိပါ။

သူ့ကို ပြောစရာစကားတွေ ရှိနေသည်။ သူ့ကို သူ့မိဘများကလည်း ကြိုပြောပြလိုက်ဟန်မတူ၊ မိမိဘယ်က စပြောရမလဲ၊

ချယ်ရီက မန္တလေး ဆေးတက္ကသိုလ်တက်ရင် အတန်းဖော် ဝါသနာတူ တစ်ဦးနှင့် ချစ်သူဖြစ်သွားကြပြီဖြစ်တဲ့အတွက်

www.burmeseclassic.com



သူ့ကို လက်မထပ်နိုင်တော့သည့်အကြောင်းကို အရင်ပြောရမှာလား။

ဦးဆန်းအောင် ဒေါ်နှင်းရီတို့ကိုယ်တိုင် ဒေါ်အေးညိုနှင့် မိမိ၏ဖခင် ဦးဘဦး၏ ဇနီးထံ၌ မိမိအား သူတို့၏သားနှင့် လက်ထပ်ခွင့်ကို လာတောင်းပြီးဖြစ်ကြောင်းကို အရင်ပြောရမလား။

စိတ်လှုပ်ရှားခြင်း၊ ဝမ်းသာ၊ ဝမ်းနည်းခြင်း၊ သူမ၏ နှလုံးသားပေါက်ကွဲလွင့်စင်လာသော စကားလုံးများ၏ ထိမှန်မှုကို မခံရပ်နိုင်အောင်ဖြစ်ကာ. . .

"ဟင့်အင်း. . ဟင့်အင်း. . မဟုတ်ဘူး. . မဟုတ်ဘူး ကျွန်မ. . ကျွန်မ. . ရှင့်ကို"

"ဦးဦး"

လန်းဆန်းသည် ဧည့်ခန်းသို့ရောက်လာသော လူကောင်ထွားထွား အရပ်မြင့်မြင့်၊ ဖြူဖြူချောချော ဆယ်နှစ်ကျော်ခန့်ရှိသော ကလေးကိုကြည့်ကာ ထရပ်လိုက်ပြီး စိတ်လှုပ်ရှားစွာဖြင့်. . .

"သား. . . မင်း. . . မင်း အာကာဦးနော်"

"ဟုတ်ပါတယ် ဦးဦး"

"ဦးဦးဆီ လာပါဦးသား"

အာကာဦးက မလာပဲ ပေကပ်ကာ ရပ်နေသည်။

လန်းဆန်း မျက်နှာပျက်သွားသည်။

ပန်းခရေဦး မျက်လုံးပြူးသွားသည်။ သား ဘယ်လိုဖြစ်သွားသလဲ။ အစကတော့ ဦးဦး. . . ဦးဦးနှင့် တသသ. . .

"ဦးဦး"





"ဗျာ"

"ကျွန်တော့်မေမေကို ငိုအောင်မလုပ်နဲ့"

"မလုပ်ပါဘူး သားရယ်၊ မင်းမေမေကသာ ဦးဦးဘဝကို တစ်သက်လုံး ငိုသွားရအောင် လုပ်ခဲ့တာပါ"

"ဦးဦးက ဘယ်မှာငိုလို့လဲ"

"ဦးဦး ငိုနေပါတယ်၊ ရင်ထဲမှာ ငိုနေတယ်၊ ငိုတယ်ဆိုတာ မျက်ရည်ကျမှာချည်းပဲ ငိုတာမဟုတ်ပါဘူး သားရယ်၊ မျက်ရည်မကျဘဲလည်းရင်ထဲမှာ ငိုနေတတ်တာလည်း ရှိပါတယ်၊ အဲဒါ များသောအားဖြင့် ယောကျ်ားတွေပဲ ငိုတတ်တယ်"

"ဟုတ်လား မေမေ"

ပန်းခရေဦး ခေါင်းညိတ်လိုက်သည်။ ပြီးမှ. . .

"ဟုတ်ပါတယ် သား၊ ဦးဦးက မေမေ့ကို ရယ်အောင်လုပ်တာပါ၊ မေမေက ဝမ်းသာလွန်းလို့ မျက်ရည်ကျတာပါ"

လန်းဆန်းက ပန်းခရေဦးကို ရင်နင့်စွာ လှမ်းကြည့်လိုက်သည်။

ပန်းခရေဦးက လန်းဆန်းကို မျက်ရည်စိုလူးလျက် ပြုံးပြလိုက်သည်။ သူမအပြုံးက ရှက်ပြုံးဟုသူထင်သည်။

"ဦးဦး"

"ဗျာ"

"ဦးဦး. . . မေမေနဲ့သားကို ငိုအောင်မလုပ်ဘူးဆိုတဲ့ ကတိပေးမလား"

"ဟင်"

"ပြောလေ ဦးဦး"



www.burmeseclassic.com

www.burmeseclassic.com



"ပေးပါတယ်၊ ဦးဦးကတီ ဘယ်လောက်တည်သလဲဆိုတာ မင်းမေမေအသိဆုံးပါ"

"ဟား သားလည်းသိတယ်၊ ဘွားဘွားလည်း သိတယ် ဟို နန်းမြိုင်က ဘိုးဘိုး၊ ဘွားဘွားတွေကော၊ ရန်ကုန်ကလာတဲ့ ဘိုးဘိုး ဘွားဘွားတွေကော အားလုံးသိပါတယ်၊ ဦးဦး ဒီနေ့.. ရောက်လာခဲ့ရင် ဖေဖေလို့ပြောင်းခေါ်ရမယ်လို့ ဒီကဘွားဘွားက ပြောထားတယ်"

လန်းဆန်းရင်ထဲ ဒိန်းခနဲဖြစ်ကာ ပန်းခရေဦးကို လှမ်းကြည့်လိုက်သည်။

ပန်းခရေဦး မျက်နှာ စတော်ဗယ်ရီရောင်ပြေးလျက် ရှက်သွေးများ စိုလူးနေသည်။

"သား..မြေးလေး၊ ဘွားဘွား ဘာပြောထားသလဲ လာခဲ့ဦးလေ"

"ဟုတ်ကဲ့..ဘွားဘွား၊ သားဖေဖေ့ကို ခဏလာတွေ့တာပါ၊ ဖေဖေ..သား ခဏသွားလိုက်ဦးမယ်နော်၊ 'နောက်မှ နောက်မှ.."

လန်းဆန်းမှာ အံ့အားသင့်လွန်းသဖြင့် ခေါင်းညိတ်ခြင်းမှအပ အသံပင်မထွက်နိုင်၊ အာကာဦး ဧည့်ခန်းမှာ ပျောက်ကွယ်သွားသည်။

ပန်းခရေဦးကို လှမ်းကြည့်လိုက်သည်။ ခေါင်းငုံ့ထားဆဲ မျက်ရည်များက စီးကျလာဆဲ ဘာလို့ သူမငိုရသနည်း။ မိန်းတွေ၏မနောကို သူမသိ။ စိတ်ရှုပ်ထွေးစွာဖြင့် သူမအနီး သွားရပ်လိုက်သည်။





"မခရေ"

ပန်းခရေဦး သူ့အား နားလည်သွားစေရန် ရှင်းပြရတော့မည်။ လောလောဆယ်တော့ မိခင်မိန်းမသားတစ်ဦး၏ ရုန်းကန်ရင်ဆိုင်ခဲ့ရသမျှတို့ကြောင့် မောဟိုက်ပင်ပန်းနွမ်းလျနေပြီ၊ ထို့ကြောင့် တမ်းတခဲ့မိသော ရင်ခွင်သို့ တိုးဝင်ကာ အားပါးတရ ငိုချလိုက်လေတော့သည်။

လန်းဆန်းက မျှော်လင့်မထားပဲ မိမိရင်ခွင်သို့ တိုးဝင်လာသော ချစ်မြတ်နိုးခဲ့ရသူကို ထွေးပိုက်ရင်း သူမ အငိုတိတ်စေရန် စောင့်စားလျက်...........။

# မြူပုလဲခင်



www.burmeseclassic.com